http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

ဝိသုဒ္ဓိမဂ်စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

ဓမ္မဗျူဟာ



ဝိသုဒ္ဓိမဂ် ပထမဆင့်

မေးခွန်းဟောင်း နှင့် အဖြေများ

၁၉၈၃ - ခုနှစ် မှ ၂၀၁၆ - ခုနှစ် အထိ

သင်တန်းမှူး

ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်

မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနာမဟာမကအဖွဲ့

(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

http://www.dhammadownload.com

သဗ္ဗညုတဉာဏ်တော်အစွမ်း

* သိရန်မှန်က မကျန်ရအောင်
လုံးဝစုံလင် အကုန်မြင်
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

* သိသည့်တရား များအပြား၌
ဟောထားစဖွယ် နည်းသွယ်သွယ်ကို
ခြယ်လှယ်စုံလင် အကုန်မြင်
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

* ကျွတ်ထိုက်ကြပေ များဝေနေ၏
ကုန္ဒေ့စရိုက် သူ့အကြိုက်ကို
နှိုက်ချွတ်စုံလင် အကုန်မြင်
သဗ္ဗဉ်ညာဏ်တော် အစွမ်းတည်း။

* သဗ္ဗဉ်ညာဏ်အား စွမ်းသုံးပါးကြောင့်
အများဝေနေ ကျွတ်လွတ်စေဖို့
မနေမနား သက်တော်အားဖြင့်
ကြီးမားလေဘိ ရှုစ်ဆယ်ပြည့်၍
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် သယ်ယူဆောင်
ဘုန်းခေါင် ....ငါတို့ဘုရားတည်း။

တောင်မြို့-မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

"ကောင်းမွန်" ကွန်ပျူတာ အမှတ် - ၁၁၀၊ ၃၄ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ။ ၃၈၉၁၂၃၊ ၀၉၅၁၆၀၁၀၁

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

ဝိသုဒ္ဓိမဂ်စာမေးပွဲ ဝင်ရောက်ဖြေဆိုလိုသူများ နှင့် လေ့လာလိုသူများအတွက်

ဓမ္မဗျူဟာ



ဝိသုဒ္ဓိမဂ် ပထမဆင့်

မေးခွန်းဟောင်း နှင့် အဖြေများ

၁၉၈၃ - ခုနှစ် မှ ၂၀၁၆ - ခုနှစ် အထိ

သင်တန်းမှူး

ဓမ္မဗျူဟာ - ဒေါ်ခင်လှတင်

မဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မဗျူဟာသာသနာမာမကအဖွဲ့

(လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်း)

http://www.dhammadownload.com

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သာသနာရေးဦးစီးဌာန၏
ဝိသုဒ္ဓိမဂ် (ပထမဆင့်) မေးခွန်းဖောင်းနှင့် အဖြေများ
(၁၉၈၃ - ၂၀၁၁)

အခန်း ၁။ သီလနိဒ္ဒေသပိုင်း

၁၉၈၃

၁။ ဝိသုဒ္ဓိမဂ် ဟူသောစကား၌ ဝိသုဒ္ဓိဆိုသည်မှာ အဘယ်နည်း။ ဝိသုဒ္ဓိနှင့် မဂ်သည် အဘယ်သို့ ဆက်သွယ်သနည်း၊ ဖော်ပြပါ။ (မှတ်စု နှာ-၂)

ဝိသုဒ္ဓိ ဆိုသည်မှာ အညစ်အကြေးအလုံးစုံ ကင်းစင်သော ထက်ဝန်းကျင်စင်ကြယ်သော နိဗ္ဗာန် ဖြစ်ပါသည်။

မဂ် ဆိုသည်မှာ ရောက်ကြောင်းဖြစ်သောအကျင့်လမ်း ဖြစ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် ဟူသည် စင်ကြယ်သောနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်လမ်း ဖြစ်ပါသည်။

၂။ စေတနာစသော သီလလေးမျိုးကို ဖော်ပြ၍၊ နှေစဉ်ဘုရားဝတ်ပြုရာ၌ ဆောက်တည်သော သီလသည် ယင်းသီလလေးမျိုးတွင် အဘယ်သီလမျိုး ဖြစ်ပါသနည်း။ (မှတ်စု နှာ- ၈)

စေတနာစသော သီလလေးမျိုးမှာ -

(၁) စေတနာသီလ
(၂) စေတသိကသီလ
(၃) သံဝရသီလ
(၄) အဝီတိက္ကမသီလတို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com

နေ့စဉ်ဘုရားဝတ်ပြုရာ၌ ဆောက်တည်သောသီလသည် စေတနာသီလ ဖြစ်ပါသည်။

၃။ သီလပြည့်စုံကြောင်းတရားနှစ်ပါးကို ဖော်ပြ၍၊ စာရိတ္တသီလ ဝါရိတ္တသီလ၏ ခြားနားချက်ကို ညွှန်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၀, ၁၂)

သီလပြည့်စုံကြောင်း တရားနှစ်ပါးမှာ -

(၁) မကောင်းမှုမှ ရှက်ခြင်း (ဟိရီ) နှင့်

(၂) မကောင်းမှုမှ ကြောက်ခြင်း (ဩတ္တပ္ပ)တို့ ဖြစ်ပါသည်။

စာရိတ္တသီလနှင့် ဝါရိတ္တသီလတို့ ခြားနားမှု

စာရိတ္တသီလ ဆိုသည်မှာ -

"ဤကျင့်ဝတ်ကို ပြုကျင့်အပ်၏"ဟု မြတ်စွာဘုရားရှင် ပညတ်ထားသောသိက္ခာပုဒ်ကို ဖြည့်ကျင့်ခြင်း ဖြစ်ပါသည်၊ သဒ္ဓါ ဝီရိယတို့ဖြင့် ပြီးစေအပ်သောသီလ ဖြစ်ပါသည်။

ဝါရိတ္တသီလ ဆိုသည်မှာ -

"ဤအမှုကို မပြုကျင့်အပ်"ဟု မြတ်စွာဘုရားရှင် ပယ်မြစ်ထားသောအရာကို မပြုကျင့်ဘဲ ရှောင်ကြဉ်ခြင်း ဖြစ်ပါသည်၊ သဒ္ဓါဖြင့် ပြီးစေအပ်သောသီလ ဖြစ်ပါသည်။

ဤသို့ စာရိတ္တသီလနှင့် ဝါရိတ္တသီလတို့ ခြားနားမှု ရှိပါသည်။

(မိဘကျင့်ဝတ်, သားသမီးကျင့်ဝတ် စသည်တို့ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ ဖြစ်၏၊ ငါးပါးသီလ, ဆယ်ပါးသီလ စသည်တို့ကို စောင့်ထိန်းခြင်းသည် ဝါရိတ္တသီလဖြစ်၏။)

၄။ သီလညစ်နွမ်းကြောင်း ဖြူစင်ကြောင်းတို့ကို ဖော်ပြပြီးလျှင်၊ သီလကျားပြောက်ပုံကို သိသာအောင် ရှင်းပြခဲ့ပါ။ (မှတ်စု နှာ- ၁၄, ၁၅)

သီလညစ်နွမ်းကြောင်းမှာ -

(၁) လာဘ်, အခြံအရံ, ဆွေမျိုး, ကိုယ်အင်္ဂါ, အသက် စသော အကြောင်းတို့ကြောင့် လည်းကောင်း၊

(၂) မေထုန်ငယ် ၇-ပါးတို့နှင့် ယှဉ်သောကြောင့်လည်းကောင်း -

သီလ၏ ကျိုးခြင်း ပေါက်ခြင်း ကျားခြင်း ပြောက်ခြင်းတို့သည် သီလညစ်နွမ်းကြောင်းများ ဖြစ်ပါသည်။

http://www.dhammadownload.com

သီလဖြူစင်ကြောင်းမှာ -

(၁) ခပ်သိမ်းသော သိက္ခာပုဒ်တို့ကို မပျက်စီးစေခြင်း၊

(၂) ပျက်သောသိက္ခာပုဒ်တို့ကို ကုစားကောင်းပါက တစ်ဖန်ကုစားခြင်း၊

(၃) မေထုန်ငယ် ၇-ပါးတို့နှင့် မယှဉ်ခြင်း၊

(၄) အမျက်ထွက်ခြင်း,ရန်ငြိုးဖွဲ့ခြင်းစသော ယုတ်မာသောတရား၁၄-ပါးတို့ မဖြစ်ခြင်း၊

(၅) အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း, ကိလေသာကိုခေါင်းပါးစေခြင်း စသော ဂုဏ်ကျေးဇူးတို့ကို ဖြစ်စေခြင်းတို့ကြောင့် - သီလ၏ မကျိုး မပေါက် မကျား မပြောက် ခြင်းတို့သည် သီလဖြူစင်ကြောင်းများ ဖြစ်ပါသည်။

သီလကျားပုံမှာ - သီလသည် အစဉ်အတိုင်း နှစ်ပါး သုံးပါးသော သိက္ခာပုဒ်တို့သည် ပျက်ကုန်၏၊ ထိုသီလသည် ကျောကုန်း ဝမ်းဗိုက်တို့၌ ရောနှောသော အမည်းအနီစသော အမျိုးမျိုးသော ကိုယ်အဆင်းရှိသော နွားမနှင့်တူသောကြောင့် ကျားသော သီလ မည်၏။

သီလပြောက်ပုံမှာ - သီလသည် အကြားအကြား၌ သိက္ခာပုဒ်တို့သည် ပျက်ကုန်၏၊ ထို သီလသည် အကြားအကြား၌ မတူသောအဆင်းအရောင်တို့ဖြင့် အကွက်အကွက် ဆန်းကြယ်သောအဆင်းရှိသော နွားမနှင့် တူသောကြောင့် ပြောက်သောသီလမည်၏။

၁၉၈၄

၁။ **လူတို့အနေဖြင့် ကိုယ်ကျင့်တရား စောင့်ထိန်းချင်လာအောင် အကျင့်သီလ ဂုဏ်ကျေးဇူးကို သင်သိသမျှ ခိုးကူးရေးသားခဲ့ပါ။ (မှတ်စု နှာ- ၁၀, ၁၁)**

အကျင့်သီလ ဂုဏ်ကျေးဇူးတို့ကို ခိုးကူးရေးသားပြရသော် -

(က) သီလနှင့်ပြည့်စုံသောသူသည် စိတ်ကြည်သာရွှင်လန်းခြင်းစသော များစွာသော ဂုဏ်ကျေးဇူးတို့ကို ရရှိ၏။

(ခ) ထို့ပြင် သီလရှိသောသူသည် သီလနှင့် ပြည့်စုံလျှင် အောက်ပါ အကျိုး ၅-ပါးကို လည်း ရ၏။

(၁) မမေ့မလျော့ မပေါ့မတန်ခြင်းကြောင့် ကြီးစွာသောစည်းစိမ်ကို ရ၏။

(၂) ကောင်းသောကျော်စောသတင်း ပျံ့နှံ့၍ တက်၏။

http://www.dhammadownload.com

(၃) မင်းပရိသတ် သူကြွယ်ပရိသတ် စသော မည်သည့်ပရိသတ်သို့ဖြစ်စေ ရဲရဲရင့်ရင့် ကြောက်ရွံ့ခြင်းကင်းစွာ ကျက်သရေမင်္ဂလာရှိသော ရွှင်လန်းသော မျက်နှာဖြင့် ချဉ်းကပ်နိုင်၏။

(၄) မိမိပြုဆည်းပူးခဲ့ဖူးသော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍ မတွေမဝေ ကြည်ကြည်လင်လင် သေရ၏။

(၅) ကိုယ်ခန္ဓာပျက်၍ သေပြီးနောက် ကောင်းမှုပြုသူတို့ လားရာဖြစ်သော နတ်ပြည်လောကသို့ မချွတ်ရောက်ရလေ၏။

(ဂ) ထို့ပြင် သီလကို ပြည့်စုံအောင် ဖြည့်ကျင့်ခြင်းဖြင့် မိတ်ဆွေအပေါင်းအသင်းတို့၏ ချစ်မြတ်နိုးခြင်း၊ နှလုံးကို ပွားစေခြင်း၊ အလေးအမြတ်ပြုခြင်း၊ ခီးမွမ်းခြင်း စသည့် အပြင် အာသဝေါတရားကုန်ခြင်းဟူသော နောက်ဆုံးအကျိုးတိုင်အောင် များစွာသော အကျိုးအာနိသင်တို့ကိုလည်း ရရှိနိုင်ပါသည်။

(ဃ) ထို့ပြင်သီလကို ပြည့်စုံအောင် ဖြည့်ကျင့်ခြင်းဖြင့် ထောက်တည်ရာရခြင်း, ဖြစ်လာသော ကိလေသာတို့ကို ငြိမ်းအေးစေနိုင်ခြင်း, ကောင်းသတင်းပျံ့နှံ့ခြင်း, အတ္တာနုဝါဒဘေးမှ ကင်းဝေးခြင်းစသော အကျိုးတို့ကိုလည်း ရရှိနိုင်ပါသည်။

၂။ လူကောင်းစာရင်းဝင်အောင် ကျင့်ဆောင်ရမည့် အကျင့်အာစာရများကို ပြ၍၊ ဂဟဋ္ဌသီလခေါ် လူတို့စောင့်ထိန်းအပ်သော သီလများကိုလည်း ရှင်းလင်းဖေးသားခဲ့ပါ။ (မှတ်စုနှာ-၁၈, ၁၆)

လူကောင်းစာရင်းဝင်အောင် ကျင့်ဆောင်ရမည့် အကျင့်အာစာရများမှာ -

(၁) ကိုယ်ဖြင့် မလွန်ကျူးခြင်း၊ နှုတ်ဖြင့် မလွန်ကျူးခြင်း၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့် မလွန်ကျူးခြင်း၊

(၂) အလုံးစုံသောသီလကို စောင့်စည်းခြင်း၊

(၃) လာဘ်လာဘကို ရလို၍ ဘုရားရှင်ပစ်ပယ်တော်မူအပ်သော မိစ္ဆာဇီဝအကျင့်ယုတ်တို့ဖြင့် အသက်မွေးမှုမပြုဘဲ နေခြင်းတို့ ဖြစ်ပါသည်။

ဂဟဋ္ဌသီလခေါ် လူတို့စောင့်ထိန်းအပ်သော သီလဆိုသည်မှာ -

(၁) အမြဲနိစ္စ စောင့်ထိန်းအပ်သော ငါးပါးသီလ၊

http://www.dhammadownload.com

(၂) အားထုတ်ကြိုးစား၍ စောင့်ခြင်းငှာ တတ်နိုင်သော် ဆယ်ပါးသီလ၊
(၃) ဥပုသ်အင်္ဂါ၏အစွမ်းဖြင့် စောင့်ထိန်းသော ရှစ်ပါးသီလတို့ ဖြစ်ပါသည်။

၃။ "မျက်စိကို မှိတ်၊ နားကို ပိတ်၍ ကျင့်ရမည်"ဟု ဆိုရိုးစကားရှိရာဝယ် မှိတ်ရုံပိတ်ရုံဖြင့် ရပါ မည်လော၊ မည်သို့ပိတ်မှ လုံခြုံမည်နည်း၊ ရှင်းပြပါ။ (မှတ်စု နှာ-၂၃, ၂၄)

"မျက်စိကိုမှိတ်၊ နားကိုပိတ်၍ ကျင့်ရမည်"ဟု ဆိုရိုးစကား ရှိရာဝယ် မှိတ်ရုံ ပိတ်ရုံဖြင့် မရပါ။ စက္ခုန္ဒြေ(စက္ခုပသာဒ)ဟူသော တံခါးပေါက်ကို သတိတည်းဟူသော တံခါးရွက် ဖြင့် ပိတ်ဆို့ပြီး ကျင့်မှ လုံခြုံသည် မည်ပါသည်။

စက္ခုန္ဒြေနှင့် ရူပါရုံတို့ ထိခိုက်၍ စက္ခုဒွါရဝီထိဖြစ်ရာတွင် ဘဝင်စိတ်, အာဝဇ္ဇန်းစိတ်, စက္ခုဝိညာဉ်စိတ်, သမ္ပဋိစ္ဆိုင်းစိတ်, သန္တီရဏစိတ်, ဝုဋ္ဌောစိတ်တို့ ဖြစ်သောအခါတို့၌ စောင့်စည်းမှု-သံဝရ, မစောင့်စည်းမှု-အသံဝရ ဟူ၍ မဖြစ်ပေါ်သေးချေ။

ဇောစိတ်ဖြစ်သောအခါ၌ သီလရှိသူ၏အဖြစ်, သတိရှိသူ၏အဖြစ်, အသိဉာဏ်ရှိသူ၏အဖြစ်, သည်းခံနိုင်သူ၏အဖြစ်, မပျင်းမရိသူ၏အဖြစ်တို့ဖြင့် စောင့်စည်းခြင်း သံဝရသည် ဖြစ်၏၊ ထိုဇောစိတ်ခဏ၌ စောင့်စည်းခြင်းကိုပင် စက္ခုန္ဒြေကို စောင့်စည်းခြင်း (မျက်စိကို မှိတ်၍ ကျင့်သည်) ဟု ဆိုအပ်ပါသည်။

ဥပမာအားဖြင့်- မြို့တံခါးတို့ကိုကောင်းစွာပိတ်ဆို့စောင့်ရှောက်ထားပါက ခိုးသားဓားပြတို့ မြို့တွင်းသို့ မဝင်နိုင်သောကြောင့် မြို့တွင်းရှိ အိမ်တံခါးများကို ကောင်းစွာမပိတ်သော်လည်း ပစ္စည်းဘဏ္ဍာတို့ကို ကောင်းစွာလုံခြုံစေပါသည်၊ ဤဥပမာအတူ ဇောစိတ်ခဏ၌ သီလစသောကုသိုလ်တရားတို့ဖြစ်သောအခါ၌ ဒွါရသည်ငင်း, ဘဝင်သည်ငင်း, အာဝဇ္ဇန်းအစ ဝုဋ္ဌောအဆုံးရှိသော ဝီထိစိတ်တို့သည်ငင်း အဘိဇ္ဈာစသော အကုသိုလ်တရားတို့မှ ကင်းကွာလုံခြုံကုန်၏။

ထို့ကြောင့် "မျက်စိကိုမှိတ်၊ နားကိုပိတ်၍ ကျင့်ရမည်" ဟူသော ဆိုရိုးစကားအရ မှိတ်ရုံပိတ်ရုံဖြင့် မရဘဲ စက္ခုစသော ဒွါရတို့ကို အကုသိုလ်တရားတို့ မဝင်အောင် ဇော အခိုက်၌ သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်မှ လုံခြုံသည် မည်ပါသည်။

၄။ လူအများအထင်ကြီးအောင် ကြံဆောင်ပြုလုပ်တတ်သော သူတို့၏ လုပ်ပုံလုပ်နည်းများကို ဝိဘင်းပါဠိတော်တွင် လာသောနည်းအရ အကျဉ်းမျှ ဖော်ပြပါ။ (မှတ်စု နှာ-၂၅)

http://www.dhammadownload.com

လူအများအထင်ကြီးအောင် ကြံဆောင်ပြုလုပ်တတ်သောသူတို့၏ လုပ်ပုံလုပ်နည်းများကို ဝိဘင်းပါဠိတော်တွင် လာသောနည်းအရ အကျဉ်းမျှဖော်ပြရသော် -

လာဘ်,သက္ကာရနှင့် အကျော်အစောကိုမှီသော, ယုတ်မာသောအလိုဆိုးရှိသော ပုဂ္ဂိုလ်၏ -

(၁) ပစ္စည်းကိုမှီဝဲခြင်းဟု ဆိုအပ်သော ပစ္စည်းကိုဖြစ်စေခြင်း၏အကြောင်း၌ အံ့သြဖွယ်ကို ဖြစ်စေခြင်း၊

(၂) ဈာန် မဂ် ဖိုလ်တရားထူးကို ရသလိုလို ဈာန်နား မဂ်နားသို့ သီကာရိပ်ကာ စကားပြောခြင်း၌ အံ့သြဖွယ်ကို ဖြစ်စေခြင်း၊

(၃) မိမိကို အရိယာဟု ထင်မှတ်စေရန် ဣရိယာပုထ်တို့ကို ကြည်ညိုဖွယ်ရာ ပြုပြင်၍ ကောင်းစွာထားခြင်း, မျက်မှောင်တကုတ်ကုတ်ပြုခြင်းစသော အံ့သြဖွယ်ကို ဖြစ်စေခြင်းဟူ၍ ၃-ပါးတို့ ဖြစ်ကြပါသည်။

၁၉၈၅

၁။ အအေးဒဏ်-အပူဒဏ်ကို မကြောက်မရွံ့ နောက်မတွန့်ဘဲ တာဝန်ထမ်းဆောင်နေသူကို သီလရှိသူဟု ဆိုနိုင်-မဆိုနိုင် ရှင်းလင်းဖြေဆိုပါ။ (မှတ်စု နှာ- ၉)

အအေးဒဏ်-အပူဒဏ်ကို မကြောက်မရွံ့နောက်မတွန့်ဘဲ တာဝန်ထမ်းဆောင်နေသူ ကို သီလရှိသူဟု ဆိုနိုင်ပါသည်၊ အကြောင်းမှာ - ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ "အအေးကို သည်းခံ၏၊ အပူကို သည်းခံ၏" ဟူသော သည်းခံခြင်းကို "ခန္တီသံဝရ" ဟု သံဝရသီလ အဖြစ် ထည့်သွင်းဟောကြားထားသောကြောင့် ဖြစ်ပါသည်။

၂။ အောက်ပါသီလတို့ကို အမျိုးအစား ခွဲပြပါ။ (မှတ်စု နှာ- ၁၄)

(က) ခိုးမွှမ်းခံလိုရှိ ဆောက်တည်အပ်သော သီလ၊

(ခ) သိန်းထီပေါက်လိုရှိ ဆောက်တည်အပ်သော သီလ၊

(ဂ) မိမိအတွက် နိဗ္ဗာန်ရောက်ရန် ဆောက်တည်အပ်သော သီလ၊

(က) ခိုးမွှမ်းခံလိုရှိ ဆောက်တည်အပ်သောသီလသည် - ဟီနသီလ၊

http://www.dhammadownload.com

(ခ) **သိန်းထိပေါက်လို၍ ဆောက်တည်အပ်သောသီလသည်** - ဟီနသီလ၊
(ဂ) **မိမိအတွက် နိဗ္ဗာန်ရောက်ရန် ဆောက်တည်အပ်သောသီလသည်** - မဇ္ဈိမသီလ ဖြစ်ပါသည်။

၁၉၈၆

၁။ **ကာလပရိယန္တ၊ အာပါဏကောဋိက သီလတို့ကို ရှင်းပြ၍၊ ဝါတွင်းဥပုသ်နေ့တို့၌ ဆောက်တည်အပ်သော သီလသည် ယင်းတို့တွင် အဘယ်သီလမျိုး ဖြစ်ပါသနည်း။** (မှတ်စု နှာ- ၁၃)

ကာလပရိယန္တသီလ

အချိန်ကာလကိုပိုင်းခြား၍ ဆောက်တည်ကျင့်သုံးအပ်သော သီလသည် ကာလအဆုံးအပိုင်းအခြားရှိသောကြောင့် ကာလပရိယန္တသီလ မည်၏။

အာပါဏကောဋိကသီလ

အချိန်ကာလမပိုင်းခြားဘဲ အသက်ရှင်သရွေ့ကာလပတ်လုံး ဆောက်တည်ကျင့်သုံးအပ်သောသီလသည် အသက်ရှင်သရွေ့ အဆုံးရှိသောကြောင့် အာပါဏကောဋိကသီလ မည်၏။

ဝါတွင်းဥပုသ်နေ့တို့၌ ဆောက်တည်အပ်သော သီလသည် ထိုဥပုသ်နေ့ ကုန်ဆုံးသည့်တိုင်အောင် အချိန်ကာလကိုပိုင်းခြား၍ ဆောက်တည်အပ်သောသီလ ဖြစ်သောကြောင့် ကာလပရိယန္တသီလမျိုး ဖြစ်ပါသည်။

၂။ **အောက်ပါသီလတို့ကို အမျိုးအစားခွဲခြားပြပါ။** (မှတ်စု နှာ- ၁၄)
(က) **ဒိမိကိုယ်ကို ဦးစားပေး၍ ဆောက်တည်အပ်သော သီလ၊**
(ခ) **လောကကို ဦးစားပေး၍ ဆောက်တည်အပ်သော သီလ၊**
(ဂ) **ဓမ္မကို ဦးစားပေး၍ ဆောက်တည်အပ်သော သီလ။**

(က) အတ္တာဓိပတေယျသီလ၊
(ခ) လောကာဓိပတေယျသီလ၊
(ဂ) ဓမ္မာဓိပတေယျသီလ။

http://www.dhammadownload.com

၁၉၈၃

၁။ **"တစ်ထိုင်ပဲ ဥပုသ်ဆောက်တည်မယ်" ဟု ဆိုကာ သီလဆောက်တည်မှုသည် သင့် မသင့် ရှင်းလင်းဖြေဆို၍၊ မိမိကိုယ်ကျိုးအတွက် စောင့်သုံးအပ်သောသီလနှစ်မျိုးနှင့် အများအကျိုး အတွက် စောင့်သုံးအပ်သောသီလ၏ ထူးခြားပုံကိုလည်း ရေးပြခဲ့ပါ။ (မှတ်စု နှာ- ၁၃, ၁၄)**

"တစ်ထိုင်ပဲ ဥပုသ်ဆောက်တည်မယ်"ဟု ဆိုကာ သီလဆောက်တည်မှုသည် သင့်ပါသည် - အဘယ်ကြောင့်ဆိုသော် တစ်ထိုင်မျှကြာသောအချိန်ကာလကို ပိုင်းခြား၍ ဆောက်တည်ကျင့်သုံးအပ်သောကာလပရိယန္တသီလတွင် ပါဝင်သောကြောင့် ဖြစ်ပါသည်။

မိမိကိုယ်ကျိုးအတွက် စောင့်သုံးအပ်သော သီလနှစ်မျိုးမှာ -

(၁) တဏှာ၏အစွမ်းဖြင့် ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို လိုချင်တောင့်တ၍ ဆောက်တည်အပ်သော "ဟီနသီလ" နှင့်

(၂) မိမိသည် သံသရာဝဋ်မှ ကျွတ်လွတ်ရန် တောင့်တ၍ ဆောက်တည်အပ်သော "မဇ္ဈိမသီလ" တို့ ဖြစ်ကြပါသည်။

အများအကျိုးအတွက် စောင့်သုံးအပ်သော သီလမှာ -

အလုံးစုံသောသတ္တဝါတို့ကို သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြစေရန် ရည်သန်၍ ပါရမီမြောက်ဆောက်တည်သော ဘုရားအလောင်းတော်တို့၏ သီလဖြစ်သော "ပကတိသီလ" ဖြစ်ပါသည်။

၂။ **ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏စားဝတ်နေရေးကိုပင် မငဲ့မူ၍ ရဟန်းတော်များအား သဒ္ဓါတရားထက်သန်စွာ ဆွမ်းသင်္ကန်းစသည်တို့ကိုလှူဒါန်းရာ၌ ပင်မအကြောင်းကို အမွှခါဒက -ထေရ်ဝတ္ထုကို ထောက်လျက် ဖြေဆိုပြီးလျှင်၊ ဇမ္ဗူရာဇ်ရွှေကဲ့သို့ ခြိုးမွှမ်းထိုက်သော "လူတော်လူကောင်း"၌ ရှိရမည့် အချက်အလက်များကိုလည်း ရေတွက်ပြပါ။ (မှတ်စု နှာ- ၄၉, ၅၁)**

ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့၏ စားဝတ်နေရေးကိုပင် မငဲ့မူ၍ ရဟန်းတော်များအား သဒ္ဓါတရားထက်သန်စွာ ဆွမ်းသင်္ကန်း စသည်တို့ကို လှူဒါန်းရာ၌ ပင်မအကြောင်းမှာ -- ရဟန်းတော်တို့ ဆောက်တည်ကျင့်သုံးသော အဓိသီလကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

အမွှခါဒကမထေရ်ဝတ္ထုကို ထောက်လျက် ဖြေဆိုရသော် – အမွှခါဒကမဟာတိဿမထေရ်သည် "မြတ်သောကိုယ်အင်္ဂါဟူသောအကြောင်းကြောင့် ဥစ္စာကို စွန့်ရာ၏, အသက်ကို စောင့်ရှောက်လိုသူသည် ကိုယ်အင်္ဂါကို စွန့်ရာ၏, သူတော်ကောင်းတရားကို အစဉ်အောက်မေ့သောသူသည် ကိုယ်အင်္ဂါကိုလည်းကောင်း, ဥစ္စာကိုလည်းကောင်း, အသက်ကိုလည်းကောင်း အလုံးစုံကို စွန့်ရာ၏"ဟူသော သူတော်ကောင်းတို့၏အကျင့်ကို အစဉ်အောက်မေ့ခြင်းသတိကို မစွန့်ဘဲ အသက်သေရအံ့လောဟု ယုံမှားခြင်းရှိသော်လည်း သိက္ခာပုဒ်ကို မလွန်ကျူးဘဲ အပရိယန္တပါရိသုဒ္ဓိသီလကိုပင် အမှီပြု၍ ဒါယကာ၏ ကျောကုန်းထက်၌ စီးလျက်ပင် "ဤဒါယကာသည် သင်၏အဖလည်း မဟုတ်, အမိလည်းမဟုတ်၊ ဆွေမျိုးလည်း မဟုတ်၊ ထိုသို့သူစိမ်းပြင်ပဖြစ်ပါလျက် သီလရှိသည်အဖြစ်ကြောင့်သာ ထိုသို့ ပခုံးဖြင့် ထမ်းပိုးခြင်းကိစ္စကို ပြုပေ၏" ဟု ထိတ်လန့်သံဝေဖြစ်၍ သင့်လျော်သောအားဖြင့် သုံးသပ်ဆင်ခြင်သောကြောင့် အရဟတ္တဖိုလ်သို့ ရောက်၏။

ဇမ္ဗူရာဇ်ရွှေကဲ့သို့ ခိုးမွှမ်းထိုက်သော "လူတော်လူကောင်း"၌ ရှိရမည့် အချက်အလက်များမှာ -

(၁) ကြားနာမှတ်သားအပ်ပြီးသော တရားကျမ်းဂန်ဗဟုသုတ ရှိခြင်း၊

(၂) သီလစသော ကျင့်ဝတ်တရားကိုလည်း ဆောင်ခြင်း၊

(၃) လောကီ၊ လောကုတ္တရာ ပညာနှင့် ပြည့်စုံခြင်းတို့ ဖြစ်ကြပါသည်။

၁၉၈၈

၁။ တပ်မက်မှု စသော အညစ်အကြေးတို့ကို စင်ကြယ်စေသော "ရေ"နှင့်တူသည့်တရားကိုလည်းကောင်း၊ လေအောက်လေညာ ကြိုင်လှိုင်စွာမွှေးသော "နံ့သာ"နှင့် တူသောတရားကိုလည်းကောင်း ဖော်ပြ၍၊ ကလဟသီလ, မဏ္ဍနသီလတို့၏အဓိပ္ပါယ်ကိုလည်း ရေးပြခဲ့ပါ။ (မှတ်စု နှာ- ၁၁, ၁၅)

တပ်မက်မှုစသော အညစ်အကြေးတို့ကို စင်ကြယ်စေသော "ရေ"နှင့် တူသည့်တရားမှာ - "သီလ" ဖြစ်ပါသည်။

လေအောက်လေညာ ကြိုင်လှိုင်စွာမွှေးသော "နံ့သာ"နှင့် တူသော တရားသည်လည်း - "သီလ"ပင် ဖြစ်ပါသည်။

http://www.dhammadownload.com

ကလဟသီလဆိုသည်မှာ - သတ္တဝါတို့၏ ပကတိသဘောအားဖြင့် ငြင်းခုန်တတ်သော အလေ့အကျင့် ဖြစ်ပါသည်။

မဏ္ဍနသီလဆိုသည်မှာ - သတ္တဝါတို့၏ပကတိသဘောအားဖြင့် တန်ဆာဆင်ယင်တတ်သောအလေ့အကျင့် ဖြစ်ပါသည်။

၂။ သဒ္ဓါ၊ သတိ၊ ဝီရိယ၊ ပညာတို့ဖြင့် ပြီးစီးအပ် လုံခြုံစေအပ်သော သီလတို့ကို တစ်ခုစီ တွဲစပ်လျက် သေသပ်စွာ ဖော်ပြပါ။ (မှတ်စု နှာ- ၄၀, ၄၃, ၄၆)

သဒ္ဓါဖြင့် ပြီးစီးအပ် လုံခြုံစေအပ်သော သီလ = "ပါတိမောက္ခသံဝရသီလ"၊
သတိဖြင့် ပြီးစီးအပ် လုံခြုံစေအပ်သော သီလ = "ဣန္ဒြိယသံဝရသီလ"၊
ဝီရိယဖြင့် ပြီးစီးအပ် လုံခြုံစေအပ်သော သီလ = "အာဇီဝပါရိသုဒ္ဓိသီလ"၊
ပညာဖြင့် ပြီးစီးအပ် လုံခြုံစေအပ်သော သီလ = "ပစ္စယသန္နိဿိတသီလ"။

၁၉၈၉

၁။ အောက်ဖော်ပြပါပုဂ္ဂိုလ်တို့၌ အဘယ်တရားများ "ပဓာန"အားဖြင့် လွှမ်းမိုးနေပါသနည်း၊ ပုဂ္ဂိုလ်အလိုက် တင်ပြခဲ့ပါ။ (မှတ်စုနှာ- ၄၀, ၄၆)

(က) ဣန္ဒြေသိက္ခာတည်ကြည်သူ (ခ) စားသောက်ရာ၌ သန့်ရှင်းသပ်ရပ်သူ

(က) **ဣန္ဒြေသိက္ခာတည်ကြည်သူ၌** ပဓာနအားဖြင့် လွှမ်းမိုးနေသောတရားမှာ "သတိ" တရား ဖြစ်ပါသည်။ (သတိတရားဖြင့် ပြီးစီးပြည့်စုံစေအပ်သော ဣန္ဒြိယသံဝရသီလ လွှမ်းမိုးနေပါသည်။)

(ခ) **စားသောက်ရာ၌ သပ်ရပ်သန့်ရှင်းသူ၌** ပဓာနအားဖြင့် လွှမ်းမိုးနေသော တရားမှာ "ပညာ"တရား ဖြစ်ပါသည်။ (ပညာတရားဖြင့် ပြီးစီးပြည့်စုံစေအပ်သော ပစ္စယသန္နိဿိတသီလ လွှမ်းမိုးနေပါသည်။)

၂။ "အဓိသီလ"ဟူသည် အဘယ်ကို စောင့်စည်းမှု ဖြစ်ပါသနည်း၊ ယင်း၏အရေအတွက်နှင့် တွဲဖက်ဖော်ပြ၍၊ မိမိအသက်ထက်ပင် တန်ဖိုးထားအပ်သောတရားကိုပါ ရေးပြခဲ့ပါ။ (မှတ်စု နှာ- ၄၉)

http://www.dhammadownload.com

"အဓိသီလ"ဟူသည် ကိုယ်နှုတ်ကို စောင့်စည်းမှု ဖြစ်ပါသည်။
အရေအတွက်မှာ ကုဋေကိုးထောင် တစ်ရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင် (၉၁၈၀, ၅၀, ၃၆ ဝဝဝ) ဖြစ်ပါသည်။

မိမိအသက်ထက်ပင် တန်ဖိုးထားအပ်သောတရားမှာ သီလ ဖြစ်ပါသည်။

၃။ ဝါတော်ခြောက်ဆယ်ကျော် မဟာသံဃရက္ခိတဆရာတော်ကြီး ပျံလွန်ခါနီး၌ ချက်ချင်း အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်ရောက်အောင် အားထုတ်နိုင်ခြင်းမှာ အဘယ် အကြောင်းများကြောင့်ပါနည်း။ အမှန်တကယ် နိဗ္ဗာန်လိုချင်သူများ နည်းယူလောက်အောင် ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၅၀)

မဟာသံဃရက္ခိတဆရာတော်ကြီး ပျံလွန်ခါနီး၌ ချက်ချင်း အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်ရောက်အောင် အားထုတ်နိုင်ခြင်းမှာ-

ဆရာတော်ကြီးသည် ရဟန်းပြုသောအခါကာလ မှစ၍ သတိမထား, ဉာဏ်ဖြင့် မပိုင်းခြားဘဲ ပြုမိသောအရာမည်သည် မရှိခြင်းကြောင့် ဖြစ်ပါသည်။

မဟာသံဃရက္ခိတ ဆရာတော်ကြီးသည် ဝါတော် ၆၀-ကျော်လွန်၍ သေရာ ညောင်စောင်း၌ လျောင်းလျက်နေစဉ် ရဟန်းသံဃာတို့က လောကုတ္တရာတရားရခြင်းကို မေးလျှောက်ရာ "ငါ့အား လောကုတ္တရာတရားမရှိ"ဟု မိန့်၏။ ထိုအခါ အလုပ်အကျွေး ရဟန်းငယ်များက "အရှင်ဘုရားပရိနိဗ္ဗာန်စံတော်မူမည်ဟု သတင်းကြား၍ ၁၂-ယူဇနာ တိုင်အောင်သော အရပ်မှလူများ စုဝေးရောက်ရှိနေကုန်၏။ အရှင်ဘုရား ပုထုဇဉ်အဖြစ် စုတေလျှင် လူအပေါင်း နှလုံးမသာ ဖြစ်လတ္တံ့"ဟု လျှောက်ကြ၏။ "ငါ့ရှင်တို့ ငါသည် မေတ္တေယျမြတ်စွာဘုရားကိုဖူးမြင်လို၍ ဝိပဿနာတရားကို အားမထုတ်ဘဲ နေ၏။ ထိုသို့ဖြစ်မူ ငါ့ကိုထူ၍ အခွင့်ပေးလော့" ဟု ဆို၏။ ရဟန်းငယ်တို့ မထေရ်ကြီးကို ထူပေးပြီး အပြင်သို့ထွက်သည်နှင့်တစ်ပြိုင်နက် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ထိုမဟာသံဃရက္ခိတဆရာတော်ကြီး၏ ပုထုဇဉ်သူတော်ကောင်းဘဝဖြင့် ဆောက်တည်သောသီလသည် ရဟန်းဖြစ်သည်မှစ၍ ကောင်းမွန်စင်ကြယ်စွာ သွေးအပ်သောပတ္တမြားကဲ့သို့လည်းကောင်း၊ ကောင်းစွာစင်ကြယ်အောင် ကျင်အပ်သောရွှေကဲ့သို့လည်းကောင်း အလွန်စင်ကြယ်သောကြောင့် စိတ်ဖြစ်ကာမျှဖြင့် ကိလေသာအညစ်

http://www.dhammadownload.com

အကြေးမှကင်း၍ အရဟတ္တဖိုလ်၏ နီးသောအကြောင်းဖြစ်သော ပရိပုဏ္ဏာပါရိသုဒ္ဓိသီလ မျိုး ဖြစ်ပေသည်။

ထို့ကြောင့် မဟာသံဃရက္ခိတဆရာတော်ကြီးသည် ပျံလွန်ခါနီး၌ တစ်ခဏချင်း အရဟတ္တဖိုလ်ပေါက် ရဟန္တာအဖြစ်ရောက်အောင် အားထုတ်နိုင်ခြင်း ဖြစ်ပါသည်။

၁၉၉၀

၁။ လောကဌ် လူတို့ တန်ဖိုးထားလေ့ရှိကြသော အမျိုးမြတ်ခြင်း၊ ဥစ္စာပေါများခြင်းတို့သည် ကိလေသာစင်ကြယ်မှုကို ဖြစ်စေနိုင်ပါသလော၊ ရှင်းလင်းဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၂)

လောကဌ် လူတို့တန်ဖိုးထားလေ့ ရှိကြသော အမျိုးမြတ်ခြင်း၊ ဥစ္စာပေါများခြင်းတို့သည် ကိလေသာစင်ကြယ်မှုကို မဖြစ်စေနိုင်ပါ။

ရှင်းပြရသော် - ဝိသုဒ္ဓိမဂ်လာ သုတ္တန်ကြောင်းအရ "(မဂ်စေတနာဟူသော) ကံ၊ (သမ္မာဒိဋ္ဌိ ဟူသော) ဝိဇ္ဇာ၊ (သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော) အရိယမဂ်တရား၊ (သမ္မာဝါစာ, သမ္မာကမ္မန္တ ဟူသော) သီလ၊ (သမ္မာအာဇီဝ ဟူသော) မြတ်သောအသက်မွေးမှု- ဤတရားအပေါင်းဖြင့် သတ္တဝါတို့သည် စင်ကြယ်ကုန်၏၊ အမျိုးအနွယ်ဖြင့်သော်လည်းကောင်း, ဥစ္စာဖြင့်သော်လည်းကောင်း မစင်ကြယ်ကုန်" ဟု ဟောကြားထားတော်မူချက်အရ ဖြစ်ပါသည်။

၂။ "ဆယ်ပါးသီလကို လူတို့မစောင့်ကောင်း" ဟု အဆိုပြုခဲ့လျှင် ယင်းအဆို မှန်-မမှန် ဝေဖန်ဆုံးဖြတ်၍၊ မြန်မာ့နိုးရာစည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းသည် မည်သည့်သီလမျိုး ဖြစ်သည်ကို ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၆)

"ဆယ်ပါးသီလကို လူတို့မစောင့်ကောင်း" ဟူသော အဆိုမှာ မမှန်ကန်ပါ။

အကြောင်းမှာ - ဥပါသကာ ဥပါသိကာမတို့မှာ အမြဲနီစွ စောင့်ထိန်းအပ်သော ငါးပါးသောသိက္ခာပုဒ်၊ အားထုတ်ကြိုးစား၍ စောင့်ခြင်းငှာ တတ်နိုင်သော် ဆယ်ပါးသီလ၊ ဥပုသ်အင်္ဂါ၏အစွမ်းဖြင့် စောင့်ထိန်းသော ရှစ်ပါးသီလတို့သည် အိမ်နေလူတို့၏သီလ - ဂဟဋ္ဌသီလဟု ဟောကြားထားသောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

မြန်မာ့ရိုးရာစည်းကမ်းများကို လိုက်နာကျင့်သုံးခြင်းသည် လူမျိုးတို့၏အကျင့်, အရပ်ဒေသ၏အကျင့်ဟူသော မိမိတို့၏ အသီးသီးသော စည်းကမ်းကျင့်ဝတ်ဆိုင်ရာ အလေ့အကျင့်ကို လိုက်နာကျင့်သုံးခြင်း ဖြစ်သောကြောင့် အာစာရသီလမျိုး ဖြစ်ပါသည်။

၃။ **အထူးဂရုပြု၍ စောင့်ရှောက်အပ်သော (က) မိမိ၏အဉ္ဇ၊ (ခ) မိမိ၏အမြီးဆံ၊ (ဂ) တစ်ယောက်တည်းသောသား၊ (ဃ) တစ်ဖက်သာကျန်သော မျက်စိတို့နှင့် တူသောတရားကို ဖော်ပြ၍၊ အရိပ်နိမိတ် စသည်ဖြင့် ရအပ်သော ဆေးပစ္စည်းကို အနာရောဂါပျောက်ကင်းပြီးနောက် ဆက်လက်သုံးစွဲရန် သင့်-မသင့် ဝိနည်းဆောင်၊ သုတ္တန်ဆောင်တို့ အယူအဆအားလျော်စွာ အကြောင်းပြ ဆုံးဖြတ်ပါ။ (မှတ်စု နှာ- ၄၀, ၄၄)**

အထူးဂရုပြု၍ စောင့်ရှောက်အပ်သော (က) မိမိ၏အဉ္ဇ၊ (ခ) မိမိ၏အမြီးဆံ၊ (ဂ) တစ်ယောက်တည်းသောသား၊ (ဃ) တစ်ဖက်သာကျန်သောမျက်စိတို့နှင့် တူသောတရားမှာ - "ပါတိမောက္ခသံဝရသီလ" ဖြစ်ပါသည်။

အရိပ်နိမိတ်စသည်ဖြင့် ရအပ်သော ဆေးပစ္စည်းကို အနာရောဂါပျောက်ကင်းပြီးနောက် ဆက်လက်သုံးစွဲရန် သင့်-မသင့်နှင့် ပတ်သက်၍ -

ဝိနည်းဆောင်ပုဂ္ဂိုလ်တို့၏ အယူအဆအရ- မြတ်စွာဘုရားသည် သုံးဆောင်ရန် အခွင့်ပေးပြီးဖြစ်၍ အာပတ်မသင့်သောကြောင့် သုံးဆောင်အပ်၏ဟု ဆိုနိုင်ပါသည်။

သုတ္တန်ဆောင်ပုဂ္ဂိုလ်တို့၏အယူအဆအရ- အာပတ်မသင့်ဆိုသည်မှာ မှန်သော်လည်း အာဇီဝစင်ကြယ်မှုကို ဖျက်ဆီးတတ်သောကြောင့် သလ္လေခအကျင့်၌ တည်သော ရဟန်းအား သုံးဆောင်ခြင်းငှာ မအပ်ဟု ဆိုနိုင်ပါသည်။

၁၉၉၁

၁။ **သီလ သမာဓိ ပညာ တရားတို့ဖြင့် လွန်မြောက်နိုင်သောဘုံဘဝတို့ကို အသီးသီး ထုတ်ဆောင်ပြပြီးလျှင်၊ သီလစောင့်ထိန်းသဖြင့် လက်ရှိခံစားရသော အကျိုးတရားကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၆, ၁၀)**

http://www.dhammadownload.com

သီလ သမာဓိ ပညာ တရားတို့ဖြင့် လွန်မြောက်နိုင်သော ဘုံဘဝများ

- သီလဖြင့် အပါယ်လေးဘုံ၊
- သမာဓိဖြင့် ကာမ ၁၁-ဘုံ၊
- ပညာဖြင့် အလုံးစုံသော ၃၁-ဘုံဘဝတို့ကို လွန်မြောက်နိုင်ပါသည်။

သီလစောင့်ထိန်းသဖြင့် လက်ရှိခံစားရသော အကျိုးတရားမှာ -

(၁) မမွေ့မလျော့ မပေါ့မတန်ခြင်းကြောင့် ကြီးစွာသော စည်းစိမ်အစုကို ရ၏။

(၂) ကောင်းသော ကျော်စောသတင်းသည် ပို့နှံ့၍ တက်၏။

(၃) မင်းပရိသတ် သူကြွယ်ပရိသတ် စသော မည်သည့်ပရိသတ်သို့ဖြစ်စေ ရဲရဲရင့်ရင့် ကြောက်ရွံ့ခြင်းကင်းရှင်းစွာ ကျက်သရေမင်္ဂလာရှိသော ရွှင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်နိုင်၏။

(၄) မိမိပြုဆည်းပူးခဲ့ဖူးသော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍ မတွေမဝေ ကြည်ကြည်လင်လင် သေရ၏၊ ထို့ပြင် စိတ်နှလုံး သာယာချမ်းမြေ့ခြင်း စသော အကျိုးတရားတို့ကိုလည်း ရရှိနိုင်ပါသည်။ **(၁၉၈၄ ကြည့်ပါ။)**

၂။ ဘုရားလောင်းသူတော်ကောင်းတို့ ဆောက်တည်အပ်သော အမြတ်ဆုံးသီလကို ဆောက်တည်ပုံနှင့်တကွ ဖော်ပြ၍၊ လောကာဓိပတေယျသီလသဘောကိုလည်း ထင်ရှားအောင် ဖော်ပြခဲ့ပါ။ (မှတ်စု နှာ - ၁၄)

ဘုရားလောင်းသူတော်ကောင်းတို့ ဆောက်တည်အပ်သော သီလမှာ - ပဏီတသီလ ဖြစ်ပါသည်၊ ဆောက်တည်ပုံမှာ - အလုံးစုံသောသတ္တဝါတို့ သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်ကြစေရန် ရည်သန်၍ ပါရမီမြောက် ဆောက်တည်ကျင့်သုံးရပါမည်။

လောကာဓိပတေယျသီလ၏ သဘောမှာ - လူအများ စွပ်စွဲကဲ့ရဲ့ခြင်းကို ရှောင်ရှားလိုသောသဘောဖြင့် လောကကို ရိုသေလေးမြတ်သဖြင့် ဆောက်တည်အပ်သောသီလ ဖြစ်ပါသည်။

---

http://www.dhammadownload.com

၃။ သတိတရားဖြင့် ပွားများခြင်းမရှိသော စိတ်၏အပြစ်ကို ဥပမာနှင့်တကွ ထုတ်ဆောင်ပြပြီးလျှင်၊ သူတော်ကောင်းတရားကို အစဉ်အောက်မေ့လိုသောသူတို့ စွန့်လွှတ်သင့်သော အရာဝတ္ထုတို့ကိုလည်း သေချာစွာ ထုတ်ပြခဲ့ပါ။ (မှတ်စု နှာ- ၄၁, ၄၉, ၅၀)

သတိတရားဖြင့် ပွားများခြင်းမရှိသော စိတ်၏အပြစ်ကို ဥပမာနှင့်တကွ ထုတ်ဆောင်ပြရသော် -

(၁) သူခိုးတို့သည် တံခါးဟင်းလင်းပွင့်နေသော ရွာကို ညှင်းဆဲနှိပ်စက်နိုင်သကဲ့သို့၊

(၂) အမိုးပျက်စီးနေသောအိမ်ကို မိုးရေတို့သည် ထက်ဝန်းကျင်မှဝင်ရောက်သကဲ့သို့၊

စက္ခုစသော ဣန္ဒြေတို့ကို မစောင့်စည်းသောစိတ်ကို ရာဂစသော ကိလေသာတရားတို့သည် ထက်ဝန်းကျင်မှ အစဉ်မပြတ် ဝင်ရောက်နိုင်ပါသည်။

ထိုအခါ ဣန္ဒြေယသံဝရသီလ မပြည့်စုံတော့ပေ၊ ဣန္ဒြေယသံဝရသီလ မပြည့်စုံလျှင် ပါတိမောက္ခသံဝရသီလသည်လည်း မပြည့်စုံနိုင်ပေ၊ အဘယ်ကဲ့သို့နည်းဟူမူ - ကောင်းစွာစီရင်ပြုလုပ်ထားအပ်သည့် ဆူးခက်အရံအတားမရှိသော ကောက်ပင်စပါးပင်သည် အရှည်မတည်တံ့နိုင်သကဲ့သို့ပင်တည်း။

သူတော်ကောင်းတရားကို အစဉ်အောက်မေ့လိုသောသူတို့ စွန့်လွှတ်သင့်သော အရာဝတ္ထုတို့ မှာ - မိမိ၏ ဥစ္စာ၊ ကိုယ်အင်္ဂါနှင့် အသက်တို့ ဖြစ်ပါသည်။

၁၉၉၂

၁။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့က ဩဃလေးဖြာ သံသရာမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်ရပါလို၏ဟု ဆုတောင်းကြရာ အမှန်တကယ် ဩဃလေးဖြာ သံသရာမှ ထွက်မြောက်ကူးခတ်နိုင်သောသူကို ဖော်ပြ၍၊ အဘယ်သို့သဘောရှိသောသီလကို တဏှာနိဿိတသီလဆိုသည်ကိုလည်း ဖော်ပြပါ။ (မှတ်စု နှာ-၂, ၁၃)

ဩဃလေးဖြာ သံသရာမှ အမှန်တကယ် ထွက်မြောက်ကူးခတ်နိုင်သောသူမှာ -

(၁) အခါခပ်သိမ်း သီလနှင့်ပြည့်စုံသော

(၂) လောကီလောကုတ္တရာပညာနှင့် ပြည့်စုံသော

(၃) ကောင်းစွာတည်ကြည်ခြင်း သမာဓိရှိသော

http://www.dhammadownload.com

(၄) ကိုယ့်အသက်ကို ငဲ့ကွက်ခြင်းမရှိ၊ အားထုတ်အပ်သော လုံ့လဝီရိယရှိသော
(၅) နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိသောသူသည်သာလျှင် ဖြစ်ပါသည်။

တဏှာနိဿိတသီလ - "ငါသည် ဤသီလကိုကျင့်ခြင်းဖြင့် သိကြားမင်း, သုယာမနတ်မင်းစသော ထင်ရှားသောနတ်သော်၎င်း၊ မထင်ရှားသောနတ်သော်၎င်း ဖြစ်ရလို၏" ဟု ဘဝသမ္ပတ္တိကို တောင့်တ၍ ဖြစ်စေအပ်သောသီလ သည် တဏှာကိုမှီသော အကျင့်သီလ တဏှာနိဿိတသီလ ဖြစ်ပါသည်။

၂။ ဖန်ရည်စွန်းသည့် သင်္ကန်းဝတ်ရုံကာမျှဖြင့် ရဟန်းဟု ခေါ်နိုင်-မခေါ်နိုင်၊ အမှန်တကယ် ရဟန်းဟု ခေါ်နိုင်သော ပုဂ္ဂိုလ်သဘောကို ထင်ရှားအောင် ဖြေဆိုပြီးလျှင်၊ သီလလေးပါး တို့တွင် ပစ္စယသန္နိဿိတသီလကို အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်တို့သာ ဖြည့်ကျင့်နိုင်သည်ကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၇, ၄၆)

ဖန်ရည်စွန်းသည့် သင်္ကန်းဝတ်ရုံကာမျှဖြင့် ရဟန်းဟု မခေါ်နိုင်ပါ။

(၁) သံသရာဘေးကို ရှုတတ်သောကြောင့်၊
(၂) အပိုင်းပိုင်းဖြတ်အပ်သဖြင့် အဆင်းမလှ, အဖိုးမတန်သောအဝတ်ကို ဝတ်ဆင်ကာ၊
(၃) သာသနာတော်ကို ထွက်မြောက်ကြောင်းဟု ယုံကြည်၍ ရဟန်းပြုသောအမျိုးသားကိုသာ အမှန်တကယ် ရဟန်းဟု ခေါ်ဆိုနိုင်ပါသည်။

ပစ္စယသန္နိဿိတသီလကို "ပညာ"ဖြင့် ပြည့်စုံသောပုဂ္ဂိုလ်သည်သာလျှင် ဖြည့်ကျင့်နိုင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပညာရှိသောသူသည်သာ ပစ္စည်းလေးပါးတို့၌ (ကွဏမရှိဘောဂနှင့် အာပတ်ဟူသော)အပြစ်နှင့် (ကွဏာပရိဘောဂနှင့် အာပတ်တို့မှ လွတ်ခြင်းဟူသော)အကျိုးတို့ကို ကောင်းစွာသိမြင်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ထိုသို့ သိမြင်ပြီးမှသာလျှင် ပစ္စည်းတို့၌ မက်မောသောတဏှာကို ပယ်၍ တရားသဖြင့် ရအပ်သောပစ္စည်းတို့ကို ဝိနည်းအတိုင်း ပညာဖြင့်ဆင်ခြင်လျက် သုံးဆောင်ခြင်းဖြင့် ပစ္စယသန္နိဿိတသီလကို ပြည့်စုံအောင် ဖြည့်ကျင့်နိုင်ပါသည်။

---

http://www.dhammadownload.com

၃။ ရဟန်းတော်များ စားသုံးအပ်သော ဆွမ်းတစ်လုတ်၌ လျှာအပူမလောင်အောင် မည်ကဲ့သို့ နှလုံးသွင်းသုံးဆောင်ရသည်ကို ဥပမာနှင့်တကွ တင်ပြပြီး၊ ဝိနည်းပိဋကတော်လာ ရဟန်းတော်များ စောင့်ထိန်းရသော သိက္ခာပုဒ်အရေအတွက်ကိုလည်း သိသာရုံမျှ ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၄၇-၄၉)

ရဟန်းတော်များ စားသုံးအပ်သော ဆွမ်းတစ်လုတ်၌ လျှာအပူမလောင်အောင် နှလုံးသွင်း သုံးဆောင်ပုံကို ဥပမာနှင့်တကွ တင်ပြရသော် -

ဆွမ်းကို ဆွမ်းလုတ်တိုင်း ဆွမ်းလုတ်တိုင်း ဆင်ခြင်၍ သုံးဆောင်ရပါမည်၊ ထိုသို့ မတတ်နိုင်လျှင် မွန်းမတည့်မီ နံနက်ပိုင်း (ဆွမ်းမစားမီ)၊ မွန်းလွဲညနေပိုင်း(ဆွမ်းစားပြီး)၊ ညဉ့်ဦးယာမ်၊ သန်းခေါင်ယာမ်၊ မိုးသောက်ယာမ်တို့တွင် ၄-ကြိမ်ဖြစ်စေ၊ ၃-ကြိမ်ဖြစ်စေ၊ ၂-ကြိမ်ဖြစ်စေ၊ ၁-ကြိမ်ဖြစ်စေ ပညာဖြင့် ဆင်ခြင်၍ သုံးဆောင်ရပါမည်။

သုံးဆောင်ရာတွင် -

(၁) ကြာဖက်၌ ရေပေါက်သည် မကပ်ငြိသော ဥပမာ

မြတ်စွာဘုရားဟောကြားတော်မူအပ်သောသင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍သာလျှင် ဆွမ်းကို မှီဝဲသုံးဆောင်ရာ၏၊ ထိုသို့ ဆင်ခြင်၍ မှီဝဲသောကြောင့် ကြာဖက်၌ ရေပေါက်သည် မကပ်ငြိသကဲ့သို့ ထို့အတူ ရဟန်းသည် ဆွမ်း၌ မကပ်ငြိဘဲ ရှိပေသည်။

(၂) အနာကို အသားနုတက်အောင် ဆေးလိမ်းပုံ ဥပမာ

ဒါယကာတို့ကို ချီးမြှောက်သောအားဖြင့် အနာကိုအသားနုတက်အောင် ဆေးလိမ်းသကဲ့သို့ အခါခပ်သိမ်းသတိထင်သည်ဖြစ်၍ များစွာကို ကပ်လှူသော်လည်း အတိုင်းအရှည်ကို သိရပါမည်။

(၃) သား၏အသားကို သုံးဆောင်ကုန်သော ဇနီးမောင်နှံ ဥပမာ

ခရီးခဲ၌သား၏အသားကို သုံးဆောင်သော ဇနီးမောင်နှံတို့ကဲ့သို့လည်းကောင်း၊ လှည်းဝင်ရိုးကို ဆီထိုးသကဲ့သို့လည်းကောင်း ဤအတူ ကိုယ်ခန္ဓာမျှစေခြင်းငှာ အစာအာဟာရကို မမက်မော မတွေဝေဘဲ သုံးဆောင်စားသောက်ရပါမည်။

http://www.dhammadownload.com

ရဟန်းတော်များ စောင့်ထိန်းရသော သိက္ခာပုဒ်အရေအတွက်မှာ – ကုဋေ ကိုးထောင် တစ်ရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်းခြောက်ထောင် (၉၁၈၀, ၅၀, ၃၆,၀၀၀) ဖြစ်သည်။

၁၉၉၃

၁။ **လောကသတ္တဝါတို့၏စိတ်သန္တာန်အစဉ်၌ အမြဲနှိပ်စက်နေသော ရာဂစသော ကိလေသာတို့၏ ပူလောင်မှုကို မည်သည့်တရားကသာလျှင် အမှန်တကယ် ငြိမ်းအေးစေနိုင်သည်ကို ဥပမာများနှင့်တကွ ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၁)**

သတ္တဝါတို့၏ စိတ်သန္တာန်အစဉ်၌ အမြဲနှိပ်စက်နေသော ရာဂစသော ကိလေသာတို့၏ ပူလောင်မှုကို "သီလ"တရားကသာလျှင် အမှန်တကယ် ငြိမ်းအေးစေနိုင်ပါသည်။

ဥပမာအားဖြင့် ထိုရာဂစသော အပူအလောင်ကို မိုးရေနှင့်တကွ လေအေးတို့သည်လည်းကောင်း၊ စန္ဒကူးနှံ့သာသည်လည်းကောင်း၊ ပုလဲသွယ်တို့သည်လည်းကောင်း၊ မြကျောက်, ပတ္တမြားတို့သည်လည်းကောင်း၊ လရောင်ညွှန့်တို့သည်လည်းကောင်း မငြိမ်းစေနိုင်ကြကုန်။

၂။ **သာသနာတော်ထမ်း ရဟန်းတော်များ ဘုန်းကြီးအောင် ဒါယကာ ဒါယိကာမတို့အား မြှောက်ပင့်ပြောဆိုပုံကို ဖော်ပြပြီးလျှင်၊ စောင့်ထိန်းအပ်သော သီလတရား ကျိုးပြတ်ခြင်း၏အကြောင်းတို့ကိုလည်း အကျဉ်းချုပ် တင်ပြခဲ့ပါ။ (မှတ်စု နှာ-၂၈, ၅၄)**

ရဟန်းတော်များ ဘုန်းကြီးအောင် ဒါယကာ ဒါယိကာမတို့အား မြှောက်ပင့်ပြောဆိုပုံမှာ - "သူဌေးမင်း၊ လေ့သူကြီးမင်း၊ အလှူရှင်ကြီး၊ ဘုရားဒကာကြီး၊ ကျောင်းဒကာကြီး" စသည်ဖြင့် မြှောက်ပင့်ပြောဆိုခြင်း (ဥလ္လပနာ)နှင့် ခပ်သိမ်းသောအဖို့ဖြင့် ချီးချီးပင့်ပင့် သာသာယာယာပြောခြင်း (သမုလ္လပနာ)တို့ ဖြစ်ပါသည်။

စောင့်ထိန်းအပ်သော သီလတရား ကျိုးပြတ်ခြင်း၏အကြောင်း (၁၉၈၃-၄)

---

http://www.dhammadownload.com

၁၉၉၄

၁။ **သာသနာတော်၏ အစ အလယ် အဆုံး ကောင်းခြင်းတရား ၃-မျိုးကို ရေးပြ၍၊ ယင်းသုံးမျိုးတို့ကိုလိုက်နာကျင့်သုံးခြင်းဖြင့် ရရှိနိုင်သည့်ပုဂ္ဂိုလ်အဆင့်အတန်းကို ခွဲခြားပြခဲ့ပါ။ (မှတ်စု နှာ- ၅, ၆, ၇)**

သာသနာတော်၏ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းတရား ၃-မျိုးမှာ -

(၁) သီလတရားသည် သာသနာတော်၏ အစ ဖြစ်ပါသည်၊
သီလတရားသည် စိတ်နှလုံးရွှင်ပြခြင်းစသော ကျေးဇူးဂုဏ်ကို ဆောင်တတ်သောကြောင့် သာသနာတော်၏ အစကောင်းခြင်း ဖြစ်ပါသည်။

(၂) သမာဓိတရားသည် သာသနာတော်၏ အလယ် ဖြစ်ပါသည်၊
သမာဓိတရားသည် တန်ခိုးဖန်ဆင်းခြင်းစသော ကျေးဇူးဂုဏ်ကို ဆောင်တတ်သောကြောင့် သာသနာတော်၏ အလယ်ကောင်းခြင်း ဖြစ်ပါသည်။

(၃) ပညာတရားသည် သာသနာတော်၏ အဆုံး ဖြစ်ပါသည်၊
ပညာတရားသည် ကွဋ္ဌာရုံ့အနိဋ္ဌာရုံတို့၌ စုံမက်နှစ်သက်ဝမ်းမြောက်ခြင်း၊ အမျက်ဒေါသထွက်ခြင်း မရှိ၊ ပကတိတည်တံ့နိုင်သောဂုဏ်ကို ဆောင်သောကြောင့် သာသနာတော်၏ အဆုံးကောင်းခြင်း ဖြစ်ပါသည်။

သီလ၊ သမာဓိ၊ ပညာ တရားသုံးမျိုးကို လိုက်နာကျင့်သုံးခြင်းဖြင့် ရရှိနိုင်သည့် ပုဂ္ဂိုလ်အဆင့်အတန်းကို ခွဲခြားပြရပါလျှင် -

- သီလဖြင့် သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်အဖြစ်ကိုလည်းကောင်း၊
- သမာဓိဖြင့် အနာဂါမ်ပုဂ္ဂိုလ်အဖြစ်ကိုလည်းကောင်း၊
- ပညာဖြင့် ရဟန္တာပုဂ္ဂိုလ်အဖြစ်ကိုလည်းကောင်း ရရှိနိုင်ပါသည်။

၂။ **သီလတရားကို ကျင့်သုံးသူ အမျိုးကောင်းသားသမီးများ အလေးအမြတ် စံထားပြုလုပ်နေကြသည့်သီလများကို အဓိပ္ပါယ်နှင့်တကွ ရေးပြခဲ့ပါ။ (မှတ်စု နှာ- ၁၄)**

သီလတရားကိုကျင့်သုံးသူ အမျိုးကောင်းသားသမီးများ အလေးအမြတ် စံထားပြုလုပ်နေကြသည့်သီလများမှာ -

http://www.dhammadownload.com

(၁) မိမိ၏မလျောက်ပတ်သောအကျင့်ကို စွန့်ပယ်လို၍ မိမိကိုယ်ကို အလေးအမြတ်ပြုကာ ဆောက်တည်အပ်သောသီလ = အတ္တာဓိပတေယျသီလ

(၂) လူအများ စွပ်စွဲကဲ့ရဲ့ခြင်းကို ရှောင်ရှားလိုသောသဘောဖြင့် လောကကို အလေးအမြတ်ပြုကာ ဆောက်တည်အပ်သောသီလ = လောကာဓိပတေယျသီလ

(၃) တရားတော်၏ နိယျာနိကအစစ်ဖြစ်၍ မွန်မြတ်သည်ကို ပူဇော်ခြင်းငှာ အလိုရှိ၍ တရားတော်ကို အလေးအမြတ်ပြုကာ ဆောက်တည်အပ်သောသီလ = ဓမ္မာဓိပတေယျသီလဟူ၍ သီလ ၃-ပါး အပြားရှိပါသည်။

၃။ ရောဂါဝေဒနာစွဲကပ်နေသော မယ်တော်ကြီးအား မဟာမိတ္တာမထေရ်မြတ်ကြီးက ပေးလိုက်သည့် "အသားမာအနာပျောက်နည်း" ဆေးကောင်းကို ဖော်စပ်ပြ၍၊ ယင်းအနာရောဂါ ပျောက်ကင်းချမ်းသာ၍ မိခင်ကြီးက ဝမ်းမြောက်စကား ပြောဆိုပုံကိုလည်း ရေးပြခဲ့ပါ။ (မှတ်စု နှာ- ၄၃)

ရောဂါဝေဒနာစွဲကပ်နေသော မယ်တော်ကြီးအား မဟာမိတ္တာမထေရ်ကြီးက ပေးလိုက်သည့် "အသားမာအနာပျောက်နည်း" ဆေးကောင်းမှာ-

"ငါသည် ဆေးချက်ရန် နည်းလမ်းကို မသိချေ။ သို့သော် ငါသည် ဆေးနည်းကို ပြောကြားပေအံ့၊ ငါသည် ရဟန်းပြုသောအခါ ကာလမှစ၍ လောဘနှင့်တကွဖြစ်သော စိတ်ဖြင့် ကျန်ဒြိယသံဝရသီလတို့ကို ဖျက်ဆီး၍ မိန်းမတို့၏အဆင်းရုပါရုံကို မကြည့်စဖူး၊ ဤသစ္စာစကားကြောင့် ငါ၏မယ်တော်အား ချမ်းသာခြင်းသည် ဖြစ်စေသတည်း၊ သင်သည် မယ်တော်ထံသွား၍ ငါ၏သစ္စာစကားကို ဆို၍ မယ်တော်၏ကိုယ်ကို နှိပ်နယ်လော့" ဟု ဆေးနည်းကို ဒေးလိုက်၏၊ မဟာမိတ္တာမထေရ်၏နှမဖြစ်သူ ဘိက္ခုနီမသည် မှာသည့်အတိုင်း ပြုလုပ်လေရာ ထိုသစ္စာစကားကို ကြားသောခဏ၌ပင် မယ်တော်၏အနာသည် ရေမြှုပ်ဆိုင်ကဲ့သို့ ကြေ၍ ပျောက်၏။

မယ်တော်ကြီးက အနာပျောက်ကင်း ချမ်းသာ၍ ဝမ်းမြောက်စကား ပြောဆိုပုံမှာ -

"ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရားသည် အကယ်၍များ ထင်ရှားရှိပါက ငါ၏သားနှင့်တူသော ရဟန်းမြတ်၏ဦးခေါင်းကို ကွန်ယက်ဇာလကွဇာတော်ဖြင့်

http://www.dhammadownload.com

ဆန်းကြယ်လှစွာသော ရွှေလက်တော်ဖြင့် အဘယ်မှာ မသုံးသပ်ဘဲ နေတော်မူပါအံ့နည်း၊ သုံးသပ်တော်မူမည်သာတည်း" ဟူ၍ ဖြစ်ပါသည်။

၁၉၉၅

၁။ "ကိုယ်ကျင့်ပြည့်ဝ နှလုံးလှ" ဟူသော ဆိုရိုးအရ စိတ်နှလုံးဖြူဆွတ်ပစေရန် စာရိတ္တဝါရိတ္တသီလ ဖြည့်ကျင့်ပုံများကို ဖော်ပြ၍၊ ယင်းသီလတို့ကို ပြီးပြည့်စုံစေသော တရားများကိုပါ ထုတ်ပြပါ။ (မှတ်စု နှာ- ၁၂)

စာရိတ္တသီလဖြည့်ကျင့်ပုံမှာ - မြတ်စွာဘုရားက "ဤအရာကို ပြုကျင့်အပ်၏"ဟု ပညတ်သောသိက္ခာပုဒ်ကို ပြည့်စုံအောင် ပြုကျင့်သောအားဖြင့် ဖြည့်ကျင့်ရပါမည်။

ဝါရိတ္တသီလဖြည့်ကျင့်ပုံမှာ - မြတ်စွာဘုရားက "ဤအရာကို မပြုကျင့်အပ်"ဟု ပယ်မြစ်သောအမှုကို မပြုကျင့် မလွန်ကျူးဘဲ ရှောင်ကြဉ်ကာ စောင့်ရှောက်သောအားဖြင့် ဖြည့်ကျင့်ရပါမည်။

ဆိုလိုသည်မှာ "ကိုယ်ကျင့်ပြည့်ဝ"စေရန် ဝါရိတ္တသီလကို ကျင့်ရုံမျှဖြင့် သီလသည် လုံးဝမပြည့်စုံသေးပါ၊ စာရိတ္တသီလကိုပါ မပြတ်ဖြည့်ကျင့်ပါမှ သီလသည် လုံးဝပြည့်စုံလျက် "နှလုံးလှမည်" ဖြစ်ပါသည်။

စာရိတ္တသီလကို ပြီးပြည့်စုံစေသောတရားများမှာ- သဒ္ဓါနှင့် ဝီရိယတို့ဖြစ်ပြီး ဝါရိတ္တသီလကို ပြီးပြည့်စုံစေသော တရားမှာ - သဒ္ဓါ ဖြစ်ပါသည်။

၂။ ကျန္ဒြိယသံဝရသီလကို လုံခြုံစေရန် အဘယ်တရားက စောင့်ရှောက်ပေးပါသနည်း၊ အကြောင်းပြ ဖြေဆိုပြီးလျှင်၊ ကျန္ဒြိယသံဝရသီလနှင့် ပါတိမောက္ခသံဝရသီလတို့ အဆက်အစပ် ရှိ-မရှိကိုလည်း ရှင်းလင်းဖော်ပြပါ။ (မှတ်စု နှာ- ၄၀, ၄၁)

ကျန္ဒြိယသံဝရသီလ လုံခြုံစေရန် "သတိ"တရားက စောင့်ရှောက်ပေးပါသည်။

အကြောင်းမှာ- သတိသည် စောင့်ရှောက်သိမ်းဆည်းထားသော စက္ခုစသော ကျန္ဒြေတို့၌ အဘိဇ္ဈာစသော ကိလေသာတရားတို့သည် အစဉ်မလိုက်နိုင်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

ထို့ကြောင့် ရူပါရုံစသော အာရုံတို့၌ စက္ခုဒ္ဒါရစသည်တို့မှဖြစ်သော ဇောဝိညာဉ်၌ အဘိဇ္ဈာစသည်တို့က အစဉ်လိုက်၍ သုဘနိမိတ်စသည်ဖြင့် စွဲလန်းခြင်းကို မမေ့မလျော့သောသတိဖြင့် တားမြစ်၍ ဣန္ဒြိယသံဝရသီလကို ပြည့်စုံစေအပ်၏။

ဣန္ဒြိယသံဝရသီလနှင့် ပါတိမောက္ခသံဝရသီလတို့ အဆက်အစပ် ရှိပါသည်။

ဣန္ဒြိယသံဝရသီလ မပြည့်စုံသော် ပါတိမောက္ခသံဝရသီလသည်လည်း အရှည်မခံ, ရှည်မြင့်စွာ မတည်နိုင်ပါ။ ဥပမာ- ကောင်းစွာပြုပြင်စီရင်ကာရံခြင်း မရှိသော ကောက်ပင်သည် အရှည်မခံ, ရှည်မြင့်စွာ မတည်သကဲ့သို့ ဖြစ်ပါသည်။

ဣန္ဒြိယသံဝရသီလ လုံခြုံပြည့်စုံပါမှသာလျှင် ပါတိမောက္ခသံဝရသီလသည်လည်း အရှည်ခံ၍ တည်တံ့နိုင်ပါသည်၊ ဥပမာ - ကောင်းစွာပြုပြင် စီရင် ကာရံထားသော ကောက်ပင်သည် အရှည်ခံ၍ ရှည်မြင့်စွာတည်သကဲ့သို့ ဖြစ်ပါသည်။

၁၉၉၆

၁။ **သူတော်ကောင်းကျင့်စဉ်ဖြစ်သော သီလ သမာဓိ ပညာသုံးပါးတို့ဖြင့် ဖြစ်ပေါ်ရရှိနိုင်သော အရိယာအဆင့်တို့ကို ပိုင်းခြားဖော်ပြပြီးလျှင်၊ ယင်းသုံးပါးတွင် သီလသည် သာသနာတော်၏ အာဒိမည်ခြင်း၊ ကလျာဏဖြစ်ခြင်းအကြောင်း များကိုလည်း ပြဆိုပါ။ (မှတ်စု နှာ-၇, ၅)**

သီလ သမာဓိ ပညာသုံးပါးတို့ဖြင့် ဖြစ်ပေါ်နိုင်သော အရိယာအဆင့်များ (၁၉၉၄-၁)

သီလသည် သာသနာတော်၏ အာဒိမည်ခြင်း၊ ကလျာဏဖြစ်ခြင်း အကြောင်းများ -

(၁) "ကောင်းစွာစင်ကြယ်သောသီလသည် ကုသိုလ်တရားတို့၏ အစဖြစ်သည်" ဟု မြတ်စွာဘုရားဟောကြားတော်မူခြင်းကြောင့်လည်းကောင်း၊

(၂) "သဗ္ဗပါပဿ အကရဏံ" - "အလုံးစုံသော မကောင်းမှုတို့ကို မပြုရခြင်းသည် ဘုရားရှင်တို့အဆုံးအမ ဖြစ်သည်" ဟူ၍ သြဝါဒပါတိမောက်အစဉ် ဟောကြားထားခြင်းကြောင့်လည်းကောင်း၊

သီလသည် သာသနာတော်၏အစ (အာဒိ) ဖြစ်ပါသည်။

ထိုအဓိသီလသည် စိတ်နှလုံးရွှင်ပြခြင်းစသော ကျေးဇူးဂုဏ်ကို ဆောင်တတ်သောကြောင့် ကလျာဏ(ကောင်းခြင်း) မည်ပါသည်။

---

http://www.dhammadownload.com

၂။ တစ်ဝမ်းတစ်ခါးအတွက် အပြစ်မများစေလိုသော ရဟန်းမြတ်၏ အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စေသောတရားနှင့် ဖြည့်ကျင့်ပုံကို နည်းယူဖွယ်ဖြစ်အောင် ဖြေဆိုပါ။ (မှတ်စု နှာ - ၄၃, ၄၄)

အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စေသောတရားမှာ - ဝီရိယတရား ဖြစ်ပါသည်။

အာဇီဝပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်ပုံမှာ -

(၁) သာသနာတော်၌ မလျော့ကပ်သော ရှာမှီးခြင်းကို ပယ်၍၊

(၂) ဝီရိယဖြင့် ဆွမ်းခံအကျင့်စသော, အပြစ်ကင်းသော, သင့်လျော်သော ရှာမှီးခြင်း ဖြင့်၊

(၃) စင်ကြယ်စွာ ဖြစ်စေအပ်သော ပစ္စည်းတို့ကို မှီဝဲကာ၊

(၄) မစင်ကြယ်သောပစ္စည်းတို့ကို အဆိပ်ပြင်းသောမြွေဆိုးတို့ကို ရှောင်ကြဉ်သကဲ့သို့ ရှောင်ကြဉ်လျက် အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေရပါမည်။

ဥပမာ- ရှင်သာရိပုတ္တရာမထေရ် လေနာရောဂါစွဲကပ်စဉ် ရလာသော နို့ယနာဆွမ်းသည် ဝစီဝိညတ်ကြောင့်ဟု ဆင်ခြင်မိရာ အာပတ်မသင့်သော်လည်း သူတော်ကောင်းတို့ ကဲ့ရဲ့ အပ်သော အသက်မွေးမှုမျိုးဖြစ်သဖြင့် အာဇီဝသီလကို မပျက်စီးစေဘဲ ဆွမ်းကို သွန်စေသည် ရှိသော် ထိုဆွမ်း မြေ၌တည်သောခဏ၌ လေနာရောဂါသည် ပျောက်ငြိမ်းလေ၏။

၁၉၉၇

၁။ သီလ သမာဓိတို့ဖြင့် လွန်မြောက်နိုင်သော ဘုံဘဝတို့ကို ပြဆိုပြီးလျှင်၊ ကိုယ်ကျင့်သီလကို စောင့်ထိန်းရာ၌ မှီရာအားဖြင့် သီလအမျိုးအစား ကွဲပြားဖြစ်ရခြင်းကိုလည်း ဖြေဆိုပါ။ (မှတ်စု နှာ- ၆, ၁၂, ၁၃)

သီလ သမာဓိတို့ဖြင့် လွန်မြောက်နိုင်သော ဘုံဘဝတို့မှာ (၁၉၉၁-၁)

ကိုယ်ကျင့်သီလကို စောင့်ထိန်းရာ၌ မှီရာနိဿယအားဖြင့် သီလအမျိုးအစား ကွဲပြားရခြင်းမှာ တဏှာနှင့် ဒိဋ္ဌိဟူ၍ မှီရာနှစ်ပါး ပြားသောကြောင့် ဖြစ်ပါသည်။

- "ငါသည် ဤသီလကို ကျင့်ခြင်းဖြင့် သိကြား သုယာမစသော ထင်ရှားသောနတ်သော်လည်းကောင်း, မထင်ရှားသောနတ်သော်လည်းကောင်း ဖြစ်ရလို၏" ဟု ဘဝ

http://www.dhammadownload.com

သမ္မတ္တိကို တောင့်တ၍ ဖြစ်သောသီလသည် တဏှာကိုမှီသောအကျင့်သီလ-တဏှာနိဿိတသီလ မည်ပါသည်။

- "အကျင့်သီလမျှဖြင့် သံသရာမှစင်ကြယ်၏"ဟု စင်ကြယ်ရေးအယူဖြင့် ဖြစ်စေအပ်သောအကျင့်သီလသည် ဒိဋ္ဌိနိဿိတသီလ မည်ပါသည်။

၂။ ကျွန်ုပ်ယသံဝရသီလတွင် "အနုဗျဉ္ဇနကို မယူ" ဆိုရာ၌ အဘယ့်ကြောင့် "အနုဗျဉ္ဇန"ဟု ခေါ်ဆိုပါသနည်း။ အနုဗျဉ္ဇနကို မယူက အဘယ်အရာကို ယူရပါမည်နည်း။ တိကျစွာ ထုတ်ဖော်ပြပါ။ (မှတ်စု နှာ-၂၃)

ကျွန်ုပ်ယသံဝရသီလတွင် "အနုဗျဉ္ဇနကို မယူ"ဟု ဆိုရာ၌ -

လက်ဟန်၊ ခြေဟန်၊ ပြုံးခြင်း၊ ရယ်ခြင်း၊ ပြောဆိုခြင်း၊ တူရူကြည့်ခြင်း၊ စောင်းငဲ့ကြည့်ခြင်းစသောအခြင်းအရာများသည် ကိလေသာတို့ကိုအစဉ်မပြတ် အဖန်ဖန်ထင်ရှားပေါ်ထွက်အောင် ပြုတတ်သောကြောင့် "အနုဗျဉ္ဇန"ဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

ယင်းအနုဗျဉ္ဇနကို မယူအပ်ပါ။ အာရုံပြုလျက် ယူရမည့်အရာတို့မှာ -

မြင်ရသောကိုယ်ကာယ၌ ဆံပင် မွေးညင်းစသော စက်ဆုပ်ဖွယ်ကောဋ္ဌာသအဖို့ အစုကိုသာ မှတ်ယူရပါမည်၊

တစ်နည်း- ပရမတ္ထအားဖြင့် ထင်ရှားရှိသော ဘူတရုပ်, ဥပါဒါရုပ် ဖြစ်သောအစုကိုသာ မှတ်ယူရပါမည်။

၁၉၉၈

၁။ သာသနာတော်၌ ကိုယ်ကျင့်သီလဆိုင်ရာ ကောင်းမြတ်သောအကျင့်, ယုတ်မာသောအကျင့်တို့ကို ခွဲခြားပြဆိုပြီးလျှင်၊ ရှုပါရုံကို ရှုမြင်ရာတွင် မစောင့်စည်းခြင်း ဖြစ်နိုင်ရာအခါကိုလည်း ပိုင်းခြားပြပါ။ (မှတ်စု နှာ- ၁၈,၂၃,၂၄)

ကောင်းမြတ်သောအကျင့်(အာစာရ) ဆိုသည်မှာ -

(၁) ဘုရားရှင်ပညတ်တော်မူသော သိက္ခာပုဒ်တို့ကို ကိုယ်ဖြင့် မလွန်ကျူးခြင်း၊ နှုတ်ဖြင့် မလွန်ကျူးခြင်း၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့် မလွန်ကျူးခြင်း၊

(၂) အလုံးစုံသောသီလကို စောင့်စည်းခြင်း၊

http://www.dhammadownload.com

(၂) အလုံးစုံသောသီလကို စောင့်စည်းခြင်း၊
(၃) လာဘ်လာဘကိုရယူလိုသူ ဝါး,ထန်းရွက်စသည် ပေးခြင်း၊ ခြိုးမြှင့်ပြောခြင်း၊ ကလေးထိန်းပေးခြင်းစသော ဘုရားရှင်ပစ်ပယ်တော်မူအပ်သော မိစ္ဆာဇီဝအကျင့်ယုတ်ဖြင့် အသက်မွေးခြင်းမပြုဘဲနေခြင်းကို ကောင်းမြတ်သောအကျင့် (အာစာရ)ဟု ဆိုပါသည်။

ယုတ်မာသောအကျင့်(အနာစာရ) ဆိုသည်မှာ -

(၁) ကိုယ်ဖြင့်လွန်ကျူးခြင်း၊ နှုတ်ဖြင့်လွန်ကျူးခြင်း၊ ကိုယ်နှုတ်နှစ်ပါးလုံးဖြင့် လွန်ကျူးခြင်း၊
(၂) အလုံးစုံသောသီလအကျင့် ပျက်စီးမှု ဒုဿီလဖြစ်ခြင်း၊
(၃) လာဘ်လာဘကိုရယူလိုသူ ပန်းသစ်သီးပေးခြင်း၊ လောကွတ်ပြုခြင်း၊ အစေအပါးခံ၍ သွားလာပေးခြင်းစသော ဘုရားရှင်စက်ဆုပ်တော်မူသော မိစ္ဆာဇီဝယုတ်မာသော အသက်မွေးဝမ်းကျောင်း စသောအမှုများသည် ယုတ်မာသောအကျင့် (အနာစာရ) ဟု ဆိုပါသည်။

ရူပါရုံကို ရှုမြင်ရာတွင် မစောင့်စည်းခြင်း ဖြစ်နိုင်ရာအခါကို ပိုင်းခြားပြရသော် -

ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ ရောက်သောအခါ စက္ခုဒွါရဝီထိဖြစ်ရာဝယ် ဘဝင်စိတ်, အာဝဇ္ဇန်းစိတ်, စက္ခုဝိညာဉ်စိတ်, သမ္ပဋိစ္ဆိုင်းစိတ်, သန္တီရဏစိတ်, ဝုဋ္ဌောစိတ် ဖြစ်သောအခါတို့၌ မစောင့်စည်းမှု အသံဝရ မဖြစ်သေးချေ၊ ဇောစိတ်ဖြစ်သောအခါ၌သာ မစောင့်စည်းမှု အသံဝရ ဖြစ်ပေါ်နိုင်ပါသည်။

သီလမရှိသူ(ဒုဿီလ)၏အဖြစ်၊ သတိလွတ်ကင်းသောသူ၏အဖြစ်၊ အသိဉာဏ်ကင်းမဲ့သောသူ၏အဖြစ်၊ သည်းမခံသောသူ၏အဖြစ်၊ ပျင်းရိသောသူ၏အဖြစ်တို့ ဖြစ်လျှင် မစောင့်စည်းခြင်းသည် ဖြစ်၏၊ ထိုဇောစိတ်ခဏ၌ မစောင့်စည်းမှု အသံဝရ ဖြစ်သော် ဒွါရ, ဘဝင်, အာဝဇ္ဇန်း စသော ဝီထိစိတ်တို့လည်း မလုံခြုံတော့ပေ။

၂။ ဓုတင်မဆောက်တည်သော ရဟန်း၏ စင်ကြယ်သောပစ္စည်းနှင့် အထူးစင်ကြယ်သော ပစ္စည်းတို့ကို ထုတ်ဖော်ပြ၍၊ ပစ္စည်းလေးဖြာ သုံးဆောင်ရာတွင် ခိုးယူသုံးဆောင်ခြင်း မည်သည်ကိုလည်း ရေးသားဖြေဆိုပါ။ (မှတ်စု နှာ- ၄၃, ၄၆)

http://www.dhammadownload.com

ဓုတင်မဆောက်တည်သော ရဟန်း၏ စင်ကြယ်သောပစ္စည်းနှင့် အထူးစင်ကြယ်သောပစ္စည်း

- သံယာမှလည်းကောင်း၊ ဂိုဏ်းမှလည်းကောင်း၊ စင်ကြယ်သောစိတ်ဖြင့် တရားဟောခြင်းစသော ဂုဏ်တို့ကြောင့် ကြည်ညိုသောလူတို့ထံမှလည်းကောင်း ဖြစ်ပေါ်သောပစ္စည်းများသည် စင်ကြယ်သောပစ္စည်း မည်၏။
- ဆွမ်းခံခြင်းစသဖြင့် ဖြစ်သောပစ္စည်းတို့သည် အထူးစင်ကြယ်သောပစ္စည်း မည်၏။

ခိုးယူသုံးဆောင်ခြင်း(ထေယျပရိဘောဂ) -

ရဟန်းမဟုတ်ဘဲ သံယာအလယ်၌နေ၍ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည် မိမိနှင့် မထိုက်တန်ဘဲ သုံးဆောင်ခြင်း ဖြစ်သောကြောင့် ခိုးယူ၍ သုံးဆောင်ခြင်း မည်ပါသည်။

၁၉၉၉

၁။ လူတို့ကျင့်သော အကျင့်သီလတို့တွင် အာစာရသီလနှင့် ဓမ္မတာသီလတို့ကို ဖော်ပြပြီး လျှင်၊ "မျက်စိဖြင့် ရူပါရုံကိုမြင်၏" ဆိုသောစကား မှန်-မမှန်ကို ဝေဖန်ဆုံးဖြတ်ပါ။ (မှတ်စု နှာ- ၁၆, ၂၂)

အာစာရသီလ

အမျိုး၏အကျင့်၊ အရုပ်ဒေသ၏အကျင့်၊ အယူဝါဒ၏အကျင့်ကို ကျင့်သောသူတို့အား မိမိ၏အပိုင်းအခြား စည်းကမ်းအကျင့်အလေ့ဖြစ်သောကြောင့် အာစာရသီလ မည်၏။

ဓမ္မတာသီလ

ဘုရားအလောင်း မယ်တော်ဝမ်းတွင် ပဋိသန္ဓေယူစဉ် မယ်တော်သည် ယောက်ျားတို့၌ ကာမဂုဏ်နှင့်ယှဉ်သောစိတ် မဖြစ်ပေါ်ခြင်းသည် ဖြစ်မြဲဓိုရ်ရာ ဓမ္မတာသဘောတရားဖြစ်သောကြောင့် ဓမ္မတာသီလ မည်၏။

"မျက်စိဖြင့် ရူပါရုံကို မြင်၏" ဆိုသောစကား မှန်-မမှန်ကို ဝေဖန်ဆုံးဖြတ်ပြရသော်-

"မျက်စိဖြင့် ရူပါရုံကို မြင်၏" ဆိုသောစကားသည် သသမ္ဘာရကထာစကားမျိုး

http://www.dhammadownload.com

ဖြစ်ပါသည်၊ မျက်စိသည် စိတ်မရှိသည်၏အဖြစ်ကြောင့် ရူပါရုံကို မမြင်တတ်၊ စိတ်သည် မှီရာမျက်စိ မရှိသည်၏အဖြစ်ကြောင့် မမြင်တတ်၊ စင်စစ်သော်ကား စက္ခုဒ္ဒါရနှင့် ရူပါရုံတို့ အချင်းချင်းထိခိုက်ခြင်းကြောင့် မျက်စိလျှင် မှီရာရှိသော စက္ခုဝိညာဏ်စိတ်ဖြင့် မြင်၏၊ သို့သော်လည်း 'မျက်စိဖြင့် ရူပါရုံကို မြင်၏' ဟူသော စကားသည် 'လေးဖြင့် ပစ်ဖောက်၏'စသော စကားတို့ကဲ့သို့ မြင်ခြင်း၏အကြောင်းနှင့်တကွ ဖြစ်သည့်စိတ်ကို ပြသောစကား (သသမ္ဘာရကထာ) မည်၏၊ ထို့ကြောင့် 'မျက်စိဖြင့် ရူပါရုံကို မြင်၏' ဟူသောစကားဌ 'မျက်စိကိုမှီသော စိတ်ဝိညာဏ်ဖြင့် ရူပါရုံကို မြင်၏' ဟု ဤသို့ အနက်ကို မှတ်ရပါမည်။

၂၀၀၀

၁။ သီလ၏မှတ်ကြောင်းလက္ခဏာကို ဥပမာနှင့်တကွ ဖော်ပြပြီးလျှင်၊ သီလနှင့်ပြည့်စုံခြင်း၏ အကျိုးများကိုလည်း ပြည့်စုံစွာ ထုတ်ပြပါ။ (မှတ်စု နှာ- ၉, ၁၀)

သီလ၏ မှတ်ကြောင်းလက္ခဏာမှာ -

သီလသည် ကာယကံ ဝစီကံတို့ကို ဖရိုဖရဲ မဖြစ်အောင် ကောင်းစွာထားခြင်း သမာဓိနလက္ခဏာနှင့် သမာဓိ,ပညာကုသိုလ်တရားတို့၏အရင်းခံတည်ရာ ဥပဓာရဏာလက္ခဏာ ရှိ၏။

သီလသည် များစွာသောအပြားအားဖြင့် ကွဲပြားသော်လည်း သီလနလက္ခဏာ (ကောင်းစွာထားခြင်း- သမာဓိန, လွန်စွာဆောင်ခြင်း- ဥပဓာရဏာ)သည် သီလ၏ မှတ်အပ်သော သဘောလက္ခဏာ ဖြစ်သည်၊ ဥပမာ - အဆင်းရုပ်သည် များစွာသော အပြားအားဖြင့် ကွဲပြားသော်လည်း မျက်စိဖြင့်မြင်အပ်သော သဘောရှိသည်၏ အဖြစ်သည် ထိုအဆင်းရုပ်၏ မှတ်အပ်သောသဘောလက္ခဏာ ဖြစ်သကဲ့သို့ပေတည်း။

သီလနှင့်ပြည့်စုံခြင်း၏အကျိုး (၁၉၈၄-၁)

---

http://www.dhammadownload.com

၂၀၀၁

၁။ သီလကို စောင့်ထိန်းသောသူ၏ မှီရာအားဖြင့် သီလနှစ်မျိုး ကွဲပြားဖြစ်ပွားပုံကို ဖော်ပြပြီး လျှင်၊ စက္ခုစသော ကျန်ခြေ ၆-ပါးကို စောင့်စည်းသဖြင့် ရရှိသောအကျိုးနှင့် မစောင့်စည်းက ဖြစ်ပွားရရှိသော အပြစ်များကို ထုတ်ဖော်ပြပါ။ (မှတ်စု နှာ- ၁၂)

မှီရာအားဖြင့် သီလနှစ်မျိုး (၁၉၉၇-၁)

စက္ခုစသော ကျန်ခြေ ၆-ပါးကို စောင့်စည်းသဖြင့် ရရှိသောအကျိုးမှာ -

သီလရှိသူ၏အဖြစ်၊ သတိရှိသူ၏အဖြစ်၊ အသိဉာဏ်ရှိသူ၏အဖြစ်၊ သည်းခံနိုင်သူ၏အဖြစ်၊ ဝိရိယရှိသူ၏အဖြစ်တို့ကြောင့် စက္ခုစသော ကျန်ခြေ ၆-ပါးကို စောင့်စည်းသဖြင့် ဘဝင် အာဝဇ္ဇန်း စသော ဝီထိစိတ်တို့ လုံခြုံသောကြောင့် အဘိဇ္ဈာစသော အကုသိုလ်တရားတို့ မဝင်ရောက်နိုင်ပေ၊ ထိုအခါ ကျန်ခြေယသံဝရသီလ လုံခြုံ၏၊ ကျန်ခြေယသံဝရသီလလုံခြုံလျှင် ပါတိမောက္ခသံဝရသီလလည်း လုံခြုံ၏။

မစောင့်စည်းက ဖြစ်ပွားရရှိသောအပြစ်မှာ -

သီလမရှိသူ၏အဖြစ်၊ သတိမေ့သောသူ၏အဖြစ်၊ အသိဉာဏ်ကင်းမဲ့သောသူ၏အဖြစ်၊ သည်းမခံသောသူ၏အဖြစ်၊ ပျင်းရိသောသူ၏အဖြစ်တို့ကြောင့် စက္ခုစသော ကျန်ခြေ ၆-ပါးကို မစောင့်စည်းနိုင်ပေ၊ ထိုအခါ ဘဝင် အာဝဇ္ဇန်း စသော ဝီထိစိတ်တို့ မလုံခြုံသောကြောင့် အဘိဇ္ဈာစသော အကုသိုလ်တရားတို့ ဝင်ရောက်နိုင်၏၊ ထို့ကြောင့် ကျန်ခြေယသံဝရသီလလည်း မလုံခြုံ, ပါတိမောက္ခသံဝရသီလလည်း မလုံခြုံတော့ပေ။

၂။ ပစ္စယသန္နိဿိတသီလကို အဘယ်ကြောင့် အဘယ်တရားဖြင့် ပြည့်စုံစေနိုင်သည်ကို ညွှန်ပြပြီးလျှင်၊ သီလလေးပါးနှင့် သုဒ္ဓိလေးပါးတို့ကိုလည်း မလွဲအောင် တွဲစပ်ပြပါ။
(မှတ်စု နှာ- ၄၆, ၄၇)

ပစ္စယသန္နိဿိတသီလ (၁၉၉၂-၂)

သီလလေးပါးနှင့် သုဒ္ဓိလေးပါးတို့ကို တွဲစပ်ပုံ

(၁) ပါတိမောက္ခသံဝရသီလသည် ဒေသနာကြား၍ စင်ကြယ်နိုင်သောကြောင့် ဒေသနာ-သုဒ္ဓိ မည်၏။

http://www.dhammadownload.com

(၂) ဣန္ဒြိယသံဝရသီလသည် "တစ်ဖန်မပြုတော့အံ့" ဟု စိတ်ကိုဆောက်တည်ခြင်းဖြင့် စောင့်ရှောက်ပိတ်ဆို့၍ စင်ကြယ်သောကြောင့် သံဝရသုဒ္ဓိ မည်၏။

(၃) အာဇီဝပါရိသုဒ္ဓိသီလသည် မသင့်သောရှာမှီးခြင်း အနေသနမှုများကိုပယ်၍ တရားနှင့်လျော်ညီစွာ ပစ္စည်းတို့ကိုဖြစ်စေခြင်းဖြင့် စင်ကြယ်သောကြောင့် ပရိယေဋ္ဌိသုဒ္ဓိ မည်၏။

(၄) ပစ္စယသန္နိဿိတသီလသည် ပညာဖြင့် ဆင်ခြင်ခြင်းဖြင့် စင်ကြယ်သောကြောင့် ပစ္စဝေက္ခဏာသုဒ္ဓိ မည်၏။

၂၀၀၂

၁။ **ပျက်စီးခြင်းအဆုံးအပိုင်းအခြားကို မြင်ရသောသီလများကို သိသာထင်ရှားအောင် ရေတွက်ပြဆိုပြီးလျှင်၊ သီလကို စောင့်ထိန်းသောပုဂ္ဂိုလ်၏ သီလကျိုးခြင်း ပေါက်ခြင်း ပြောက်ခြင်း ကျားခြင်း ၄-မျိုးတွင် သီလပေါက်ခြင်း ပြောက်ခြင်းတို့ကို ရှင်းပြဖြေဆိုပါ။ (မှတ်စု နှာ- ၁၃, ၅၄)**

ပျက်စီးခြင်းအဆုံးအပိုင်းအခြားကို မြင်ရသောသီလများမှာ -

လာဘ်ကြောင့် ပျက်စီးခြင်းအဆုံးရှိသော လာဘပရိယန္တသီလ၊ အခြံအရံကြောင့် ပျက်စီးခြင်းအဆုံးရှိသော ယသပရိယန္တသီလ၊ အဆွေအမျိုးကြောင့် ပျက်စီးခြင်းအဆုံးရှိသော ဉာတိပရိယန္တသီလ၊ ကိုယ်အင်္ဂါကြောင့် ပျက်စီးခြင်းအဆုံးရှိသော အင်္ဂပရိယန္တသီလ၊ အသက်ကြောင့် ပျက်စီးခြင်းအဆုံးရှိသော ဇီဝိတပရိယန္တသီလ ဟူ၍ ၅-မျိုးသော သပရိယန္တသီလတို့ ဖြစ်ပါသည်။

သီလပေါက်ခြင်း ဆိုသည်မှာ- သီလသိက္ခာပုဒ်တို့သည် အလယ်၌ ပျက်၏၊ ဥပမာအားဖြင့် အလယ်၌ပေါက်သောအဝတ်ကဲ့သို့ သီလသည် အလယ်၌ပေါက်သောကြောင့် ပေါက်သောသီလ-ဆိဒ္ဒသီလ မည်၏။

သီလပြောက်ခြင်းဆိုသည်မှာ - သီလသိက္ခာပုဒ်တို့သည် အကြားအကြား၌ ပျက်၏၊ ဥပမာအားဖြင့် အစက်အပြောက် မျိုးကွဲအဆင်းများရှိသော နွားမကဲ့သို့ သီလသည် အကြားအပြောက်ရှိသောကြောင့် ပြောက်သောသီလ-ကမ္ဗာသသီလ မည်၏။

http://www.dhammadownload.com

၂၀၁၃

၁။ **လူတို့ဆောက်တည်သော သီလတို့တွင် လာဘပရိယန္တသီလကို ဖော်ပြ၍၊ နိဗ္ဗေဘောဂိယသီလမျိုးဖြစ်အောင် ဆောက်တည်ပုံကိုလည်း ညွှန်ကြားခဲ့ပါ။ (မှတ်စု နှာ- ၁၃, ၁၆)**

လာဘပရိယန္တသီလ- လာဘ်ကြောင့် ပျက်စီးခြင်းအဆုံးရှိသောသီလ ဖြစ်ပါသည်၊ အချို့သောသူသည် လာဘ်ဟူသောအကြောင်းကြောင့် ဆောက်တည်အပ်သော ကျင့်ဝတ်သိက္ခာပုဒ်ကို လွန်ကျူး၏၊ ဤသီလသည် လာဘ်ကြောင့် ပျက်စီးခြင်းအဆုံးရှိသော လာဘပရိယန္တသီလ မည်ပါသည်။

နိဗ္ဗေဘောဂိယသီလမျိုး ဖြစ်အောင် ဆောက်တည်ပုံမှာ-အကြင်ပုဂ္ဂိုလ်သည် သီလအကျင့်မှဖြင့် အားရတင်းတိမ်ခြင်း မရှိဘဲ၊ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ကြောင်းဖြစ်သော ဗလဝဝိပဿနာကို အားထုတ်ကြိုးစား၏၊ ထိုပုဂ္ဂိုလ်၏သီလသည် သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သော, ကိလေသာအစိုင်အခဲကြီးကွဲ ဖောက်ခွဲနိုင်သောအဖို့ရှိသည် ဖြစ်၍ နိဗ္ဗေဘောဂိယသီလ ဖြစ်ပါသည်။

၂။ **မည်သို့သော ရဟန်းမျိုးကို "စက္ခုန္ဒြေစောင့်စည်းသော ရဟန်း" ဟု ခေါ်ဆိုပါသနည်း၊ ဖြေဆို၍၊ ဆွမ်းနှင့်ပတ်သက်၍ "ကုဏပရိဘောဂ" မဖြစ်စေရန် ဆင်ခြင်ပုံဆင်ခြင်နည်းကို ရေးသားခဲ့ပါ။ (မှတ်စု နှာ-၂၃, ၄၆, ၄၇)**

စက္ခုန္ဒြေစောင့်စည်းသော ရဟန်း

စက္ခုန္ဒြေတည်းဟူသောတံခါးပေါက်ကို သတိတည်းဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့ခြင်းငှာ ကျင့်နိုင်သော ရဟန်းမျိုးကို "စက္ခုန္ဒြေစောင့်စည်းသောရဟန်း"ဟု ခေါ်ပါသည်။

ရဟန်းသည် မျက်စိဖြင့် ရူပါရုံကိုမြင်လျှင် မိန်းမပုံသဏ္ဌာန်နိမိတ် ယောကျ်ားပုံသဏ္ဌာန်နိမိတ်, တင့်တယ်ဟန်သုဘနိမိတ်, လက်ခြေ, ပြုံးခြင်း ရယ်ခြင်း စသော အသေးစိတ်အခြင်းအရာအဖို့အစု အနုဗျည်ဉနတို့ကို မှတ်ယူလေ့မရှိ၊ ထိုမြင်ရသောကိုယ်၌ ထင်ရှားရှိသော ဆံပင်မွေးညင်းစသော ရွံရှာဖွယ်အဖို့အစုကိုသာလျှင် (ဝါ) ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ စင်စစ်ဟုတ်မှန်သော ဘူတရုပ်ဥပါဒါရုပ်မျှကိုသာလျှင် ယူ၏၊

http://www.dhammadownload.com

သတိတည်းဟူသော တံခါးရွက်ဖြင့် ကိလေသာတို့ကို မဝင်နိုင်အောင် ပိတ်ဆို့စောင့်စည်း၏၊ ဤရဟန်းမျိုးကိုသာ "စက္ခုန္ဒြေစောင့်စည်းသောရဟန်း" ဟု ခေါ်ပါသည်။

ဆွမ်းနှင့်ပတ်သက်၍ ဣဏာပရိဘောဂမဖြစ်အောင် ဆင်ခြင်နည်း (၁၉၉၂-၃)

၃။ ဒုဿီလရဟန်းကို သီလဝန္တသူတော်ကောင်းများ ရှောင်ကြဉ်ကြပုံကို ဥပမာဖြင့် ထင်ရှားအောင် ဖြေဆိုချေ၊ (မှတ်စု နှာ- ၅၉)

ဒုဿီလရဟန်းကို သီလဝန္တသူတော်ကောင်းများ ရှောင်ကြဉ်ကြပုံမှာ-

ဤလူပြည်လောကဌ် တန်ဆာဆင်ခြင်းငှာ အလိုရှိကြကုန်သော သူငယ်တို့သည် ကျင်ကြီးကို ကြဉ်ရှောင်ကြသကဲ့သို့၊ အကောင်ပုပ်ကို ကြဉ်ရှောင်ကြသကဲ့သို့ သီလမရှိသော ဒုဿီလရဟန်းကို သီလဝန္တသူတော်ကောင်းတို့သည် ရှောင်ကြဉ်ကြပါသည်။

၂၀၀၄

၁။ ကိုယ်ကျင့်သီလတို့တွင် မည်သို့စောင့်ထိန်းသော သီလမျိုးကို အာပါဏကောဋိကသီလဟု ခေါ်ဆိုရသည်ကို ဖော်ပြ၍၊ ပဲနောက်ဟင်းနှင့် တူသောစကားကို ဆိုသောပုဂ္ဂိုလ်ကိုလည်း ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၁၃, ၂၉)

အာပါဏကောဋိကသီလ ဟူသည် (၁၉၈၆-၁)

ပဲနောက်ဟင်းနှင့် တူသောစကားကို ဆိုသောပုဂ္ဂိုလ် - ပဲနောက်ဟင်းနှင့် တူသောစကား ရှိသောသူ၏အဖြစ် ပြောဆိုခြင်းသည် မုဂ္ဂသူပျတာ မည်၏။

ပဲနောက်တို့ကို ချက်လျှင် တစ်လုံးတစ်လေသာလျှင် မကျက်ဘဲ ရှိ၏၊ ကြွင်းသော ပဲနောက်တို့သည် ကျက်ကုန်နူးနပ်ကုန်သကဲ့သို့ ဤအတူပင် အကြင်ပုဂ္ဂိုလ်၏ စကား၌ တစ်လုံးတစ်လေသာလျှင် မှန်၏၊ ကြွင်းသော စကားအလုံးစုံသည် မှား၏၊ ဤသို့သောပုဂ္ဂိုလ်ကို ပဲနောက်ဟင်းနှင့် တူသောစကားကို ဆိုသောပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

---

http://www.dhammadownload.com

၂။ **သီလညစ်ညူးခြင်း၊ သီလဖြူစင်ခြင်းတို့၏ အကြောင်းတို့ကို အကျဉ်းမျှဖော်ပြ၍၊ ဆေးနှင့် ပတ်သက်၍ ကျင်ပရိဘောဂ မဖြစ်စေရန် ဆင်ခြင်ပုံ ဆင်ခြင်နည်းကိုလည်း ရေးသားခဲ့ပါ။ (မှတ်စု နှာ- ၅၃, ၄၆)**

သီလညစ်ညူးခြင်း၊ သီလဖြူစင်ခြင်း (၁၉၈၃-၄)

ဆေးနှင့်ပတ်သက်၍ ကျင်ပရိဘောဂ မဖြစ်စေရန် ဆင်ခြင်ပုံ ဆင်ခြင်နည်းမှာ -

- ဆေးတို့ကိုခံယူသောအခါ၌သော်လည်းကောင်း၊ သုံးဆောင်သောအခါ၌သော်လည်းကောင်း ပညာဖြင့်ဆင်ခြင်၍ သုံးဆောင်ပါက ကျင်ပရိဘောဂ မဖြစ်ပါ။
- ဆင်ခြင်ရာ၌ ဓာတ်အားဖြင့်လည်းကောင်း၊ စက်ဆုပ်ရွံရှာဖွယ် အစွမ်းအားဖြင့်လည်းကောင်း ဆင်ခြင်ရမည်။
- ခံယူသောကာလ၌ သတိကိုဖြစ်စေ၍ သုံးဆောင်သောကာလ၌ သတိမပြုမိသော် အာပတ်သင့်၏၊ ခံယူသောကာလ၌ သတိမပြုမိသော်လည်း သုံးဆောင်သော အခါ၌ သတိဖြစ်ခဲ့သော် အာပတ်မသင့်ချေ။

ဥပမာ - မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သင့်သောအကြောင်းအားဖြင့် ဆင်ခြင်၍သာလျှင် ဆွမ်းကို မှီဝဲသုံးဆောင်ရာ၏၊ ထိုသို့ ဆင်ခြင်မှီဝဲလျှင် ကြာဖက်၌ ရေပေါက်သည် မကပ်ငြိသကဲ့သို့ ထို့အတူ ရဟန်းသည် ဆွမ်းမကပ်ငြိဘဲ ရှိပေသည်။

၂၀၀၅

၁။ **ဥပုသ်သီလစောင့်ထိန်းနေစဉ်အတွင်း ယင်းဥပုသ်သီလမပျက်စီးစေရန်အတွက် "ရှောင်သင့်သည်ကို ရှောင်၍၊ ဆောင်သင့်သည်ကို ဆောင်ရမည်" ဟု အဆိုရှိရာ ဘယ်အရာကို ရှောင်၍ အဘယ်အရာကို ဆောင်မည်နည်း၊ ရှောင်ရန် ဆောင်ရန်ကိုမျှ နားမလည်သော အဆိုပါ ဥပုသ်သီလသည် မည်သည့်သီလမျိုးနည်း၊ သီလပွဘောဒကထာကို ရှု၍ ဖြေဆိုပါ။ (မှတ်စု နှာ-၂)**

ဥပုသ်စောင့်ထိန်းနေစဉ် ယင်းဥပုသ်သီလ မပျက်စီးစေရန်အတွက်

(၁) ဒုဿီလပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊

(၂) သီလဝန္တပုဂ္ဂိုလ်ကို မမှီဝဲ မဆည်းကပ်ခြင်း၊

http://www.dhammadownload.com

(၃) အမြော်အမြင်ပညာမရှိသည်ဖြစ်၍ အာပတ်သင့်ကြောင်းဝတ္ထုကို လွန်ကျူးခြင်း၌ အပြစ်ကို မမြင်ခြင်း၊

(၄) ကာမဝိတက် အစရှိသော အကြံများခြင်း၊

(၅) ဣန္ဒြေတို့ကို မစောင့်ရှောက်ခြင်း ဟူသော **ဤငါးပါးတို့ကို ရှောင်ရပါမည်။**

ဒုဿီလပုဂ္ဂိုလ်ကို မမှီဝဲမဆည်းကပ်ခြင်း၊ သီလဝန္တပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊ အမြော်အမြင် ပညာရှိသည်ဖြစ်၍ အာပတ်သင့်ကြောင်းဝတ္ထုကို လွန်ကျူးခြင်း၌ အပြစ်ကို မြင်ခြင်း၊ ကာမဝိတက် စသည်တို့ကို မကြံစည်ခြင်း၊ ဣန္ဒြေတို့ကို စောင့်ရှောက်ခြင်း ဟူသော **ဤငါးပါးတို့ကို ဆောင်ရပါမည်။**

ရှောင်ရန်ဆောင်ရန်ကိုမျှ နားမလည်လျှင် အဆိုပါဥပုသ်သီလသည် ဆောက်တည်ထားခြင်းမှ ဆုတ်ယုတ်ခြင်းအဖို့ ရှိတတ်သောကြောင့် **ဟာနဘာဂိယသီလမျိုး** ဖြစ်သည်။

၂။ **"ဝေဒနာဟောင်း" "ဝေဒနာသစ်"ဟူသည် အဘယ်ကို ခေါ်ပါသနည်း၊ ယင်းဝေဒနာကို အစာအာဟာရ စားသောက်ခြင်းနှင့် မည်သို့ပတ်သက်ဆက်နွယ်နေပါသနည်း၊ ဖော်ပြပြီးလျှင်၊ ယင်းဝေဒနာတို့ ပျောက်ကင်းအောင် ကုစားမည်ဆိုပါက အဘယ်သို့သောနည်းလမ်းကောင်းများဖြင့် ကုစားသင့်သည်ကိုလည်း ညွှန်ပြခဲ့ပါ။ (မှတ်စု နှာ- ၃၅)**

ဝေဒနာဟောင်း

- မသင့်လျော်သောအစာကို စားခြင်းနှင့် အတိုင်းအရှည်မရှိစားခြင်းကို အကြောင်းပြု၍ ယခုဘဝ၌ ဖြစ်ငြားသော်လည်း ရှေးကံအကြောင်း၏အစွမ်းအားဖြင့်ဖြစ်သော ဒုက္ခဝေဒနာကို ကာရဏူပစာအားဖြင့် "ဝေဒနာဟောင်း"ဟု ဆိုပါသည်။
- ယင်းဝေဒနာတို့သည် မသင့်လျော်သည်ကိုစားခြင်းနှင့် အတိုင်းအရှည်မရှိ စားခြင်းဟူသော အစာအာဟာရ စားသောက်ခြင်းနှင့် ပတ်သက်ဆက်နွယ်နေပါသည်၊ ထို့ကြောင့် သင့်လျော်သောအစာကို စားခြင်းနှင့် တိုင်းထွာချင့်ချိန်၍ စားခြင်းဖြင့် ယင်းဝေဒနာဟောင်း၏ အကြောင်းဖြစ်သော ကံဟောင်းကို အကျိုးပေးခွင့် မရအောင် ဖျက်ဆီးပယ်ဖျောက်နိုင်ပါက ဝေဒနာဟောင်းကို ပျောက်ကင်းအောင် ကုစားနိုင်ပါသည်။

http://www.dhammadownload.com

ဝေဒနာသစ်

- ယခုဘဝ၌ ပြုအပ်သော ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ သုံးဆောင်ခြင်းဟူသော ကံကို အကြောင်းပြု၍ အနာဂတ်ကာလ၌ ဖြစ်လတ္တံ့သောကြောင့် အပါယ်စသည်၌ ဖြစ်မည့် ဒုက္ခဝေဒနာကို "ဝေဒနာသစ်"ဟု ဆိုပါသည်။
- ယင်းဝေဒနာတို့သည် ပစ္စဝေက္ခဏာမဆင်ခြင်ဘဲ အစာအာဟာရ စားသောက်ခြင်းနှင့် ပတ်သက်ဆက်နွယ်နေပါသည်၊ ထို့ကြောင့် ဝေဒနာသစ်၏အကြောင်းရင်းဖြစ်သော မဆင်ခြင်ဘဲသုံးဆောင်ခြင်းတည်းဟူသောကံကို မဖြစ်စေမူ၍ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းဟူသော သင့်လျော်သောသုံးဆောင်ခြင်း၏အစွမ်းဖြင့် ဝေဒနာသစ်ကို ပယ်ဖျောက်နိုင်ပါသည်။

၃။ စကားကောင်းကိုသာ ပြောဆိုတတ်သော မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တပုဂ္ဂိုလ်ကို ပေါင်းသင်းမှီဝဲရသဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများကို ဖော်ပြပြီးလျှင်၊ ဆီ၊ ဖျားရည်စသော ပစ္စည်းများကို အဘယ်ကြောင့် အသက်၏အကာအကွယ် အစောင့်အရှောက်ဟု ခေါ်ဆိုရပါသနည်း။ (မှတ်စု နှာ-၂၀, ၃၈)

စကားကောင်းကိုသာ ပြောဆိုတတ်သော မိတ်ကောင်းဆွေကောင်း ကလျာဏမိတ္တကို ပေါင်းသင်းမှီဝဲရသဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ -

(၁) မကြားဖူးသေးသော တရားစကားကို ကြားနာရခြင်း၊
(၂) ကြားနာဖူးပြီးသော တရားစကားဖြစ်ပါက ပို၍ရှင်းလင်းစွာ နားလည်သဘော ပေါက်နိုင်ခြင်း၊
(၃) ယုံမှားသံသယများ ကင်းပျောက်သွားခြင်း၊
(၄) မှန်ကန်သော ဉာဏ်အမြင် ဖြောင့်မတ်စင်ကြယ်နိုင်စေခြင်း၊
(၅) စိတ်ကြည်လင်ရွှင်လန်းခြင်း အကျိုးတို့ ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ကလျာဏမိတ္တ၏ကျင့်ပုံကို အတုလိုက်၍ ကျင့်သဖြင့် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာတရားတို့ဖြင့် တိုးတက်ကြီးပွားနိုင်ခြင်း အကျိုးရှိပေသည်။

ဆီ, ဖျားရည်စသော ပစ္စည်းများသည် အသက်ကိုဖျက်ဆီးတတ်သော အနာရောဂါဖြစ်ခွင့်ကို မပေးမူ၍ စောင့်ရှောက်ကာကွယ်တတ်သောကြောင့် "အသက်၏အကာအကွယ် အစောင့်အရှောက်" ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

၂၀၀၆

၁။ သီလတရားကို ကျင့်သုံးသူ အမျိုးကောင်းသားသမီးများ ရရှိခံစားရမည့် သီလအကျိုးငါးမျိုးကို မှန်ကန်စွာ ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၁၀) (၁၉၈၄-၁-ခ)

၂။ စာရိတ္တသီလ၊ ဝါရိတ္တသီလတို့၏ အဓိပ္ပါယ်ကို ဖြေဆို၍၊ ထိုသီလတို့ကို အဘယ်တရားတို့ဖြင့် ပြည့်စုံစေအပ်သည်ကိုလည်း အသီးသီးတွဲစပ်ဖြေဆိုပါ။ (မှတ်စုနှာ-၂) (၁၉၈၃-၃)

၂၀၀၇

၁။ တဏှာသည် မည်သည့်အရာနှင့် တူ၍၊ အဘယ်ကြောင့် တဏှာကို ကွန်ရက်-ဟု ခေါ်ဆိုရပါသနည်း၊ ဖြေဆို၍၊ ကိလေသာတည်းဟူသော အမြွေးအယှက်အရှုပ်အထွေးကို သုတ်သင် ရှင်းလင်းနိုင်ရန် ပြည့်စုံရမည့် တရားခြောက်မျိုးကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စုနှာ-၃, ၄)

တဏှာသည် ဇရာ-အရှုပ်အထွေးနှင့် တူပါသည်။

တဏှာကို ကွန်ရက်ဟု ခေါ်ဆိုရခြင်း

တဏှာသည် ရူပါရုံစသောအာရုံ ၆-ပါးတို့၌ အောက်ရူပါရုံစသည်မှ အထက်သို့လည်းကောင်း, အထက်ဓမ္မာရုံစသည်မှ အောက်သို့လည်းကောင်း ခေါက်တုံ့ခေါက်ပြန် အဖန်ဖန်ဖြစ်ပေါ်ခြင်းကြောင့် ချုပ်စပ်ခြင်းသဘော ရှိ၏။ ထိုချုပ်စပ်ခြင်းသဘောအားဖြင့် ဝါးရုံစသည်တို့၏ အခက်အလက်ကွန်ရက်ဟု ဆိုအပ်သော အရှုပ်အထွေးနှင့် တူ၏။ ထို့ကြောင့် တဏှာကို ကွန်ရက်ဟု ခေါ်ဆိုရခြင်း ဖြစ်ပါသည်။

ကိလေသာအရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်ရန် ပြည့်စုံရမည့် တရားခြောက်မျိုးမှာ-

(၁) သီလ၊
(၂) စိတ်ကိုပဓာနပြု၍ ညွှန်ပြထားသောသမာဓိ၊
(၃) ပဋိသန္ဓေပညာ (ကမ္မဇပညာ)၊
(၄) ဝိပဿနာပညာ၊
(၅) ပါရိဟာရိကပညာ၊
(၆) ပူပန်စေမှုလုံလဝီရိယတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၂။ **ဒုဿီလ (သီလမရှိသော)သူ၏ ကာလတာရှည် အသက်ရှင်နေရခြင်းမျိုးကို ဖြေဆိုရှင်း၊ ဣန္ဒြိယသံဝရသီလကို အဘယ်ကြောင့် အဘယ်တရားဖြင့် ပြီးစေအပ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။**

ဒုဿီလ(သီလမရှိသော)သူ၏ ကာလတာရှည် အသက်ရှင်နေရခြင်းမျိုးမှာ - များစွာသော အပြစ်တို့ဖြင့် ပြည့်နှက်နေပါသည်၊ ယင်းတို့မှ အချို့ကို ဖေါ်ပြရသော် -

(၁) သီလမရှိသောရဟန်း၏ ပစ္စည်းလေးပါးတို့ကိုသုံးဆောင်လျက် အသက်ရှင်နေရခြင်းမျိုးသည် ချမ်းသာဟူသမုတ်အပ်သော်လည်း ထိုချမ်းသာသည် ဆင်းရဲကြောင်းဖြစ်၍ ချမ်းသာမဟုတ် ဆင်းရဲသာတည်း။

ဥပမာ- ဆွမ်းကိုသုံးဆောင်ခြင်းကြောင့် ထိုဆွမ်းသည် ကောင်းသောအရသာရှိပါသော်လည်း ထိုသီလမရှိသောသူအား လတ်တလော သေစေတတ်သောအဆိပ်နှင့် တူပေ၏။

(၂) ဒုဿီလရဟန်းကို မြတ်စွာဘုရားကဲ့ရဲ့တော်မူပုံမှာ

(က) ရွံရှာသဖြင့် အောက်မေ့အပ်သော အကျင့်ရှိသူ၊

(ခ) အမှိုက်သဖွယ်ဖြစ်သူ၊

(ဂ) ကိလေသာမိုးရည်ဖြင့် စိုစွတ်သူ၊

(ဃ) ယုတ်မာသောသူ၊

(င) ကိုယ်တွင်း၌ အပုပ်ရှိသူဟူ၍ ဖြစ်ပါသည်။

(၃) ရဟန်းစစ်, ရဟန်းကောင်း မဟုတ်ပါဘဲလျက် ရဟန်းကောင်းအသွင်ကို ဆောင်သူ၊ ကုသိုလ်မူလကိုတူးဖြိုအပ်ပြီးသောသူ, သီလဗျသနဖြင့် နှိပ်စက်ဖျက်ဆီးအပ်ပြီး အတ္တဘောကို ပြုစုစောင့်ရှောက်သောအားဖြင့် ဆောင်နေသူသာ ဖြစ်၏။

(၄) ဤလောက၌ တန်ဆာဆင်လိုသောလူလင်ယျိုတို့သည် မစင်ကို, အပုပ်ကောင်ကို ရှောင်ကုန်သကဲ့သို့ ဒုဿီလရဟန်းကို သီလရှိသော သူတော်ကောင်းတို့သည် ရှောင်ကုန်၏။

(၅) ဒုဿီလရဟန်းသည် အတ္တာနုဝါဒစသော အလုံးစုံသောဘေးတို့မှ မလွတ်ရာ၊ ချေ၊ ဈာန် မဂ် ဖိုလ် ချမ်းသာတို့မှ လက်လွတ်ဖြစ်ရ၏။ ပိတ်ထားသော နတ်ရွာတံခါးရှိ၏။ အပါယ် ၄-ပါးသို့ ရောက်ကြောင်းလမ်းသို့ တက်ရောက်လျက် ရှိ၏။

(မှတ်စု နှာ - ၅၆, ၅၇ လည်း ရှု)

http://www.dhammadownload.com

ကျွန်ုပ်ယသံဝရသီလ (၁၉၉၅-၂) (မှတ်စု နှာ -၂)

၂၀၀၈

၁။ အောက်ပါ (က)(ခ)(ဂ) တို့၏ သဘောအဓိပ္ပါယ်ကို ရှင်းလင်းအောင် ဖြေဆိုခဲ့ပါ။
(က) ဝိသုဒ္ဓိ၊ (ခ) မဂ္ဂ၊ (ဂ) ဝိသုဒ္ဓိမဂ္ဂ။ (မှတ်စု နှာ-၂)(၁၉၈၃-၁)

၂။ အဘယ်တရားမျိုးကို သီလဟု ခေါ်ဆိုပါသနည်း ဖြေဆိုရ၍၊ သံဝရအပြားငါးပါးကိုလည်း မမှားအောင် ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ - ၈)

သီလဟူသည်

သတ္တဝါကိုသတ်ခြင်း အစရှိသည်တို့မှ ရှောင်ကြဉ်သောသူ၏ဂုဏ်း၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏ဂုဏ်း ကုသိုလ်စေတနာအစရှိသောတရားတို့သည် သီလမည်၏။
ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ -

စေတနာသည်ဂုဏ်း၊ စေတသိက်ဂုဏ်း၊ ပိတ်ဆို့စောင့်စည်းခြင်း(သံဝရ)သည်ဂုဏ်း၊ မလွန်ကျူးခြင်း(အဝီတိက္ကမ)သည်ဂုဏ်း သီလမည်၏ဟု ဟောတော်မူပါသည်။

သံဝရအပြားငါးပါးမှာ

(၁) ပါတိမောက္ခသံဝရ၊
(၂) သတိသံဝရ (ကျွန်ုပ်ယသံဝရ)၊
(၃) ဉာဏသံဝရ၊
(၄) ခန္တီသံဝရ၊
(၅) ဝီရိယသံဝရ တို့ဖြစ်ပါသည်။

၂၀၀၉

၁။ ပကတိသီလ၊ အာစာရသီလ၊ ဓမ္မတာသီလ-တို့၏ သဘောအဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ် သီလနိဒ္ဒေသ၌ လာသည့်အတိုင်း ရှင်းလင်းတင်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၆)

http://www.dhammadownload.com

ပကတိသီလ

မြောက်ကျွန်းသားလူတို့၏ ၅-ပါးသီလတို့ကို မလွန်ကျူးခြင်းသည် ပကတိသီလ (ပင်ကိုယ်ရင်းသဘော ဖြစ်သောသီလ) မည်ပါသည်။

အာစာရသီလ

လူမျိုး, အရပ်ဒေသ, ပါသဏ္ဍ (ဗုဒ္ဓသာသနာမှအပ ပြင်ပအယူဝါဒရှိသူ ပရိဗိုဇ်, ရသေ့,ရဟန်း)တို့၏ မိမိတို့၏အသီးသီးသော စည်းကမ်းကျင့်ဝတ်ဆိုင်ရာ အလေ့အကျင့်သည် အာစာရသီလ(အလေ့အကျင့်သီလ) မည်ပါသည်။

ဓမ္မတာသီလ

"အာနန္ဒာ - အကြင်အခါ၌ ဘုရားအလောင်းတော်သည် မယ်တော်၏ဝမ်းတိုက်သို့ သက်ရောက်လျက် ရှိ၏။ ထိုအခါ၌ ဘုရားအလောင်း၏မယ်တော်အား ယောကျ်ားတို့၌ ကာမဂုဏ်နှင့်စပ်သော သာယာတပ်မက်သောစိတ်မဖြစ်ဘဲ ရှိလေသည်၊ ဤသို့ မဖြစ်ခြင်းသည် ဖြစ်မြဲဓိုးရာဓမ္မတာပေတည်း"ဟု ဤသို့ ဟောထားသော ဘုရားအလောင်းပဋိသန္ဓေယူနေစဉ် မယ်တော်၌ ကာမဂုဏ်စိတ် မဖြစ်ပေါ်ခြင်းသည် အစဉ်အလာဖြစ်မြဲအကြောင်းဖြစ်သောကြောင့် မယ်တော်၏သီလသည် ဓမ္မတာသီလ မည်ပါသည်။

၂။ အာဇီဝပါရိသုဒ္ဓိကို အဘယ်တရားဖြင့် ပြီးပြည့်စုံစေအပ်ပါသနည်း? အကြောင်းနှင့် တကွ ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၄၃)

အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြီးပြည့်စုံစေအပ်၏၊

အာဇီဝပါရိသုဒ္ဓိသီလသည် ဝီရိယဟူသော ပြီးစီးကြောင်းရှိ၏၊ အကြောင်းမှာ ကောင်းစွာအားထုတ်အပ်သော ဝီရိယရှိသော ရဟန်းအားသာလျှင် မိစ္ဆာဇီဝကို ပယ်နိုင်သောကြောင့်တည်း။

ထို့ကြောင့် ရဟန်းတို့သည် သာသနာတော်အား မလျော်ကပ်တော်သော အနေသနခေါ် မသင့်သောရှာမှီးခြင်းကို ပယ်၍ ဝီရိယဖြင့် ဆွမ်းခံအကျင့် အစရှိသော သင့်သောရှာမှီးခြင်းတို့ဖြင့် စင်ကြယ်စွာဖြစ်ကုန်သော ပစ္စည်းတို့ကို မှီဝဲသုံးဆောင်၍, မစင်မကြယ်ဖြစ်ကုန်သောပစ္စည်းတို့ကို အဆိပ်ပြင်းသောမြွေဆိုးကဲ့သို့ ရှောင်ကြဉ်သည်ဖြစ်၍ အာဇီဝပါရိသုဒ္ဓိသီလကို ပြီးစီးပြည့်စုံစေအပ်၏။

http://www.dhammadownload.com

၃။ မီးပုံကြီးကို ပွေ့ဖက်၍ အိပ်နေခြင်း၊ သတို့သမီးကညာကို ပွေ့ဖက်၍ အိပ်နေခြင်း နှစ်မျိုးတို့တွင် အဘယ့်ကြောင့် မီးပုံကြီးကို ပွေ့ဖက်၍ အိပ်နေခြင်းက မြတ်သည်ဟု ဟောတော်မူပါသနည်း? ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၅၇)

မီးပုံကြီးကို ပွေ့ဖက်၍ အိပ်နေခြင်း, သတို့သမီးကညာကို ပွေ့ဖက်၍ အိပ်နေခြင်း နှစ်မျိုးတို့တွင် မီးပုံကြီးကိုပွေ့ဖက်၍ အိပ်နေခြင်းက မြတ်သည်ဟု ဟောတော်မူခြင်းအကြောင်း

မီးပုံကြီးကိုပွေ့ဖက်၍ အိပ်နေသော ဒုဿီလရဟန်းသည် ထိုမီးပုံကြီးကို ပွေ့ဖက်၍ အိပ်နေခြင်းကြောင့် သေခြင်းသို့လည်း ရောက်ရာ၏၊ သေလောက်သောဆင်းရဲသို့လည်း ရောက်ရာ၏၊ သို့သော်လည်း ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌ အပါယ်ဒုဂ္ဂတိဘုံ၌မူကား မဖြစ်ရာသည်သာတည်း။

ထိုဒုဿီလ၏ သတို့သမီးကညာကို ပွေ့ဖက်၍ အိပ်နေခြင်းသည်ကား ရှည်မြင့်စွာသောကာလပတ်လုံး စီးပွားမဲ့အလို့ငှာ, ဆင်းရဲရန်အလို့ငှာလည်း ဖြစ်၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌လည်း အပါယ်ဒုဂ္ဂတိဘုံ၌ ဖြစ်ရာ၏၊ ထို့ကြောင့် အိပ်နေခြင်းနှစ်မျိုးတို့တွင် မီးပုံကြီးကိုပွေ့ဖက်၍ အိပ်နေခြင်းက မြတ်သည်ဟု ဟောတော်မူခြင်းဖြစ်ပါသည်။

၂၀၁၀

၁။ အဘယ်ပုဂ္ဂိုလ်သည် ကူးခတ်နိုင်ခဲသောဩဃလေးဖြာ သံသရာကြီးကို ကူးခတ်နိုင်ပါသနည်း?ဖြေဆို၍ ကိလေသာတည်းဟူသော အမြွေးအယှက်အရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်ရန် ပြည့်စုံရမည့်တရားခြောက်မျိုးကိုလည်း မမှားအောင် ဖြေဆိုခဲ့ပါ။

ကူးခတ်နိုင်ခဲသော ဩဃလေးဖြာ သံသရာကြီးကို ကူးခတ်နိုင်သောပုဂ္ဂိုလ်မှာ -

အခါခပ်သိမ်း သီလနှင့်ပြည့်စုံသည်ဖြစ်၍ လောကီလောကုတ္တရာပညာနှင့်ပြည့်စုံသောကောင်းစွာတည်ကြည်သောစိတ်ကို နိဗ္ဗာန်သို့ စေလွှတ်ထားလျက်ပြင်းစွာအားထုတ်သည့် လုံ့လရှိသောသူ ဖြစ်ပါသည်။

ကိလေသာအရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်ရန် ပြည့်စုံရမည့်တရားခြောက်မျိုးမှာ

(၁) သီလ

(၂) စိတ်ကို ပဓာနပြု၍ ညွှန်ပြထားသောသမာဓိ

http://www.dhammadownload.com

(၃) ပဋိသန္ဓေပညာ (ကမ္မဇပညာ)
(၄) ဝိပဿနာပညာ
(၅) ပါရိဟာရိကပညာ
(၆) ပူပန်စေမှုလုံ့လဝီရိယတို့ ဖြစ်ပါသည်။

၂။ **အောက်ပါတရားတို့ကို ဖော်ပြခဲ့ပါ -**

(က) သာသနာတော်၏ အစကောင်းခြင်းကို ပြသောတရား။
(ခ) သာသနာတော်၏ အလယ်ကောင်းခြင်းကို ပြသောတရား။
(ဂ) သာသနာတော်၏ အဆုံးကောင်းခြင်းကို ပြသောတရား

(က) သာသနာတော်၏ အစကောင်းခြင်းကို ပြသောတရားမှာ - သီလ ဖြစ်ပါသည်။

ကောင်းစွာစင်ကြယ်သောသီလသည် ကုသိုလ်တရားတို့၏အစဖြစ်သည်ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊ အလုံးစုံသောမကောင်းမှုကိုမပြုရခြင်းသည် ဘုရားရှင်တို့၏အဆုံးအမဖြစ်သည်ဟု ဩဝါဒပါတိမောက်ဂါထာ၏အစ၌ ဟောတော်မူသောကြောင့်လည်းကောင်း သီလသည် သာသနာတော်၏အစ ဖြစ်ပါသည်။

ထိုသီလသည် စိတ်နှလုံးကြည်သာရွှင်လန်းခြင်းစသောဂုဏ်ကျေးဇူးတို့ကို ဆောင်တတ်သောကြောင့် ကောင်းခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သီလသည် သာသနာတော်၏အစကောင်းခြင်းကို ပြသောတရား ဖြစ်ပါသည်။

(ခ) သာသနာတော်၏ အလယ်ကောင်းခြင်းကို ပြသောတရားမှာ - သမာဓိ ဖြစ်ပါသည်။

ကုသိုလ်တရားတို့နှင့် ပြည့်စုံစေခြင်းသည် ဘုရားရှင်တို့၏အဆုံးအမဖြစ်သည်ဟု ဩဝါဒပါတိမောက်ဂါထာ၏အလယ်၌ ဟောတော်မူထားသောကြောင့် သမာဓိသည် သာသနာတော်၏အလယ် ဖြစ်ပါသည်။

ထိုသမာဓိသည် (ကုန်ခွဒိဝိဓ)တန်ခိုးဖန်ဆင်းနိုင်ခြင်းစသောဂုဏ်ကျေးဇူးတို့ကို ဆောင်တတ်သောကြောင့် ကောင်းခြင်း ဖြစ်ပါသည်။

ထို့ကြောင့် သမာဓိသည် သာသနာတော်၏ အလယ်ကောင်းခြင်းကို ပြသောတရား ဖြစ်ပါသည်။

http://www.dhammadownload.com

(၈) **သာသနာတော်၏ အဆုံးကောင်းခြင်းကို ပြသောတရားမှာ** - ပညာ ဖြစ်ပါသည်။

မိမိ၏စိတ်ကိုဖြူစင်စေခြင်းသည် ဘုရားရှင်တို့၏အဆုံးအမဖြစ်သည်ဟု သြဝါဒ ပါတိမောက်ဂါထာ၏အဆုံး၌ ဟောတော်မူထားသောကြောင့်လည်းကောင်း၊ ပညာသာလျှင် အလွန်အကဲဆုံးအမြတ်ဆုံးရှိသောကြောင့်လည်းကောင်း ပညာသည် သာသနာတော်၏အဆုံး ဖြစ်ပါသည်။

ထိုပညာသည် ကွဋ္ဌအနိဋ္ဌ အကောင်းအဆိုးတို့၌ အလားတူရှုနိုင်သည်၏အဖြစ် (တာဒိဘာဝဂုဏ်)ကို ဆောင်တတ်သောကြောင့် ကောင်းခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ပညာသည် သာသနာတော်၏ အဆုံးကောင်းခြင်းကိုပြသောတရား ဖြစ်ပါသည်။

၃။ အဘယ့်ကြောင့် သီလကို ပါတိမောက္ခဟု ခေါ်ဆိုရပါသနည်း? ဖြေဆိုလျှင် အုပ မတောင့်သော်လည်း သီလစောင့်နိုင်သောပုဂ္ဂိုလ်များအတွက် ရနိုင်သောအကျိုးတရားငါးပါးတို့ကိုလည်း မှားအောင် ဖြေဆိုခဲ့ပါ။

သီလကို ပါတိမောက္ခဟုခေါ်ဆိုရခြင်းမှာ -

စာရိတ္တဝါရိတ္တသိက္ခာပုဒ်တို့ဖြင့် ပညတ်ထားသောသီလကို စောင့်ရှောက်သောသူကို ယင်းသီလက အပါယ်ဆင်းရဲစသည်တို့မှ လွတ်စေတတ်သောကြောင့် သီလကို ပါတိမောက္ခဟု ခေါ်ပါသည်။

သီလစောင့်နိုင်သောပုဂ္ဂိုလ်များအတွက် ရနိုင်သောအကျိုးတရားငါးပါးမှာ -

(၁) မမေ့လျော့ခြင်းဟူသောအကြောင်းကြောင့် ကြီးစွာသောစည်းစိမ်အစုကို ရခြင်း၊

(၂) ကောင်းသောကျော်စောသတင်းသည် အနှံ့အပြားကျော်ကြား ဖြစ်ပေါ်ခြင်း၊

(၃) မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်းပရိသတ်သို့ ချဉ်းကပ်ဝင်ရောက်လျှင် မကြောက်မရွံ့ ရဲရင့်လျက် ကြည်သာရွှင်လန်းသောမျက်နှာရှိလျက် ချဉ်းကပ်ဝင်ရောက်ရခြင်း၊

(၄) မိမိပြုဖူးသောကောင်းမှုတို့ကိုသာ ထင်မြင်လျက် မတွေမဝေသေရခြင်း၊

(၅) ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်ကာလ၌ ကောင်းမှုရှိသူတို့၏ လားရောက်ရာ သုဂတိနတ်ပြည်လောကသို့ ရောက်ရခြင်း - တို့ဖြစ်ပါသည်။

http://www.dhammadownload.com

၅။ ...ဣန္ဒြိယ သံဝရသီလ၌ မျက်စိဖြင့် ရူပါရုံကို မြင်ပုံကိုလည်း ရှင်းလင်းတင်ပြခဲ့ပါ။

ဣန္ဒြိယသံဝရသီလ၌ မျက်စိဖြင့် ရူပါရုံကို မြင်ပုံမှာ -

"မျက်စိဖြင့် ရူပါရုံကိုမြင်သည်"ဆိုသောစကားသည် သဿမ္ဘာရကထာစကားမျိုးဖြစ်ပါသည်၊ မျက်စိသည် စိတ်မရှိသည်၏အဖြစ်ကြောင့် ရူပါရုံကို မမြင်တတ်၊ စိတ်သည်လည်း မှီရာမျက်စိ မရှိသည်၏အဖြစ်ကြောင့် မမြင်တတ်၊ စင်စစ်သော်ကား စက္ခုဒွါရနှင့် ရူပါရုံတို့ အချင်းချင်းထိခိုက်ခြင်းကြောင့် မျက်စိလျှင် မှီရာရှိသော စက္ခုဝိညာဏ်စိတ်ဖြင့် မြင်ခြင်း ဖြစ်ပါသည်၊ သို့သော်လည်း 'မျက်စိဖြင့် ရူပါရုံကို မြင်၏' ဟူသောစကားသည် 'လေးဖြင့် ပစ်ဖောက်၏' စသောစကားတို့ကဲ့သို့ မြင်ခြင်း၏ အကြောင်းနှင့်တကွဖြစ်သည့်စိတ်ကိုပြသော သဿမ္ဘာရကထာစကား ဖြစ်ပါသည်၊ ထို့ကြောင့် 'မျက်စိဖြင့် ရူပါရုံကိုမြင်၏' ဟူသောစကား၌ 'မျက်စိကိုမှီသော စိတ်ဝိညာဏ်ဖြင့် ရူပါရုံကို မြင်၏' ဟု မှတ်ယူရပါမည်။

၂၀၁၁

၁။ ပျက်စီးခြင်းအဆုံးအပိုင်းအခြားကို မြင်ရသောသီလများကို သိသာထင်ရှားအောင် ရေတွက်ပြဆိုပြီးလျှင်၊ သီလကို စောင့်ထိန်းသောပုဂ္ဂိုလ်၏ သီလကျိုးခြင်း, ပေါက်ခြင်း, ပြောက်ခြင်း, ကျားခြင်း လေးမျိုးတို့တွင် သီလပေါက်ခြင်း, ပြောက်ခြင်းတို့ကို ရှင်းပြပါ။ (၂၀၀၂-၁)

၂။ လူတို့ဆောက်တည်သောသီလတို့တွင် လာဘပရိယန္တသီလကို ဖော်ပြ၍၊ နိဗ္ဗေဘောဂိယသီလမျိုး ဖြစ်အောင် ဆောက်တည်ပုံကိုလည်း ညွှန်ပြပါ။ (၂၀၀၃-၁)

၃။ မည်သို့သောရဟန်းမျိုးကို "စက္ခုန္ဒြေစောင့်စည်းသောရဟန်း"ဟု ခေါ်ဆိုပါသနည်း ? ဖြေဆို၍၊ ဆွမ်းနှင့် ပတ်သက်၍ 'ဣဏပရိဘောဂ' မဖြစ်စေရန် ဆင်ခြင်ပုံ ဆင်ခြင်နည်းကိုလည်း ရေးသားခဲ့ပါ။ (၂၀၀၃-၂)

၄။ ဒုဿီလရဟန်းကို သီလဝန္တသူတော်ကောင်းများ ရှောင်ကြဉ်ကြပုံကို ဥပမာဖြင့် ထင်ရှားအောင် ဖြေဆို၍... (၂၀၀၃-၃)

ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ

http://www.dhammadownload.com

အခန်း ၂။ ခုတင်နိဒ္ဒေသပိုင်း

၁၉၈၃

၁။ သုသာန်ခုတင်ကို ဖြည့်ကျင့်သောသူအား လက်တွေ့ရရှိသည့် အကျိုးတရားများကို စိစစ်ဖော်ပြပါ။ (မှတ်စု နှာ- ၇၉)

သုသာန်ခုတင်ကို ဖြည့်ကျင့်သောသူအား လက်တွေ့ရရှိသည့် အကျိုးတရားများမှာ -

(၁) သေရချေအံ့, သေရချေအံ့ဟု အဖန်တလဲလဲ အမှတ်သတိ ရရှိခြင်း၊
(၂) မမေ့မလျော့ နေလေ့ရှိခြင်း၊
(၃) သုသာန်၌စွန့်ပစ်သောအကောင်ပုပ်ကိုမြင်ရ၍ အသုဘအာရုံနိမိတ်ကို ရခြင်း၊
(၄) ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်း၊
(၅) အမြဲမပြတ် ကိုယ်ခန္ဓာ၏စက်ဆုပ်ဖွယ် မစင်ကြယ်သောသဘောကို မြင်နိုင်ခြင်း၊
(၆) ထိတ်လန့်သံဝေဂ များစွာရခြင်း၊
(၇) အနာကင်းခြင်း, အရွယ်နုပျိုခြင်းကြောင့် တက်ကြွသောမာန်ယစ်မှုကို ပယ်နိုင်ခြင်း၊
(၈) ဘေးကြီးဘေးငယ် အသွယ်သွယ်ကို သည်းခံနိုင်ခြင်း၊
(၉) နတ်တို့ အလေးပြုအပ် ခိုးမွမ်းအပ်ခြင်း၊
(၁၀) အလိုနည်းခြင်းတို့ ဖြစ်ပါသည်။

၁၉၈၄

၁။ ဗုဒ္ဓသာသနာတော်၌ နာမည်ကြီးလှသော "ခုတင်" ဟူသောစကားလုံး၏အဓိပ္ပါယ်ကို ဖွင့်ဆိုပြီး လျှင်၊ ခုတင် ၁၃-ပါးထဲမှ သင်မှတ်မိသော ခုတင် ၅-မျိုးကို ဖော်ပြပါ။ (မှတ်စုနှာ- ၆၄, ၆၁)

"ခုတင်"ဟူသောစကားလုံး၏ အဓိပ္ပါယ်မှာ-

(၁) ကိလေသာကို ခါထုတ်ပြီးသော ရဟန်း(ခုတ)၏ အကြောင်း(အင်္ဂ)ဖြစ်သော ကြောင့် ခုတင်(ခုတင်္ဂ) မည်၏၊

http://www.dhammadownload.com

(၂) ကိလေသာကို ခါထုတ်ဖျက်ဆီးတတ်သော ဓုတင်္ဟူသော ဉာဏ်သည် ဓုတင်ဆောက်တည်ခြင်း၏အကြောင်း(အင်္ဂ) ဖြစ်သောကြောင့် ဓုတင်(ဓုတင်္ဂ) မည်၏၊

(၃) ဓုတင်ဆောက်တည်ခြင်းသည် ဆန့်ကျင်ဘက်ကိလေသာတို့ကို ဖျက်ဆီးတတ်သောကြောင့် ဓုတ မည်၏၊ သီလစသောကျင့်ဝတ်၏ အကြောင်း(အင်္ဂ)လည်း ဖြစ်၏၊ ထို့ကြောင့် ဓုတင်(ဓုတင်္ဂ) မည်၏။

ဓုတင် ၅-မျိုးမှာ -

(၁) ပံသုကူလိကင်္ဂဓုတင်၊

(၂) တေစီဝရိကင်္ဂဓုတင်၊

(၃) ပိဏ္ဍပါတိကင်္ဂဓုတင်၊

(၄) သပဒါနစာရိကင်္ဂဓုတင်၊

(၅) ဧကာသနိကင်္ဂဓုတင် တို့ ဖြစ်ပါသည်။

၂။ **ပံ့သကူပစ်သည်ဟု ပြောတတ်ကြရာ ပံ့သကူ၏ အနက်သဘောနှင့် ပံ့သကူပစ်သည့် ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးစံကို ယှဉ်စပ်ညှိနှိုင်းပြခဲ့ပါ။ (မှတ်စု နှာ - ၆၂, ၆၅)**

ပံ့သကူ၏အနက်သဘော - လမ်းခရီး, သုသာန်, တံမြက်ခြေးစုစသော မြေပေါ်တွင် စက်ဆုပ်ရွံရှာဖွယ်အဖြစ် လွှမ်းမိုးကျရောက်နေသောအဝတ်အထည်ကို ပံ့သကူဟု ခေါ်ပါသည်။

ပံ့သကူပစ်သည့် ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးစံမှာ - ပံ့သကူဓုတင်ဆောင်ရဟန်းသည် ဒါယကာတို့လှူဒါန်းသော သင်္ကန်းကိုပယ်၍ သုသာန်စွေးတန်းအမှိုက်ပုံစသောနေရာတို့တွင် စက်ဆုပ်ဖွယ်အဖြစ် ကျရောက်နေသော ၂၃-မျိုးသောအဝတ်တို့မှ တစ်မျိုးမျိုးကို ကောက်ယူခဲ့ဖြတ် ဆွေးမြည့်သောအရာကိုပယ်ပြီး ခိုင်သောအရာတို့ကိုဖွတ်လျှော်၍ သင်္ကန်းချုပ်ဆေးဆိုးပြီး ဝတ်ရုံလေ့ရှိသောကျင့်ဝတ်ကို ဆောက်တည်ရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့သည် သဒ္ဓါတရား ထက်သန်လှစွာဖြင့် ပံ့သကူဓုတင်ဆောင်သောရဟန်းမြတ်အား လှူဒါန်းမှုကုသိုလ်ရယူလိုသောအခါ "ဓုတင်ဆောင်ရဟန်းမြတ်လည်း ဓုတင်ကျင့်ဝတ်မပျက် အပ်စပ်စေ၊ မိမိတို့လည်း အကျိုးများစေ"ဟူသော ရည်ရွယ်ချက်ဖြင့် ဓုတင်ဆောင်ရဟန်းများသွားလာရာလမ်းခရီး မြင်သာသောနေရာ

http://www.dhammadownload.com

ဌာနများတွင် သက်နှံကိုဖြစ်စေ အဝတ်လျာပုဆိုးကိုဖြစ်စေ လွှမ်းမိုးကျရောက်စေခြင်းဖြင့် ပံ့သကူပစ်လွှဲရှိကြပါသည်။

၁၉၈၅

၁။ **အမှန်တကယ်တရားအားထုတ်လိုသည်ရှိသော် တောအရပ်သို့ ချဉ်းကပ်ရမည်ဟု ဟောတော်မူလျက်ရှိရာ မည်သည့်တောမျိုးဖြစ်ကြောင်း ဝိနည်းအဘိဓမ္မာ နည်းနှစ်ပါးတို့ဖြင့် ဖြေဆိုပါ။ (မှတ်စု နှာ- ၇၅)**

တောဟူသည် -

- ဝိနည်းအလိုအားဖြင့် ရွာကိုလည်းကောင်း၊ ရွာ၏ဥပစာကိုလည်းကောင်း ချန်ထား၍ အလုံးစုံသောအရပ်သည် တောမည်ပါသည်။
- အဘိဓမ္မာနည်းအလိုအားဖြင့် ရွာတံခါးခုံမှထွက်၍ အပြင်ဘက်ဖြစ်သော အလုံးစုံသောအရပ်သည် တောမည်ပါသည်။

၂။ **အမျိုးသား အမျိုးသမီး လူဝတ်ကြောင်များ ကျင့်သုံးအားထုတ်သင့်သော ခုတင်တို့ကို ဖော်ပြပြီးလျှင်၊ ယင်းခုတင်တို့၏အဓိပ္ပါယ်ကို ရှင်းလင်းပြပါ။ (မှတ်စု နှာ- ၈၅, ၆၃)**

အမျိုးသား အမျိုးသမီး လူဝတ်ကြောင်များ ကျင့်သုံးအားထုတ်သင့်သော ခုတင်တို့မှာ-
ဧကာသနိကင်္ဂခုတင်နှင့် ပတ္တပိဏ္ဍိကင်္ဂခုတင်တို့ ဖြစ်ပါသည်။

ဧကာသနိကင်္ဂခုတင်ဟူသည် တစ်နေရာတည်း တစ်ထိုင်တည်း၌သာ နေ၍ သုံးဆောင်စားသောက်လေ့ရှိသောသူ၏အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ခြင်း ဖြစ်သည်။

ပတ္တပိဏ္ဍိကင်္ဂခုတင်ဟူသည် တစ်ခုတည်းသောသပိတ်၌ရှိသော ဆွမ်းကိုသာ ယူ၍ သုံးဆောင်လေ့ရှိသောသူ၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ခြင်း ဖြစ်သည်။

၁၉၈၆

၁။ **ဒေါသကြီးသောပုဂ္ဂိုလ်များ ကျင့်သုံးအားထုတ်သင့်သော ခုတင်တို့ကို အကြောင်းပြ ဖြေဆိုပါ။ (မှတ်စု နှာ- ၈၃)**

http://www.dhammadownload.com

ဒေါသကြီးသောပုဂ္ဂိုလ်များ ကျင့်သုံးအားထုတ်သင့်သောခုတင်တို့မှာ -
အာရညိကင်္ခုတင်နှင့် ရုက္ခမူလိကင်္ခုတင်တို့ ဖြစ်ပါသည်။

အာရညိကင်္ခုတင်ဟူသည် တောအရပ်၌ နေသောကျင့်ဝတ်ကို ဆောက်တည်ခြင်း ဖြစ်၍၊ ရုက္ခမူလိကင်္ခုတင်ဟူသည် သစ်ပင်ရင်း၌ နေသောကျင့်ဝတ်ကို ဆောက်တည်ခြင်း ဖြစ်၏။ ထို့ကြောင့် ထိုခုတင်တို့သည် တစ်စုံတစ်ယောက်သောသူနှင့်မျှ မထိမခိုက်ဘဲ နေရသောကြောင့် ဒေါသသည် ငြိမ်းသဖြင့် လျော်ပတ်ပါသည်။

၁၉၈၇

၁။ သူသေဖုတ်မြှုပ်ရာ ကြံတောသချိုင်းမျိုးကိုသာ သုသာန်ဟု ဆိုနိုင် မဆိုနိုင် ဝေဖန်ဆွေးနွေး၍၊ ယင်းသုသာန်တို့၌ နေလေ့ရှိသူ ဘီလူးစသည်တို့ နှစ်သက်တတ်သော အစားအစာများကိုလည်း ရေးပြပါ။ (မှတ်စု နှာ- ၇၈)

သူသေဖုတ်မြှုပ်ရာ ကြံတောသချိုင်းမျိုးကိုသာ သုသာန်ဟု ဆိုနိုင်သည် မဟုတ်ပါ။

သူသေကောင်ဖုတ် မြှုပ်ပြီးသောကာလမှ ၁၂-နှစ်တိုင်အောင် သူသေကောင်မဖုတ်မမြှုပ်ဘဲ စွန့်ပစ်ထားသောအရပ်ဖြစ်စေကာမူ သုသာန်မည်သည်သာ ဖြစ်၏။

ယင်းသုသာန်၌ နေလေ့ရှိသောဘီလူးစသည်တို့ နှစ်သက်တတ်သော အစားအစာများမှာ-
(ဆီထွေး) နှမ်းလှော်၊ ပဲထမင်း၊ ငါး၊ အမဲ၊ နို့၊ ဆီ၊ တင်လဲစသည်တို့ ဖြစ်ပါသည်။

၂။ ခုတင်ဟူသည် ခြိုးခြံသော ခေါင်းပါးသော အကျင့်ဖြစ်လေရာ ထိုအကျင့်ဖြင့် လူသားတို့အတွက် အကျိုးထူးရနိုင်-မရနိုင် ရှင်းလင်းဖြေဆိုၗ၌၊ "ခုတင်တစ်ဆယ့်သုံးပါးကို ချီးလိုက်လျှင် တစ်ပါးသာ ရှိ၏"ဟု အဆိုပြုခဲ့သော် ထိုအဆို သင့်-မသင့် အကြောင်းပြ ဆုံးဖြတ်ပါ။ (မှတ်စု နှာ- ၆၁, ၈၄)

ခုတင်အကျင့်ဖြင့် အကျိုးထူးရနိုင်ပါသည်။

ခုတင်ဟူသည် ခြိုးခြံသောခေါင်းပါးသောအကျင့်ဖြစ်လေရာ ထိုအကျင့်ကို ကျင့်ခြင်းဖြင့် -
(၁) အလိုနည်းခြင်း၊

http://www.dhammadownload.com

(၂) ရောင့်ရဲလွယ်ခြင်း၊
(၃) ကိလေသာတို့ကို ခေါင်းပါးစေခြင်း၊
(၄) ဆိတ်ငြိမ်ရာ၌ နေခြင်း၊
(၅) ကိလေသာတို့ကို ဖျက်ဆီးခြင်း၊
(၆) အားထုတ်အပ်သော ဝိရိယရှိခြင်း၊
(၇) မွေးမြူလွယ်ခြင်းစသည့် ဂုဏ်ကျေးဇူးတို့ ရရှိပါသည်။

ရေစင်ဖြင့် အညစ်အကြေးကိုဆေးလျော်အပ်သည်အဖြစ်ကြောင့် သီလသည်လည်း အထူးစင်ကြယ်နိုင်၏၊ ခုတင်အကျင့်တို့သည်လည်း ပြည့်စုံနိုင်၏၊ ဤသို့ သီလစင်ကြယ်ခြင်း, ခုတင်ပြည့်စုံခြင်းတို့ဖြစ်လျှင် ကိုယ်နှုတ်စိတ်အမူအရာအကျင့်လည်း စင်ကြယ်ပါသည်။

"ခုတင်တစ်ဆယ့်သုံးပါးကို အကျဉ်းချုံးလိုက်လျှင် တစ်ပါးသာ ရှိ၏"ဟူသော အဆိုမှာ သင့်ပါသည်။

အကြောင်းမှာ - အလုံးစုံသောခုတင်တို့သည် ဆောက်တည်ကြောင်း သမာဒါန စေတနာ၏အစွမ်းအားဖြင့် တစ်ပါးတည်းသာ ရှိသောကြောင့် ဖြစ်ပါသည်။

၁၉၈၈

၁။ ပတ္တပိဏ်ခုတင်ကို လူများပင် ဆောက်တည်ကောင်းသည်ဖြစ်ရာ ယင်း၌ ပတ္တပိဏ္ဍ၊ ပတ္တပိဏ္ဍိက၊ ပတ္တပဏ္ဍိကဂ်ိတို့ကို ရှင်းလင်းပြခဲ့ပါ။ (မှတ်စု နှာ- ၆၃)

ပတ္တပိဏ္ဍ = နှစ်ခုမြောက်ခွက်ကို ပယ်၍ တစ်ခုသောခွက်တွင်ရှိသော ဆွမ်း၊
ပတ္တပိဏ္ဍိက = တစ်ခုသောခွက်၌ရှိသော ဆွမ်းကိုသာ သုံးဆောင်လေ့ရှိသောပုဂ္ဂိုလ်၊
ပတ္တပိဏ္ဍိကင် = တစ်ခုသောခွက်၌ရှိသောဆွမ်းကိုသာ သုံးဆောင်လေ့ရှိသူ၏
အကြောင်း အဂီၢစေတနာတို့ကို ဆိုလိုပါသည်။

---

http://www.dhammadownload.com

၁၉၈၉

၁။ မြန်မာနိုင်ငံတော်၌ ကြည်နူးဖွယ်ရာ နံနက်ချိန်ခါဝယ် အိမ်စဉ်မပြတ် ဆွမ်းခံဝတ်ကျင့်သော သံဃာတော်များ ရှိလေရာ ယင်းကျင့်ဝတ်ကြောင့် ဆရာဒကာနှစ်ဦး ရအပ်သောအကျိုး တရားများကို တင်ပြခဲ့ပါ။ (မှတ်စု နှာ- ၇၁)

အိမ်စဉ်မပြတ် ဆွမ်းခံကျင့်ဝတ်ကြောင့် ဆရာဒကာနှစ်ဦးရအပ်သော အကျိုးတရားများမှာ

(၁) ဒါယကာတို့၌ အမြဲတမ်း လူသစ်ဖြစ်နေခြင်း၊
(၂) စန္ဒာလမင်းနှင့် တူသောအဖြစ် ရှိခြင်း၊
(၃) ကုလမစ္ဆရိယကို ပယ်နိုင်ခြင်း၊
(၄) ဒါယကာတို့အား အတူအမျှ သနားသောသူ ဖြစ်ခြင်း၊
(၅) ဒါယကာတို့သို့ ချဉ်းကပ်ရောနှောသောအပြစ် မရှိခြင်း၊
(၆) ပင့်ခေါ်ဖိတ်ကြားသည်ကို အလိုမရှိခြင်း၊
(၇) ပို့သောဆွမ်းကို အလိုမရှိခြင်း၊
(၈) အလိုနည်းခြင်းတို့ ဖြစ်ပါသည်။

၁၉၉၁

၁။ သောသာနိကခုတင်ဆောင် ရဟန်းတော်များ မစားသုံးသင့်သော အာဟာရတို့ကို ကုန်စင်အောင် ဖော်ပြ၍၊ ရဟန်းမိန်းမတို့ မဆောက်တည်သင့်သော ခုတင်အမည်ကို အစဉ်ကျအောင် ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၇၉, ၈၅)

သောသာနိကခုတင်ဆောင် ရဟန်းတော်များ မစားသုံးသင့်သော အာဟာရတို့မှာ-

ဘီလူးသဘက်တို့ ကြိုက်နှစ်သက်သော (ဆီထွေး)နှမ်းလှော်၊ ပဲထမင်း၊ ငါး၊ အမဲ၊ နို့၊ ဆီ၊ တင်လဲစသော ခဲဖွယ်စားဖွယ်တို့ ဖြစ်ပါသည်။

ရဟန်းမိန်းမတို့ မဆောက်တည်သင့်သော ခုတင်အမည်မှာ -

(၁) ခလုပစ္ဆာဘတ္တိကဂ်ခုတင်၊
(၂) အာရည်ကဂ်ခုတင်၊
(၃) ရုက္ခမူလိကဂ်ခုတင်၊

http://www.dhammadownload.com

(၄) အဇ္ဈောကာသိကင်္ဂုတင်၊
(၅) သောသာနိကင်္ဂုတင်တို့ ဖြစ်ပါသည်။

၁၉၉၂

၁။ ဓုတင်္ဂနိဒ္ဒေသလာ တောအရပ်ကို ဝိနည်းပိဋကတော်လာအတိုင်း ပိုင်းခြားဖော်ပြ၍၊ ဒေါသစရိုက်ရှိသောသူ ဆောက်တည်ပွားများသင့်သော ဓုတင်တို့ကိုလည်း အကြောင်းနှင့်တကွ တင်ပြခဲ့ပါ။ တောအရပ်(၁၉၈၅)၊ ဒေါသစရိုက်(၁၉၈၆)

၁၉၉၃

၁။ မည်သို့သောအရပ်မျိုးကို သုသာန်ဟု ခေါ်သင့်သည်ကို ဖော်ပြ၍၊ ဓုတင်္ဂစေတနာ၏ အခြံအရံဖြစ်သော (ဓုတင်မဟု)တရားငါးမျိုးကိုလည်း အကျဉ်းချုပ်ဖော်ပြပါ။ (မှတ်စု နှာ-၇၈, ၈၃)

သုသာန်ဟု ခေါ်သင့်သောအရပ်မှာ -

- သူသေကောင် ဖုတ်မြှုပ်ပြီးသောအရပ်သည် သုသာန် မည်၏၊
- သူသေကောင် ဖုတ်မြှုပ်ပြီးသောကာလမှ ၁၂-နှစ်တိုင်အောင် သူသေကောင် မဖုတ်မမြှုပ်ဘဲ စွန့်ပစ်ထားသောအရပ် ဖြစ်စေကာမူ သုသာန် မည်၏၊
- ရွာသစ်တည်၍ လူတို့က သုသာန်ဟု သတ်မှတ်ထားသော်လည်း သူသေကောင် မဖုတ် မမြှုပ်ရသေးသောအရပ်သည် သုသာန်ဟု မခေါ်သင့်သေးချေ။

ဓုတင်္ဂစေတနာ၏ အခြံအရံဖြစ်သော (ဓုတင်မဟု)တရားငါးမျိုးမှာ -

(၁) အလိုနည်းခြင်း၊
(၂) ရောင့်ရဲလွယ်ခြင်း၊
(၃) ကိလေသာကို ခေါင်းပါးစေတတ်ခြင်း၊
(၄) ဆိတ်ငြိမ်မှုကို လိုလားခြင်း၊
(၅) ဓုတင်၏ကျေးဇူးတရားတို့ကို သိတတ်သူဖြစ်ခြင်းတို့ ဖြစ်ပါသည်။

---

http://www.dhammadownload.com

၁၉၉၄

၁။ **အာရည်ကဓုတင်ဆောက်တည်နိုင်သည့် တောကျောင်းအရာကို (က)ဝိနည်း၊ (ခ)အာဘိဓမ္မာ၊ (ဂ) သုတ္တန်နည်းတို့ဖြင့် အကျဉ်းချုပ်ဖြေဆိုပြီး၊ နေသဇ္ဇိကင်္ဂဓုတင်၌ သတ္တင်္အင်းပျဉ်ဝယ် သတ္တင်္သရုပ်နှင့် ထိုအင်းပျဉ်အား အဘယ်ပုဂ္ဂိုလ်စီ၍ ပြုလုပ်ခဲ့ပါသနည်း။**

အာရည်ကဓုတင် ဆောက်တည်နိုင်သည့် တောကျောင်းအရ -

(က) ဝိနည်း = ရွာကိုလည်းကောင်း၊ ရွာ၏ဥပစာကိုလည်းကောင်းထား၍ အလုံးစုံသောအရပ်၊

(ခ) အာဘိဓမ္မာ = ရွာတံခါးခုံမှ ထွက်၍ အပြင်ဘက်ဖြစ်သော အလုံးစုံသောအရပ်၊

(ဂ) သုတ္တန်နည်း- ရွာမှကုလလေးတာ အပြန်ငါးရာရှိသောကျောင်း။**(မှတ်စု နှာ- ၇၅)**

နေသဇ္ဇိကင်္ဂဓုတင်၌ သတ္တင်္အင်းပျဉ်သရုပ်မှာ -

နောက်မှီတံကဲ = ၁ - ခု

ဝဲယာနှစ်ဘက်လက်ရုံးတန်း = ၂ - ခု

အခြေ = ၄ - ခု

ပေါင်း သတ္တင်္ (အင်္ဂါ) = ၇ - ပါး တို့ဖြစ်ပါသည်။

ပြုလုပ်စီရင်ခဲ့သောပုဂ္ဂိုလ် = မိဠာဘာယမထေရ် (အနာဂါမ်ဖြစ်၍ ရဟန္တာဖြစ်သည့်တိုင် အားထုတ်လျက် ပရိနိဗ္ဗာန်ပြုသည်။)**(မှတ်စု နှာ- ၈၁)**

၁၉၉၅

၁။ **လူရွှင်ရဟန်းအားလုံးတို့အား လျောက်ပတ်သောဓုတင်ကျင့်ဝတ်တို့ကို ဖြည့်ကျင့်ဆောက်တည်ပုံနှင့်တကွ မှတ်သားနည်းယူဖွယ်ရာ ဖော်ပြပါ။ (မှတ်စု နှာ- ၈၅, ၇၁)**

လူရွှင်ရဟန်း အားလုံးတို့အား လျောက်ပတ်သော ဓုတင်ကျင့်ဝတ်တို့မှာ -

ဧကာသနိကင်္ဂဓုတင်နှင့် ပတ္တပိဏ္ဍိကင်္ဂဓုတင်တို့ ဖြစ်ပါသည်။

ဧကာသနိကင်္ဂဓုတင် ဆောက်တည်ပုံနှင့် မှတ်သားရန်အစီအရင်မှာ -

- "အထူးထူးသောနေရာတို့၌ နေ၍ သုံးဆောင်စားသောက်ခြင်းကို ပယ်ပါ၏။"

http://www.dhammadownload.com

- "တစ်ထိုင်တည်း၌သာ သုံးဆောင်ခြင်း ကျင့်ဝတ်ရှိသောပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏" ဟူသော စကားနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

ဆွမ်းစားဇရပ်တွင် မထေရ်ကြီး၏နေရာတွင်မထိုင်ဘဲ မိမိနှင့်သင့်လျော်သောနေရာကို မှတ်၍ ထိုင်အပ်၏၊ ဆွမ်းစားမပြီးမီ ဆရာဥပဇ္ဈာယ်တို့ရောက်လာပါက ထ၍ ဝတ်ပြုအပ်၏၊ ဘောဇဉ်ကိုမူကား တစ်ဖန် မသုံးဆောင်နိုင်ပါ။

ပတ္တပိဏ္ဍိကင်္ဂတင် ဆောက်တည်ပုံနှင့် မှတ်သားရန်အစီအရင်မှာ -

- "နှစ်ခုမြောက် အာဟာရထည့်သောခွက်ကို ပယ်ပါ၏။"
- "တစ်ခုတည်းသောခွက်၌ ရှိသည်ကိုယူ၍ သုံးဆောင်ခြင်းကျင့်ဝတ်ရှိသောပုဂ္ဂိုလ်၏ အင်္ဂါကိုဆောက်တည်ပါ၏"ဟူသောစကားနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

ယာဂုနှင့်အတူ အမဲငါးစသောဟင်းလျာကိုရပါက ယာဂုကိုဖြစ်စေ, အမဲငါးကိုဖြစ်စေ ရှေးဦးစွာ စားအပ်၏၊ အကြောင်းမှာ ယာဂု၌ အမဲငါး ရောထည့်သော် အမဲငါးတို့ ပုပ်ပါက ရွံရှာဖွယ်ဖြစ်၏၊ ရွံရှာဖွယ်မဖြစ်အောင်ပြု၍ သုံးဆောင်ရပါမည်၊ ပျားရည်တင်လဲတို့ကား ရွံရှာဖွယ်မဟုတ်သောကြောင့် ယာဂုနှင့် ရောထည့်အပ်၏၊ ခံယူသောအခါ ဝလောက်ရုံပမာဏကို ဆင်ခြင်၍ ခံယူအပ်၏၊ သစ်ရွက်စိမ်းတို့ကို လက်ဖြင့် ကိုင်၍ စားခြင်းငှာအပ်သော်လည်း ကြည်ညိုဖွယ်မရှိသောကြောင့် သပိတ်၌ ထည့်အပ်၏၊ နှစ်ခုမြောက်ခွက်ကို ပယ်အပ်ပြီး ဖြစ်သောကြောင့် ခွက်ဆိုလျှင် သစ်ရွက်ဖက်ခွက်၌သော်လည်း မအပ်ပါ။

၁၉၉၆

၁။ **လူဥပါသကာ၊ ဥပါသိကာမများ ဖြည့်ကျင့်နိုင်သော ဓုတင်တို့ကိုလည်း ဆောက်တည်ပုံနှင့် တကွ ထုတ်ပြပြီး၊ ယင်းဓုတင်ကျင့်ဝတ်တို့ ပျက်စီးခြင်းများကိုလည်း ညွှန်ပြပါ။**
(မှတ်စု နှာ- ၈၅, ၉၂, ၉၃)

လူဥပါသကာ ဥပါသိကာမများ ဖြည့်ကျင့်နိုင်သောဓုတင် (၁၉၉၅)

http://www.dhammadownload.com

ကောသနိကဂ်ိုတင် ကျင့်ဝတ်ပျက်စီးခြင်း - အထူးထူးသောနေရာတွင် စားသောခဏ၌ ခုတင်ပျက်၏။

ပတ္တပိဏ္ဍိကဂ်ိုတင် ကျင့်ဝတ်ပျက်စီးခြင်း - ဟင်းလျာစသည် ထည့်သော နှစ်ခုမြောက်ခွက်ကို သာယာ၍ အကပ်ခံယူသောခဏ၌ ခုတင်ပျက်လေ၏။

၁၉၉၇

၁။ ဥက္ကဋ္ဌပတ္တပိဏ္ဍိကဂ်ိုတင်ဆောင် ပုဂ္ဂိုလ်ဖြစ်စေရန် ကျင့်သုံးပုံနည်းမှန်ကို ညွှန်ပြပြီးလျှင်၊ ပတ္တပိဏ်ုတင်ကို ဆောင်သဖြင့် ရရှိသောအကျိုးများတွင် ရှေ့သုံးပါးကိုသာ မှတ်သားဖွယ်ရာ ထုတ်ပြပါ။ (မှတ်စု နှာ- ၇၃)

ဥက္ကဋ္ဌပတ္တပိဏ္ဍိကဂ် ခုတင်ဆောင်ပုဂ္ဂိုလ် ဖြစ်စေရန် ကျင့်သုံးပုံနည်းမှန်မှာ -

"နှစ်ခုမြောက် အာဟာရထည့်သောခွက်ကို ပယ်၍ တစ်ခုတည်းသောသပိတ်၌ ရှိသည်ကိုသာ ယူ၍ သုံးဆောင်ခြင်း ကျင့်ဝတ်ခုတင်ကို ဆောက်တည်ပါ၏" ဟု ဆိုသောကြောင့် ကြံစုပ်သောအခါမှတစ်ပါး ငါးရိုးစပါးလုံးစသည်ကို ဒုတိယမြောက်ခွက်၌ စွန့်ခြင်းငှာ မအပ်၊ ထမင်းငါးအမဲမုန့်တို့ကိုလည်း ခွဲ၍ ဖြတ်၍ စားခြင်းငှာ မအပ်ပေ။

ပတ္တပိဏ်ုတင်ကို ဆောင်သဖြင့် ရရှိသောအကျိုးများတွင် ရှေ့သုံးပါးမှာ -

(၁) အထူးထူးသောအရသာရှိသည့် အသီးသီးသောဘောဇဉ်၌ တဏှာကို ပယ်နိုင်ခြင်း၊

(၂) အသီးသီးသောခွက်၌တည်သော အထူးထူးသောအရသာ၌ တပ်မက်သူ၏အဖြစ်ကို ပယ်ရခြင်း၊

(၃) အစာအာဟာရ၌ ဘုရားရှင်ခွင့်ပြုတော်မူသော အကျိုးမျှကိုသာ ကြည့်ရှုမြင်လေ့ရှိသည် ဖြစ်ခြင်း။

၁၉၉၈

၁။ ပုံသက္ကုဒုတင်ဆောင်ရဟန်းသည် အဝတ်စကို ကောက်ယူပြီးနောက် ဝတ်ရုံသုံးဆောင်သည် အထိ ပြုလုပ်စီရင်နည်းနှင့် နှစ်ပါးသောအဖို့မှ စင်ကြယ်သောသက်နိုးကို ဖော်ပြပါ။ (မှတ်စု နှာ- ၆၆)

http://www.dhammadownload.com

ပုံသကူဓုတင်ဆောင်ရဟန်းသည် အဝတ်စကို ကောက်ယူပြီးနောက် ဝတ်ရုံသုံးဆောင်သည်အထိ ပြုလုပ်စီရင်နည်းမှာ -သုသာန်စွေးတန်းစသောအရပ်တို့တွင် စက်ဆုပ်ဖွယ်လွန်းမိုးကျရောက်နေသော ၂၃-မျိုးသောအဝတ်တို့မှ တစ်မျိုးမျိုးသောအဝတ်ကို ကောက်ယူ၍ ခွဲဖြတ်ကာ ဆွေးမြည့်သောအရာကို ပယ်ပြီးလျှင် ခိုင်သောအရာတို့ကို ဖွတ်လျှော်၍ သင်္ကန်းချုပ်ပြီး ဒါယကာတို့လျှဒါန်းသော ရှေးသင်္ကန်းဟောင်းကို ပယ်စွန့်၍ ဝတ်ရုံသုံးဆောင်ရပါသည်။

နှစ်ပါးသောအဖို့မှ စင်ကြယ်သောသင်္ကန်းဆိုသည်မှာ - ဒါယကာတို့သည် သင်္ကန်းကို ရဟန်းတစ်ပါး၏ခြေရင်း၌ ထားအပ်၏၊ သင်္ကန်းကိုရသော ထိုရဟန်းသည် ပုံသကူဆောင်ရဟန်း၏ခြေရင်း၌ ထား၍ လှူအပ်၏၊ ထိုသင်္ကန်းသည် နှစ်ပါးသောအဖို့မှ စင်ကြယ်သော ဥဘတောသုဒ္ဓိသင်္ကန်း မည်ပါသည်။

၁၉၉၉

၁။ **ဒေါသစရိုက်ထူပြောသောပုဂ္ဂိုလ်အား သင့်လျော်သောဓုတင်တို့ကို ဖော်ပြပြီးလျှင် ယင်းဓုတင်တို့သည် အဘယ်ကြောင့် ဒေါသငြိမ်းပျောက်စေနိုင်သည်ကိုလည်း ပြဆိုပါ။ (၁၉၈၆) (မှတ်စု နှာ- ၈၃)**

၂၀၀၀

၁။ **လူဒါယကာဒါယိကာမတို့ ဆောက်တည်ကောင်းသော "ဧကာသနိကင်္ဂတင်" ဆောက်တည်ပုံကို မြန်မာဘာသာဖြင့် ပြဆိုပြီးလျှင်၊ ယင်းဧကာသနိကင်္ဂတင်ကို ဆောက်တည်ခြင်းဖြင့် ရနိုင်သောအကျိုးများကို ထုတ်ဖော်ပြပါ။ (မှတ်စု နှာ-၇၁)**

"ဧကာသနိကင်္ဂတင်" ဆောက်တည်ပုံမှာ -

(၁) "အထူးထူးသောနေရာတို့၌ နေ၍ သုံးဆောင်စားသောက်ခြင်းကို ပယ်ပါ၏။"

(၂) "တစ်ထိုင်တည်း၌သာ သုံးဆောင်ခြင်းကျင့်ဝတ်ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါကို ဆောက်တည်ပါ၏" ဟူသောစကားနှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်အပ်၏။

http://www.dhammadownload.com

ကောသနိကဂိုဒတင် ဆောက်တည်ခြင်းဖြင့် ရနိုင်သောအကျိုးများမှာ -

(၁) အနာရောဂါ ကင်းခြင်း၊
(၂) ကိုယ်ဆင်းရဲမှု ကင်းခြင်း၊
(၃) ပေါ့ပါးလျှင်မြန်စွာ ထနိုင်ခြင်း၊
(၄) ခွန်အားဗလနှင့် ပြည့်စုံခြင်း၊
(၅) ချမ်းသာစွာ နေရခြင်း၊
(၆) အတိရိတ်ဝိနည်းကံ မပြုဘဲ စားခြင်းကြောင့် ဖြစ်နိုင်သော အာပတ်မသင့်ခြင်း၊
(၇) ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း၊
(၈) အလိုနည်းခြင်းတို့ ဖြစ်ပါသည်။

၂၀၀၁

၁။ **မြတ်စွာဘုရားသည် အဘယ်ပုဂ္ဂိုလ်တို့အား ဓုတင်ကျင့်ဝတ်ကို ခွင့်ပြုဟောကြားခဲ့သည်ကို ဖြေဆိုပြီးလျှင်၊ ပုံသကူဓုတင်ဆောက်တည်သောပုဂ္ဂိုလ်သည် ကောက်ယူသင့်သော အဝတ် မည်မျှရှိ၍ မည်သို့ပြုလုပ်စီရင်ဝတ်ရုံရသည်ကိုလည်း စနစ်တကျဖော်ပြပါ။**

မြတ်စွာဘုရားသည် လာဘ်များခြင်းစသော လောကာမိသဟူသမျှကို စွန့်လွှတ်သော၊ ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်းမရှိသော၊ နိဗ္ဗာန်အားလျော်သော ဝိပဿနာဘာဝနာအကျင့်ကိုသာလျှင် ပြီးစေခြင်းငှာ အလိုရှိကုန်သော အမျိုးကောင်းသားတို့အား ဓုတင်ကျင့်ဝတ်ကို ခွင့်ပြုဟောကြားတော်မူခဲ့ပါသည်။ **(မှတ်စု နှာ-၆၁)**

ပုံသကူဓုတင် ဆောက်တည်သောပုဂ္ဂိုလ် (၁၉၉၈) (မှတ်စု နှာ- ၆၅)

၂၀၀၂

၁။ **ဓုတင်အကျင့်မြတ်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် အဘယ်ပုဂ္ဂိုလ်တို့အထံ၌ တောင်းခံဆောက်တည်ကျင့်အပ်သည်ကို ပြဆိုပြီးလျှင်၊ ရုက္ခမူဓုတင်ကို ဆောက်တည်ကြသော ဥက္ကဋ္ဌ၊ မန္တိ။ မူဒုပုဂ္ဂိုလ်သုံးမျိုးတို့ ဆောက်တည်နေထိုင် ကွဲပြားခြားနားမှုကို ရေးသား ဖြေဆိုပါ။ (မှတ်စု နှာ- ၆၅, ၇၇)**

http://www.dhammadownload.com

ဓုတင်အင်္ဂဖြတ်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည်

(၁) မြတ်စွာဘုရားထင်ရှားရှိတော်မူလျှင် မြတ်စွာဘုရားအထံ၌သာ ဆောက်တည်အပ်၏။

(၂) မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးလတ်သော် မဟာသာဝကကြီးတို့အထံ၌ ဆောက်တည်အပ်၏။

(၃) မဟာသာဝကတို့ မရှိလျှင် ရဟန္တာ၏အထံ၌၊ မရှိလျှင် အနာဂါမ်အထံ၌၊ မရှိလျှင် သကဒါဂါမ်အထံ၌၊ မရှိလျှင် သောတာပန်အထံ၌၊ မရှိလျှင် ပိဋကတ် ၃-ပုံဆောင်အထံ၌၊ မရှိလျှင် ပိဋကတ် ၂-ပုံ ဆောင်အထံ၌၊ မရှိလျှင် ပိဋကတ် ၁-ပုံဆောင်အထံ၌၊ မရှိလျှင် နိကာယ်ငါးရပ်တွင် တစ်ပါးပါးသောနိကာယ်ဆောင် ပုဂ္ဂိုလ်အထံ၌၊ မရှိလျှင် အဋ္ဌကထာ၌ လေ့လာကျေပွန်သောဆရာ၏အထံ၌ ဆောက်တည်အပ်၏။

(၄) အဋ္ဌကထာဆရာမရှိလျှင် ဓုတင်ဆောင်ပုဂ္ဂိုလ်၏အထံ၌ ဆောက်တည်အပ်၏။

(၅) ဓုတင်ဆောင်ပုဂ္ဂိုလ်မရှိလျှင် စေတီရင်ပြင်ကို တံမြက်လှည်းပြီးလျှင် ဆောင့်ကြောင့်ထိုင်၍ မြတ်စွာဘုရား၏အထံ၌ လျှောက်ထားသကဲ့သို့ ဆောက်တည်အပ်၏။

တစ်နည်းကား - မိမိဘာသာ ကိုယ်တိုင်လည်း ဆောက်တည်ကောင်းပါသည်။

ရုက္ခမူဓုတင်ဆောင် ဥက္ကဋ္ဌပုဂ္ဂိုလ်သည် နှစ်သက်ရာသစ်ပင်ကို ရွေးချယ်၍ သုတ်သင်စေခြင်း မပြုရပါ။ သစ်ပင်မှကျသော သစ်ရွက် သစ်ခက် အမှိုက်တို့ကို ခြေဖြင့် ဖယ်ရှား၍ နေအပ်၏။

မဏ္ဍူပုဂ္ဂိုလ်သည် ထိုသစ်ပင်အနီးသို့ ရောက်လာသူကို သုတ်သင်ရှင်းလင်းစေ၍ နေအပ်၏။

မုဒုပုဂ္ဂိုလ်ကား အစောင့်သာမဏေတို့ကို ခေါ်၍ သုတ်သင်စေပြီး အညီအညွတ်ပြု၊ သဲကြဲ၍ အရံပြု တံခါးတပ်စေ၍ နေအပ်၏။

၂၀၀၃

၁။ **ပတ္တပိုဏ်ဓုတင်ဆောင်သဖြင့် ရရှိနိုင်သော အကျိုးများကို ဖော်ပြပါ။ (မှတ်စု နှာ- ၇၃)**

ပတ္တပိုဏ်ဓုတင်ဆောင်သဖြင့် ရရှိနိုင်သော အကျိုးများမှာ -

http://www.dhammadownload.com

(၁) အထူးထူးသောအရသာရှိသည့် အသီးသီးသောဘောဇဉ်၌ တဏှာကို ပယ်နိုင်ခြင်း၊
(၂) အသီးသီးသောခွက်၌တည်သော အထူးထူးသောအရသာ၌ တပ်မက်သူ၏ အဖြစ်ကို ပယ်နိုင်ခြင်း၊
(၃) အစာအာဟာရ၌ ဘုရားခွင့်ပြုတော်မူသော အကျိုးမျှကိုသာ ကြည့်ရှုမြင်လေ့ရှိသည် ဖြစ်ခြင်း၊
(၄) အပိုပန်းကန်ခွက်ယောက်စသည်ကို ဆောင်ရွက်ဖြစ်သောပင်ပန်းရမှု မရှိခြင်း၊
(၅) စိတ်မပျံ့လွင့်ဘဲ တစ်ခွက်တည်း၌သာ စူးစိုက်သုံးဆောင်လေ့ရှိခြင်း၊
(၆) အလိုနည်းခြင်းတို့ ဖြစ်ပါသည်။

၂။ **တိစီဝရိက်ဓုတင် ဆောက်တည်ပုံဆောက်တည်နည်းကို ဖော်ပြ၍၊ ကုသိုလ်ဓုတင်, အဗျာကတဓုတင် ရှိသကဲ့သို့ အကုသိုလ်ဓုတင် ရှိနိုင်-မရှိနိုင် အကြောင်းပြ၍ ဆုံးဖြတ်ပါ။ (မှတ်စု နှာ- ၆၇, ၈၂)**

တိစီဝရိက်ဓုတင်ဆောက်တည်ပုံ ဆောက်တည်နည်းမှာ -

(၁) "ဝတ်လောက် ရုံလောက် အဓိဋ္ဌာန်တင်လောက် လေးထည်မြောက်သောသင်္ကန်းကို ပယ်ပါ၏။"
(၂) "ဒုကူဋ်, ကိုယ်ဝတ်, သင်းပိုင်ဟူသော သုံးထည်သောသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏အင်္ဂါကို ဆောက်တည်ပါ၏"-ဟူ၍ ဤနှစ်မျိုးသောစကားတို့တွင် တစ်မျိုးမျိုးဖြင့် ဆောက်တည်ရပါမည်။

ကုသိုလ်ဓုတင်၊ အဗျာကတဓုတင် ရှိသကဲ့သို့ အကုသိုလ်ဓုတင် မရှိနိုင်ပါ။

အဘယ်ကြောင့်ဆိုသော် -

(၁) အလုံးစုံသောပုံသက္ကုဓုတင်စသည်တို့ကို ဆောက်တည်ခြင်းဖြင့် ခါထုတ်ဖျက်ဆီးအပ်ပြီးသောကိလေသာရှိသည်၏အဖြစ်ကြောင့် ကိလေသာတို့ကို ခါထုတ်ပြီးသူ (ဓုတ)မည်သော ရဟန်း၏အကြောင်း(အင်္ဂါ)တို့ ဖြစ်သောကြောင့် ဓုတင်(ဓုတင်)မည်၏၊
(၂) တစ်နည်း - ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့် ဓုတဟု ရအပ်သော အမည်ရှိသော ဉာဏ်သည် ဓုတင်ဆောက်တည်ခြင်း၏ အကြောင်း (အင်္ဂါ) ဖြစ်၏၊ ထို့ကြောင့် ဓုတင် မည်၏၊

http://www.dhammadownload.com

(၃) တစ်နည်း - ဓုတင်ဆောက်တည်ခြင်းသည် ဆန့်ကျင်ဘက်ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သောကြောင့် ဓုတလည်း မည်၏။ သီလစသော အကျင့်ပဋိပတ်၏ အကြောင်း(အင်္ဂ)တို့လည်း ဖြစ်၏၊ ထို့ကြောင့် ဓုတင်္ဂ မည်၏ - ဟု ဖွင့်ဆိုထားရာ . . .

- အကုသိုလ်ဖြင့် ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးနိုင်သော ဓုတမည်သော ပုဂ္ဂိုလ်ဟူသည် မရှိချေ၊
- ထို့ပြင် အကုသိုလ်သည် ကိလေသာကို ခါထုတ်ဖျက်ဆီးတတ်သော ဉာဏ်ကဲ့သို့ ကိလေသာကို မခါထုတ်တတ်၊
- ထို့ပြင်အကုသိုလ်သည် တစ်စုံတစ်ခုသောမကောင်းမှုကို ဖျက်ဆီးနိုင်သည်လည်း မရှိ, သင်္ကန်းစသည်၌ လျှပ်ပေါ်ခြင်းစသော လောလုပ္ပတဏှာကို ဖျက်ဆီးတတ်သည်လည်း မဟုတ်, အကျင့်ပဋိပတ်၏အကြောင်းလည်း မဟုတ်ပေ။

ထို့ကြောင့် အကုသိုလ်ဓုတင်ဟူ၍ မရှိနိုင်ပါ။

၂၀၀၄

၁။ ပုံသကူဆောင်ရဟန်းအား ပုံသကူဓုတင် ပျက်စီးတတ်ရာ အဘယ့်ကြောင့် အဘယ်အခါ၌ ပျက်စီးတတ်သည်ကို ဖြေဆိုၑ၍၊ ဓုတ-ဓုတင်္ဂါဒ ပုဂ္ဂိုလ်အမျိုးအစားကိုလည်း ဥပမာဖြင့် ထင်ရှားစွာ ရေးသားခဲ့ပါ။ (မှတ်စု နှာ- ၆၇, ၈၃)

ပုံသကူဆောင် ရဟန်းအား ပုံသကူဓုတင် ပျက်စီးတတ်ရာအခါမှာ -

ပုံသကူဓုတင်ဆောင် ရဟန်းသည် -

(၁) မိမိသုံးဆောင်လိုသောသဘောဖြင့် လည်းကောင်း၊

(၂) ဒါယကာတို့တောင်းပန်သည်ကို သည်းခံသောအားဖြင့် လည်းကောင်း၊ ဒါယကာတို့ ပေးလှူသောသင်္ကန်းကို သာယာသောဓာတ်၌ ဓုတင်ပျက်၏။

ဓုတ-ဓုတင်္ဂါဒပုဂ္ဂိုလ်အမျိုးအစား -

မိမိလည်း ဓုတင်ဆောင်၍ သူတစ်ပါးကိုလည်း ဓုတင်ဖြင့် ဟောကြားဆုံးမတော်မူတတ်သောပုဂ္ဂိုလ်သည် ဓုတ-ဓုတင်္ဂါဒပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

ဥပမာ - အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့သောပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

http://www.dhammadownload.com

၂။ **ရဂ္ဂမူဧတင်ဆောင်ရဟန်းတို့ ရှောင်ကြဉ်ရမည့်သစ်ပင်နှင့် မှီခိုရမည့်သစ်ပင်တို့ကို ဖြေဆို၍၊ (မှတ်စု နှာ- ၇၆)**

ရဂ္ဂမူဧတင်ဆောင်ရဟန်းတို့ ရှောင်ကြဉ်ရမည့် သစ်ပင်များမှာ -

(၁) ပြည်ထောင်မင်း ၂-ဦးတို့၏ နယ်ခြားၭ ရှိသောသစ်ပင်၊
(၂) လူတို့ပူဇော်သော နတ်စိုးသစ်ပင်၊
(၃) သစ်စေးပင်စသော အစေးအသုံးဝင်သောသစ်ပင်၊
(၄) သရက် ပိန္နဲ စသော အသီးစားသစ်ပင်၊
(၅) လင်းနို့နေသော သစ်ပင်၊
(၆) မြွေကင်းစသည် အောင်းစရာ အခေါင်းရှိသောသစ်ပင်၊
(၇) အများသွားလာရာ ကျောင်းလယ်ၭ ရှိသောသစ်ပင်တို့ ဖြစ်ပါသည်။

ရဂ္ဂမူဧတင်ဆောင်ရဟန်းတို့ မှီခိုရမည့်သစ်ပင်မှာ ကျောင်း၏အစွန်အနားၭ တည်သောသစ်ပင် ဖြစ်ပါသည်။

၂၀၀၅

၁။ **သီလနှင့်ပြည့်စုံကုန်သော အရှင်ကောင်းအရှင်မြတ်တို့သည် အဘယ်အကျိုးကို ရည်မှော်၍ ဓုတင်အကျင့်တို့ကို ကျင့်သုံးကြပါသနည်း၊ ဖြေဆိုပြီးလျှင် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သည့် အကျင့်မြတ်ကို ကျင့်သုံးတော်မူကြသော ဓုတင်ဆောင်သုံးမျိုးတို့၏ ပုဂ္ဂိုလ်အဆင့်လိုက် ကွဲပြားခြားနားစွာ ကျင့်သုံးဆောက်တည်ကြပုံကိုလည်း ဖြေဆိုပြပါ။ (မှတ်စု နှာ- ၆၁, ၇၁)**

သီလနှင့်ပြည့်စုံကုန်သော အရှင်ကောင်းအရှင်မြတ်တို့သည် - ဓုတင်အကျင့်ကို ကျင့်သုံးလျှင် သီလသည်လည်း အထူးစင်ကြယ်နိုင်၏။ ဓုတင်အကျင့်တို့သည်လည်း ပြည့်စုံနိုင်၏။ ဤသို့ သီလစင်ကြယ်ခြင်း, ဓုတင်ပြည့်စုံခြင်းတို့ ဖြစ်လတ်သော် ကိုယ်နှုတ်စိတ်အမူအရာများ စင်ကြယ်ပြီး ဘုရားအစရှိသော ရှေးသူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော အရိယဝံသအကျင့် ၃-ပါးၭ တည်၍ လေးခုမြောက်ဖြစ်သော အရိယဝံသကို ရထိုက်ပေ၏ - ဟူသောအကျိုးတို့ကို ရည်မှော်၍ ဓုတင်အကျင့်တို့ကို ကျင့်သုံးကြခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com

အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်သည့်အကျင့်မြတ်ကို ကျင့်သုံးတော်မူကြသော ဓုတင်ဆောင်သုံးမျိုးတို့၏ပုဂ္ဂိုလ်အဆင့်လိုက် ကွဲပြားခြားနားစွာ ကျင့်သုံးဆောက်တည်ကြပုံမှာ ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ရှေ့မှကြို၍လျှသောဆွမ်း၊ နောက်မှလိုက်၍ လျှသောဆွမ်း၊ ဆွမ်းစားဇရပ်တွင် ထိုင်နေစဉ် လာ၍လျှသောဆွမ်းတို့ကို မခံယူအပ်၊ ရောက်ဆဲအိမ်တံခါးဦ့ သပိတ်ကို လွှတ်အပ်၏။ (ဥပမာ - အရှင်မဟာကဿပမထေရ်မြတ်သည် ယက်ကန်းသည် ယောင်ဆောင်သော သိကြားမင်းအား သပိတ်ကို လက်မှလွှတ်၍ ပေးသကဲ့သို့ တည်း။)

မရွှိမပုဂ္ဂိုလ်သည် ရှေ့မှကြို၍လျှသောဆွမ်း၊ နောက်မှလိုက်၍ လျှသောဆွမ်း၊ ဆွမ်းစားဇရပ်တွင် ထိုင်နေစဉ်လာ၍လျှသောဆွမ်းတို့ကိုခံယူအပ်၏၊ ရောက်ဆဲအိမ်တံခါးဦ့လည်း သပိတ်ကို လွှတ်အပ်၏၊ သို့သော် ယနေ့ဖိတ်မန်ထားသောဆွမ်းကို မျှော်လင့်ဆိုင်းငံ့၍ မနေအပ်။

မုဒုပုဂ္ဂိုလ်သည်ကား ထိုဆွမ်းများအပြင် ယနေ့ဖိတ်မန်ထားသောဆွမ်းကို မျှော်လင့်ဆိုင်းငံ့၍ ခံယူအပ်၏။

၂၀၀၆

၁။ **မြတ်စွာဘုရားသည် အဘယ်အမျိုးကောင်းသားတို့အား ၁၃-ပါးသောဓုတင်တို့ကို ခွင့်ပြုတော်မူအပ်ပါသနည်း၊ ဖြေဆို၍ ဒေါသစရိုက်ရှိသူ ဆောက်တည်ပွားများသင့်သော ဓုတင်တို့ကိုလည်း အကြောင်းနှင့်တကွ တင်ပြခဲ့ပါ။ (၁၉၈၆, ၂၀၀၁)**

၂။ **လူဥပါသကာဥပါသိကာ ယောကျ်ားမိန်းမတို့အား လျောက်ပတ်သောဓုတင်များကို ဖေါ်ပြ၍၊ ထိုဓုတင် ဆောက်တည်ပုံ ဆောက်တည်နည်းများကိုလည်း ဖော်ပြခဲ့ပါ။ (၁၉၈၅)**

၂၀၀၇

၁။ **တစ်ထိုင်တည်းစားခြင်းဟု ဆိုအပ်သော ဧကာသနိက်ဓုတင်ကို ဆောက်တည်လိုလျှင် အဘယ်သို့သောစကားဖြင့် ဆို၍ ဆောက်တည်ရပါမည်နည်း၊ ဖြေဆို၍၊ ယင်းဓုတင်ကို ဆောက်တည်ချခြင်း၏ အကျိုးတရားတို့ကိုလည်း ဖော်ပြခဲ့ပါ။ (၂၀၀၀)**

http://www.dhammadownload.com

၂။ ရုက္ခမူလိကဂ်ိဳတင်ကို ဆောက်တည်ရာ၌ ရှောင်ကြဉ်ရမည့်သစ်ပင်နှင့် မှီခိုရမည့်သစ်ပင်တို့ကို ကွဲပြားခြားနားအောင် ဖြေဆို၍၊ ပံသုကူဓုတင်ဆောင်သော ပုဂ္ဂိုလ်သုံးမျိုးကိုလည်း အဓိပ္ပါယ်ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ - ၇၆, ၆၇)

ရှောင်ကြဉ်ရမည့်သစ်ပင်နှင့် မှီခိုရမည့်သစ်ပင် (၂၀၀၄)

ပံသုကူဓုတင်ဆောင်သော ပုဂ္ဂိုလ်သုံးမျိုး

ဥက္ကဋ္ဌပုဂ္ဂိုလ် - သုသာန် အိမ် စေျး တံခါးစသည်၌ ပစ်စွန့်ထားသောအဝတ်ကို ကောက်ယူ၍ ပံသုကူဓုတင်ဆောင်သော ရဟန်း၊

မဇ္ဈိမပုဂ္ဂိုလ် - ရဟန်းသည် ကောက်ယူလတ္တံ့ဟု ပစ်ထားသောအဝတ်ကို ကောက်ယူ၍ ပံသုကူဓုတင်ဆောင်သော ရဟန်း၊

မုဒုပုဂ္ဂိုလ် - ခြေရင်း၌ ထား၍ ရဟန်းပေးအပ်သောအဝတ်ကို ကောက်ယူ၍ ပံသုကူဓုတင်ဆောင်သော ရဟန်း၊

၂၀၀၈

၁။ အောက်ပါ (က)(ခ)(ဂ)(ဃ) တို့၌ ပုဂ္ဂိုလ်၏အမည်တို့ကို ဖေါ်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၆)

(က) ဓုတင်ဖြင့် မိမိကိလေသာတို့ကို ဖျက်ဆီးခါထွက်၍ သူတစ်ပါးကိုမူကား ဓုတင်ဖြင့် မဆုံးမသောပုဂ္ဂိုလ်။

(ခ) ဓုတင်ဖြင့် မိမိ၏ကိလေသာတို့ကို မဖျက်ဆီးမခါထွက်မူ၍ သူတစ်ပါးတို့အား ဓုတင်ဖြင့် ဆုံးမသောပုဂ္ဂိုလ်။

(ဂ) မိမိလည်း ဓုတင်မဆောင်, သူတစ်ပါးကိုလည်း ဓုတင်ဖြင့် မဆုံးမသောပုဂ္ဂိုလ်။

(ဃ) မိမိလည်း ဓုတင်ဆောင်, သူတစ်ပါးကိုလည်း ဓုတင်ဖြင့် ဟောကြားဆုံးမသော ပုဂ္ဂိုလ်။

(က) **ဓုတ နဓုတဝါဒ** - ဓုတသာ မည်၍၊ ဓုတဝါဒ မမည်သောပုဂ္ဂိုလ်။ (အရှင်ဗာကုလမထေရ်ကဲ့သို့)။

(ခ) **နဓုတ ဓုတဝါဒ** - ဓုတ မမည်မူ၍၊ ဓုတဝါဒ မည်သောပုဂ္ဂိုလ်။ (အရှင်ဥပနန္ဒမထေရ်ကဲ့သို့)။

(ဂ) **နေဝဓုတ နဓုတဝါဒ** - ဓုတလည်း မမည်၊ ဓုတဝါဒလည်း မမည်သောပုဂ္ဂိုလ်။ (အရှင်လာဠုဒါယီမထေရ်ကဲ့သို့)။

http://www.dhammadownload.com

(ဃ) ခုတ ခုတဝါဒ - ခုတလည်း မည်၍၊ ခုတဝါဒလည်း မည်သောပုဂ္ဂိုလ်။ (အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့)။

၂။ အဘယ်ပုဂ္ဂိုလ်သည် ခုတင်ကိုမှီဝဲခြင်းငှာ လျောက်ပတ်ပါသနည်း အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၈၄)

ခုတင်ကို မှီဝဲအပ်သောပုဂ္ဂိုလ်(သေဝိတဗ္ဗ)များ

(၁) ခုတင်ကို မှီဝဲသောကြောင့် ကမ္မဋ္ဌာန်းတိုးပွားလျှင် ထိုပုဂ္ဂိုလ်မျိုးသည် မှီဝဲအပ်၏။

(၂) ခုတင်ကိုမှီဝဲသည်ဖြစ်စေ မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်းသည် တိုးတက်၏၊ ထိုပုဂ္ဂိုလ်မျိုးသည် နောင်လာနောက်သားတို့ နည်းယူစေရန် ခိုးမြောက်သောအားဖြင့် မှီဝဲအပ်၏။

(၃) ခုတင်ကို မှီဝဲသည်ဖြစ်စေ မမှီဝဲသည်ဖြစ်စေ ကမ္မဋ္ဌာန်းသည် မတိုးတက်ပေ၊ ထိုပုဂ္ဂိုလ်မျိုးသည်လည်း နောင်အခါ အလေ့အကျင့်အထုံရစေရန် မှီဝဲအပ်၏။

၂၀၁၁

၁။ ပတ္တပိဏ်ခုတင်ဆောင်သဖြင့် ရရှိနိုင်သောအကျိုးများကိုလည်း ဖော်ပြပါ။ (၂၀၀၃)

၂။ တိစီဝရိက်ခုတင် ဆောက်တည်ပုံဆောက်တည်နည်းကို ဖော်ပြ၍၊ ကုသိုလ်ခုတင်, အဗျာကတခုတင်ရှိသကဲ့သို့ အကုသိုလ်ခုတင် ရှိနိုင် မရှိနိုင် အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။ (၂၀၀၃)

ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ

http://www.dhammadownload.com

အခန်း ၃။ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသပို့ဒ်း

၁၉၈၃

၁။ **အဘယ်တရားသည် သမာဓိ မည်သနည်း။** (၁၉၈၃-ဆအနုဿတိကမ္မဋ္ဌာန်း နံပါတ်-၁ မေးခွန်းနှင့် တဆက်တည်း ဖြစ်၏)

သမာဓိဟူသည် ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာစေတသိက်ဖြစ်ပါသည်၊ ထိုတရားသည် အညီအညွတ်ကောင်းစွာထားခြင်း သမာဓာနအနက်ကြောင့် သမာဓိမည်၏။

အညီအညွတ်ကောင်းစွာထားခြင်း သမာဓာနဟူသည် - တစ်ခုတည်းသောအာရုံ၌ စိတ်စေတသိက်တို့ကို အညီအညွတ်ထားခြင်း, အထူးအထူးသောအာရုံသို့ မပျံ့လွင့်ဘဲ ဖရိုဖရဲ မကွဲမပြားစေရန် ကောင်းစွာထားခြင်းကို ဆိုလို၏။ **(မှတ်စု နှာ - ၈၇)**

၂။ **အားလုံးအတွက်လိုအပ်သော (သဗ္ဗတ္ထက)ကမ္မဋ္ဌာန်းများကို ဖော်ပြ၍၊ အကျိုးလိုလားသော အားဖြင့် နှုတ်၏စောင်မခြင်း၊ ကိုယ်၏စောင်မခြင်း ပြုလုပ်မှုသည် မည်သည့်ကမ္မဋ္ဌာန်း၌ ပါဝင်သနည်း ဖော်ပြပါ။ (မှတ်စု နှာ- ၁၀၀)**

အားလုံးအတွက်လိုအပ်သော (သဗ္ဗတ္ထက)ကမ္မဋ္ဌာန်းများမှာ -

(၁) မေတ္တာကမ္မဋ္ဌာန်း၊
(၂) မရဏာဿတိကမ္မဋ္ဌာန်း၊
(၃) အသုဘသညာ ဟူသော ကမ္မဋ္ဌာန်း ၃-ပါးတို့ ဖြစ်ပါသည်။

အကျိုးလိုလားသောအားဖြင့် နှုတ်၏စောင်မခြင်း၊ ကိုယ်၏စောင်မခြင်း ပြုလုပ်မှုသည် ချစ်ခင်သောသဘောကို ဆောင်သောကြောင့် **မေတ္တာကမ္မဋ္ဌာန်း၌** ပါဝင်ပါသည်။

၃။ **လူတစ်ဦး၏သွားလာမှုကို ကြည့်ရှုလေ့လာ၍ ဤသူကား ရာဂကြီးသူတည်းဟု ဆုံးဖြတ်နိုင်ရန် မည်ကဲ့သို့ အကဲခတ်ပါမည်နည်း။ (မှတ်စု နှာ- ၁၀၇, ၁၀၈)**

http://www.dhammadownload.com

လူတစ်ဦး၏သွားလာမှုကို ကြည့်ရှုလေ့လာ၍ ဤသူကား ရာဂကြီးသူတည်းဟု ဆုံးဖြတ်နိုင်ရန် အကဲခတ်ပုံမှာ- ရာဂစရိုက်ရှိသောပုဂ္ဂိုလ်သည် ပကတိအတိုင်းသွားသော်ယဉ်ကျေးတင့်တယ်စွာ စံပယ်သကဲ့သို့ သွား၏၊ ခြေကို ဖြည်းဖြည်းသာသာ ညီညီချ၏၊ ကြွ၏၊ ထိုပုဂ္ဂိုလ်၏ခြေရာသည် အလယ်က မထိ, ဆောင့်ကြွားကြွား ရှိ၏၊ ရပ်သောထိုင်သောအခါ ကြည်ညိုဖွယ်ကို ဆောင်၏၊ ယဉ်ကျေးတင့်တယ် နှစ်သက်ဖွယ် ရှိ၏၊ ဤသို့ သွားလာမှုကို ကြည့်ရှုလေ့လာ၍ ရာဂကြီးသူဟု အကဲခတ်ဆုံးဖြတ်နိုင်ပါသည်။

၁၉၈၄

၁။ တရားအားထုတ်ရာဝယ် အဆွေခင်ပွန်းကောင်း လိုအပ်သည်ဖြစ်၍ သင်သည် မည်သို့သော ဂုဏ်ထူးနှင့် ပြည့်စုံသော အဆွေခင်ပွန်းကို ပေါင်းသင်းမည်နည်း။ (မှတ်စု နှာ-၁၀၁)

တရားအားထုတ်ရာဝယ် ပေါင်းသင်းအပ်သော အဆွေခင်ပွန်း၌ ပြည့်စုံရမည့် ဂုဏ်ထူးတို့မှာ

(၁) သီလစင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်၊
(၂) သီလ သမာဓိ ဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သောဂုဏ်၊
(၃) မေတ္တာရေမခန်းအောင် ပွားစေအပ်သောဂုဏ်၊
(၄) သူတစ်ပါးကို ဆုံးမတတ်သောဂုဏ်၊
(၅) သူတစ်ပါး၏အဆုံးအမကို ခံနိုင်သောဂုဏ်၊
(၆) နက်နဲသောတရားစကားကို ပြောကြားတတ်သောဂုဏ်၊
(၇) မလျော်ပတ်သောအရာ၌ မတိုက်တွန်းတတ်သောဂုဏ်တို့ ဖြစ်ပါသည်။

၂။ လူမှုနေရာမှန် ဖြစ်စေရေးအတွက် စရိုက် ၆-ပါးအနက် မည်သည့်စရိုက်ရှိသူအား မည်သည့်နေရာမျိုးနှင့် သင့်လျော်ကြောင်း အကျဉ်းချုပ် ရေးသားပါ။ (မှတ်စု နှာ- ၁၀၁, ၁၀၂)

ရာဂစရိုက်ရှိသူအား သင့်လျော်သောနေရာမျိုးမှာ - မစင်ကြယ်သောမြေပြင်၌, အထပ်မရှိသော, မပြုပြင်အပ်သော နံရံကိုမှီသော, မြင့်လွန်းသော နိမ့်လွန်းသော, ကြမ်းသောမြေလည်း ရှိသော, ကြောက်ရွံ့ဖွယ်ဘေးရန်ရှိသော မည်ညွတ်သောခရီးလည်း ရှိသော

http://www.dhammadownload.com

ကျောင်းမျိုး ဖြစ်၏၊ ကျောင်း၌ ကြမ်းပိုးတို့ဖြင့် ပြည့်သော ပုံပန်းမလှသောညောင်စောင်း အင်းပျဉ်လည်း ရှိ၏၊ ဤသို့ မြင်ရုံမျှပင် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သောကျောင်းသည် လျောက်ပတ်၏။

ဒေါသစရိုက်ရှိသောသူအား သင့်လျော်သော နေရာမျိုးမှာ - မမြင့်လွန်းမနိမ့်လွန်းသော၊ အရိပ်ရေနှင့် ပြည့်စုံသော၊ ကောင်းစွာဝေဖန်အပ်သော နံရံ တိုင် လှေကား ရှိသော၊ ခြုံးနွယ် ပန်းခိုကားတို့ဖြင့် တောက်ပသောကျောင်းတွင် ဘေးရန်ကင်း၍ ညီညွတ်သော ခရီးလည်း ရှိ၏၊ ကျောင်း၌ သန့်ရှင်းသောအခင်းတို့ဖြင့် ကောင်းစွာခင်းအပ်သော၊ကြမ်းပိုးမွှေ ကြွက်တို့ မမြှိခိုနိုင်သော, ပရိက္ခရာ မများစေဘဲ တစ်ခုသော ညောင်စောင်းအင်းပျဉ် ရှိ၏၊ ဤသို့မြင်ရုံမျှပင် နှစ်သက်ဝမ်းမြောက်မှု ဖြစ်စေသောကျောင်းသည်လျောက်ပတ်၏။

မောဟစရိုက်ရှိသောသူအား သင့်လျော်သော နေရာမျိုးမှာ- လွင်တီးခေါင်အရပ်သို့ မျက်နှာမူသော မကျဉ်းမြောင်းသော အရပ်မျက်နှာတို့သည် ဟင်းလင်းပွင့်လျက် ထင်သောကျောင်းသည် သင့်လျော်၏၊ ကြွင်းမှာ ဒေါသစရိုက်နှင့် တူ၏။

ဝိတက်စရိုက်ရှိသောသူအား သင့်လျော်သော နေရာမျိုးမှာ - နက်သောတောင်ချောက်ဝတွင် တောဖုံးလွှမ်းသော, ဆင်ဝမ်းဗိုက်နှင့်တူသော တောင်ဝှမ်း၊ ရှင်မဟိန္ဒမထေရ်၏ လိုဏ်နှင့်တူသော ကျောင်းမျိုး ဖြစ်၏။ ကြွင်းမှာ ရာဂစရိုက်နှင့် တူ၏။

သဒ္ဓါစရိုက်ရှိသောသူအား သင့်လျော်သောနေရာမျိုးမှာ- ဒေါသစရိုက်ရှိသူ၏အစီအရင်နှင့် အလုံးစုံတူ၏။

ဗုဒ္ဓိစရိုက်ရှိသောသူအတွက် မသင့်လျော်သော မလျောက်ပတ်သောအရာဟူ၍ မရှိပါ။

၁၉၈၅

၁။ ပရိယတ်အလုပ်သည် အမှန်တကယ်တရားအားထုတ်သူအတွက် အနှောင့်အယှက် (ပလိဘော၀) ဖြစ်သည်ဟု အဆိုရှိလေရာ ထိုအဆိုသည် ပုဂ္ဂိုလ်တိုင်းနှင့် သက်ဆိုင်ခြင်း ရှိမရှိ စိစစ်ပြပါ။ (မှတ်စု နှာ- ၉၉)

http://www.dhammadownload.com

ပရိယတ်အလုပ်သည် အမှန်တကယ်တရားအားထုတ်သူအတွက် အနှောင့်အယှက် (ပလိဗောဓ) ဖြစ်သည် ဟူသော အဆိုသည် ပုဂ္ဂိုလ်တိုင်းနှင့် သက်ဆိုင်ခြင်း မရှိပါ။

ကျမ်းဂန်သင်ကြားခြင်း(ပရိယတ်)ကို ဆောင်ရွက်ခြင်း၌ သရဇ္ဈာယ်ခြင်း,မှတ်သားခြင်း, လေ့ကျင့်ခြင်း, မေးမြန်းဆွေးနွေးခြင်း စသည်ဖြင့် အမြဲမပြတ်အားထုတ်ခြင်းဟုပါရ ရှိသူအားသာ ပလိဗောဓဖြစ်၏၊ ထိုသို့ ဟုပါရကြောင့်ကြ မစိုက်ရသောသူအား ပလိဗောဓ မဖြစ်ပေ။

ဥပမာ- မဇ္ဈိမနိကာယ်ဆောင် ရှင်ဒေဝမထေရ်သည် ကမ္မဋ္ဌာန်းယူပြီးသောအချိန် မှစ၍ တစ်ဖန်ပြန်၍ မကြည့်တော့ဘဲ ၁၉-နှစ်ပတ်လုံး ရွတ်ဖတ်သရဇ္ဈာယ်ခြင်း မပြုဘဲ နေ၏၊ အနှစ် ၂၀-မြောက်သောနှစ်၌ အရဟတ္တဖိုလ်သို့ ရောက်၏၊ ထို့နောက် အစမှ အဆုံးတိုင် ပြန်ရွတ်ဖတ်သော်လည်း ပုဒ်ဗျည်းတစ်လုံးမျှ မှားယွင်းခြင်း မရှိပေ။

ကာရဏ္ဍိယတောင်တွင်နေသော ရှင်နာဂမထေရ်သည်လည်း ၁၈-နှစ်တိုင်အောင် ပရိယတ်ကိုစွန့်၍ ပလိဗောဓဖြတ်၏၊ ထို့နောက်မှ ဓာတုကထာကို ပို့ချရာ အမေးပုစ္ဆာ တစ်ခုမျှလည်း ချွတ်ယွင်းခြင်း မဖြစ်ပေ။

၁၉၈၆

၁။ ရာဂသည် အကုသိုလ်ဖြစ်ပါလျက် ကုသိုလ်ဖြစ်သောအခါ သဒ္ဓါနှင့် သဘောတရားတူ၏ ဟူသော အဆိုပြချက်ကို လက်ခံသင့်-မသင့် ရှင်းလင်းဖြေဆိုပါ။ (မှတ်စု နှာ- ၁၀၄)

ရာဂသည် အကုသိုလ်ဖြစ်ပါလျက် ကုသိုလ်ဖြစ်သောအခါ သဒ္ဓါနှင့်သဘောတရားတူ၏ ဟူသော အဆိုပြချက်ကို လက်ခံသင့်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ရာဂနှင့် သဒ္ဓါသည် ဂုဏ်ချင်းနီးသောကြောင့် ဖြစ်ပါသည်။ ရာဂစရိုက်ရှိသူနှင့် သဒ္ဓါစရိုက်ရှိသူတို့ သဘောသဘာဝချင်းအားဖြင့် တူညီကြပုံမှာ -

(၁) ရာဂစရိုက်ရှိသူသည် အကုသိုလ်အဖို့၌ သိမ်မွေ့နူးညံ့၏၊ မကြမ်းတမ်း၊ မရုန့်ရင်း သကဲ့သို့ သဒ္ဓါစရိုက်ရှိသူသည် ကုသိုလ်အဖို့၌ နူးညံ့သိမ်မွေ့၏၊ မကြမ်းတမ်း။

(၂) ရာဂစရိုက်ရှိသူသည် ဝတ္ထုကာမကို ရှာဖွေသကဲ့သို့ သဒ္ဓါစရိုက်ရှိသူသည် သီလ စသောဂုဏ်ကို ရှာ၏။

http://www.dhammadownload.com

(၃) ရာဂစရိုက်ရှိသူသည် အကျိုးစီးပွားမဲ့ကို မစွန့်သကဲ့သို့ သဒ္ဓါစရိုက်ရှိသူသည် အကျိုးစီးပွားကို မစွန့်။

၂။ **စရိုက်ကို အကဲခတ်၍ နတ်ပြည်မှလာသူ, ငရဲမှလာသူဟု ခွဲခြားနိုင် မခွဲခြားနိုင် ဖြေဆိုရ၍၊ မူးယစ်ဆေးဝါး မှီဝဲသုံးစွဲသူသည် သံသရာ၌ မည်သည့်လူတန်းစားမျိုး ဖြစ်လေ့ရှိသည်ကို လည်း ရေးပြပါ။ (မှတ်စုနှာ- ၁၀၅)**

စရိုက်ကို အကဲခတ်၍ နတ်ပြည်မှလာသူ, ငရဲမှလာသူဟု ကေစိဆရာတို့၏အဆိုအရ ခွဲခြားနိုင်ပါသည်။ ထိုဆရာတို့က -

- ရာဂစရိုက်ရှိလျှင် နတ်ပြည်မှလာသူ ဖြစ်သည်၊
- ဒေါသစရိုက်ရှိလျှင် ငရဲမှလာသူ ဖြစ်သည်ဟု ဆိုကြကုန်သည်။

မူးယစ်ဆေးဝါး မှီဝဲသုံးစွဲသူသည် သံသရာ၌ မောဟစရိုက်ထူပြောသော လူတန်းစားမျိုး ဖြစ်လေ့ရှိပါသည်။

၃။ **ခြေရာကိုကြည့်၍ ရာဂကြီးသူ၊ ဒေါသကြီးသူ၊ မောဟကြီးသူဟု အကဲခတ်နည်းကို ဖော်ပြ၍၊ ကိလေသာကင်းသူ၏ ခြေရာသည် သူတကာထက် ထူးခြားပုံကိုလည်း ရေးပြခဲ့ပါ။ (မှတ်စုနှာ - ၁၀၇)**

ရာဂကြီးသူ၏ ခြေရာသည် - အလယ်၌ မထိ၊ ဆောင့်ကြွားကြွား ရှိ၏။
ဒေါသကြီးသူ၏ ခြေရာသည် - နောက်အဖို့သို့ ဆွဲငင်သကဲ့သို့ ဖြစ်၏။
မောဟကြီးသူ၏ ခြေရာသည် - အဆောတလျင် ခြေဖျားဖနောင့်ဖြင့်သာ ထောက်နင်းမိ၏။

ကိလေသာကင်းသူ၏ ခြေရာသည် - တညီတညွတ်ကောင်းစွာ ထိသည် ဖြစ်၏။

၁၉၈၃

၁။ **ခင်ရာဆွေမျိုး ဟူသောစကား မှန်-မမှန် ဆွေမျိုးနှစ်မျိုးနှစ်စား ထုတ်ပြလျက် ဆုံးဖြတ်ချက် ချပါ။ (မှတ်စုနှာ- ၉၈)**

ခင်ရာဆွေမျိုး ဟူသောစကား မှန်ပါသည်။

http://www.dhammadownload.com

ကျောင်း၌ ဆရာ, ဥပဇ္ဈာယ်၊ အတူနေတပည့်, အနီးနေတပည့်၊ ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်, ဆရာတူ သီတင်းသုံးဖော်, **အိမ်၌** အမိ၊ အဖ၊ ညီအစ်ကို၊ အစ်မ၊ ညီမ စသူတို့သည် ဆွေမျိုးများ ဖြစ်ကြပါသည်၊ ဤသို့ ဆွေမျိုးသည် နှစ်မျိုးနှစ်စားရှိပြီး - ကျောင်းဆွေမျိုးသည် ခင်မင်မှုကိုအကြောင်းပြုကာဆွေမျိုးတော်စပ်ခြင်း ဖြစ်သောကြောင့် ခင်ရာဆွေမျိုး ဟူသောစကား မှန်ပါသည်။

၁၉၈၈

၁။ **လောက၌ အဆွေခင်ပွန်းကောင်းရှိသူသည်သာ ကြီးပွားချမ်းသာနိုင်လေရာ ယင်း "မိတ်ကောင်းဆွေကောင်း"၌ ရှိအပ်သော အချက်အလက်များကို စုံလင်အောင် ရေးပြခဲ့ပါ။ (၁၉၈၄-၁) (မှတ်စုနှာ- ၁၀၁)**

၂။ **ခြေရာကို ကြည့်၍ ဤသူကား နောက်ပိုးလွန်သူ၊ ဤသူကား စိတ်ဆတ်သူ၊ ဤသူကား ထိုင်မှိုင်းသူ၊ ဤသူကား ကိလေသာကင်းသူဟူ၍ ခွဲခြားနည်းကို ဖော်ပြခဲ့ပါ။ (၁၉၈၆-၃) (မှတ်စုနှာ-၁၀၇)**

၁၉၈၉

၁။ **တကယ်တရားအားထုတ်လိုသူအတွက် အနှောင့်အယှက်ဖြစ်သော ဂိုဏ်းဟူသည် ယခုခေတ် ဂိုဏ်းများနှင့် တူ-မတူ ရှင်းလင်းဖြေဆို၍၊ ယင်းပုဂ္ဂိုလ်က ယင်းဂိုဏ်းများ၌ ကျင့်သုံးရမည့် နည်းလမ်းများကိုလည်း တင်ပြခဲ့ပါ။ (မှတ်စုနှာ- ၉၇)**

တရားအားထုတ်လိုသူအတွက် အနှောင့်အယှက်ဖြစ်သော ဂိုဏ်းဟူသည် ယခုခေတ် ဂိုဏ်းများနှင့် မတူပါ။

ယခုခေတ် ဂိုဏ်းမျိုးကား ဆရာစဉ်ဆက်ကို ဖြစ်စေ၊ ကံဒါရစသော အယူအဆကိုဖြစ်စေ အကြောင်းပြု၍ဖွဲ့အပ်သောဂိုဏ်းများ ဖြစ်ပါသည်၊ ဥပမာ - ရွှေကျင်ဂိုဏ်း၊ သုခမ္မာဂိုဏ်း။

http://www.dhammadownload.com

ဂဏပလိဗောဓမှ ဂိုဏ်းဟူသည်ကား သင်ကြားအပ်သော စာပေကို အကြောင်းခံ၍ သုတ္တန်ကိုဆောင်သောဂိုဏ်း၊ အဘိဓမ္မာကိုဆောင်သောဂိုဏ်းဟု ဆိုအပ်သောဂိုဏ်းများ ဖြစ်ပါသည်။

ထိုဂိုဏ်းအား ပါဠိသင်ခြင်း၊ အဋ္ဌကထာသင်ခြင်းပြုရသောကြောင့် ရဟန်းတရားအားထုတ်ခွင့် မရသည်ဖြစ်၍ ထိုရဟန်းအား ဂိုဏ်းသည် ပလိဗောဓ ဖြစ်၏။

တရားအားထုတ်လိုသောပုဂ္ဂိုလ်က ယင်းဂိုဏ်းများ၌ ကျင့်သုံးရမည့်နည်းလမ်းများမှာ-

(၁) သင်ယူသူရဟန်းတို့အား များစွာသင်ကြားပြီးသည်ဖြစ်၍ အကြွင်းအကျန်နည်းလျှင် ထိုအကြွင်းအကျန်ကို အပြီးသတ်စေ၍ တောသို့ ဝင်အပ်၏။

(၂) အကယ်၍ အနည်းငယ်သာသင်ကြားပြီး၍ အကြွင်းအကျန်များပါက တစ်ယူဇနာအတွင်းရှိ အခြားသောဂိုဏ်းရှိ ကျမ်းဂန်သင်ကြားသောဆရာသို့ ချဉ်းကပ်ပြီး "ပါဠိသင်ခြင်းစသည်ဖြင့် ခီးမြောက်တော်မူပါ"ဟု လျှောက်ထားပြောဆိုအပ်၏။

(၃) ဤသို့လွှဲအပ်ရမည့်ပုဂ္ဂိုလ် မရရှိသော် "ငါ့ရှင်တို့ - ငါ့အား ကိစ္စတစ်ခုရှိ၏။ သင်တို့သည် အလိုရှိရာချမ်းသာသောနေရာတို့သို့ သွားကြကုန်လော့"ဟု ဆို၍ ဂိုဏ်းကို စွန့်ပြီး မိမိ၏ရဟန်းတရားကို ပြုလုပ်အားထုတ်အပ်၏။

၂။ ရဟန်းတော်၏ မိဘ မောင်နှမ ယောက်ဖတို့သည် ရဟန်းတော်ထံမှ "ရောဂါပျောက်ဆေး" လိုအပ်ခဲ့သော် မိမိလည်းဆေးရ၊ ရဟန်းတော်လည်း အာပတ်မသင့်အောင် ဆေးတောင်းနည်းကို ဖြေဆိုပါ။ (မှတ်စုနှာ- ၉၈)

ရဟန်းတော်၏မိဘမောင်နှမယောက်ဖတို့သည် ရဟန်းတော်ထံမှ "ရောဂါပျောက်ဆေး" လိုအပ်ခဲ့သော် **အာပတ်မသင့်အောင် ဆေးတောင်းနည်းမှာ -**

- မိဘဖြစ်ပါက ရဟန်းတော်သည် မိမိ၏ဥစ္စာကို ပေးအပ်၏၊ မိမိမှာ မရှိခဲ့သော် ဆေးအလှူခံသောအကျင့်ဖြင့် ရှာမှီးပေးရသည်။
- မောင်နှမတို့ကိုမူ ထိုသူတို့၏ဆေးကိုသာဖော်စပ်၍ ပေးအပ်၏၊ ထိုသူတို့မှာ ဆေးမရှိခဲ့သော် မိမိ၏ဥစ္စာကို အခိုက်အတန့်မျှ ပေး၍ နောက်၌ ပြန်ရလျှင် ယူအပ်၏၊ မရခဲ့သော် မတောင်းအပ်ချေ။

http://www.dhammadownload.com

- ယောက်ဖအတွက်မူ ရဟန်းတော်သည် ဆေးကုခြင်းငှာ မအပ်၊ သို့သော် "သင်၏ လင်အား ပေးလော့" ဟု ဆို၍ နှမကိုမူကား ပေးအပ်၏။

ဤသို့ မိဘတို့သည် ရဟန်းတော်ထံ ဆေးကို တောင်းအပ်၏၊ မောင်နှမတို့သည် မိမိဆေးဖြင့် ဖော်စပ်ပေးရန် တောင်းအပ်၏၊ ယောက်ဖသည် နှမမှတစ်ဆင့် တောင်းအပ်၏၊ သို့မှ မိမိလည်း ဆေးရ, ရဟန်းတော်လည်း အာပတ်မသင့်သော ဆေးတောင်းနည်း ဖြစ်ပေသည်။

၃။ ယခုစာဖြေပုဂ္ဂိုလ်သည် မိမိအတွက် အဆင်ပြေသော အစားအသောက်၊ အနေအထိုင်တို့ကို အဘယ်စံနှုန်းဖြင့် ရွေးချယ်မည်နည်း၊ စနစ်တကျတင်ပြခဲ့ပါ။ (မှတ်စုနှာ- ၁၁၇)

ယခုစာဖြေပုဂ္ဂိုလ်သည် မိမိအတွက် အဆင်ပြေသော အစားအသောက်, အနေအထိုင်တို့ကို ရွေးချယ်ရာ၌ မိမိတွင် အဖြစ်များသောစရိုက်ကို ကြည့်၍ ထိုစရိုက်နှင့် သင့်လျော်သော အစားအသောက် အနေအထိုင်တို့ကို ရွေးချယ်ရပါမည်။

စာဖြေပုဂ္ဂိုလ်မိမိသည် လွတ်လွတ်စွန့်ကြဲလိုခြင်း၊ သူတော်ကောင်းတရားကို နာကြားလိုခြင်း၊ ဝမ်းမြောက်ခြင်းများသော သဒ္ဓါစရိုက်ရှိသောကြောင့် - မိမိအတွက် အဆင်ပြေသောအစားအသောက်မှာ အဆင်းအနံ့အရသာနှင့် ပြည့်စုံသော, အဆီဩဇာရှိသော, နှလုံးနှစ်သက်ဖွယ်ဖြစ်သော, မွန်မြတ်သော, မျှတလောက်ရုံသောထမင်း, ယာဂု, ခဲဘွယ်တို့ ဖြစ်ပါသည်၊ အနေအထိုင်မှာ အိပ်ခြင်းနှင့် ထိုင်ခြင်း ဣရိယာပုထ်တို့နှင့် သင့်လျော်ပါသည်။

၁၉၉၀

၁။ အစားအစာ စားသောက်ပုံနှင့် ကြိုက်နှစ်သက်တတ်ပုံကို ကြည့်ရှု၍ ဤသူကား ရာဂကြီးသူ၊ ဤသူကား မောဟကြီးသူ ဟူ၍ ခွဲခြားနည်းကို ဖော်ပြပါ။ (မှတ်စုနှာ- ၁၀၈)

အစားအစာ စားသောက်ပုံနှင့် ကြိုက်နှစ်သက်တတ်ပုံကို ကြည့်ရှု၍ ခွဲခြားနည်းမှာ - ရာဂကြီးသူသည် - နူးညံ့သိမ်မွေ့သော ကောင်းမွန်ချိုမြိန်သော ဘောဇဉ်ကိုကြိုက်၏၊ စားသောက်ပုံမှာ မကြီးလွန်းသော အဝန်းညီသော ဆွမ်းလုတ်ကိုပြု၍ အရသာခံစား

http://www.dhammadownload.com

လျက် မဆောမလျင်စား၏၊ တစ်စုံတစ်ခုကောင်းမွန်သောအရသာကို ရသော် နှစ်သက်ဝမ်းမြောက်၏။

ဒေါသကြီးသူသည် - ကြမ်းသော ချဉ်သော ဘောဇဉ်ကို ကြိုက်၏၊ စားသောက်ပုံမှာ - ခံတွင်းပြည့်အောင် ပလုပ်ပလောင်းပြု၍ အရသာမခံဘဲ မြန်မြန်စားတတ်၏၊ တစ်စုံတစ်ရာ မနှစ်သက်ဖွယ်သောအရသာကို ရခဲ့သော် နှလုံးမသာမယာဖြစ်၏။

မောဟကြီးသူသည် - ကြိုက်သောဘောဇဉ်ကို အမှတ်မရှိပေ၊ စားသောက်ပုံမှာ - မညီမညွတ်အနည်းငယ်သောဆွမ်းလုတ်ကိုပြု၍ ခွက်၌ ဆွမ်းကို စွန့်ပစ်၍ ခံတွင်းကို လူးလဲစေလျက် စိတ်ပျံ့လွင့်သည်ဖြစ်၍ ထိုထိုအာရုံကို ကြံလျက်စား၏။

၂။ ကမ္မဋ္ဌာန်း-၄၀တို့တွင် နတ်ဘုံ၊ ရူပဘုံ၊ အရူပဘုံတို့၌ ပွားများအားထုတ်နိုင်သော ကမ္မဋ္ဌာန်းသရုပ်အသီးသီးကို သိသာရုံ တင်ပြပါ။ (မှတ်စုနှာ- ၁၁၈)

နတ်ဘုံ၌ ပွားများအားထုတ်နိုင်သော ကမ္မဋ္ဌာန်းသရုပ်မှာ - ကသိုဏ်း ၁၀-ပါး၊ ကာယဂတာသတိကြဉ်သော အနုဿတိ ၉-ပါး၊ အပွမညာ ၄-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး = ပေါင်း ၂၈-ပါး ဖြစ်ပါသည်။

ရူပဘုံ၌ ပွားများအားထုတ်နိုင်သော ကမ္မဋ္ဌာန်းသရုပ်မှာ - ကသိုဏ်း ၁၀-ပါး၊ ကာယဂတာသတိ, အာနာပါနဿတိ ကြဉ်သော အနုဿတိ ၈-ပါး၊ အပွမညာ ၄-ပါး၊ စတုဓာတုဝဝတ္ထာန် ၁-ပါး၊ အာရုပ္ပ ၄-ပါး = ပေါင်း ၂၇-ပါး ဖြစ်ပါသည်။

အရူပဘုံ၌ ပွားများအားထုတ်နိုင်သော ကမ္မဋ္ဌာန်းသရုပ်မှာ- အာရုပ္ပ ၄-ပါး ဖြစ်ပါသည်။

၁၉၉၁

၁။ ဒေါသအားကြီးသောပုဂ္ဂိုလ်၏ အတိတ်ဘဝက လေ့လာဆောင်ရွက်ချက်များနှင့် ဖြစ်ခဲ့ရာဘဝတို့ကို စိစစ်တင်ပြပြီး၊ ငါသာတတ်သည် ငါသာမြတ်သည်ဟု မာန်ထောင်မှုကို ပယ်ခွာနိုင်ရန် အဘယ်ကမ္မဋ္ဌာန်းကို အားထုတ်သင့်သည်ကိုလည်း ညွှန်ကြားခဲ့ပါ။

ဒေါသအားကြီးသော ပုဂ္ဂိုလ်၏ အတိတ်ဘဝက လေ့လာဆောင်ရွက်ချက်များမှာ -

- ရှေးအတိတ်ဘဝက သတ်ဖြတ်ခြင်း၊ ရန်မူခြင်း၊ နှောင်ဖွဲ့ခြင်း များခဲ့၏။
- ဖြစ်ခဲ့ရာဘဝတို့မှာ ငရဲရွာ၊ နဂါးမျိုးတို့ ဖြစ်နိုင်၏။ **(မှတ်စုနှာ- ၁၀၅)**

http://www.dhammadownload.com

ငါသာတတ်သည်၊ ငါသာမြတ်သည်ဟု မာန်ထောင်မှုကို ပယ်ခွာနိုင်ရန် (မေယိယသုတ် ၌) အနိစ္စသညာကမ္မဋ္ဌာန်းကို ပွားများအားထုတ်သင့်ပါသည်။ **(မှတ်စုနှာ- ၁၂၀)**

၁၉၉၂

၁။ လောက၌ မိတ်ဆွေကောင်းရှိမှသာ ကြီးပွားတတ်ကြရာ မိတ်ကောင်းဆွေကောင်းအဖြစ် သတ်မှတ်နိုင်သော အချက်အလက်တို့ကို ပြည့်စုံစွာ တင်ပြခဲ့ပါ။ (၁၉၈၄- ၁)

၂။ အလုံးစုံသောအရာဌာနတို့၌ အလိုရှိအပ်သော သဗ္ဗတ္ထကကမ္မဋ္ဌာန်းသဘောကို တင်ပြပြီး လျှင်၊ (မှတ်စုနှာ- ၁၀၀)

သဗ္ဗတ္ထက ကမ္မဋ္ဌာန်းသဘောမှာ -

ကျေးဇူးများလှသဖြင့် အရာခပ်သိမ်း၌ ရှေ့သွားအဖြစ်ဖြင့် အလိုရှိအပ်သော ကြောင့်၎င်း၊ လိုရင်းဖြစ်သော ဘာဝနာအားထုတ်မှု၏အကြောင်း ဖြစ်သောကြောင့်၎င်း အရာခပ်သိမ်း၌ အလိုရှိအပ်သော သဗ္ဗတ္ထကကမ္မဋ္ဌာန်း ဟူ၍ ဆိုအပ်၏။

('အရာခပ်သိမ်း၌' ဟူသည် -အလုံးစုံသောရဟန်းကိစ္စ၌၊ သို့မဟုတ် - အလုံးစုံသောကမ္မဋ္ဌာန်းကို အားထုတ်ခြင်း၌ ဟု ဆိုလိုသည်။) သဗ္ဗတ္ထကကမ္မဋ္ဌာန်းတို့မှာ မေတ္တာကမ္မဋ္ဌာန်း, မရဏာဿတိကမ္မဋ္ဌာန်း, အသုဘသညာတို့ ဖြစ်ပါသည်။

၁၉၉၃

၁။ မူးယစ်ဆေးဝါးသုံးစွဲသူများ ဘဝသံသရာ ကျင်လည်ရာ၌ မည်သည့်လူတန်းစားမျိုးဖြစ်လေ့ ရှိသည်ကို ဖြေဆိုပြီး၊ "အသွေးမြင် အသွင်သိ"ဆိုသောစကားအရ သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ် ဟု ဆုံးဖြတ်နိုင်သောအပြုအမူတို့ကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စုနှာ- ၁၀၅, ၁၀၇)

မူးယစ်ဆေးဝါး သုံးစွဲသူများသည် ဘဝသံသရာကျင်လည်ရာ၌ မောဟစရိုက်ထူပြော သော လူတန်းစားမျိုး ဖြစ်လေ့ ရှိပါသည်။

သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ်ဟု ဆုံးဖြတ်နိုင်သော အပြုအမူတို့မှာ-

http://www.dhammadownload.com

ပကတိအတိုင်းသွားသော် ယဉ်ကျေးတင့်တယ်စွာ သွား၏၊ ခြေကို ဖြေးဖြေးညှီညှီ ချ၏၊ ကြွ၏၊ ခြေရာသည် အလယ်မထိ၊ ဆောင့်ကြွားကြွားရှိ၏၊ ရပ်သော ထိုင်သောအခါ ကြည်ညိုဖွယ် ဆောင်၏၊ ယဉ်ကျေးတင့်တယ် နှစ်သက်ဘွယ်ရှိ၏၊ လျောင်းသောအခါ ဖြည်းဖြည်းညှီညှီ အိပ်ရာကိုခင်း၍ ဖြည်းဖြည်းလျောင်းပြီး ကိုယ်လက်အင်္ဂါတို့ကို ကောင်းစွာထားလျက် ကြည်ညိုဖွယ် အိပ်၏၊ အိပ်ရာမှ ထလျှင်လည်း အဆောတလျင် မထမူ၍ ဖြေးဖြေးသာသာ စကားတုံ့ပြုပြီးမှ ထ၏။

၂။ နတ်ပြည်၌ မဖြစ်သော ကမ္မဋ္ဌာန်းတို့ကိုဖော်ပြပြီး၊ (မှတ်စုနှာ- ၁၁၈)

နတ်ပြည်၌ မဖြစ်သော ကမ္မဋ္ဌာန်းတို့မှာ အသုဘ ၁၀-ပါး၊ ကာယဂတာသတိ ၁-ပါး၊ အာဟာရေပဋိကူလသညာ ၁-ပါး = ပေါင်း ၁၂-ပါးသော ကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။

၁၉၉၄

၁။ ရာဂစရိုက်ရှိသူ၏ (က) ဣရိယာပထ၊ (ခ) ကိစ္စ၊ (ဂ) ဘောဇန၊ (ဃ) ဒဿန၊ (င) ပဝတ္တိ ဓမ္မများကို အကျဉ်းချုပ် ရေးသားပြခဲ့ပါ။ (မှတ်စုနှာ- ၁၀၇-၁၀၉)

ရာဂစရိုက်ရှိသူ၏ -

(က) ဣရိယာပထမှာ - ပကတိအတိုင်းသွားသော် ယဉ်ကျေးတင့်တယ်စွာ သွား၏၊ ခြေကို ဖြည်းဖြည်းညှီညှီချ၏၊ ကြွ၏၊ ရပ်ခြင်း ထိုင်ခြင်း၌ ကြည်ညိုဖွယ်ဆောင်၏၊ ယဉ်ကျေးတင့်တယ် နှစ်သက်ဖွယ် ရှိ၏၊ လျောင်းခြင်း၌ ညှီညှီညှတ်ညှတ် အိပ်ရာကိုခင်း၍ ဖြည်းဖြည်းလျောင်းပြီး ကိုယ်အင်္ဂါတို့ကို ကောင်းစွာထားလျက် ကြည်ညိုဖွယ်အိပ်၏၊ အိပ်ရာထသောအခါ အဆောတလျင်မထမူ၍ ဖြေးဖြေးသာသာ စကားတုံ့ကို ပြုပြီးမှ ထ၏။

(ခ) ကိစ္စမှာ - တံမြက်လှည်းခြင်း၌ ကောင်းမွန်စွာကိုင်၍ မလျင်မမြန် သဲကို ဖရိုဖရဲ မကြဲစေဘဲ ရေအုန်းနဲ့ပန်းဖြန့်ခင်းသကဲ့သို့ စင်ကြယ်စွာ အညီအညွတ်လှည်း၏၊ သင်္ကန်းဖွတ်ခြင်းဆိုးခြင်း၌ သိမ်မွေ့ကောင်းမွန်စွာ ညှီညှီညှတ်ညှတ် ရိုရိုသေသေ ပြုပြင်လေ့ရှိ၏၊ သင်္ကန်းဝတ်ရုံခြင်း၌ မတင်းလွန်းမလျော့လွန်း ကြည့်ရှု၍ ကောင်းပြီး အဝန်းညီပါသည်။

http://www.dhammadownload.com

(ဂ) **ဘောဇနမှာ** - နူးညံ့သိမ်မွေ့သော ကောင်းမွန်ချိုမြိန်သောဘောဇဉ်ကို ကြိုက်၏၊ သုံးဆောင်သောအခါ မကြီးလွန်းသော အဝန်းညီသော ဆွမ်းလုတ်ပြု၍ အရသာကို ခံစားလျက် မဆောမလျင် စား၏၊ တစ်စုံတစ်ခု ကောင်းမွန်သောအရသာကို ရသော် နှစ်သက်ဝမ်းမြောက်၏။

(ဃ) **ဒဿနမှာ** - အနည်းငယ်နှလုံးမွေ့လျော်စရာ ရူပါရုံကိုမြင်လျှင် အံ့ဖွယ်ဖြစ်သကဲ့သို့ ကြာမြင့်စွာကြည့်၍ အနည်းငယ်သောဂုဏ်ကျေးဇူး၌ ကပ်ငြိ၏၊ ဟုတ်မှန်သော အပြစ်ကိုလည်း မယူတတ်၊ ဖဲသွားသော်လည်း မလွတ်လို၍ တင့်ကွက်ကွက် ဖဲသွား၏။

(င) **ပဝတ္တိဓမ္မမှာ** -(၁) မိမိအပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း-မာယာ၊ (၂) မိမိ၌ထင်ရှားမရှိသောဂုဏ်ကိုပြခြင်း- သောဌေယျ၊ (၃) တက်ကြွထောင်လွှားခြင်း- မာန၊ (၄) အလိုဆိုးရမ်းကြီးခြင်း- ပါပိစ္ဆတာ၊ (၅) အလိုကြီးခြင်း- မဟိစ္ဆတာ၊ (၆) မရောင့်ရဲခြင်း- အသန္တုဋ္ဌိတာ၊ (၇) ပြည်ကြီးသူတို့ကဲ့သို့ စံပယ်သောသူ၏ အဖြစ် - သိဂ်၊ (၈) မိမိကိုယ်ကို, မိမိ၏ပရိက္ခရာတို့ကို တန်ဆာဆင်ခြင်းဖြင့် လျှပ်ပေါ်သောသူ၏အဖြစ်- စာပလျှဟူသော အကုသိုလ်တရားတို့သည် အဖြစ်များကုန်၏။

၂။ **အလှူဒါနပြုကြသူငါ အခန်းကဏ္ဍတွင် သဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းနေကြသည့် အမျိုးကောင်းသားသမီးများအား ပေးရမည့် ကမ္မဋ္ဌာန်းတရားကို ရေးပြ၍၊**

သဒ္ဓါတရားထက်သန်သောသူများအား ပေးရမည့်ကမ္မဋ္ဌာန်းတရား မှာ-

(၁) ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊
(၂) ဓမ္မာနုဿတိ ကမ္မဋ္ဌာန်း၊
(၃) သံဃာနုဿတိ ကမ္မဋ္ဌာန်း၊
(၄) သီလာနုဿတိ ကမ္မဋ္ဌာန်း၊
(၅) စာဂါနုဿတိ ကမ္မဋ္ဌာန်း၊
(၆) ဒေဝတာနုဿတိ ကမ္မဋ္ဌာန်းတရားတို့ ဖြစ်ပါသည်။ **(မှတ်စု နှာ- ၁၂၀)**

---

http://www.dhammadownload.com

၁၉၉၅

၁။ **"မေတ္တာရေဖြန်း၊ ငြိမ်းချမ်းသာယာ" လမ်းစဉ်အရ သတ္တဝါကကမ္ဘာနန်းဖြစ်သော မေတ္တာကို ပွားများသော ရဟန်း၏ မေတ္တာပွားမှုအစဉ်ကို ပြဆိုပြီး၊ နယ်ပယ်အစိုးရသူနှင့် သတ္တဝါအများကို မေတ္တာပွားသဖြင့် ရရှိသောအကျိုးများကိုလည်း ထုတ်ဖော်ပြပါ။ (မှတ်စုနှာ-၁၀၀, ၁၀၁)**

သတ္တဝါကကမ္ဘာနန်းဖြစ်သော မေတ္တာကိုပွားများသော ရဟန်း၏ မေတ္တာပွားမှုအစဉ်မှာ

(၁) ဥပစာရသိမ်ခေါ် ကျောင်းတိုက်အတွင်း၌တည်သော ရဟန်းသံဃာများ၊
(၂) ဥပစာရသိမ်အတွင်းရှိ နတ်များ၊
(၃) ဆွမ်းခံရွာကို အစိုးရသောမင်း၊
(၄) ဆွမ်းခံရွာ၌ရှိသော လူများ၊
(၅) အလုံးစုံသောသတ္တဝါတို့ ဖြစ်ပါသည်။

- **နယ်ပယ်အစိုးရသူကို မေတ္တာပွားသဖြင့်** နူးညံ့သောစိတ်ထားရှိသော မင်းတို့သည် ထိုရဟန်း၏ပရိက္ခရာတို့ကို တရားနှင့်လျော်သောစောင့်ရှောက်ခြင်းဖြင့် ကောင်းစွာစောင့်ရှောက်အပ်၏။
- **သတ္တဝါအများကို မေတ္တာပွားများသဖြင့်** အလုံးစုံသောအရပ်မျက်နှာတို့တွင် အထိအခိုက် အနှောင့်အယှက်မရှိဘဲ လှည့်လည်နိုင်၏။

၂။ **ကမ္ဘာနန်းတရားပွားများသောရဟန်းသည် ရှေးဦးစွာ မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို အပ်နှံလျှဒါန်းခြင်း ပြုလေ့ရှိရာ၊ ယင်းသို့ မြတ်စွာဘုရားအား ခန္ဓာကိုယ်ကို အပ်နှံလျှဒါန်းခြင်း၊ မလျှဒါန်းခြင်းအတွက် အကျိုးသက်ရောက်ပုံများကို သိမှတ်ဖွယ်ရာ ရှင်းပြပါ။ (မှတ်စုနှာ - ၁၂၁)**

ကမ္ဘာနန်းတရားပွားများသော ရဟန်းသည် ရှေးဦးစွာ မြတ်စွာဘုရားအား မိမိခန္ဓာကိုယ်ကို အပ်နှံလျှဒါန်းခြင်းဖြင့် အကျိုးသက်ရောက်ပုံမှာ -

ကမ္ဘာနန်းတရားအားထုတ်စဉ် ကြောက်မက်ဖွယ်အာရုံထင်သော်လည်း မိမိကိုယ်ကို မြတ်စွာဘုရားထံ အပ်နှံပြီးပြီဟု ဆင်ခြင်မိသောအခါ ကြောက်လန့်စိတ်မဖြစ်၊ ဝမ်းမြောက်ခြင်းပင် ဖြစ်နိုင်၏။

http://www.dhammadownload.com

ဥပမာ-မိမိ၌ရှိသော ကာသိတိုင်းဖြစ်အဝတ်ကို ကြွက်ကိုက်လျှင် နှလုံးမသာယာဖြစ်၏၊ သို့သော် ထိုအဝတ်ကို သက်နှံးမရှိသောရဟန်းအား ပေးလျှူ၍ ထိုရဟန်းက အပိုင်းပိုင်းဖြတ်သည်ကိုမြင်သော် ဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့တည်း။

မြတ်စွာဘုရားအား မိမိခန္ဓာကိုယ် မလျှဒါန်းခြင်း၌ အပြစ်ကား -

အစွန်အဖျားကျောင်း၌ နေသောသူအား ကြောက်မက်ဖွယ်အာရုံ ထင်လာပါက ကြံ့ကြံ့ခံနိုင်ခြင်းငှာ မတတ်နိုင်၍ ရွာနီးကျောင်းသို့ဝင်ပြီး လူတို့နှင့်ရောပြွမ်းမိ၍ မအပ်သောရှာမှီးခြင်းသို့ရောက်ကာ အကျိုးမဲ့ပျက်စီးနိုင်၏။

၁၉၉၆

၁။ ကမ္မဋ္ဌာန်းတရား အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည် ပယ်ဖြတ်သင့်သော ပလိဗောဓ ဆယ်ပါးရှိရာတွင် "ဂဏ"အရကို ဖော်ပြ၍၊ "ဂဏပလိဗောဓ" ဖြစ်ပွားပုံ၊ ပယ်ဖြတ်ပုံများကို နည်းယူဖွယ်ရာ ရှင်းပြဖြေဆိုပါ။ (၁၉၈၉-၁) (မှတ်စုနှာ- ၉၇)

၂။ မိတ်ဆွေကောင်းသည် ကြီးပွားချမ်းသာရေးအတွက် လွန်စွာလိုအပ်ရကား မိတ်ဆွေကောင်းဂုဏ်အင်္ဂါ ၇-ပါးမှ ပဓာနကျသော နောက်ဆုံးဂုဏ်အင်္ဂါ ၂-ပါးကို ထုတ်ပြပြီးလျှင်၊ အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်မျိုးသာ မိတ်ဆွေကောင်းစစ်စစ် ဖြစ်ကြောင်းကို ရှင်းလင်းဖြေဆိုပါ။ (မှတ်စုနှာ- ၁၀၁)

မိတ်ဆွေကောင်းဂုဏ်အင်္ဂါ ၇-ပါးမှ ပဓာနကျသော နောက်ဆုံးဂုဏ်အင်္ဂါ ၂-ပါးမှာ-

(၁) နက်နဲသောတရားစကားကို ပြောကြားတတ်သောဂုဏ်၊

(၂) မလျော်ပတ်သောအရာ၌ မတိုက်တွန်းတတ်သောဂုဏ်တို့ဖြစ်ပါသည်။

အကောင်းဆုံး ကလျာဏမိတ္တ

မြတ်စွာဘုရားတည်းဟူသော မိတ်ဆွေကောင်းကိုအကြောင်းပြု၍ ပဋိသန္ဓေနေရမှု ဇာတိသဘောမကင်းသောသတ္တဝါတို့သည် ထိုဇာတိသဘောမှ လွတ်ကြသောကြောင့် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားသည်သာလျှင် အလုံးစုံသောအခြင်းအရာနှင့် ပြည့်စုံသော အကောင်းဆုံးကလျာဏမိတ္တမိတ်ကောင်းစင်စစ် ဖြစ်ပါသည်။

---

http://www.dhammadownload.com

၁၉၉၃

၁။ **ကုလပလိဗောဓနှင့်စပ်၍ အချို့သောပုဂ္ဂိုလ်များအား အလုပ်အကျွေးဒါယကာအဖေါ်ကြောင့်ကြခြင်းဖြစ်ပုံကို ထင်ရှားအောင် တင်ပြပြီး၊ ကုလပလိဗောဓ ကင်းရှင်းသော ဘာဂိနေယျဒဟရဘိက္ခုအား မယ်တော်ကြီးက ခီးကျူးပြောဆိုသောစကားများကိုလည်း အတုယူဖွယ်ရာ ဖော်ပြပါ။ (မှတ်စုနှာ- ၉၅)**

ကုလပလိဗောဓနှင့်စပ်၍ အချို့သောပုဂ္ဂိုလ်များ အလုပ်အကျွေးဒါယကာအဖေါ်ကြောင့်ကြခြင်းဖြစ်ပုံမှာ -

"ဒါယကာများ ချမ်းသာလျှင် မိမိလည်း ချမ်းသာ၏" စသည်ဖြင့် အကျွမ်းတဝင် ချစ်ခင်နေသောသူအား ပလိဗောဓ ဖြစ်၏၊ အလုပ်အကျွေးဒါယကာနှင့် ကင်းကွာ၍ တရားနာခြင်းငှာ အနီးအပါးဌာနရှိသောကျောင်းသို့ပင် မသွားနိုင်ဘဲ ပလိဗောဓဖြစ်တတ်သည်။

ကုလပလိဗောဓကင်းရှင်းသော ဘာဂိနေယျဒဟရဘိက္ခုအား မယ်တော်ကြီးက ခီးကျူးပြောဆိုသောစကားမှာ -

"ငါ့သားနှင့်တူသော ရဟန်းကို မျက်မှောက်ထင်ရှားသက်သေထား၍ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရထဝိနီတသုတ်၌လာသော အကျင့်မြတ်တို့ကိုလည်းကောင်း၊ နာဠကသုတ်၌လာသော အကျင့်မြတ်တို့ကိုလည်းကောင်း၊ တုဝဋ္ဋကသုတ်၌လာသော အကျင့်မြတ်တို့ကိုလည်း၊ ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်း, ဘာဝနာ၌ မွေ့လျော်ခြင်းကို ပြသော မဟာအရိယဝံသသုတ်လာ အကျင့်မြတ်တို့ကိုလည်း ဟောတော်မူခဲ့ဟန် တူလေသည်၊ သင့်ကို မွေးဖွားသော အမိ၏အိမ်၌ ဝါတွင်း ၃-လပတ်လုံး ဆွမ်းသုံးဆောင်ပါသော်လည်း 'ငါကား သင်၏သား၊ သင်ကား ငါ၏အမိ' ဟူ၍မျှပင် မဆိုပေ၊ အထူးအံ့သြဖွယ်ကောင်းသောယောကျ်ားမြတ်ပေတည်း" ဟူ၍ ဆိုလေသည်။

၂။ **ဒေါသထူပြော အားကောင်းသော ပုဂ္ဂိုလ်နှင့် ပညာထူပြော အားကောင်းသော ပုဂ္ဂိုလ်တို့၏ တူသောသဘောများကို ပြည့်စုံစွာ ထုတ်ပြဖြေဆိုပါ။ (မှတ်စုနှာ - ၁၀၄)**

http://www.dhammadownload.com

ဒေါသထူပြော အားကောင်းသော ပုဂ္ဂိုလ်နှင့် ပညာထူပြော အားကောင်းသောပုဂ္ဂိုလ်တို့၏ တူသောသဘောများကို ပြည့်စုံစွာထုတ်ပြဖြေဆိုရသော်-

ဒေါသစရိုက်	ဗုဒ္ဓိစရိုက် (ပညာ)
၁။ အကုသိုလ်အဖို့၌ ဒေါသသည် အဆီအစေးမရှိသောကြောင့် အာရုံကို မကပ်ငြိ။	ကုသိုလ်အဖို့၌ ပညာသည် အဆီအစေး မရှိသောကြောင့် အာရုံကို မကပ်ငြိ။
၂။ ဒေါသသည် မမှန်သောအပြစ်ကို သာ ရှာတတ်၏။	ပညာသည် ဟုတ်မှန်သောအပြစ်ကို သာ ရှာတတ်၏။
၃။ ဒေါသသည် သတ္တဝါကို ကြဉ်ရှောင်သောအခြင်းအရာအားဖြင့် ဖြစ်၏။	ပညာသည် သခ်ါရကို ကြဉ်ရှောင် သော အခြင်းအရာအားဖြင့် ဖြစ်၏။

ဤသို့လျှင် ဒေါသထူပြောအားကောင်းသောပုဂ္ဂိုလ်နှင့် ပညာထူပြောအားကောင်းသောပုဂ္ဂိုလ်တို့သည် တူသောသဘောများရှိကြသောကြောင့် ဒေါသထူပြောအားကောင်းသောပုဂ္ဂိုလ်သည် ကုသိုလ်ဖြစ်သောအခါ ပညာအားကောင်း၏၊ အဘယ်ကြောင့်ဆိုသော် ပညာသည် ဒေါသနှင့်နီးသော ဂုဏ်ရှိသောကြောင့် ဖြစ်ပါသည်။

၁၉၉၈

၁။ တရားအလုပ်ကို အားထုတ်ရာတွင် သမထကိုသာ ပွားများဖူးသောပုဂ္ဂိုလ်နှင့် ဝိပဿနာကိုသာ ပွားများဖူးသောပုဂ္ဂိုလ်တို့၏ ထူးခြားချက်များကို ထုတ်ဖော်ခွဲခြား ပြပါ။ (မှတ်စုနှာ-၉၀)

တရားအလုပ်အားထုတ်ရာတွင် သမထကိုသာ ပွားများဖူးသောပုဂ္ဂိုလ်နှင့် ဝိပဿနာကိုသာ ပွားများဖူးသောပုဂ္ဂိုလ်တို့၏ ထူးခြားချက်များမှာ -

သမထကိုသာ ပွားများဖူးသော ပုဂ္ဂိုလ်သည် ချမ်းသာသောအကျင့် သုခပဋိပဒါရှိပြီး နေသောအထူးသိခြင်း ဒန္ဓာဘိညာ ဖြစ်၏။

http://www.dhammadownload.com

ဝိပဿနာကိုသာ ပွားများဖူးသော ပုဂ္ဂိုလ်သည် ဆင်းရဲဒြိုင်းသောအကျင့် ဒုက္ခ ပဋိပဒါ ရှိပြီး လျင်မြန်သောအထူးသိခြင်း ဓိပ္ပါဘိညာ ဖြစ်၏။

၂။ **ဝိတက်စရိုက်များသော ပုဂ္ဂိုလ်၏ နေထိုင်သင့်သောကျောင်းနှင့် ယူသင့်သောအာရုံကို အကြောင်းသွင်းကာ ရှင်းပြပါ။ (မှတ်စုနှာ- ၁၁၂, ၁၁၃)**

ဝိတက်စရိုက်များသောပုဂ္ဂိုလ် နေထိုင်သင့်သောကျောင်းမှာ- နက်သောတောင်ချောက်ဝ တွင် တောဖြင့် ဖုံးလွှမ်းအပ်သော ဆင်ဝမ်းဗိုက်နှင့် တူသော တောင်ဝှမ်း၊ အရှင်မဟိန္ဒ မထေရ်၏လိုဏ်နှင့်တူသော ကျောင်းမျိုး ဖြစ်ပါသည်၊ အကြောင်းမှာ - ဟင်းလင်းဖွင့် သောအရပ်မျက်နှာသို့ရှေးရှုသောကျောင်းမျိုးဖြစ်ပါက ဝိတက်ပြေးသွားခြင်း၏အကြောင်း အထောက်အပံ့ဖြစ်သောကြောင့် ဖြစ်ပါသည်။

ဝိတက်စရိုက်များသောပုဂ္ဂိုလ် ယူသင့်သောအာရုံမှာ - ကျဉ်းမြောင်းသောကသိုဏ်းဝန်း သာ သင့်၏။ ကြီးကျယ်ပြန့်ပြောသော အာရုံသည် ဝိတက်အစွမ်းဖြင့် စိတ်ပြေးသွားခြင်း ၏ အထောက်အပံ့ဖြစ်သောကြောင့် ဖြစ်ပါသည်။

၁၉၉၉

၁။ **"အသွေးမြင် အသွင်သိ"ဟူသော ဆိုစကားနှင့်အညီ အလုပ်ကိစ္စဆောင်ရွက်ရာ၌ မောဟ ထူပြောသူ ဆောင်ရွက်ပုံကို ပြဆိုပြီးလျှင်၊ အဘယ်သို့သောသူများသည် မောဟစရိုက် ထူပြောသူများ ဖြစ်တတ်ကြသနည်း။ (မှတ်စုနှာ- ၁၀၈, ၁၀၅)**

မောဟထူပြောသူ ဆောင်ရွက်ပုံမှာ - တံမြက်လှည်းခြင်း၌ တံမြက်စည်းကို လျော့လျော့ ကိုင်၍ ထိုမှဤမှ သဲအမှိုက်တို့ကို မွေနှောက်လျက် မစင်မကြယ် မညီမညွတ် လှည်း၏၊ သင်္ကန်း ဖွတ်ခြင်း ဆိုးခြင်း၌လည်း နှောင့်ယှက်ရှုပ်ထွေးကာ မညီမညွတ် မပြေမပြစ် ပြုလေ့ ရှိ၏၊ သင်္ကန်းဝတ်ရုံခြင်း၌လည်း လျော့ရိလျော့ရဲ ရှုပ်ရှုပ်ထွေးထွေး ဖြစ်၏။

မောဟစရိုက် ထူပြောသူများ -ရှေးဘဝက မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများ, ပညာရှိသူများ ထံ၌ နာကြားမေးမြန်းခြင်းကင်းသူများ, တိရစ္ဆာန်ဘဝမှ လာသောသူများသည် ယခုဘဝ၌ မောဟစရိုက်ထူပြောသူများ ဖြစ်တတ်ကြပါသည်။

---

http://www.dhammadownload.com

၂။ မြတ်စွာဘုရားထံ၌ ကမ္မဋ္ဌာန်းတောင်းယူသော ယောဂီတို့တွင် မြတ်စွာဘုရားအား မိမိ၏ အတ္တဘောကိုစွန့်လှူသောသူနှင့် မစွန့်လှူသောသူတို့၏ထူးခြားမှုများကို ဥပမာသွင်းရှင်းပြပါ။ (၈၉၅-၂) (မှတ်စုနှာ- ၁၂၁)

၂၀၀၀

၁။ ဆွေမျိုးဉာတိတို့ကြောင့်ဖြစ်သော ကြောင့်ကြမှုအရာ၌ ဆွေမျိုးဉာတိအရကို တိကျစွာ ကောက်ယူပြပြီးလျှင်၊ ယောက်ဖတော်စပ်သူ မရီးတော်စပ်သူတို့အပေါ်၌ ရဟန်းတော်တို့ မည်သို့ပြု ကျင့်ရမည်ကိုလည်း ပြဆိုပါ။ (၁၉၈၇, ၁၉၈၉-၂) (မှတ်စုနှာ- ၉၈)

၂။ ကမ္မဋ္ဌာန်းအလုပ် အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပေးတတ်သောဆရာ ကလျာဏမိတ္တထံသို့ သွားရာ၌ အဘယ်သို့ သွားသင့်သည်၊ အဘယ်သို့ မသွားသင့်သည်များကို တိတိကျကျ ခွဲခြားဖော်ပြပါ။ (မှတ်စုနှာ- ၁၀၃)

ကမ္မဋ္ဌာန်းအလုပ် အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပေးတတ်သော ဆရာ ကလျာဏမိတ္တထံသို့ သွားရာ၌ -

- ခြေကိုရေဆေး၍ ဆီပြောင်အောင်လိမ်းလျက် ဖိနပ်ကိုစီးပြီးလျှင် ထီးဆောင်းကာ ဆီပုံး ပျားရည် တင်လဲ စသည့် လက်ဆောင်တို့ကို ယူ၍ တပည့်တို့ဖြင့် ခြံရံကာ ထည်ထည်ဝါဝါ မသွားသင့်ပါ။
- လမ်းခရီး၌ အာဂန္တုကဝတ် ဂမိကဝတ်စသော ပြုသင့်သောဝတ်များကို လျော်စွာ ပြုပြီးလျှင် ပေါ့ပါးသောပရိက္ခရာဖြင့် အလွန်ခေါင်းပါးသော အသက်မွေးခြင်းရှိသည် ဖြစ်၍ သွားသင့်ပါသည်၊
- လမ်းခရီးအကြားကပင် ဒန်ပူကို ကပ်စေ၍ ယူဆောင်သွားသင့်ပါသည်၊
- ကျောင်းသို့ရောက်လျှင် " ခဏမျှ အမောအပန်းဖြေပြီး ခြေကိုရေဆေးခြင်း, ဆီလိမ်းကျံခြင်းတို့ ပြုပြီးမှ ဆရာ၏အထံသို့ ဝင်မည်" ဟူသော ရည်ရွယ်ချက်ဖြင့် အခြားသောကျောင်းပရိဝုဏ်သို့ မဝင်သင့်၊ အဘယ့်ကြောင့်ဆိုသော် - ထိုဝင်သော ကျောင်း၌ ဆရာနှင့် မသင့်မြတ်သော ရဟန်းရှိပါက ဆရာ၏ကျေးဇူးမဲ့ကို ပြပြီး "ထိုဆရာ၏အထံသို့ သွားပါက ပျက်စီးလေရာသည်" ဟု ပြောဆိုခဲ့သော် မိမိမှာ

http://www.dhammadownload.com

နှလုံးမသာမယာဖြစ်ပြီး ထိုအရပ်မှ ပြန်လှည့်ခဲ့လေရာ၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းဆရာသီတင်းသုံးရာအရပ်ကို မေးမြန်း၍ ထိုဆရာရှိရာ ကျောင်းသို့ သာလျှင် ဖြောင့်ဖြောင့်တန်းတန်း သွားသင့်ပါသည်။

၂၀၀၁

၁။ **ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား အဖြစ်များသော တရားတို့ကို ပြည့်စုံစွာထုတ်ပြ၍၊ ယင်း ဒေါသစရိုက်ရှိသောသူအား ပေးသင့်သောကမ္မဋ္ဌာန်းများကိုလည်း ညွှန်ပြဖြေဆိုပါ။**

ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား အဖြစ်များသောတရားတို့မှာ -

(၁) အမျက်ထွက်ခြင်း - ကောဓ၊
(၂) ရန်ငြိုးဖွဲ့ခြင်း - ဥပနာဟ၊
(၃) သူ့ဂုဏ်ကျေးဇူးကို ခြေဖျက်ခြင်း - မက္ခ၊
(၄) သူ၏ဂုဏ်ကို သိမ်ဖျင်းအောင် ပြုခြင်း - ပဠာသ၊
(၅) ငြူစူခြင်း - ဣဿာ၊
(၆) ဝန်တိုခြင်း - မစ္ဆရိယတို့ ဖြစ်ပါသည်။ **(မှတ်စုနှာ- ၁၀၉)**

ဒေါသစရိုက်ရှိသောသူအား ပေးသင့်သောကမ္မဋ္ဌာန်းများမှာ -

- ပြဟ္မဝိဟာရလေးပါး နှင့် အဆင်းကသိုဏ်းလေးပါး ဟူသော ကမ္မဋ္ဌာန်း ၈-ပါးနှင့် အထူးသင့်လျော်ပါသည်။
- ထို့ပြင် ကြွင်းကသိုဏ်းခြောက်ပါးနှင့် အာရုပ္ပလေးပါးတို့သည်လည်း စရိုက်မရွေးသောကြောင့် သင့်လျော်ပါသည်။ **(မှတ်စုနှာ- ၁၂၀)**

၂။ **"သာသနာတော်၌ ယောဂီပုဂ္ဂိုလ်သည် ဆရာအား မိမိကိုယ်ကို အပ်နှင်း၍ ကမ္မဋ္ဌာန်းကို တောင်းအပ်၏"ဟု ဆိုရာ၌ အပ်နှင်းပုံနှင့် ယင်းသို့အပ်နှင်းသဖြင့် ရရှိသော အကျိုးများကို ထုတ်ဖော်ပြပါ။ (မှတ်စုနှာ- ၁၂၁)**

ယောဂီပုဂ္ဂိုလ်သည် ဆရာအား မိမိကိုယ်ကို အပ်နှင်းပုံမှာ -

"အရှင်ဘုရား၊ အကျွန်ုပ်သည် ဤအတ္တဘောကို အရှင်ဘုရားတို့အား စွန့်လွှတ်ပါ၏" ဟု ဆို၍ အပ်နှင်းရပါမည်။

http://www.dhammadownload.com

ယင်းသို့ အပ်နှင်းသဖြင့် ရရှိသောအကျိုးများမှာ -

(၁) မိမိကိုယ်ကိုအပ်နှင်းသူတပည့်အား ဆရာက ဆိုဆုံးမနိုင်ကြိမ်းမောင်းနိုင်ခွင့်ရှိ၏၊

(၂) တပည့်သည် ဆရာကို မပန်ကြားဘဲ သွားလိုရာရာ သွားနိုင်ခြင်း မရှိ၊

(၃) ဆိုဆုံးမလွယ်သည်ဖြစ်၍ ဆရာနှင့်စပ်သော အသက်မွေးမှုကိုရ၍ ဆရာထံမှ အာမိသ နှင့် ကျမ်းဂန်သင်ကြားခြင်းဟူသော နှစ်မျိုးသောခီးမြောက်ခြင်းကို ရသောကြောင့် သာသနာတော်၌ ကြီးပွားခြင်း, စည်ပင်ခြင်း, ပြန့်ပြောခြင်းသို့ ရောက်၏။

၂၀၁၂

၁။ ယောဂီပုဂ္ဂိုလ်သည် သမာဓိရရှိစေရန် အားထုတ်ရာအခါတွင် သုခပဋိပဒါ ခိပ္ပါဘိညာ ဟုဆိုရာ၌ (က) သုခ-ချမ်းသာခြင်း၊ (ခ) ပဋိပဒါ-အကျင့်၊ (ဂ) အဘိညာ-အထူးသိမှု အဘိညာဏ်တို့ကို ပေါ်လွင်အောင် ဖော်ပြပါ။ (မှတ်စုနှာ- ၉၀)

သုခပဋိပဒါခိပ္ပါဘိညာ ဟု ဆိုရာ၌ -

(က) သုခ-ချမ်းသာခြင်းဟူသည် နိဝရဏစသောဆန့်ကျင်ဘက်တရားတို့ ထူထပ်ခြင်း မရှိသောကြောင့် ကမ္မဋ္ဌာန်းကိုအားထုတ်ရာ၌ ချမ်းသာလွယ်ကူသည်ဟု ဆိုလိုပါသည်။

(ခ) ပဋိပဒါ-အကျင့်ဟူသည် ကမ္မဋ္ဌာန်းကို ရှေးဦးစွာနှလုံးသွင်းသည်မှစ၍ ထိုထိုစျာန်၏ ဥပစာရသမာဓိ ဖြစ်ပေါ်သည့်တိုင်အောင် ဖြစ်ခဲ့သော သမာဓိဘာဝနာ (ကာမာဝစရဘာဝနာ)ကို စျာန်သို့ရောက်ကြောင်းအကျင့်ဟု ဆိုလိုပါသည်။

(ဂ) အဘိညာ-အထူးသိမှုဟူသည် ဥပစာရသမာဓိမှစ၍ အပ္ပနာစျာန်တိုင်အောင် ဖြစ်သောပညာကို အဘိညာ(အထူးသိမှု)ဟု ဆိုလိုပါသည်။

၂။ ဗုဒ္ဓမြတ်စွာသည် မေယိယသုတ်တွင် "လေးပါးကုန်သောတရားတို့ကို လွန်စွာပွားများအပ်ကုန်၏"ဟု ဟောတော်မူရာ၌ အဘယ်တရားတို့ကို အဘယ်အကျိုးငှာ အဘယ်သို့ ပွားများအပ်သည်ကို တိကျစွာ ညွှန်ပြပါ။ (မှတ်စုနှာ- ၁၂၀)

ဗုဒ္ဓမြတ်စွာသည် မေယိယသုတ်တွင် ဟောကြားသော တရားလေးပါးတို့မှာ -

(၁) ရာဂကို ပယ်ခြင်းငှာ - အသုဘကမ္မဋ္ဌာန်းကိုလည်းကောင်း၊

http://www.dhammadownload.com

(၂) ဒေါသဗျာပါဒကို ပယ်ခြင်းငှာ - မေတ္တာကမ္မဋ္ဌာန်းကိုလည်းကောင်း၊
(၃) ဝိတက်ကို ဖြတ်ခြင်းငှာ - အာနာပါနဿတိကိုလည်းကောင်း၊
(၄) ငါသာတတ်၊ ငါသာလိမ္မာသည်ဟု ထောင်လွှားသောမာနကို ကောင်းစွာဖြတ်ခြင်းငှာ အနိစ္စသညာကိုလည်းကောင်း- သီလစသောတရားတို့၌တည်သည်မှ အထက်၌ တိုးတက်၍ ပွားများအပ်ပါသည်။

၂၀၀၃

၁။ **"အပွေးမြင် အပင်သိ" ဟူသကဲ့သို့ စားသောက်ပုံကို ကြည့်၍ ရာဂစရိုက်ရှိသူမှန်း သိနိုင်ပုံကို ဖော်ပြ၍၊ ၎င်းပုဂ္ဂိုလ်နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းများကိုလည်း ရေးသားခဲ့ပါ။**

ရာဂစရိုက်ရှိသောသူသည် နူးညံ့သော သိမ်မွေ့ကောင်းမွန် ချိုမြိန်သော အစာဘောဇဉ်ကို ကြိုက်ပါသည်၊ သုံးဆောင်စားသောက်သောအခါ၌ မကြီးလွန်းသော အဝန်းညီသော ဆွမ်းလုတ်ကိုပြု၍ အထူးထူးသောအရသာကို ခံစားလျက် မဆောမလျင်စား၏၊ တစ်စုံတစ်ရာသော ကောင်းမွန်သောအရသာကို ရသည်ရှိသော် နှစ်သက်ဝမ်းမြောက်တတ်ပါသည်။ **(မှတ်စုနှာ- ၁၀၈)**

ရာဂစရိုက်ရှိသောပုဂ္ဂိုလ်နှင့် သင့်လျော်သောကမ္မဋ္ဌာန်းမှာ – အသုဘကမ္မဋ္ဌာန်း ၁၀-ပါး နှင့် ကာယဂတာသတိကမ္မဋ္ဌာန်းတစ်ပါး၊ ပေါင်း ၁၁-ပါးသောကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။ **(၂၀၀၁ နံပါတ်-၁ ဖြေဆိုပုံလည်း ရှုရန်) (မှတ်စုနှာ-၁၂၀)**

၂၀၀၄

၁။ **တရားအားထုတ်လိုသူ ယောဂီတိုင်း ချဉ်းကပ်သင့်သော ကမ္မဋ္ဌာနာစရိယ (ကမ္မဋ္ဌာန်းသင်ပေးသော ကလျာဏမိတ္တ)၏ ဂုဏ်အင်္ဂါများကို ရေးသား၍၊ (၁၉၈၇) (မှတ်စုနှာ- ၁၀၁)**

၂။ **ရာဂစရိုက်ရှိသူနှင့် သဒ္ဓါစရိုက်ရှိသူတို့ သဘောသဘာဝချင်းအားဖြင့် တူညီကြပုံကို ထင်ရှားအောင် ရေးသားခဲ့ပါ။ (၁၉၈၆-၁) (မှတ်စုနှာ- ၁၀၄)**

၃။ **လာဘ်လာဘပေါများသောရဟန်းများ လာဘပလိဟောမပြတ်အောင် ပြုလုပ်ပုံပြုလုပ်နည်းကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စုနှာ- ၉၇)**

http://www.dhammadownload.com

လာဘ်လာဘပေါများသော ရဟန်းများ လာဘပလိဗောဓပြုတ်အောင် ပြုလုပ်လုပ်နည်းများ - ထိုဘုန်းကြီးသော ရဟန်းသည် ဒါယကာအပေါင်းကို စွန့်ခွာ၍ မိမိကိုသိသူတို့ မရှိရာအရပ်၌ တစ်ပါးတည်း ကျင့်သင့်ပေသည်၊ ဤသို့ကျင့်လျှင် ထိုလာဘပလိဗောဓပြုတ်လေ၏။

၂၀၀၅

၁။ **ပုဂ္ဂိုလ်စရိုက် အကြိုက်ညီမှုအောင် တွဲစပ်ပြသော ရှေးပညာရှိတို့ အယူအဆကို ဝိသုဒ္ဓိမဂ် ကျမ်းပြုအကျော်ဆရာတော်က မည်သို့သဘောထား၍ မည်သို့မှတ်ချက်ပြုထားပါသနည်း၊ ဖြေဆိုပြီးလျှင် သင်ကြားမှတ်သားရုံမျှဖြင့် မရှုမှတ်နိုင်သော ကမ္မဋ္ဌာန်းများကိုလည်း ရေတွက်ပြပါ။ (မှတ်စုနှာ- ၁၁၀, ၁၁၉)**

ပုဂ္ဂိုလ်စရိုက် အကြိုက်ညီမှုအောင် တွဲစပ်ပြသော ရှေးပညာရှိတို့အယူအဆအပေါ် ဝိသုဒ္ဓိမဂ်ကျမ်းပြုအကျော် ဆရာတော်၏ မှတ်ချက်

ပုဂ္ဂိုလ်စရိုက်အကြိုက်ညီမှုအောင် တွဲစပ်ပြသော ရှေးပညာရှိတို့အယူအဆသည် ပါဠိတော် အဋ္ဌကထာတို့၌ မလာ၊ အာစရိယဝါဒဆရာတို့၏ အယူအဆများသာ ဖြစ်၍ အနှစ်သာရအားဖြင့် မယုံကြည်အပ်ဟု မှတ်ချက်ပြုထားပါသည်။

အဘယ်ကြောင့်ဆိုသော် ရာဂစရိုက်ရှိသူ၌ဖြစ်သော ဣရိယာပုထ်စသည်တို့ကို ဒေါသစရိုက်ရှိသူက မမှေ့မလျော့နေခြင်းဖြင့် ပြုနိုင်ကုန်၏၊ ရောနှောသောစရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း တစ်ဦးတည်းဖြစ်ပါလျက် ကွဲပြားသောလက္ခဏာရှိသည့် ဣရိယာပုထ်စသည်တို့ မဖြစ်နိုင်ကုန်၊ ထို့ကြောင့် မယုံကြည်အပ်ဟု ဆိုပါသည်။

အဋ္ဌကထာတို့၌ ဆိုသောစကားကိုသာ အနှစ်သာရအားဖြင့် ယုံကြည်အပ်၏ ဟု မှတ်ချက်ပြုထားပါသည်။

(အဋ္ဌကထာဆရာတို့၏အယူအဆမှာ "စေတောပရိယညာဏ်ကို ရသောဆရာသည် ကမ္မဋ္ဌာန်းကို ဟောနိုင်၏၊ အဘိညာဉ်ကို မရသောဆရာသည်ကား တပည့်ကို မေး၍ စရိုက်ကို ခန့်မှန်းပြီး သင့်လျော်သောကမ္မဋ္ဌာန်းကို ဟောအပ်၏"။)

သင်ကြားမှတ်သားရုံမျှဖြင့် မရှုမှတ်နိုင်သော ကမ္မဋ္ဌာန်းများမှာ ကသိဏ်း ၁၀-ပါး၊ အသုဘ ၁၀-ပါး၊ အာနာပါနဿတိ ၁-ပါး၊ ပေါင်း ၂၁-ပါး ဖြစ်ပါသည်။

http://www.dhammadownload.com

၂၀၀၆

၁။ အလုပ်လုပ်ပုံကို ကြည့်၍ သဒ္ဓါစရိုက်ရှိသူဖြစ်ကြောင်း သိနိုင်ပုံကို ဖေါ်ပြ၍၊ ကမ္မဋ္ဌာန်းတရားကို စတင်ပွားများသူတို့ အားမထုတ်သင့်သောကမ္မဋ္ဌာန်းများကိုလည်း ဖေါ်ပြပါ။

သဒ္ဓါစရိုက် (၁၉၉၃) (မှတ်စုနှာ- ၁၀၈)

ကမ္မဋ္ဌာန်းတရားကိုစတင်ပွားများသူတို့ အားမထုတ်သင့်သော ကမ္မဋ္ဌာန်းများမှာ -

ဥပေက္ခာဗြဟ္မဝိဟာရကမ္မဋ္ဌာန်းနှင့် အာရုပ္ပကမ္မဋ္ဌာန်း ၄-ပါး ပေါင်း ကမ္မဋ္ဌာန်း၅-ပါးတို့ ဖြစ်ပါသည်။ (မှတ်စုနှာ- ၁၁၉)

၂၀၀၇

၁။ ကမ္မဋ္ဌာန်းဆရာသည် ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ပထဝီကသိုဏ်းကို ဟောပြလိုလျှင် ယင်းကို မဟောမီ နှေးဦးစွာဟောပြရမည့်အခြင်းအရာ ၉-မျိုးကိုလည်း မမှားအောင် ဖြေဆိုခဲ့ပါ။ (မှတ်စုနှာ - ၁၂၂)

ပထဝီကသိုဏ်းအတွက် ကမ္မဋ္ဌာန်းကိုဟောကြားပုံ အခြင်းအရာ ၉-ပါးမှာ -

(၁) ကသိုဏ်း၏အပြစ် ၄-ပါး၊
(၂) ကသိုဏ်းပြုလုပ်ပုံ၊
(၃) ပြုလုပ်ပြီးသောကသိုဏ်းကို ပွားရသောနည်း၊
(၄) နှစ်ပါးသောနိမိတ်၊
(၅) နှစ်ပါးသောသမာဓိ၊
(၆) ၇-ပါးသော သပ္ပါယ, အသပ္ပါယ၊
(၇) ၁၀-ပါးသော အပ္ပနာကောသလ္လ (အပ္ပနာ၌ လိမ္မာကြောင်း)၊
(၈) ဝီရိယနှင့် သမာဓိ မျှသောအဖြစ်၊
(၉) အပ္ပနာအစီအရင်တို့ ဖြစ်ပါသည်။

၂။ ကာမာဝစရုနတ်ပြည်နှင့် ဗြဟ္မာဘုံတို့၌ မရနိုင်သောကမ္မဋ္ဌာန်းတရားတို့ကို သင်္ခေါ်ယျအားဖြင့် မလွဲအောင် ကောက်ပြ၍၊ လူဘုံ၌ ဖြစ်နိုင်သော ကမ္မဋ္ဌာန်းတရားတို့ကိုလည်း သင်္ခါမျှသာ ဖော်ပြခဲ့ပါ။ (မှတ်စုနှာ- ၁၁၈)

http://www.dhammadownload.com

ကာမဝစရနတ်ပြည်နှင့် ပြဟ္မာဘုံတို့၌ မရနိုင်သောကမ္မဋ္ဌာန်းတရား (၁၉၉၀-၂) လူ့ဘုံ၌ ဖြစ်နိုင်သော ကမ္မဋ္ဌာန်းတရား - ၄၀

၂၀၀၈

၁။ **သမာဓိ၏တရားကိုယ်ကို ကောက်ပြ၍၊ သမာဓိ၏လက္ခဏာနှင့် ကိစ္စရသတို့ကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စုနှာ - ၈၅)**

သမာဓိ၏တရားကိုယ်မှာ - ကုသိုလ်စိတ်၌ရှိသော ဧကဂ္ဂတာ ဖြစ်ပါသည်။

သမာဓိ၏လက္ခဏာမှာ - (သမ္မယုတ်တရားတို့ကို အထူးထူးသောအာရုံသို့) မပျံ့လွင့်ခြင်း လက္ခဏာ ဖြစ်ပါသည်။

ကိစ္စရသမှာ - (စိတ်ကို ထိုထိုအာရုံသို့) ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကို ဖျက်ဆီးခြင်းကိစ္စ ဖြစ်ပါသည်။

သမ္မတ္တိရသမှာ - ဥဒ္ဓစ္စကို ဖျက်ဆီးနိုင်သောအစွမ်းသတ္တိနှင့် ပြည့်စုံခြင်း ဂုဏ် ဖြစ်ပါသည်။

၂။ **ရာဂစရိုက်ရှိသောသူကို သွားခြင်းကျရိယာပုထ်ဖြင့် သိနိုင်ပုံကို ရှင်းလင်းတင်ပြ၍၊ ရာဂစရိုက်ရှိသောသူနှင့် သင့်လျော်လျှောက်ပတ်သော ဝတ်ရုံကိုလည်း ဖေါ်ပြခဲ့ပါ။ (၁၉၉၄-၁) (မှတ်စုနှာ- ၁၀၇, ၁၁၁)**

၂၀၀၉

၁။ **ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့တွင် အာဝါသပလိဗောဓဖြစ်သော ယောဂီနှင့် မဖြစ်သော ယောဂီပုဂ္ဂိုလ်တို့ကို ခွဲခြားပြခဲ့ပါ။ (မှတ်စု နှာ- ၉၅)**

အာဝါသပလိဗောဓ ဖြစ်သောယောဂီနှင့် မဖြစ်သောယောဂီ

ကျောင်းအာဝါသသည် အလုံးစုံသောယောဂီတို့အား ပလိဗောဓဖြစ်သည် မဟုတ်ပါ။ တချို့ဖြစ်၍ တချို့မဖြစ်ပေ။

ကျောင်း၌ အမှုကိစ္စစသည်တို့ကို ကြောင့်ကြစိုက်သူ, များစွာသောဘဏ္ဍာတို့ကို ဆည်းပူးသိမ်းထားသူ, အမှတ်မရှိ တစ်ခုခုသောအကြောင်းဖြင့် ထိုကျောင်းကို ငဲ့ကွက်

http://www.dhammadownload.com

ခြင်း, နှောင်ဖွဲ့ငြိကပ်သောစိတ်ရှိသော ယောဂီအားသာလျှင် ပလိဗောဓ ဖြစ်၏၊ ထိုသို့ မဟုတ်သောပုဂ္ဂိုလ်အား ပလိဗောဓ မဖြစ်ပေ။

မဖြစ်သောယောဂီ စံပြဝတ္ထု = ထူပါရုံကျောင်းတိုက်၌ သီတင်းသုံးသောမထေရ်။

၂။ အလုံးစုံ၌ အလိုရှိအပ်သော သပ္ပတ္ထကကမ္မဋ္ဌာန်းဟူသည် အဘယ်နည်း? ဖြေဆို၍၊ ပါရိဟာရိယကမ္မဋ္ဌာန်း၏သဘောကိုလည်း ဖြေဆိုခဲ့ပါ။ (မှတ်စုနှာ - ၁၀၀)

အလုံးစုံ၌ အလိုရှိအပ်သော သပ္ပတ္ထကကမ္မဋ္ဌာန်းဟူသည် (၁၉၉၂-၂)

ပါရိဟာရိယကမ္မဋ္ဌာန်း၏ သဘော

ကမ္မဋ္ဌာန်း ၄၀-တို့တွင် ကမ္မဋ္ဌာန်းအားထုတ်သောယောဂီ၏ မိမိစရိုက်အားလျော်သောကမ္မဋ္ဌာန်းသည် ထိုယောဂီက အမြဲအားထုတ်ခြင်းဖြင့် ဆောင်ထားအပ်သောကြောင့်လည်းကောင်း၊ အထက်အထက်ဖြစ်သော ဘာဝနာပွားမှု၏ နီးစွာသောအကြောင်းဖြစ်သောကြောင့်လည်းကောင်း အမြဲဆောင်ထားအပ်သော ပါရိဟာရိယကမ္မဋ္ဌာန်း မည်ပါသည်။

၃။ (ကလျာဏမိတ္တ) အဆွေခင်ပွန်းကောင်း၏ ဂုဏ်အင်္ဂါတို့ကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ။ (၁၉၈၄-၁) (မှတ်စုနှာ- ၁၀၁)

၄။ ပုဒ္ဂိစရိုက်ရှိသောသူအား သင့်လျော်သောကျောင်းနှင့် မသင့်လျော်သောကျောင်းတို့ကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။ (မှတ်စုနှာ - ၁၁၂)

ပုဒ္ဂိစရိုက်ရှိသောသူအတွက် မသင့်လျော် မလျောက်ပတ်သော အရာဟူ၍ မရှိပါ၊
ပုဒ္ဂိစရိုက်ရှိသောသူဖြစ်သဖြင့် အလုံးစုံနှင့် သင့်လျော်လျောက်ပတ်ပါသည်။

၂၀၁၀

၁။ အဘယ့်ကြောင့် သမာဓိဟု ခေါ်ဆိုပါသနည်း? ဖြေဆို၍ သမာဓိကို အလိုရှိသော ယောဂီပုဂ္ဂိုလ်တို့ ဖြတ်ရမည့် ပလိဗောဓအမျိုးအစားကိုးပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

သမာဓိဟု ခေါ်ဆိုရခြင်းမှာ -

အညီအညွတ်ကောင်းစွာထားခြင်း သမာဓာနအနက်ကြောင့်သမာဓိဟု ခေါ်ပါသည်၊ သမာဓာနဟူသည် တစ်ခုတည်းသောအာရုံ၌ စိတ်စေတသိက်တို့ကို အညီအညွတ်ထားခြင်း၊ အထူးထူးသောအာရုံသို့ မပျံ့လွင့်ဘဲ ဖရိုဖရဲ မကွဲမပြားစေရန် ကောင်းစွာထားခြင်းကို ဆိုလိုပါသည်။

သမာဓိကို အလိုရှိသောယောဂီပုဂ္ဂိုလ်တို့ ဖြတ်ရမည့် ပလိဘောဓကိုးပါးမှာ -

(၁) အာဝါသပလိဘောဓ
(၂) ကုလပလိဘောဓ
(၃) လာဘပလိဘောဓ
(၄) ဂဏပလိဘောဓ
(၅) ကမ္မပလိဘောဓ
(၆) အဒ္ဓါပလိဘောဓ
(၇) ဉာတိပလိဘောဓ
(၈) အာဗာဓပလိဘောဓ
(၉) ဂန္ထပလိဘောဓတို့ ဖြစ်ပါသည်။

၂။ အဘယ်ပုဂ္ဂိုလ်မျိုးကို ကမ္မဋ္ဌာန်းပေးတတ်သောဆရာဟူ၍ ဆိုအပ်ပါသနည်း? ဖြေဆို၍ စရိုက်ခြောက်မျိုးတို့ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

ကမ္မဋ္ဌာန်းပေးတတ်သောဆရာ ဟူသည် -

မြတ်စွာဘုရားရှင်သည် ကမ္မဋ္ဌာန်းပေးတတ်သောဆရာဖြစ်ပါသည်။
မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသော်- ရှစ်ကျိပ်သောမဟာသာဝကတို့တွင် ထင်ရှားရှိသော မဟာသာဝကများ၊
မဟာသာဝကတို့ မရှိခဲ့သော်- စတုက္ကစျာန် ပဥ္စကစျာန်ရ ရဟန္တာပုဂ္ဂိုလ်များ၊
စျာန်ရရဟန္တာမရှိခဲ့သော်- စျာန်ရ အနာဂါမ်၊ သကဒါဂါမ်နှင့် သောတာပန်ပုဂ္ဂိုလ်များ၊
အနာဂါမ်ပုဂ္ဂိုလ်စသည် မရှိခဲ့သော် - စျာန်ရပုထုဇဉ်ပုဂ္ဂိုလ်များ၊
စျာန်ရပုထုဇဉ်ပုဂ္ဂိုလ် မရှိခဲ့သော်- ပုထုဇဉ်ဖြစ်လျက် ပိဋကတ်သုံးပုံဆောင်၊ နှစ်ပုံဆောင်၊ တစ်ပုံဆောင်ပုဂ္ဂိုလ်များ၊
ပုထုဇဉ်ဖြစ်လျက် ပိဋကတ်တစ်ပုံဆောင်ပုဂ္ဂိုလ်ကိုသော်လည်း မရခဲ့သော် - နိကာယ်တစ်ခုမျှကို အဋ္ဌကထာနှင့်တကွ ကျေပွန်စွာလေ့လာထားသော လဇီသူတော်ကောင်းတို့သည် ကမ္မဋ္ဌာန်းပေးတတ်သောဆရာများ ဖြစ်ပါသည်။

http://www.dhammadownload.com

စရိုက်ခြောက်မျိုးတို့မှာ -

(၁) ရာဂစရိုက်၊ (၄) သဒ္ဓါစရိုက်၊
(၂) ဒေါသစရိုက်၊ (၅) ဗုဒ္ဓိစရိုက်၊
(၃) မောဟစရိုက်၊ (၆) ဝိတက်စရိုက်တို့ ဖြစ်ပါသည်။

၆။ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များအနေဖြင့် ကမ္မဋ္ဌာန်း၏ အဆုံးအဖြတ်ကို သိအပ်သောအခြင်းအရာတို့ကို ဖော်ပြ၍၊ (မှတ်စု နှာ-၁၁၃)

ကမ္မဋ္ဌာန်း၏ အဆုံးအဖြတ်ကို သိအပ်သောအခြင်းအရာများ-

(၁) ကမ္မဋ္ဌာန်းတို့ကို အကျယ်ရေတွက်၍ ပြခြင်းဖြင့်၊
(၂) ဥပစာရစျာန်, အပ္ပနာစျာန်ကို ဆောင်သောအားဖြင့်၊
(၃) စျာန်ကို ဝေဖန်သောအားဖြင့်၊
(၄) အင်္ဂါနှင့် အာရုံကို လွန်သောအားဖြင့်၊
(၅) ပွားစေအပ်, မပွားစေအပ်သည်ကို ဝေဖန်သောအားဖြင့်၊
(၆) အာရုံကို ဝေဖန်သောအားဖြင့်၊
(၇) ဘုံကို ဝေဖန်သောအားဖြင့်၊
(၈) ယူအပ်သည်, မယူအပ်သည်ကို ဝေဖန်သောအားဖြင့်၊
(၉) အကြောင်းကို ဝေဖန်သောအားဖြင့်၊
(၁၀) စရိုက်အားလျော်သည်ကို ဝေဖန်သောအားဖြင့်၊
ကမ္မဋ္ဌာန်း၏အဆုံးအဖြတ်ကို သိအပ်ပါသည်။

၂၀၁၁

၁။ "အပ္ပေးမြင် အပင်သိ" ဟူသကဲ့သို့ စားသောက်ပုံကို ကြည့်၍ ရာဂစရိုက်ရှိသူမှန်း သိနိုင်ပုံကို ဖော်ပြ၍၊ ၎င်းပုဂ္ဂိုလ်နှင့် သင့်လျော်သောကမ္မဋ္ဌာန်းများကိုလည်း ရေးသားခဲ့ပါ။ (၂၀၀၃-၁)

ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ

http://www.dhammadownload.com

အခန်း ၄။ ပထဝီကသိဏနိဒ္ဒေသပိုင်း

၁၉၈၃

၁။ **နိဗ္ဗာန်ကို ရှေ့ရှု၍ ကမ္မဋ္ဌာန်းတရားပွားများအားထုတ်လျက်ရှိသော ယောဂီရဟန်းသည် မြို့ ရွာအနီး ကျောင်းသစ်ကြီးတို့၌ နေသင့် မနေသင့် စိစစ်ဝေဖန်ခဲ့ပါ။ (မှတ်စု နှာ- ၁၂၆)**

နိဗ္ဗာန်ကို ရှေ့ရှု၍ ကမ္မဋ္ဌာန်းတရားပွားများ အားထုတ်လျက်ရှိသော ယောဂီရဟန်းသည် မြို့ ရွာအနီး ကျောင်းသစ်ကြီးတို့၌ နေသင့် မနေသင့် စိစစ်ဝေဖန်ချက်

မြို့ရွာနီးသောကျောင်း၌ ဝိသဘာဂအာရုံတို့ ထင်ပေါ်လာကုန်၏၊ ရေခပ်ကျွန်မ တို့သည်လည်း ရေအိုးတို့ဖြင့် ပွတ်တိုက်တိုးဝှေ့ကုန်လျက် သွားကုန်၏၊ ဘေးသို့ ဖယ်၍ လမ်းမပေးကုန်၊ အစိုးရလူတို့သည်လည်း ကျောင်းတိုက်အလယ်၌ တင်းတိမ်လိုက်ကာ ကို ကာရံ၍ နေတတ်ကြကုန်၏၊ **ထို့ကြောင့် ထိုကျောင်းမျိုး၌ မနေသင့်ပေ။**

ကျောင်းသစ်၌ ပြုလုပ်ရန်အမှုကိစ္စ များပြား၏၊ မပြုလုပ်သောရဟန်းကို ကဲ့ရဲ့ တတ်ကုန်၏၊ "အရှင်မြတ်သည် ချမ်းသာသလို ရဟန်းတရားကို အားထုတ်ပါ၊ အမှုကိစ္စ ကို တပည့်တော်တို့ လုပ်ကြပါမည်"ဟု ရဟန်းတို့က ပြောဆိုခွင့်ပြုထားပါမူ **ထိုသို့သော ကျောင်းသစ်၌ကား နေသင့်သေး၏။**

ကြီးသောကျောင်း၌ အလိုဆန္ဒအမျိုးမျိုးရှိသော ရဟန်းတို့ စုဝေးမိကြကုန်၏၊ ထိုရဟန်းတို့သည် အချင်းချင်းဆန့်ကျင်ကြခြင်းကြောင့် ဗောဓိယင်္ဂ စသောဝတ်ကို မပြုလုပ်ကြကုန်, ဗောဓိရင်ပြင်စသည်တို့ကို တံမြက်မလှည်းကြကုန်, သောက်ရေ သုံးဆောင်ရေကို မတည်ထားကြကုန်၊ ထိုဝတ်ကြီးဝတ်ငယ် မပြုသောကျောင်း၌ ယောဂီ ရဟန်းသည် "ဆွမ်းခံရွာ၌ ဆွမ်းခံလှည့်လည်မည်" ဟု ကြံစည်လျက် သပိတ်သင်္ကန်းကို ယူ၍ ထွက်သောအခါ ဗောဓိယင်္ဂစသောဝတ်ကို မပြုရသေးသည်ကို မြင်လျှင်ဖြစ်စေ, ရေအိုး၌ ရေမရှိသည်ကို မြင်လျှင်ဖြစ်စေ ဤယောဂီရဟန်းသည် ဝတ်ကိုပြုရ၏, ရေအိုး ကို ရေထည့်၍ တည်ထားရ၏၊ ထိုသို့မပြုလျှင် ဝတ်ပျက်ခြင်းကြောင့် ဒုက္ကဋ်အာပတ်သင့် ၏၊ ပြုပြန်လျှင်လည်း အချိန်လွန်သွား၍ နေမြင့်မှ ဆွမ်းခံရသဖြင့် အခြားရဟန်းများအား လောင်းလျှံလိုက်ကြ၍ ဆွမ်းကုန်သွားသောအခါ တစ်စုံတစ်ရာမျှ မရလိုက်တော့ပေ၊

http://www.dhammadownload.com

တစ်ကိုယ်တည်းကိန်းအောင်းရာသို့ ကပ်ပြန်လျှင်လည်း ရှင်သာမဏေများနှင့်ရဟန်းငယ်တို့၏ကျယ်လောင်စွာပြောဆိုကြသောအသံကြောင့်လည်းကောင်း, သံဃာ့အမှုကိစ္စတို့ကို ပြုလုပ်သံတို့ကြောင့်လည်းကောင်း စိတ်ပျံ့လွင့်၏၊ ထို့ကြောင့် **ထိုကျောင်းမှူး၌မနေသင့်ပေ။**

ဝတ်အားလုံးကိုပြုလုပ်ပြီးသည်သာဖြစ်သည့်ပြင် ဝတ်မှကြွင်းသော အခြားထိခိုက်ခြင်းလည်း မရှိပါက **ထိုသို့သော ကျောင်းကြီး၌ကား နေသင့်သေးသည်။**

၂။ **ပထဝီကသိုဏ်းရှုသောပုဂ္ဂိုလ်၏ မျက်စိအနေအထားနှင့် ကသိုဏ်းဝန်းအကွာအဝေးတို့ကို ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၂၉, ၁၃၀)**

ပထဝီကသိုဏ်းရှုသောပုဂ္ဂိုလ်၏ မျက်စိအနေအထားမှာ-

ကြေးမုံမှန်အပြင်၌ မျက်နှာရိပ်ကို ကြည့်ရှုသကဲ့သို့ ညီမျှသောအခြင်းအရာအားဖြင့် မျက်စိတို့ကို ဖွင့်လျက် နိမိတ်ကိုယူပြီး ပွားအပ်၏။ မျက်စိကို ဖွင့်လွန်းပါက မျက်စိပင်ပန်းပြီး ကသိုဏ်းဝန်း အလွန်ထင်ရှားသောကြောင့် ဥဂ္ဂဟနိမိတ် မဖြစ်နိုင်၊ မျက်စိကို အလွန်မှေးမှေး ဖွင့်ပါက ကသိုဏ်းဝန်းသည် မထင်ရှားဘဲ စိတ်သည်လည်း တွန့်ဆုတ်ပြီး နိမိတ် မဖြစ်ပေ၊ ထို့ကြောင့် ညီမျှသောအခြင်းအရာအားဖြင့် မျက်စိတို့ကို ဖွင့်ပြီးလျှင် ပထဝီကသိုဏ်းကို ရှုအပ်၏။

ကသိုဏ်းဝန်းအကွာအဝေးမှာ -

ကသိုဏ်းဝန်းမှ နှစ်တောင့်ထွာအတွင်း ဖြစ်သောအရပ်၌ ကောင်းစွာခင်းအပ်သော အင်းပျဉ်၌ ထိုင်၍ ပွားရမည်၊ နှစ်တောင့်ထွာထက် ဝေးလွန်းလျှင် ကသိုဏ်းဝန်းသည် မထင်ပေ၊ နီးလွန်းသောအရပ်၌ကား ကသိုဏ်းဝန်းတွင်ရှိသော လက်ရာစသည့် အပြစ်တို့ကို မြင်ကုန်ရာ၏။

၁၉၈၅

၁။ **ဟင်းဟူသမျှ၌ မပါလျှင် မပြီးသော ခတ်တိုင်းငန် ပဲခူးဆားကဲ့သို့ လူသားတို့အတွက် အမြဲမပြတ် လိုလားအပ်သည့်တရားကို ဖော်ပြပြီးလျှင်၊ အဘယ်ကြောင့် လိုလားအပ်ကြောင်းကိုလည်း ရှင်းပြပါ။ (မှတ်စု နှာ- ၁၃၄, ၁၃၅)**

http://www.dhammadownload.com

လူသားတို့အတွက် အမြဲမပြတ်လိုလားအပ်သည့်တရားမှာ - သတိ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော်

- ကုသိုလ်စိတ်သည် သတိလျှင် ကိုးကွယ်လဲလျောင်းရာရှိခြင်း၊
- သတိသည် စိတ်ကို ဘာဝနာအာရုံမှ မတိမ်းမစောင်းရအောင် ထိန်းသိမ်းစောင့်ရှောက်တတ်သောတရားဟု ဥာဏ်အား ရှေးရှုထင်ခြင်း၊
- သတိနှင့်ကင်း၍ စိတ်ကို ပင့်မြှောက်ခြင်း, နှိပ်ခြင်း မဖြစ်နိုင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် "သတိသည်သာလျှင် အလုံးစုံသောသမထဝိပဿနာကမ္မဋ္ဌာန်းတို့၌ ယှဉ်စေအပ်၏"ဟု မြတ်စွာဘုရားဟောတော်မူပါသည်။

အလုံးစုံသော သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့၌ သတိအားကောင်းလျှင် သင့်လျော်၏၊ အားကောင်းသောသတိသည် စိတ်ကို (ဥဒ္ဓစ္စအဖို့ရှိသော) သဒ္ဓါ, ဝီရိယ နှင့် ပညာတို့၏အစွမ်းဖြင့် ပျံ့လွင့်ခြင်းဘက်သို့ ကျခြင်းမှ စောင့်ရှောက်၏၊ ပျင်းရိမှုကောသဇ္ဇအဖို့ရှိသော သမာဓိကြောင့် ပျင်းရိမှုဘက်သို့ကျခြင်းမှလည်း စောင့်ရှောက်၏။

ထို့ကြောင့် ဟင်းလျာအားလုံးတို့၌ ဆားခပ်ခြင်းကိုအလိုရှိအပ်သကဲ့သို့, မင်းမှုကိစ္စအားလုံး၌ အမှုကိစ္စအားလုံးတို့ကို သိနားလည်သောအမတ်ကြီးကို အလိုရှိ အပ်သကဲ့သို့ သတိကို အလုံးစုံသောကမ္မဋ္ဌာန်းတို့၌ အလိုရှိအပ်၏။

၁၉၈၇

၁။ လူသားတိုင်း၌ သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယတရားတို့ ရှိသင့်ကြသည်မှာ မှန်သော်လည်း "တန်ဆေး လွန်ဘေး" ဟူသကဲ့သို့ လွန်လျှင် ဘေးဖြစ်တတ်ပုံကို ရှင်းလင်းဖြေဆိုပါ။

သဒ္ဓါ၊ ပညာ၊ သမာဓိ၊ ဝီရိယတရားတို့ လွန်လျှင် ဘေးဖြစ်တတ်ပုံမှာ-

သဒ္ဓါလွန်၍ ပညာအားနည်းသော် - အချည်းနှီးသောပုဂ္ဂိုလ်၌ ကြည်ညိုတတ်၏၊ ဝါ-မစူးစမ်းဘဲ မိုက်မဲစွာကြည်ညိုတတ်၏၊ ကြည်ညိုဖွယ် မဟုတ်သောဝတ္ထု၌ ကြည်ညိုတတ်၏။

ပညာလွန်၍ သဒ္ဓါအားနည်းသော် - ကောက်ကျစ်စဉ်းလဲသောအဖို့သို့ ရောက်တတ်၏၊ ဆေးကြောင့်ဖြစ်သော ရောဂါကဲ့သို့ အကုရဓက်၏။

(သဒ္ဓါပညာနှစ်ပါးတို့မယုတ်မလွန်ညီမျှလျှင် ကြည်ညိုဖွယ်ဝတ္ထု၌သာလျှင် ကြည်ညို၏။)

http://www.dhammadownload.com

သမာဓိလွန်၍ ဝီရိယအားနည်းသော်- သမာဓိသည် ပျင်းရိသောအဖို့ ရှိသောကြောင့် ပျင်းရိခြင်းက လွှမ်းမိုးတတ်၏။

ဝီရိယလွန်၍ သမာဓိအားနည်းသော်- ဝီရိယသည် ပုံ့လွှင့်သောအဖို့ ရှိသောကြောင့် ပုံ့လွှင့်မှုဥဒ္ဓစ္စက လွှမ်းမိုးတတ်၏။

(သမာဓိကို ဝီရိယနှင့် မယုတ်မလွန်ယှဉ်စေလျှင် ယင်းသမာဓိသည် ပျင်းရိခြင်းအဖို့၌ မကျနိုင်ပေ၊ ဝီရိယကို သမာဓိနှင့် မယုတ်မလွန်ယှဉ်စေလျှင် ယင်းဝီရိယသည် ပုံ့လွှင့်မှုဥဒ္ဓစ္စအဖို့၌ မကျနိုင်ပေ။) **(မှတ်စု နှာ- ၁၃၄)**

၁၉၉၁

၁။ သဒ္ဓါတရားထက်သန်ပြီး ပညာဉာဏ်နည်းပါးကြသော ပုဂ္ဂိုလ်တို့၏ အပြစ်ကို ထင်ရှားအောင် ဖော်ပြ၍၊ ဝသီဘော်ငါးပါးကိုလည်း အစဉ်အတိုင်း အမည်မှသာ ထုတ်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၅၆)

သဒ္ဓါတရားထက်သန်ပြီး ပညာဉာဏ်နည်းပါးကြသော ပုဂ္ဂိုလ်တို့၏အပြစ် (၁၉၈၇)

ဝသီဘော်ငါးပါးမှာ - ၁။ အာဝဇ္ဇနဝသီဘော်၊
၂။ သမာပဇ္ဇနဝသီဘော်၊
၃။ အဓိဋ္ဌာနဝသီဘော်၊
၄။ ဝုဋ္ဌာနဝသီဘော်၊
၅။ ပစ္စဝေက္ခဏာဝသီဘော်တို့ ဖြစ်ပါသည်။

၁၉၉၂

၁။ သတ္တဝါတိုင်း ထိတ်လန့်စေတတ်သော သံဝေဂဝတ္ထုရှစ်ပါးကိုလည်း ပြည့်စုံအောင်ဖော်ပြပါ။

သတ္တဝါတိုင်း ထိတ်လန့်စေတတ်သော သံဝေဂဝတ္ထုရှစ်ပါးတို့မှာ -

(၁) ပဋိသန္ဓေနေခြင်း၊ **(မှတ်စု နှာ- ၁၃၉)**
(၂) အိုခြင်း၊
(၃) နာခြင်း၊
(၄) သေခြင်း၊

http://www.dhammadownload.com

(၅) အပါယ်ဆင်းရဲဒုက္ခ၊
(၆) အတိတ်ကာလ၌ ဝဋ်လျှင် အရင်းမူလရှိသောဒုက္ခ၊
(၇) အနာဂတ်ကာလ၌ ဝဋ်လျှင် အရင်းမူလရှိသောဒုက္ခ၊
(၈) ပစ္စုပ္ပန်ကာလ၌ အာဟာရကိုရှာမှီးရခြင်း အရင်းမူလရှိသောဒုက္ခတို့ ဖြစ်ပါသည်။

၂။ အဘယ်ပုဂ္ဂိုလ်တို့၏ စိတ်သန္တာန်၌ဖြစ်သော ဥပေက္ခာကို အဘယ်သို့သော အကြောင်းတို့ကြောင့် ဆဋ္ဌုံပေက္ခာဟု ခွဲခြားသတ်မှတ်ထားသည်ကို ဖော်ပြ၍၊ (မှတ်စု နှာ- ၁၆၂)

ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သန္တာန်၌ဖြစ်သော ဥပေက္ခာကို ဆဋ္ဌုံပေက္ခာဟု ခေါ်ပါသည်။

အကြောင်းမှာ "ရဟန်းတို့-ဤသာသနာတော်၌ ရဟန်းသည် မျက်စိဖြင့် အဆင်းကို မြင်လျှင် ဝမ်းမြောက်မှုလည်း မဖြစ်, စိတ်မချမ်းသာမှုလည်း မဖြစ်, အမှတ်ရကာ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍ လျစ်လျူရှုလျက် နေ၏"ဟူ၍လာသော ရဟန္တာ၏ ဒွါရခြောက်ပါးတို့၌ ကောင်း, မကောင်းသောအာရုံခြောက်ပါးတွင် တစ်ပါးပါးထင်လာလျှင် (ကိလေသာမှ) ထက်ဝန်းကျင်စင်ကြယ်ခြင်းဟူသော ပကတိသဘောကို မစွန့်သော အခြင်းအရာဖြင့် ဖြစ်သောကြောင့် ရဟန္တာပုဂ္ဂိုလ်တို့၏စိတ်သန္တာန်၌ဖြစ်သော ဥပေက္ခာကို ဆဋ္ဌုံပေက္ခာဟု ခွဲခြားသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

၁၉၉၃

၁။ နိဗ္ဗာန်မျော်မှန်း၍ တရားအားထုတ်သော ပုဂ္ဂိုလ်များနှင့် မလျော်ပတ် မပေါင်းသင်းထိုက်သောပုဂ္ဂိုလ်မျိုးကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၃၂, ၁၃၉)

နိဗ္ဗာန်မျော်မှန်း၍ တရားအားထုတ်သောပုဂ္ဂိုလ်များနှင့် မလျော်ပတ်မပေါင်းသင်းထိုက်သောပုဂ္ဂိုလ်မျိုးမှာ -

- ကိုယ်လက်ကြံ့ခိုင်အောင် ပြုပြင်မွေးမြူရေး၌ အလေ့အလာများသောပုဂ္ဂိုလ်၊
- နတ်ရွာမင်္ဂဖိုလ်နိဗ္ဗာန်တို့နှင့် ဖီလာဆန့်ကျင်သောစကားကို ပြောတတ်သော ပုဂ္ဂိုလ်၊
- စျာန်ရကြောင်း အကျင့်လမ်းခရီးကို မသွားဘူးသောပုဂ္ဂိုလ်၊
- များစွာသောကိစ္စတို့ကို အားထုတ်ကုန်သောပုဂ္ဂိုလ်၊
- ပုံ့လွင့်လျပ်ပေါ်သော စိတ်နှလုံးရှိသောပုဂ္ဂိုလ်မျိုးတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၂။ ဟင်းဟူသမျှမပါလျှင် မပြီးသော ခတ်တိုင်းငန် ပဲခူးဆားကဲ့သို့ လူသားတို့အတွက် အမြဲလိုအပ်နေသောတရားတော်ကို ဖော်ပြ၍၊ အဘယ်ကြောင့် လိုအပ်ကြောင်းကိုလည်း ရှင်းပြခဲ့ပါ။ (၁၉၈၅)

၃။ **ဗျာန်တရား၏ အန္တရာယ်ကို ပြုတတ်သော တရားစုတို့ကို ဖော်ပြပြီး၊ (မှတ်စု နှာ- ၁၄၅)**

ဗျာန်တရား၏ အန္တရာယ်ကို ပြုတတ်သော တရားစုတို့မှာ - ကာမစ္ဆန္ဒ၊ ဗျာပါဒ၊ ထိန မိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စ၊ ဝိစိကိစ္ဆာဟူသော **နီဝရဏတရားငါးပါးတို့** ဖြစ်ပါသည်။

၄။ **ကမ္မဋ္ဌာန်းဘာဝနာအားထုတ်သော ယောဂီရဟန်းသည် မြို့ရွာအနီး ကျောင်းသစ်ကြီး၌ နေသင့်၊ မနေသင့် စိစစ်တင်ပြပြီးလျှင်၊ (၁၉၈၃- ၁)**

၁၉၉၄

၁။ **ဆိပ်ကမ်းကိုမှီသောကျောင်း၌ အဘယ်ကြောင့် မနေသင့်ပါသနည်း။ (မှတ်စု နှာ- ၁၂၇)**

ဆိပ်ကမ်းကို မှီသောကျောင်း၌ မနေသင့်ခြင်းမှာ - ထိုကျောင်းသို့ လှေလှည်းတို့ဖြင့် မပြတ်လာကြသောလူတို့သည် တည်းခိုခွင့်ပေးပါ၊ ရေပေးပါ၊ ဆားပေးပါဟု တောင်းခြင်းဖြင့် ထိခိုက်၍ မချမ်းမသာအောင် ပြုကြသောကြောင့် မနေသင့်ခြင်း ဖြစ်ပါသည်။

၂။ **ပီတိ၏ (က) သား၊ (ခ) မြေး၊ (ဂ) မြစ်တို့၏ အမည်များကို ရေးပြ၍၊ (မှတ်စု နှာ - ၁၄၈)**

ပီတိ၏ (က) **သားမှာ** - ပဿဒ္ဓိ (ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ)
(ခ) **မြေးမှာ** - သုခ (ကာယိကသုခ၊ စေတသိကသုခ)
(ဂ) **မြစ်မှာ** - သမာဓိ (ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ)

၁၉၉၅

၁။ **ပထဝီကသိုဏ်းရှုပွားသော ယောဂီသည် ကသိုဏ်းဝန်းကိုရှုစဉ်အခါ မျက်စိမည်သို့ ထားရမည်ကို ရှင်းပြ၍၊ ရှုပွားပုံကိုလည်း သိသာရုံသဘောမျှ ဖော်ပြပါ။ (မှတ်စု နှာ- ၁၃၀)**

http://www.dhammadownload.com

မျက်စိအနေအထား - (၁၉၈၃)

ပထဝီကသိုဏ်းရှုပွားပုံကို သိသာရုံသဘောမျှ ဖော်ပြရသော် -

မျက်စိတို့ကို ညီညီမျှမျှဖွင့်၍ ပထဝီကသိုဏ်း၌ နိမိတ်ကိုယူ၍ စိတ်ဖြင့်မှတ်လျက် ပွားအပ်၏။ ပွားရာတွင် ပထဝီကသိုဏ်းဝန်း၏အဆင်းကို မဆင်ခြင်အပ်ပေ, ခက်မာခြင်းလက္ခဏာကိုလည်း နှလုံးမသွင်းအပ်ပေ၊ စင်စစ်မူ အဆင်းကိုမလွတ်ဘဲ အဆင်း၏ မှီရာ ပထဝီနှင့်တူသော အခြင်းအရာရှိသည်ကိုပြု၍ ပထဝီဓာတ်၏သတ္တိ လွန်ကဲသော ကြောင့် ပထဝီဟူသောဝေါဟာရပညတ်၌ စိတ်ကိုထား၍ နှလုံးသွင်းအပ်၏၊ မျက်စိကို ရုံခါဖွင့်၍ ရုံခါမှိတ်၍ ဆင်ခြင်နှလုံးသွင်းအပ်၏၊ ဥဂ္ဂဟနိမိတ် မဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး အကြိမ်တစ်ရာ အကြိမ်တစ်ထောင်ဖြစ်စေ ထိုထက်ပိုလွန်၍ပင်ဖြစ်စေ ဤဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် ပွားအပ်၏။

၁၉၉၆

၁။ "သမာဓိနှင့် ဝိရိယညီမျှစေရမည်" ဆိုရာတွင် ယင်းသမာဓိနှင့် ဝိရိယတို့ မညီမျှက ဖြစ်ပေါ်တတ်သောအပြစ်များ၊ ညီမျှစွာရှိက ရရှိနိုင်သောအကျိုးများကို ရှင်းလင်းညွှန်ပြပါ။ (၁၉၈၇-၁)

၂။ ပညာရည်ချွန် လူရည်မွန်ဖြစ်စေရန် ဉာဏ်ပညာတိုးပွားစေကြောင်း တရားတို့ကို ပြဆိုပြီးလျှင်၊ စိတ်ဓာတ်ကို ကြည်လင်ရွှင်ပျစေလိုပါက အဘယ်တရားများကို ပွားများရပါမည်နည်း။ (မှတ်စု နှာ- ၁၃၆, ၁၃၉)

ပညာရည်ချွန် လူရည်မွန်ဖြစ်စေရန် ဉာဏ်ပညာတိုးပွားစေကြောင်း တရားတို့မှာ -

(၁) အနက်အဓိပ္ပာယ်ကို မေးမြန်းခြင်း၊
(၂) အတွင်းအပြင်ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုခြင်း၊
(၃) သဒ္ဓါအစရှိသော ဣန္ဒြေတို့ ညီမျှစေခြင်း၊
(၄) ပညာမဲ့သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၅) ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊

http://www.dhammadownload.com

(၆) ဉာဏ်နက်နဲသူတို့သာ ကျက်စားနိုင်သော ခန္ဓာအာယတနစသည်တို့ကို ဆင်ခြင်ခြင်း၊

(၇) ပညာဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ စိတ်နှလုံးညွှတ်ခြင်းတို့ ဖြစ်ပါသည်။ (ဤကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပြဆိုချက် ဖြစ်ပါသည်။)

တစ်နည်း - ကုသိုလ် အကုသိုလ်တရားတို့သည် ရှိကုန်၏၊ အပြစ်ရှိ အပြစ်မဲ့တရားတို့သည် ရှိကုန်၏၊ ယုတ်ညံ့သောတရား မွန်မြတ်သောတရားတို့သည် ရှိကုန်၏၊ မည်းညစ်သောအဖို့ ဖြူစင်သောအဖို့ ရှိသောတရားတို့သည် ရှိကုန်၏၊ ထိုကုသိုလ်စသောတရားတို့၌ အကြောင်းမှန်လမ်းမှန်အားဖြင့် နှလုံးသွင်းမှုကို များစွာပြုခြင်းသည် ဉာဏ်ပညာတိုးပွားစေကြောင်း ဖြစ်ပါသည်။ (ဤကား အာဟာရသုတ္တန်၌ ဟောတော်မူချက် ဖြစ်ပါသည်။)

စိတ်ဓာတ်ကို ကြည်လင်ရွှင်ပျစေလိုပါက -

သံဝေဂဝတ္ထု ရှစ်ပါးတို့ကို ဆင်ခြင်ခြင်းဖြင့် စိတ်ကို ထိတ်လန့်စေလျက် ရွှင်လန်းသန့်စွမ်းစေရ၏၊ ထို့ပြင် ဘုရား တရား သံဃာတော်တို့၏ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ခြင်းဖြင့်လည်း စိတ်၏ကြည်လင်ခြင်းကို ဖြစ်စေရ၏။

၁၉၉၇

၁။ လမ်းခရီးကို မှီသောကျောင်းတို့တွင် ယောဂီပုဂ္ဂိုလ်တို့ နေသင့်သောကျောင်းနှင့် မနေထိုင်သင့်သော ကျောင်းများကို ခွဲခြားဖော်ပြပါ။ (မှတ်စု နှာ- ၁၂၆)

လမ်းခရီးကို မှီသောကျောင်းတို့တွင်

လမ်းမကြီးနှင့်နီးသော ကျောင်း၌ နေ့ရောညဉ့်ပါ အာဂန္တုများ လာရောက်စုဝေးကြကုန်၏၊ အချိန်မဲ့ခါကျမှလာသော အာဂန္တုတို့အား မိမိ၏အိပ်ရာနေရာကိုပေး၍ မိမိကမူသစ်ပင်ရင်း၌ဖြစ်စေ ကျောက်ဖျာပေါ်၌ဖြစ်စေ နေရ၏၊ နောက်တစ်နေ့၌လည်း ထို့အတူပင် နေရပြန်၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းအားထုတ်ရန် အခွင့်မရသဖြင့် ထိုကျောင်းမျိုး၌ မနေသင့်ပေ၊ ဤကဲ့သို့ အာဂန္တုကြောင့် နေရာကျဉ်းကျပ်ခြင်း မရှိပါမူ ထိုသို့သောလမ်းမကြီးနှင့် နီးသောကျောင်း၌ကား နေသင့်သေး၏။

http://www.dhammadownload.com

ရေဆိပ်ကုန်းဆိပ် နီးသောကျောင်း၌ အမြဲမပြတ် လှေလှည်းတို့ဖြင့် လာကြသော လူတို့သည် "တည်းခွင့်ပေးပါ, သောက်ရေပေးပါ, ဆားပေးပါ" ဟု ပြောဆိုတောင်းရမ်းကာ ဆက်စပ်မှီခိုကြကုန်လျက် မချမ်းသာမှုကို ပြုကြကုန်၏။ ထို့ကြောင့် ထိုကျောင်းမျိုး၌ကား မနေသင့်ပေ။ **(၂၀၀၄ လည်း ရှု)**

၂။ ဥဗ္ဗေဂါပီတိဖြစ်ပုံ အခြင်းအရာကို ပေါ်လွင်အောင် မဟာတိဿမထေရ်ဝတ္ထုကြောင်းဖြင့် သာဓကဆောင်ကာ သိမှတ်ဖွယ်ရာ ဖော်ပြပါ။ (မှတ်စု နှာ- ၁၄၇)

ဥဗ္ဗေဂါပီတိဖြစ်ပုံ အခြင်းအရာ

ဥဗ္ဗေဂါပီတိသည် အားကြီး၏၊ ကိုယ်ကို အထက်သို့တက်စေ၍ ကောင်းကင်၌ ခုန်လွှားပျံတက်စေခြင်း အတိုင်းအရှည်သို့ ရောက်၏။

မဟာတိဿမထေရ်၏ ဝတ္ထုဖြင့် သာဓကပြရသော် - မဟာတိဿမထေရ်သည် လပြည့်နေ့ည၌ ပုဏ္ဏာဝလ္လိကကျောင်းတွင်းရှိ စေတီရင်ပြင်သို့ကြွသွား၍ လရောင်ကို ကြည့်ကာ မဟာစေတီဆီသို့ မျက်နှာမူလျက် "ဤအချိန်၌ ပရိသတ်လေးပါးတို့သည် မဟာစေတီကို ရှိခိုးနေကြပေလိမ့်မည်" ဟု နှလုံးသွင်းဆင်ခြင်မိ၍ ပကတိအားဖြင့် ရှေးက မြင်ဖူးသော စေတီတော်အာရုံ၏အစွမ်းအားဖြင့် ဘုရားဂုဏ်ကို အာရုံပြုသော ဥဗ္ဗေဂါပီတိကို ဖြစ်စေ၍ အင်တေလိမ်းကျံထားသော သမံသလင်း၌ ပစ်ပေါက်အပ်သော ဆန်းကြယ်သည့် ဂျင်ဘောလုံးကဲ့သို့ ကောင်းကင်၌ ပျံတက်၍ မဟာစေတီရင်ပြင်၌ တည်ဖူးလေပြီ။

၁၉၉၈

၁။ "ယောဂီပုဂ္ဂိုလ်သည် ဟောင်းနွမ်းဆွေးမြေ့သောကျောင်း၌ မနေအပ်" ဟု ဆိုရာတွင် ယင်းကျောင်းမျိုး၌ အဘယ်သို့သော အပြစ်များရှိပါသနည်း။ (မှတ်စု နှာ- ၁၂၆)

ဟောင်းနွမ်းဆွေးမြေ့သော ကျောင်းမျိုး၌ရှိသော အပြစ်များမှာ - ပြုပြင်စရာ အလွန်များခြင်း၊ မိမိကျောင်းကိုမှ မပြုမပြင်သော် ရဟန်းကို ကဲ့ရဲ့တတ်ခြင်း၊ ပြုပြင်ပါကလည်း ကမ္မဋ္ဌာန်းအလွန်ဆုတ်ယုတ်ခြင်းတို့ ဖြစ်ပါသည်။

---

http://www.dhammadownload.com

၁၉၉၉

၁။ ပထဝီကသိုက်းကို နှလုံးသွင်းပွားများသော ယောဂီပုဂ္ဂိုလ်သည် မျက်စိကို အာဘယ်သို့ထား၍ အာဘယ်သို့ ပွားရသည်ကို နည်းယူဖွယ်ဖော်ပြပါ။ (၁၉၉၅)

၂၀၀၁

၁။ ယောဂီပုဂ္ဂိုလ်၏ မှီခိုသင့်သော လျောက်ပတ်သောပုဂ္ဂိုလ်ကို အမှီပြုက ရရှိနိုင်သောအကျိုးများနှင့် မလျောက်ပတ်သောပုဂ္ဂိုလ်ကို အမှီပြုက ရရှိနိုင်သောအပြစ်များကိုလည်း ကွဲပြားအောင် ခွဲခြားပြပါ။ (မှတ်စု နှာ- ၁၃၂)

ယောဂီပုဂ္ဂိုလ်၏ မှီခိုသင့်သောပုဂ္ဂိုလ်မှာ -တိရစ္ဆာနကထာကို ပြောကြားလေ့မရှိသော၊ သီလစသောဂုဏ်တို့နှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်ကိုအမှီပြုက ရရှိနိုင်သောအကျိုးမှာ -မတည်ကြည်သောစိတ်သည် တည်ကြည်၏၊ တည်ကြည်ပြီးသောစိတ်သည် ပို၍ ခိုင်မြဲ၏။

မလျောက်ပတ်သောပုဂ္ဂိုလ်မှာ - ကိုယ်ကာယဆူဖြိုးခိုင်ခံ့အောင် လေ့လာခြင်းများသော မဂ်ဖိုလ်နှင့်ဖီလာဖြစ်သောစကားမျိုးကို ပေါကြားတတ်သော တိရစ္ဆာနကထိကဖြစ်သော စကားအိုးပုဂ္ဂိုလ် ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်ကို အမှီပြုက ရရှိနိုင်သောအပြစ်မှာ - ညွှန်နှစ်တို့ဖြင့် နောက်ကျသောရေသည် ကြည်လင်သောရေကို နောက်ကျစေသကဲ့သို့ စကားများသူသည် မိမိကိုမှီသောသူကို နောက်ကျညစ်ညူးစေ၏။

၂။ **"ဗျာန်အင်္ဂါတို့သည် နိဝရဏတရားတို့၏ ဆန့်ကျင်ဘက်များ ဖြစ်ကြသည်၊ နိဝရဏတို့ကို ဖျက်ဆီးတတ်ကုန်၏၊ သတ်တတ်ကုန်၏"** ဟု ဆိုရာ၌ အာဘယ်ဗျာန်အင်္ဂါသည် အာဘယ်နိဝရဏတို့၏ ဆန့်ကျင်ဘက်ဖြစ်သည်၊ ဖျက်ဆီးတတ်သည်တို့ကို တိကျစွာဖြေဆိုပြီးလျှင်၊ ဝိတက်သည် စိတ်၏အာရုံ၌ကျရောက်ပုံကိုလည်း ဖြေဆိုပါ။ (မှတ်စု နှာ- ၁၄၆)

ဗျာန်အင်္ဂါနှင့် ဆန့်ကျင်ဘက်နိဝရဏတရားများ

ဝိတက် ဗျာန်အင်္ဂါသည် - ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်

http://www.dhammadownload.com

ဝိစာရ စျာန်အင်္ဂါသည် = ဝိစိကိစ္ဆာ၏ ဆန့်ကျင်ဘက်
ပီတိ စျာန်အင်္ဂါသည် = ဗျာပါဒ၏ ဆန့်ကျင်ဘက်
သုခ စျာန်အင်္ဂါသည် = ဥဒ္ဓစ္စကုက္ကုစ္စ၏ ဆန့်ကျင်ဘက်
ဧကဂ္ဂတာ စျာန်အင်္ဂါသည် = ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်

ဝိတက်သည် စိတ်၏အာရုံ၌ ကျရောက်ပုံမှာ -

စိတ်၏အာရုံသို့ ရှေးဦးစွာကျခြင်းသဘောသည် ဝိတက် မည်၏။

(၁) ထိုသို့ အာရုံသို့ကျရာ၌ ဝိတက်သည် ဝိစာရထက် ရုန့်ရင်းသောကြောင့်ငင်း, ဝိစာရ၏ ရှေ့သွားဖြစ်သောကြောင့်ငင်း ခေါင်းလောင်းထိုးရာ၌ လက်ဦးမြည်သော အသံနှင့် တူ၏။

(၂) ဝိတက်သည် လက်ဦးဖြစ်စကာလ၌ စိတ်၏လှုပ်ရှားခြင်းသဘော ဖြစ်၏၊ ဥပမာ - ကောင်းကင်သို့ ပျံတက်လိုသော ငှက်အတောင်ခတ်ခြင်း၊ ပိတုန်း၏ ပဒုမ္မာကြာတောသို့ ရှေးရှုကျခြင်းကဲ့သို့တည်း။

(၃) တစ်နည်း - ဝိတက်သည် ကြေးခွက်တိုက်သူ၏ မြစွာကိုင်သောလက်၊ အိုးထိန်းသည်၏ မြေကို ဖိနှိပ်သောလက်၊ စက်ဝိုင်းအရေးအကြောင်းလုပ်ရာ အလယ်တွင် စိုက်အပ်သောတံသင်းနှင့်လည်း တူ၏။

၂၀၀၂

၁။ ကမ္မဋ္ဌာန်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည် စင်ကြယ်သန့်ရှင်းအောင်ပြုရမည့် အတွင်းအပဖြစ်သောဝတ္ထုတို့ကို ဖော်ပြပြီးလျှင်၊ တွင်းပနှစ်ဖြာ မစင်ကြယ်ပါက ဖြစ်ပေါ်လာမည့် မကောင်းကျိုးများကိုလည်း ဥပမာဆောင်ကာ ထင်ရှားအောင်ပြဆိုပါ။ (မှတ်စု နှာ- ၁၃၃)

ယောဂီပုဂ္ဂိုလ်သည် စင်ကြယ်သန့်ရှင်းအောင်ပြုရမည့် အတွင်းအပဖြစ်သောဝတ္ထုတို့မှာ

(၁) အတွင်းဝတ္ထုဖြစ်သော ဆံပင် ခြေသည်း လက်သည်း မုတ်ဆိတ် ကျင်စွယ်တို့ ရှည်ခြင်း၊ ခန္ဓာကိုယ်၌ ချွေးတို့ဖြင့် ငြိကပ်ခြင်းတို့ကို စင်ကြယ်အောင် ပြုလုပ်ပေးရမည်။

(၂) အပဝတ္ထုဖြစ်သော သင်္ကန်းဟောင်းနွမ်းညစ်ထေးနံစော်ခြင်း၊ ကျောင်းသည် အမှိုက်ထူပြောခြင်းတို့ ဖြစ်ပါက စင်ကြယ်အောင် ပြုလုပ်ပေးရမည်။

http://www.dhammadownload.com

တွင်းပနှစ်ဖြာ မစင်ကြယ်ပါက ဖြစ်ပေါ်လာမည့် မကောင်းကျိုးများမှာ -

အတွင်းဝတ္ထု အပြင်ဝတ္ထု မသန့်ရှင်းသောအခါ ဖြစ်ပေါ်သော စိတ်စေတသိက် တို့၌ မှီသောဉာဏ်သည်လည်း မသန့်ရှင်း မစင်ကြယ်ပေ၊ ဥပမာ - မစင်ကြယ်သော ဆီမီးခွက်, မီးစာ, ဆီတို့ကို မှီ၍ဖြစ်သော ဆီမီးလျှံ၏အလင်းရောင်သည် မစင်ကြယ် သကဲ့သို့ပင်တည်း၊ မစင်ကြယ်သောဉာဏ်ဖြင့် သခ်ါရတို့ကို သုံးသပ်သောယောဂီအား သခ်ါရတို့သည်လည်း မထင်ရှားပေ၊ သမထကမ္မဋ္ဌာန်းကို အားထုတ်သောယောဂီအား ကမ္မဋ္ဌာန်းသည်လည်း (အဂၤါထင်ရှားဖြစ်ခြင်းဖြင့်) ကြီးပွားခြင်းသို့, (လေ့လာကျေပွန်ခြင်း ဖြင့်) စည်ပင်ခြင်းသို့, (အချင်းခပ်သိမ်းဝသီဘော်သို့ ရောက်ခြင်းဖြင့်) ပြန့်ပြောခြင်းသို့ မရောက်ပေ။

၂။ **အစကောင်းမှ အနှောင်းသေချာမည် ဟူသော ဆိုရိုးစကားနှင့်အညီ ပထမဈာန်၏ အစ၊ အလယ်၊ အဆုံး ကောင်းခြင်းသုံးဖြာနှင့် အဆုံးကောင်းခြင်းတွင် ပြည့်စုံရမည့် လက္ခဏာ ၄-ရပ်တို့ကို ထုတ်ဖော်ပြပါ။ (မှတ်စု နှာ- ၁၅၀)**

ပထမဈာန်၏ အစကောင်းခြင်းမှာ - အကျင့်စင်ကြယ်ခြင်း၊
အလယ်ကောင်းခြင်းမှာ - တတြမဇ္ဈတ္တုပေက္ခာကို ပွားခြင်း၊
အဆုံးကောင်းခြင်းမှာ - ရွှင်ပျကြည်လင်ခြင်းတို့ ဖြစ်ပါသည်။

အဆုံး၏ကောင်းခြင်းတွင် ပြည့်စုံရမည့် လက္ခဏာ ၄-ရပ်တို့မှာ -

(၁) ပထမဈာန်စိတ်၌ဖြစ်သော သမာဓိ ပညာ စသောတရားတို့၏ အချင်းချင်း မလွန်ခြင်းဟူသော သဘောဖြင့် ရွှင်လန်းကြည်လင်ခြင်း၊

(၂) သဒ္ဓါစသောကုန္ဓေတို့၏ ကိလေသာမှလွတ်သော ဝိမုတ္တိရသဟူသည့်တူသောကိစ္စ ရှိသောသဘောဖြင့် ရွှင်လန်းကြည်လင်ခြင်း၊

(၃) ထိုကုန္ဓေတို့အားလျော်သော ဝီရိယကို ဆောင်ခြင်းဟူသောသဘောဖြင့် ရွှင်လန်း ကြည်လင်ခြင်း၊

(၄) ထိုတရားတို့ကိုမှီဝဲခြင်း ဟူသောသဘောဖြင့် ရွှင်လန်းကြည်လင်ခြင်းတို့ ဖြစ်ပါ သည်။

---

http://www.dhammadownload.com

၂၀၀၃

၁။ **ကမ္မဋ္ဌာန်းအားထုတ်ရန် သင့်လျော်သောကျောင်းကို ဖော်ပြပြီးလျှင်၊ မျက်စိကို လွန်စွာဖွင့်၍ ပထဝီကသိုဏ်း စီးဖြန်းသော ယောဂီအား နိမိတ်ထင်- မထင် အကြောင်းပြ၍ ဖြေဆိုပါ။ (မှတ်စု နှာ- ၁၂၈, ၁၃၀)**

ကမ္မဋ္ဌာန်းတရားအားထုတ်ရန် သင့်လျော်သောကျောင်းမှာ - အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောကျောင်း ဖြစ်ပါသည်၊ ထိုအင်္ဂါများမှာ-

(၁) ကျောင်းသည် ဆွမ်းခံရွာနှင့် မနီးလွန်း, မဝေးလွန်း၊ ဆွမ်းခံရွာသို့ သွားလာရေး အတွက် ဘေးရန်စသည် ကင်းရှင်းသောလမ်းရှိခြင်းကြောင့် သွားလာရန် သင့်လျော်လျောက်ပတ်ခြင်း၊

(၂) နေ့အခါ၌ လူတို့နှင့် မရောပွမ်း၊ ညဉ့်အခါ၌ လူသံတိတ်ဆိတ်၏၊ အုတ်အော်သောင်းတင်း ဆူညံခြင်းလည်း ကင်းခြင်း၊

(၃) မှက် ခြင် လေ နေပူ မြွေ ကင်းတို့၏ ကိုက်ခဲထိပါးခြင်းအတွေ့တို့ မရှိခြင်း၊

(၄) သင်္ကန်း ဆွမ်း ကျောင်းနှင့် သူနာ၏ အထောက်အပံ့ကာကွယ်ရေးဆေးတို့သည် မပင်ပန်းဘဲ လွယ်ကူစွာသာလျှင် ဖြစ်ပေါ်ခြင်း၊

(၅) ထိုကျောင်း၌ ပရိယတ်ကျမ်းဂန်များစွာကို ကြားနာသင်ယူပြီး, နှုတ်ထက်ရွရွ ဆောင်ထားကြကုန်သော, ခိုင်မြဲသောသီလစသောဂုဏ်ထူးရှိကုန်သော ရဟန်းတော်တို့ သီတင်းသုံးနေထိုင်ကြ၏၊ ယောဂီရဟန်းအား ထိုအရှင်တို့သည် မဖွင့်ရသေးသောအနက်ကိုလည်း ဖွင့်ပြကုန်၏, ပေါ်လွင်အောင် မပြုရသေးသည်ကိုလည်း ပေါ်လွင်အောင် ပြုပေးကုန်၏, သံသယဖြစ်ဖွယ်ရာ ခက်ခဲသောပါဠိတို့၌လည်း သံသယကို ပယ်ဖျောက်ပေးကြခြင်းတို့ ဖြစ်ပါသည်။

မျက်စိကို လွန်စွာဖွင့်၍ ပထဝီကသိုဏ်းစီးဖြန်းသော ယောဂီအား နိမိတ် မထင်နိုင်ပါ။

မျက်စိကို ဖွင့်လွန်းလျှင် မျက်စိပင်ပန်း၏၊ ကသိုဏ်းဝန်းသည်လည်း အလွန်ထင်လွန်း၏၊ ထို့ကြောင့် ထိုယောဂီအား ဥဂ္ဂဟနိမိတ်သည် မထင်နိုင်ပါ။

၂၀၀၄

၁။ **လမ်းခရီး၌ ကျောင်းများတွင် ယောဂီတို့ မနေထိုင်သင့်သောကျောင်းကိုလည်း ဖော်ပြပါ။**

http://www.dhammadownload.com

(မှတ်စု နှာ- ၁၂၅, ၁၂၆)

လမ်းခရီး၌ ကျောင်းများတွင် ယောဂီတို့ မနေထိုင်သင့်သောကျောင်းများမှာ -

(၁) လမ်းမကြီးနှင့် နီးသောကျောင်း၊
(၂) မြို့ရွာနီးသောကျောင်း၊
(၃) ရေဆိပ် ကုန်းဆိပ် နီးသောကျောင်း၊
(၄) တိုင်းစွန်ပြည်ဖျား၌ ရှိသောကျောင်း၊
(၅) တိုင်းပြည်နယ်ခြား၌ ရှိသောကျောင်းတို့ ဖြစ်ပါသည်။

၂။ **ဥဒ္ဓေဂါပိတိ ဖြစ်ပေါ်လာပုံအခြင်းအရာကို ပေါ်လွင်အောင် ဝတ္ထုသာဓကဖြင့် တင်ပြဖြေဆိုပါ။ (၁၉၉၇-၂)**

၂၀၀၅

၁။ **ဥပစာရဘာဝနာနှင့် အပ္ပနာဘာဝနာ အခိုက်အတန့်၌ စိတ်သည် အဘယ်ကြောင့် တည်တည်ကြည်ကြည် ဖြစ်ရပါသနည်း၊ ဖြေဆိုပြီးလျှင် ယင်းဘာဝနာနှစ်ရပ်၌ တည်ကြည်နေသောစိတ်တို့၏ထူးခြားမှုအခြေအနေများကိုလည်း အများနားလည်အောင် ရှင်းပြပါ။**
(မှတ်စု နှာ- ၁၃၁)

ဥပစာရဘာဝနာ အခိုက်အတန့်၌ စိတ်သည် နိဝရဏတို့ကင်းခြင်းကြောင့် တည်တည်ကြည်ကြည် ဖြစ်နေရပါသည်။

အပ္ပနာဘာဝနာ အခိုက်အတန့်၌ စိတ်သည် ဈာန်အင်္ဂါများ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် တည်တည်ကြည်ကြည် ဖြစ်နေရပါသည်။

ယင်းဘာဝနာနှစ်ရပ်၌ တည်ကြည်နေသောစိတ်တို့၏ ထူးခြားမှုအခြေအနေများမှာ -

- ဥပစာရဘာဝနာ၌ ဈာန်အင်္ဂါတို့သည် အင်အားမရှိသေးပေ။

ဥပမာ - အလွန်ငယ်သောကလေးငယ်ကို ချီမ၍ ရပ်ပေးထားသော်လည်း အကြိမ်ကြိမ်လဲကျသကဲ့သို့ ထို့အတူ ဥပစာရသမာဓိဖြစ်ခိုက်၌ စိတ်သည် ရံခါနိမိတ်ကို အာရုံပြု၍ ရံခါဘဝင်ကို အာရုံပြုသည်၊ ထို့ကြောင့် ဥပစာရသမာဓိသည် လမ်းလျှောက်တတ်ခါစကလေးငယ်နှင့် တူပါသည်။

http://www.dhammadownload.com

- အပွနာဘာဝနာ၌ စျာန်အင်္ဂါတို့သည် အားရှိကုန်၏။

ဥပမာ - အားရှိသောလူကြီးသည် နေရာမှထ၍ တစ်နေ့လုံးသော်လည်း ရပ်တည်နိုင်သကဲ့သို့ ထို့အတူ အပွနာသမာဓိဖြစ်ခိုက်၌ စိတ်သည် ဘဝင်အစဉ်ကို တစ်ကြိမ်ဖြတ်ပြီးလျှင် ကုသိုလ်ဇောအစဉ်၏ အစွမ်းသတ္တိဖြင့် တစ်နေ့လုံးသော်လည်းကောင်း၊ တစ်ညလုံးသော်လည်းကောင်း တည်နေနိုင်သည်၊ ထို့ကြောင့် အပွနာသမာဓိသည် အားရှိသောလူကြီးနှင့် တူပါသည်။

၂။ သမာဓိသည် ပထမစျာန်၌လည်း ရှိ၏၊ ဒုတိယစျာန်၌လည်း ရှိ၏၊ သို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဒုတိယစျာန်ကိုသာ သမာဓိကြောင့် ဖြစ်သောစျာန်(သမာဓိဇ)ဟု မြတ်စွာဘုရားဟောတော်မူရပါသနည်း၊ ရှင်းပြပြီးလျှင် -(မှတ်စု နှာ - ၁၅၉)

ဒုတိယစျာန်ကိုသာ သမာဓိကြောင့် ဖြစ်သောစျာန် (သမာဓိဇ)ဟု ဟောတော်မူရခြင်း

ပထမစျာန်သည် ယှဉ်ဘက်သမာဓိကြောင့် ဖြစ်သည် မှန်သော်လည်း တုန်လှုပ်ချောက်ချားတတ်သော ဝိတက် ဝိစာရတို့ ရှိနေသေး၏၊ ဒုတိယစျာန်သည် ဝိတက် ဝိစာရတို့မှကင်းသဖြင့် တုန်လှုပ်ခြင်း မရှိပေ၊ ထို့ပြင် ဒုတိယစျာန်၌ရှိသော သမာဓိသည် သဒ္ဓါနှင့် အဖော်ရသဖြင့် အလွန်ကြည်လင်မှုလည်း ရှိ၏၊ ဤသို့ ဒုတိယစျာန်၏ဂုဏ်ကျေးဇူးတို့ကို ခြုံးမွမ်းခြင်းအကျိုးငှာ ဒုတိယစျာန်ကို "သမာဓိဇ- သမာဓိကြောင့် ဖြစ်သောစျာန်" ဟု မြတ်စွာဘုရားဟောတော်မူခြင်း ဖြစ်ပါသည်။

၂၀၀၆

၁။ ပီတိနှင့် သုခတို့၏ ထူးခြားချက်ကို ဥပမာဆောင်၍ ထင်ရှားအောင် ဖြေဆိုပါ။ (မှတ်စု နှာ - ၁၄၈)

ပီတိနှင့် သုခအထူး

(၁) ပီတိနှင့် သုခတို့သည် ပထမစျာန်စသော အချို့စိတ်၌ မကွေမကွာယှဉ်ကြသော်လည်း အလိုရှိအပ်သောအာရုံကိုရခြင်းကြောင့် နှစ်သက်ခြင်းသည် ပီတိမည်၏၊ ရအပ်ပြီးသော အာရုံ၏အရသာကို ခံစားခြင်းသည် သုခမည်၏။

http://www.dhammadownload.com

(၂) ပိတိရှိသောစိတ်၌ သုခလည်း ရှိ၏၊ သုခရှိသောစိတ်၌ကား ပိတိသည် ကိန်းသေမြဲသောအားဖြင့် ရှိသည် မဟုတ်ပေ။

(၃) ပိတိကို သခ်ါရက္ခန္ဓာဖြင့် သိမ်းယူရေတွက်အပ်၏၊ သုခကို ဝေဒနာက္ခန္ဓာဖြင့် သိမ်းယူရေတွက်အပ်၏။

(၄) ရေမရှိသော ခရီးခဲကို သွားရခြင်းကြောင့် ပင်ပန်းသော ခရီးသွားယောဂျိုးအား တောအုပ်နှင့် ရေကို မြင်ရကြားရသောအခါတို့၌ ဖြစ်သော နှစ်သက်ခြင်းကဲ့သို့ အလိုရှိအပ်သောအာရုံကို ရသောအခါ၌ဖြစ်သော ပိတိကို မှတ်အပ်၏၊ ထိုယောဂျိုးအား တောရိပ်သို့ဝင်သောအခါ, ရေကိုသုံးဆောင်သောအခါတို့၌ ဖြစ်သောချမ်းသာခြင်းကဲ့သို့ ရပြီးသောအာရုံ၏အရသာကို ခံစားသောအခါ၌ ဖြစ်သောသုခကို မှတ်အပ်၏။

၂၀၀၇

၁။ **ယခုခေတ် လူအတော်များများသည် အချည်းနှီးသောပုဂ္ဂိုလ်ကိုလည်း ယုံကြည် ကြည်ညိုတတ်၏၊ မကြည်ညိုသင့်သော အရာ၌လည်း ကြည်ညိုတတ်၏၊ ယင်းသို့ ဖြစ်ရခြင်းနှင့် ဆေးကြောင့် ဖြစ်သောရောဂါသည် အကုန်သက်သက်သို့ စဉ်းလဲသောအဖြစ်သို့ ရောက်တတ်ခြင်းတို့သည် အဘယ်တရားအားနည်း၍ အဘယ်တရားလွန်ကဲခြင်းကြောင့် ဖြစ်ရပါသနည်း၊ ဖြေဆိုလျှင် ထိုကဲ့သို့ မဖြစ်ရလေအောင် အဘယ်သို့ ကျင့်ကြံနေထိုင်ရမည်ကိုလည်း ညွှန်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၃၄)**

ယခုခေတ်လူအတော်များများသည် အချည်းနှီးသောပုဂ္ဂိုလ်ကိုလည်း ယုံကြည် ကြည်ညိုတတ်၏၊ မကြည်ညိုသင့်သော အရာ၌လည်း ကြည်ညိုတတ်၏၊ ယင်းသို့ ဖြစ်ရခြင်းမှာ - သဒ္ဓါလွန်၍ ပညာအားနည်းသောကြောင့် ဖြစ်ပါသည်။

ဆေးကြောင့်ဖြစ်သော ရောဂါသည် အကုန်သက်သက်သို့ စဉ်းလဲသောအဖြစ်သို့ ရောက်တတ်ခြင်းမှာ - ပညာလွန်၍ သဒ္ဓါအားနည်းသောကြောင့် ဖြစ်ပါသည်။

ထိုကဲ့သို့ မဖြစ်ရလေအောင် **သဒ္ဓါပညာနှစ်ပါးတို့ မယုတ်မလွန် ညီမျှစေရပါမည်။**

၂၀၀၈

၁။ **အပွနာ၌ လိမ္မာသောသူ၏အဖြစ် ဆယ်မျိုးကို မမှားအောင် ဖြေဆိုခဲ့ပါ။**

http://www.dhammadownload.com

အပွနာဌ် လိမ္မာသောသူ၏အဖြစ် ဆယ်မျိုးမှာ -

(၁) ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုလုပ်ခြင်း၊
(၂) ဣန္ဒြေတို့ကို ညီမျှစေခြင်း၊
(၃) နိမိတ်၌ ကျွမ်းကျင်ခြင်း၊
(၄) စိတ်ကို ပင့်မြှောက်သင့်သည့်အခါ၌ ပင့်မြှောက်ခြင်း၊
(၅) စိတ်ကို နှိပ်သင့်သည့်အခါ၌ နှိပ်ခြင်း၊
(၆) စိတ်ကို ရွှင်စေသင့်သည့်အခါ၌ ရွှင်စေခြင်း၊
(၇) စိတ်ကို လျစ်လျူရှုသင့်သည့်အခါ၌ လျစ်လျူရှုခြင်း၊
(၈) သမာဓိကင်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၉) သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊
(၁၀) ထိုအပွနာသမာဓိသို့ စိတ်ညွတ်ခြင်းတို့ ဖြစ်ပါသည်။ **(မှတ်စု နှာ - ၁၃၃)**

၂။ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ခြင်းငှာ ဖြစ်သောတရား (၇)မျိုးကို ဖေါ်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၃၈)

ပဿဒ္ဓိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရား ၇-ပါးမှာ

(၁) သင့်မြတ်ကောင်းမွန်သော ဘောဇဉ်ကို မှီဝဲခြင်း၊
(၂) သင့်လျော်သော ဥတုကို မှီဝဲခြင်း၊
(၃) သင့်လျော်သော ကျရိယာပုထ်ကို မှီဝဲခြင်း၊
(၄) အလယ်အလတ်ဖြစ်သော ကာယိကပယောဂကို ဖြစ်စေခြင်း၊
(၅) ကိုယ်စိတ်ပူပန်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၆) ကိုယ်စိတ်ငြိမ်းအေးသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း၊
(၇) ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ စိတ်နှလုံးညွတ်ခြင်း ဟူသော တရား ၇-ပါးတို့ ဖြစ်ပါသည်။

၂၀၀၉

၁။ အဘယ်ကဲ့သို့လျှင် စိတ်ကို လျစ်လျူရှုသင့်သောအခါ၌ စိတ်ကို လျစ်လျူရှုသင့်ပါသနည်း? ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၁၃၉)

စိတ်ကို လျစ်လျူရှုသင့်သောအခါ၌ လျစ်လျူရှုခြင်းဟူသည် -

http://www.dhammadownload.com

ယောဂီ၏ဘာဝနာစိတ်သည် မတွန့်ဆုတ် မပျံ့လွင့်သည်ဖြစ်၍ သာယာဖွယ်လည်း မကင်းဘဲ အာရုံ၌ အညီအမျှဖြစ်လျက် သမထအကျင့်လမ်းမှန်၍ သွားနေငြားအံ့၊ ထိုအခါ၌ ယောဂီအား ပင့်မြှောက်ခြင်း, နှိပ်ခြင်း, ရွှင်စေခြင်းတို့၌ ကြောင့်ကြစိုက်ဖွယ် မရှိတော့ပေ၊ အညီအမျှသွားနေသောမြင်းတို့၌ ကြောင့်ကြမစိုက်ရသော ရထားထိန်းကဲ့သို့ ဖြစ်၏။

၂။ အဘယ်ကြောင့် တတိယစျာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ခီးမွမ်းခြင်းငှာ ထိုက်သည်ဟု ဆိုရပါသနည်း? ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ-၁၆၅)

တတိယစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ခီးမွမ်းခြင်းငှာ ထိုက်ခြင်းအကြောင်းများမှာ-

- တတိယစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အလွန်ကောင်းမြတ်သောသုခရှိသော, သုခအထွတ်အထိပ်သို့ရောက်သော တတိယစျာန်၌သော်လည်း လျစ်လျူရှုနိုင်၏၊ သုခ၌ကပ်ငြိသောတဏှာက တတိယစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို မဆွဲငင်နိုင်ပေ။
- ထို့ပြင် ပီတိမဖြစ်ပေါ်နိုင်အောင် သတိထင်သောကြောင့် သတိနှင့်လည်း ပြည့်စုံပေ၏။
- ထို့ပြင် အရိယာတို့နှစ်သက်အပ်သော, အရိယာသူတော်စင်တို့မှီဝဲအပ်သည်သာလျှင် ဖြစ်သော ညစ်နွမ်းခြင်းမရှိသော သုခကို နာမကာယဖြင့် ခံစားပေ၏။
  ဤအကြောင်းသုံးမျိုးကြောင့် ခီးမွမ်းထိုက်ပေသည်၊ ဤသို့ ခီးမွမ်းထိုက်သောကြောင့် တတိယစျာန်နှင့် ပြည့်စုံသူကို ဘုရားအစရှိသော အရိယာအရှင်မြတ်တို့သည် "လျစ်လျူရှုသူ သတိရှိသူ ချမ်းသာစွာနေလေ့ရှိသူ" ဟု ခီးမွမ်းကြကုန်၏။

၂၀၁၀

၁။ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်များအနေဖြင့် ကျောင်း၏အပြစ် (၁၈) ပါးကို ဖော်ပြ၍၊ အဘယ့်ကြောင့် အသစ်ဖြစ်သောကျောင်း၌ မနေအပ်, မနေသင့်ပါသနည်း?ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၁၂၅)

ကျောင်း၏အပြစ်(၁၈)ပါးတို့မှာ -

(၁) ကြီးသောကျောင်း

http://www.dhammadownload.com

(၂) ကျောင်းသစ်
(၃) အိုမင်းဆွေးမြေ့သောကျောင်း
(၄) လမ်းမကြီးနှင့်နီးသောကျောင်း
(၅) ကျောက်ရေကန်ရှိသောကျောင်း
(၆) ဟင်းရွက်ခင်းရှိသောကျောင်း
(၇) ပန်းပင်များရှိသောကျောင်း
(၈) သစ်သီးပင်များရှိသောကျောင်း
(၉) အလေးအမြတ်ခ်ီးမွမ်းအပ်သောကျောင်း
(၁၀) မြို့ရွာနှင့်နီးသောကျောင်း
(၁၁) သစ်ပင်ဝါးပင်ပေါများသောကျောင်း
(၁၂) လယ်ကွင်းနှင့်စပ်သောကျောင်း
(၁၃) အချင်းချင်းမသင့်မျှသောပုဂ္ဂိုလ်တို့နေသောကျောင်း
(၁၄) ရေဆိပ် ကုန်းဆိပ်နီးသောကျောင်း
(၁၅) တိုင်းစွန်ပြည်ဖျားဌ်ရှိသောကျောင်း
(၁၆) တိုင်းပြည်နယ်ခြားဌ်ရှိသောကျောင်း
(၁၇) မလျောက်ပတ်သောကျောင်း
(၁၈) မိတ်ဆွေကောင်းမရှိသောကျောင်း - တို့ဖြစ်ပါသည်။

အသစ်ဖြစ်သောကျောင်းဌ် မနေအပ် မနေသင့်ရခြင်းမှာ -

ကျောင်းသစ်ဌ် ပြုလုပ်ရန်အမှုကိစ္စ များပြား၏၊ မပြုလုပ်သောရဟန်းကို ကဲ့ရဲ့တတ်ကုန်သောကြောင့် ဖြစ်ပါသည်၊ သို့သော် "အရှင်မြတ်သည် ချမ်းသာသလိုရဟန်းတရားကို အားထုတ်ပါ။ အမှုကိစ္စကို တပည့်တော်တို့ လုပ်ကြပါမည်"ဟု ပြောဆိုခွင့်ပြုထားပါမူ ထိုသို့သောကျောင်းသစ်ဌ် နေသင့်ပါသည်။

၂။ ဥဂ္ဂဟနိမိတ်၏ အဓိပ္ပါယ်ကို ရေးသားဖြေဆိုဌ်၍၊ ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိနှစ်ပါးတို့၏အထူးကိုလည်း ဖြေဆိုခဲ့ပါ။(မှတ်စု နှာ- ၁၃၀)

ဥဂ္ဂဟနိမိတ် ဆိုသည်မှာ -

မျက်စိကို မှိတ်၍ ကမ္မဋ္ဌာန်းကို ဆင်ခြင်သောအခါဌ် မျက်စိကိုဖွင့်၍ ဆင်ခြင်

http://www.dhammadownload.com

သကဲ့သို့ပင် စိတ်၌ ထင်ရှားစွာပေါ်လာသောကသိုဏ်းဝန်း အစရှိသောအာရုံသည် ဥဂ္ဃဟနိမိတ်ဖြစ်ပါသည်။

ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိအထူးမှာ -

ဥပစာရသမာဓိ

- ဥပစာရသမာဓိအခိုက်၌ နီဝရဏတို့ကင်းခြင်းကြောင့် စိတ်ကို အညီအညွတ် ကောင်းစွာထားနိုင်ပါသည်။
- ဥပစာရသမာဓိအခိုက်၌ ဈာန်အင်္ဂါတို့သည် အင်အားမရှိသေးပေ။
  ဥပမာ - အလွန်ငယ်သောကလေးကို ချီမ၍ ရပ်ပေးသော်လည်း အကြိမ်ကြိမ် လဲကျသကဲ့သို့ ထို့အတူ ဥပစာရသမာဓိဖြစ်ခိုက်၌ စိတ်သည် ရံခါနိမိတ်ကိုအာရုံပြု၍ ရံခါဘဝင်သို့သက်ပါသည်၊ ထို့ကြောင့် ဥပစာရသမာဓိသည် လမ်းလျှောက်တတ်ခါစ ကလေးငယ်နှင့် တူပါသည်။

အပ္ပနာသမာဓိ

- အပ္ပနာသမာဓိအခိုက်၌ ဈာန်အင်္ဂါများ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့် စိတ်ကို အညီအညွတ် ကောင်းစွာထားနိုင်ပါသည်။
- အပ္ပနာသမာဓိအခိုက်၌ ဈာန်အင်္ဂါတို့သည် အားရှိကုန်၏။

ဥပမာ - အားရှိသောလူကြီးသည် နေရာမှထ၍ တစ်နေ့လုံးသော်လည်း ရပ်နေနိုင်သကဲ့သို့ ထို့အတူ အပ္ပနာသမာဓိဖြစ်ခိုက်၌ စိတ်သည် ဘဝင်အစဉ်ကို တစ်ကြိမ်ဖြတ်ပြီးလျှင် တစ်ညဉ့်လုံးသော်လည်းကောင်း တစ်နေ့လုံးသော်လည်းကောင်း တည်နေနိုင်၏။

၃။ အဘယ်သို့ပြုမှ ဣန္ဒြေတို့ကို ညီမျှစေပါသနည်း? ဖြေဆို၍၊ အပ္ပနာ၌ လိမ်မာသောသူ၏ ဖြစ်ကြောင်းတရားများကိုလည်း ဖော်ပြခဲ့ပါ။

ဣန္ဒြေတို့ကို ညီမျှစေရန် -

သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ ဟူသော ဣန္ဒြေတို့ကို ညီမျှစေရန် သတိ အားကောင်းရပါမည်။

အားကောင်းသောသတိသည် စိတ်ကို ပျံ့လွင့်ခြင်းဥဒ္ဓစ္စအဖို့၌ ကျရောက်ခြင်းမဖြစ်အောင် သဒ္ဓါ၊ ဝီရိယ နှင့် ပညာတို့၏အစွမ်းဖြင့် ပျံ့လွင့်ခြင်းဘက်သို့ ကျခြင်းမှ

http://www.dhammadownload.com

စောင့်ရှောက်ပါသည်၊ ပျင်းရိမှုကောသဇ္ဇအဖို့ရှိသောသမာဓိကြောင့် ပျင်းရိမှုဘက်သို့ ကျခြင်းမှလည်း စောင့်ရှောက်ပါသည်၊ ထို့ကြောင့် ဣန္ဒြေတို့ကို ညီမျှစေရန် သတိအား ကောင်းရပါမည်။

အပ္ပနာဌ်လိမ္မာသောသူ၏ဖြစ်ကြောင်းတရားတို့မှာ -

(၁) ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုလုပ်ခြင်း၊
(၂) ဣန္ဒြေတို့ကို ညီမျှစေခြင်း၊
(၃) နိမိတ်၌ ကျွမ်းကျင်ခြင်း၊
(၄) စိတ်ကို ပင့်မြှောက်သင့်သည့်အခါ၌ ပင့်မြှောက်ခြင်း၊
(၅) စိတ်ကို နှိပ်ကွပ်သင့်သည့်အခါ၌ နှိပ်ကွပ်ခြင်း၊
(၆) စိတ်ကို ရွှင်စေသင့်သည့်အခါ၌ ရွှင်စေခြင်း၊
(၇) စိတ်ကို လျစ်လျူရှုသင့်သည့်အခါ၌ လျစ်လျူရှုခြင်း၊
(၈) သမာဓိကင်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၉) သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း၊
(၁၀) ထိုအပ္ပနာသမာဓိသို့ စိတ်ညွတ်ခြင်း - တို့ဖြစ်ပါသည်။

၄။ အဘယ်ကြောင့် တတိယဈာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ခိုးမွမ်းခြင်းငှာ ထိုက်ပါသနည်း? ဖြေဆို၍၊ (မှတ်စု နှာ- ၁၆၅)

တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို ခိုးမွမ်းခြင်းငှာ ထိုက်ရခြင်း -

တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် အလွန်ကောင်းမြတ်သောသုခရှိသော၊ သုခအထွတ်အထိပ်သို့ရောက်သော တတိယဈာန်၌သော်လည်း လျစ်လျူရှုနိုင်၏၊ သုခ၌ ကပ်ငြိသောတဏှာက တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်ကို မဆွဲငင်နိုင်ပါ၊ ထို့ကြောင့် လျစ်လျူရှုသူဟု ခိုးမွမ်းခြင်းငှာထိုက်ပါသည်။

တတိယဈာန်နှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ပီတိမဖြစ်ပေါ်နိုင်အောင် သတိထင်သောကြောင့် သတိနှင့်လည်း ပြည့်စုံပါပေသည်၊ ထို့ကြောင့် သတိရှိသူဟု ခိုးမွမ်းခြင်းငှာ ထိုက်ပါသည်။

http://www.dhammadownload.com

တတိယစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အရိယာတို့နှစ်သက်အပ်သော၊ အရိယာသူတော်စင်တို့မြဲဝဲအပ်သည်သာလျှင်ဖြစ်သော ညစ်နွမ်းခြင်းမရှိသောသုခကို နာမကာယဖြင့် ခံစားပါသည်၊ ထို့ကြောင့် ချမ်းသာစွာနေလေ့ရှိသူဟု ခီးမွမ်းခြင်းငှာ ထိုက်ပါသည်။

၂၀၁၁

၁။ **"အစကောင်းမှ အနှောင်းသေချာသည်" ဟူသော ဆိုရိုးစကားနှင့်အညီ ပထမစျာန်၏ အစ, အလယ်, အဆုံး ကောင်းခြင်းသုံးဖြာနှင့် အဆုံးကောင်းခြင်းတွင် ပြည့်စုံရမည့် လက္ခဏာ ၄-ရပ်တို့ကို ထုတ်ဖော်ပြပါ။ (၂၀၀၂-၂)**

ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ

http://www.dhammadownload.com

အခန်း ၅ ။ သေသကသိဏနိဒ္ဒေသပိုင်း

၁၉၈၅

၁။ ဆရာကောင်းသမားကောင်းထံ ချဉ်းကပ်၍ နည်းမှန်လမ်းမှန်ဖြင့် မည်မျှပင် ကြိုးစားအားထုတ်စေကာမူ ယခုဘဝ၌ ဈာန်-မဂ်-ဖိုလ်တရားထူး မရနိုင်သောပုဂ္ဂိုလ်မျိုးကို စုံလင်စွာ ဖော်ပြပါ။ (မှတ်စု နှာ- ၁၇၈)

ယခုဘဝ၌ ဈာန်-မဂ်-ဖိုလ်တရားထူး မရနိုင်သော ပုဂ္ဂိုလ်မျိုးမှာ -

(၁) အနန္တရိယကံငါးပါးတွင် တစ်ပါးပါးသောကံနှင့် ပြည့်စုံသူ၊ (ကမ္မာဝရဏနှင့် ပြည့်စုံသောသတ္တဝါ)၊

(၂) အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိသုံးပါးတို့တွင် တစ်ပါးပါးသော မစွန့်လွှတ်နိုင်အောင် ခိုင်မြဲသောအယူများ(နိယတမိစ္ဆာဒိဋ္ဌိ)နှင့် ပြည့်စုံသူနှင့် ဥဘတောဗျဉ်း၊ ပဏ္ဍုက်၊ (ကိလေသာဝရဏနှင့် ပြည့်စုံသောသတ္တဝါ)၊

(၃) အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေရှိသောပုဂ္ဂိုလ်၊ (ဝိပါကာဝရဏနှင့် ပြည့်စုံသောသတ္တဝါ)

(၄) ဘုရားအစရှိသော ရတနာသုံးပါးဌ၌ ယုံကြည်ခြင်းသဒ္ဓါ မရှိသောသူ၊

(၅) မဂ်အားလျော်သောအကျင့် သစ္စာနုလောမိကဝိပဿနာဌ၌ အားထုတ်လိုသော သမ္မာဆန္ဒကင်းသူ၊

(၆) လောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာသမ္မာဒိဋ္ဌိကင်းသော ပညာမဲ့သူတို့ ဖြစ်ပါသည်။

၁၉၉၀

၁။ မည်သည့်ကမ္မဋ္ဌာန်းကိုဖြစ်စေ အားထုတ်သော်လည်း အကျိုးထူးမရနိုင်သောပုဂ္ဂိုလ်များကို အစဉ်ကျကျ ညွှန်ပြခဲ့ပါ။ (၁၉၈၅)

၁၉၉၂

၁။ အာပေါကသိုဏ်းကို စီးဖြန်းသောယောဂီပုဂ္ဂိုလ် ဖန်ဆင်းနိုင်သောတန်ခိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စု နှာ- ၁၇၆)

http://www.dhammadownload.com

အာပေါကသိုက်းစီးဖြန်းသော ယောဂီပုဂ္ဂိုလ်ဖန်ဆင်းနိုင်သောတန်ခိုးတို့မှာ -

(၁) မြေ၌ ငုပ်ခြင်းပေါ်ခြင်း၊
(၂) မိုးရေမိုးပေါက်ရွာသွန်းခြင်းကို ဖြစ်စေခြင်း၊
(၃) မြစ် သမုဒ္ဒရာ စသည်တို့ကို ဖန်ဆင်းခြင်း၊
(၄) မြေ တောင် ပြာသာဒ် စသည်တို့ကို လှုပ်စေခြင်း အစရှိသောအကျိုးတို့ ဖြစ်ပါသည်။

၁၉၉၃

၁။ ဤဘဝတွင် မည်မျှပင်တရားအားထုတ်စေကာမူ ဈာန်တရား၊ မဂ်တရားတို့ကို မရနိုင်သော ပုဂ္ဂိုလ်စုတို့တွင် ကိလေသာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်စုတို့ကို ဖော်ပြခဲ့ပါ။ (မှတ်စု နှာ - ၁၇၈) (၁၉၈၅)

၁၉၉၆

၁။ ဝါယောကသိုက်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဝါယောကသိုက်းကို "ဒိဋ္ဌ၊ ဖုဋ္ဌ" နှစ်မျိုးတို့ဖြင့် ပွားများပုံနည်းကို စနစ်တကျ ဖော်ပြပါ။ (မှတ်စု နှာ- ၁၇၂)

ဝါယောကသိုက်းကို ဒိဋ္ဌ(အမြင်)၏အစွမ်းဖြင့် ပွားများပုံမှာ -

ဦးခေါင်းနှင့်အညီ တည်သော တစ်ခဲနက်အရွက်စည်ပင်သော ကြံပင်ကိုဖြစ်စေ, ဝါးပင်ကိုဖြစ်စေ, သစ်ပင်ကိုဖြစ်စေ, လက်လေးသစ်ခန့်ရှည်သည့် ဆံပင်ထူသော ယောကျ်ား၏ဦးခေါင်းကိုဖြစ်စေ လေတိုက်ခြင်းကြောင့် လှုပ်သည်ကို မြင်၍ "ဤလေသည် ဤနေရာ၌ တိုက်ခတ်၏" ဟု သတိကို ဖြစ်စေ၍ နိမိတ်ကို ယူရပါမည်။

ဝါယောကသိုက်းကို ဖုဋ္ဌ(အတွေ့)၏အစွမ်းဖြင့် ပွားများပုံမှာ -

လေသာပြတင်းအကြားဖြင့်ဖြစ်စေ, နံရံပေါက်ဖြင့်ဖြစ်စေ ဝင်လာသောလေ၏တိုက်ခတ်မိရာ ကိုယ်အစိတ်အပိုင်း၌ သတိကိုဖြစ်စေ၍ "လေ လေ" ဟု ပွားစေ၍ နိမိတ်ကို ယူရပါမည်။

http://www.dhammadownload.com

ယင်းသို့ နိမိတ်ယူရာတွင် ဝါယောဓာတ်၏ လက္ခဏာနှင့် အဆင်းကို နှလုံးမသွင်းဘဲ ထင်ရှားသော လောကဝေါဟာရပညတ်၌ စိတ်ကိုထား၍ ပွားအပ်၏။

၁၉၉၈

၁။ တေဇောကသိုဏ်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်၏ ပြုလုပ်ရမည့်အစီအရင်နှင့် ပွားများပုံနည်းတို့ကို မှတ်သားဖွယ်ရာ ပြည့်စုံစွာ ဖော်ပြပါ။ (မှတ်စု နှာ- ၁၇၂)

တေဇောကသိုဏ်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်၏ ပြုလုပ်ရမည့် အစီအရင်မှာ -

ယောဂီသည် အစေးအနှစ်ရှိသောထင်းတို့ကိုခွဲ၍ ခြောက်သွေ့စေပြီးလျှင် အပိုင်းအပိုင်းပြုလုပ်၍ သင့်လျော်သော သစ်ပင်ရင်းသို့ဖြစ်စေ, မဏ္ဍပ်သို့ဖြစ်စေ သွားပြီးလျှင် သပိတ်ဖုတ်သကဲ့သို့ စုပုံကာ မီးညှိပြီးလျှင် ဖျာသင်ဖြူးခြုံဖြစ်စေ, သားရေပိုင်းခြုံဖြစ်စေ, အဝတ်ပိုင်းခြုံဖြစ်စေ တစ်ထွာလက်လေးသစ်ပမာဏရှိသော အပေါက်ကို ဖောက်အပ်၏၊ ထိုအပေါက်ဖောက်ထားသော ဖျာသင်ဖြူးစသည် တစ်ခုခုကို ရှေ့၌ ထား၍ ထိုင်လျက် အောက်၌ရှိသော မြက်ခင်းနှင့် အထက်၌ရှိသော မီးခိုးတို့ကို နှလုံးမသွင်းဘဲ အလယ်၌ တစ်ခဲနက်သောမီးလျှံ၌ နိမိတ်ကို ယူအပ်၏။

ဤသို့ နိမိတ်ကိုယူရာ၌ အညိုအဝါစသောအဆင်းကို မဆင်ခြင်အပ်ပေ၊ ပူသည်၏အစွမ်းအားဖြင့် လက္ခဏာကိုလည်း နှလုံးမသွင်းအပ်ပေ၊ စင်စစ်မူ အဆင်းကို မလွတ်ဘဲ မှီရာမီးနှင့် တူသော အခြင်းအရာ ရှိသည်ကိုသာလျှင် ပြု၍ တေဇောဓာတ်၏ သတ္တိလွန်ကဲသောအားဖြင့် တေဇောဟူသောဝေါဟာရပညတ်၌ စိတ်ကိုထား၍ "မီး မီး" ဟု ပွားရပါမည်။

အဓိကာရဘာဝနာရှိသောပုဂ္ဂိုလ်ဖြစ်မူ ပြုပြင်စီရင်ခြင်းမရှိသောမီး၌ နိမိတ်ကို ယူလျှင် ဆီမီးလျှံ၌ဖြစ်စေ, မီးဖိုမီး၌ဖြစ်စေ, သပိတ်ဖုတ်ရာအရပ်၌ဖြစ်စေ, တောမီးလောင်ရာ၌ဖြစ်စေ တစ်နေရာရာ၌ မီးလျှံကိုကြည့်စဉ် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် ဖြစ်ပေါ်၏။

---

http://www.dhammadownload.com

၁၉၉၉

၁။ **အာကာသကသိုက်၏ အစွမ်းအားဖြင့် ပြည့်စုံရရှိနိုင်သော အကျိုးများကို ထုတ်ပြပြီးလျှင်၊ စာန် မင်္ဂိုကို တားမြစ်သော ကိလေသာတို့ကိုလည်း ထုတ်ဖော်ပြပါ။**

အာကာသကသိုက်၏ အစွမ်းအားဖြင့် ပြည့်စုံရရှိနိုင်သော အကျိုးများမှာ -

(၁) ဖုံးအုပ်ကွယ်ကာလျက်ရှိသောဝတ္ထုတို့ကို ဟင်းလင်းပွင့်အောင် ပြုခြင်း၊

(၂) မြေအတွင်း တောင်အတွင်းတို့၌ ဟင်းလင်းအပြင်ကို ဖန်ဆင်း၍ သွား ရပ် ထိုင် လျောင်းဟူသော ဣရိယာပုထ်ကို ပြုခြင်း၊

(၃) နံရံတစ်ဖက် စသည်တို့၌ မငြိကပ်ဘဲ သွားနိုင်ခြင်း အစရှိသောအကျိုးတို့ ဖြစ်ပါသည်။ **(မှတ်စု နှာ - ၁၇၇)**

စာန် မင်္ဂိုကို တားမြစ်သော ကိလေသာ (၁၉၈၅ နှင့် ၁၉၉၃ ၌)

၂၀၀၀

၁။ **ဩဒါတကသိုက်ကို ပွားများလိုသောပုဂ္ဂိုလ်၏ ပွားများပုံနည်းကို ပြဆိုပြီးလျှင်၊ ယင်း ဩဒါတကသိုက်၏အစွမ်းကြောင့် ပြည့်စုံနိုင်သောတန်ခိုးများကိုလည်း ဖော်ပြပါ။ (မှတ်စု နှာ- ၁၇၄, ၁၇၅, ၁၇၉)**

ဩဒါတကသိုက်ကို ပွားများပုံနည်းမှာ -

<u>အဓိကာရဘာဝနာ ရှိသောပုဂ္ဂိုလ်အား -</u>

အဖြူရောင်ပန်းတို့ ဝေဆာစွာပွင့်နေသော ပန်းခြံကိုဖြစ်စေ, ဇွန်ပန်း မြတ်လေးပန်းစသော ပန်းအခင်းကိုဖြစ်စေ, ကုမုဒြာကြာပန်း ပဒုမ္မာကြာပန်း အစုကိုဖြစ်စေ, ဖြူသောအဆင်းရှိသောအဝတ် ဖြူသောအဆင်းရှိသော ကျောက်ဓာတ် မြေဓာတ်တို့တွင် တစ်မျိုးမျိုးကိုဖြစ်စေ မြင်လျှင်ပင် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဖြစ်ပေါ်၏။ သလွဲဖြူပြားဝန်း, ငွေပြားဝန်း, လဝန်းတို့၌လည်း နိမိတ်ဖြစ်ပေါ်နိုင်ပါသည်။

<u>အဓိကာရဘာဝနာ မရှိသောပုဂ္ဂိုလ်ဖြစ်မူ -</u>

ပန်းဖြူဖြင့် ပန်းတောင်းကိုလည်းကောင်း၊ ပန်းကပ်အဖုံးကိုလည်းကောင်း (ဝတ်ဆံအညှာမရောယှက် သက်သက်သော)အပွင့်အဖတ်တို့ဖြင့်သာလျှင် အနားရစ်နှင့်အညီအမျှ

http://www.dhammadownload.com

ပြည့်စေ၍ ခင်းထားအပ်၏၊ ဖြူသောအဆင်းရှိသော အဝတ်ဖြင့်မူလည်း အထုတ်ထုတ်စေ၍ ပြည့်စေအပ်၏၊ ထိုပန်းတောင်း သို့မဟုတ် ပန်းကပ်ဖုံး၏ မျက်နှာဝဋ်မူလည်း စည်မျက်နှာပြင်ကဲ့သို့ ဖွဲ့အပ်၏၊ ကျောက်ဓာတ်ဖြူ မြေဓာတ်ဖြူစသော ဓာတ်ဖြင့်မူလည်း ရွှေ့ပြောင်း၍ ရစကောင်းသောကသိုဏ်းဝန်းကိုဖြစ်စေ, နံရံ၌ ရွှေ့ပြောင်း၍မရစကောင်းသော ကသိုဏ်းဝန်းကိုဖြစ်စေ ပြုလုပ်၍ မတူသော အဆင်းတစ်ခုခုဖြင့် အပိုင်းအခြားပြုလုပ်အပ်၏၊ ထို့နောင်မှ "အဖြူ အဖြူ" ဟူ၍ နှလုံးသွင်းအပ်၏။

ဩဒါတကသိုဏ်း၏အစွမ်းကြောင့် ပြည့်စုံနိုင်သောတန်ခိုးများမှာ -

(၁) ဖြူသောအဆင်းကို ဖန်ဆင်းခြင်း၊
(၂) ထိနမိဒ္ဓကို ဝေးအောင် ပြုခြင်း၊
(၃) အမှောင်ကို မှုတ်လွှင့်ပယ်ဖျောက်ခြင်း၊
(၄) ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အဆင်းကိုကြည့်ရှုခြင်းဌာ အလင်းရောင်ကိုပြုလုပ်ခြင်း အစရှိသောအကျိုးတို့ ဖြစ်ပါသည်။

၂၀၀၁

၁။ အာပေါကသိုဏ်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်၏ ပြုလုပ်ပုံအစီအရင်နှင့် ပွားများပုံနည်းတို့ကို ပြဆို၍၊ ယင်းအာပေါကသိုဏ်း၏အစွမ်းအားဖြင့် ပြည့်စုံရရှိသော အကျိုးများကိုလည်း ညွှန်ပြဖြေဆိုပါ။ (မှတ်စု နှာ- ၁၇၁)

အာပေါကသိုဏ်းကို ယောဂီပုဂ္ဂိုလ်၏ ပြုလုပ်ပုံအစီအရင်နှင့် ပွားများနည်းတို့မှာ-

အဓိကာရဘာဝနာ မရှိသောပုဂ္ဂိုလ်ဖြစ်မူ -

အညို အရွေ အနီ အဖြူတို့တွင် တစ်ပါးပါးသောအဆင်းရှိသောရေကို မယူဘဲ၊ မြေသို့မရောက်မီ ကောင်းကင်၌ စင်ကြယ်သောအဝတ်ဖြင့် ခံယူအပ်သော ကြည်လင်ပြီး မနောက်ကျူသောရေကို သပိတ်ခွက်ကရားတို့၌ အနားရေးနှင့်အမျှ ထည့်၍ အာပေါဓာတ်၏လက္ခဏာနှင့် အဆင်းကို မဆင်ခြင်ဘဲ အာပေါဓာတ်များသည်၏အစွမ်းဖြင့် လောကဝေါဟာရပညတ်၌ စိတ်ကိုထား၍ "အာပေါ၊ အာပေါ" ဟု နှလုံးသွင်းပွားအပ်၏။

http://www.dhammadownload.com

ရှေးက ဆည်းပူးအပ်သော ဘာဝနာရှိသူသည်

မပြုပြင်အပ်သော ရေ၊ ရေကန်၊ သမုဒ္ဒရာ၌ ရှိသောရေကိုကြည့်၍ ဥဂ္ဃဟနိမိတ်၊ ပဋိဘာဂနိမိတ်ထင်၏။

အာပေါကသိုက်၏ အစွမ်းအားဖြင့် ပြည့်စုံရရှိသောအကျိုးများ (၁၉၉၂)

၂၀၀၂

၁။ **ပီတကသိုက်း ပွားများကာစဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ပီတကသိုက်းစီရင်ပုံ နှလုံးသွင်းပွားများပုံတို့ကို စနစ်တကျ ဖော်ပြပြီးလျှင်၊ ယင်းပီတကသိုက်း၏ အစွမ်းအားဖြင့် ရရှိပြည့်စုံနိုင်သော အကျိုးများကိုလည်း ဖော်ညွှန်းပြပါ။ (မှတ်စု နှာ- ၁၇၄, ၁၇၆)**

ပီတကသိုက်းကို ပွားများကာစဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ပီတကသိုက်း စီရင်ပုံ၊ နှလုံးသွင်းပွားများပုံတို့မှာ -

ရွှေသောအဆင်းရှိသောပန်း အဝတ် ဓာတ်သတ္တုတစ်မျိုးမျိုးကို တောင်း၏အနားရေမျှပြည့်စေ၍ဝင်း၊ စည်မျက်နှာကဲ့သို့ ချည်ဝင်း၊ နံ့ရှဉ့် မရွှေ့ပြောင်းနိုင်သောကသိုက်းက အဆင်းတစ်ခုခုဖြင့် ပိုင်းခြားချဝင်း ကသိုက်းဝန်းပြုလုပ်အပ်၏၊ ထို့နောက် ယင်းနိမိတ်ကိုယူကာ အဆင်းနှင့်လက္ခဏာကို နှလုံးမသွင်းဘဲ လောကဝေါဟာရပညတ်ဖြင့် "ပီတ, ပီတ" ဟု နှလုံးသွင်းပွားအပ်၏။

ပီတကသိုက်း၏ အစွမ်းအားဖြင့် ရရှိပြည့်စုံနိုင်သောအကျိုးများမှာ -

(၁) ဝါသောအဆင်းကို ဖန်ဆင်းခြင်း၊

(၂) ရွှေဖြစ်အောင် အဓိဋ္ဌာန်ခြင်း၊

(၃) စင်ကြယ်သောအဆင်း မစင်ကြယ်သောအဆင်းရှိသောနည်းဖြင့် အဘိဘာယတနကို ရခြင်း၊

(၄) သုဘဝိမောက္ခကိုရခြင်း အစရှိသော အကျိုးတို့ ဖြစ်ပါသည်။

---

http://www.dhammadownload.com

၂၀၀၃

၁။ ဝါယောကသိုဏ်းကို စီးဖြန်းသဖြင့် ရရှိနိုင်သော အကျိုးထူးများကို ဖော်ပြ၍၊ ဈာန် မဂ် မရနိုင်အောင် တားမြစ်တတ်သော ကိလေသာကိုလည်း ရေးသားခဲ့ပါ။ (၁၉၈၅)

ဝါယောကသိုဏ်းကို စီးဖြန်းသဖြင့် ရရှိနိုင်သောအကျိုးထူးများမှာ -

(၁) လေ၏အလား လျင်မြန်စွာသွားနိုင်ခြင်း၊

(၂) လေဟုန်လေပြင်း ဖြစ်စေခြင်း အစရှိသောအကျိုးတို့ ဖြစ်ပါသည်။

၂၀၀၅

၁။ တေဇောကသိုဏ်း ပွားများသဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကိုလည်း ဖော်ပြခဲ့ပါ။

တေဇောကသိုဏ်း ပွားများသဖြင့် ရရှိနိုင်သည့်အကျိုးကျေးဇူးများမှာ-

(၁) အခိုးလွှတ်ခြင်း, အလျှံလွှတ်ခြင်း, မီးကျိုးမိုးရွာစေခြင်း၊

(၂) မိမိတန်ခိုးအရှိန်ဖြင့် သူတစ်ပါး၏တန်ခိုးအရှိန်ကို ကုန်ခန်းစေခြင်း၊

(၃) လောင်စာအမျိုးမျိုးထဲမှ မိမိလောင်ကျွမ်းစေလိုသောအရာကိုသာ လောင်ကျွမ်းစေခြင်းငှာ စွမ်းနိုင်ခြင်း၊

(၄) ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် အဆင်းကိုကြည့်ရှုခြင်းငှာ အလင်းရောင်ကို ပြုလုပ်ခြင်း၊

(၅) ပရိနိဗ္ဗာန်စံသောအခါ၌ ကိုယ်ကိုလောင်ကျွမ်းစေခြင်း အစရှိသောအကျိုးတို့ ဖြစ်ပါသည်။ (မှတ်စု နှာ - ၁၇၆)

၂၀၀၆

၁။ ရှေးအခါက ကသိုဏ်းဘာဝနာ မရှုမှတ်ခဲ့ဖူးသူများ အာကာသကသိုဏ်း ရှုမှတ်လိုလျှင် ပြုလုပ်ပုံအစီအရင်နှင့် ပွားများပုံနည်းတို့ကို ပြဆို၍၊ ရရှိနိုင်သော အကျိုးများကိုလည်း ထုတ်ဖော်ပြပါ။ (မှတ်စု နှာ- ၁၇၆)

ရှေးအခါက ကသိုဏ်းဘာဝနာ မရှုမှတ်ခဲ့ဖူးသူများ အာကာသကသိုဏ်း ရှုမှတ်လိုလျှင် ပြုလုပ်ပုံအစီအရင်နှင့် ပွားများပုံနည်းမှာ-

http://www.dhammadownload.com

လွန်ကဲသောဘာဝနာကောင်းမှုကို မပြုခဲ့ဖူးသောယောဂီသည် နေပြောက် မထိုးအောင် ကောင်းစွာမိုးထားသော မဏ္ဍာပ်၌ ဖြစ်စေ, သားရေဖျာ စသည်တို့တွင် တစ်ခုခု၌ဖြစ်စေ တစ်ထွာနှင့် လက်လေးသစ်အချင်းရှိသောအပေါက်ဖောက်၍ ထိုအပေါက်ကို ဖြစ်စေ, နံရံပေါက်စသောအပေါက်ကိုဖြစ်စေ "ကောင်းကင် ကောင်းကင်" ဟု ပွားစေအပ်၏။

အာကာသကသိုဏ်းကို ရှုမှတ်ခြင်းဖြင့် ရရှိနိုင်သောအကျိုးများ(၁၉၉၉)

၂၀၀၈

၁။ **အာပေါကသိုဏ်း၏ အစွမ်းနှင့် တေဇောကသိုဏ်း၏ အစွမ်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။ (၁၉၉၂, ၂၀၀၅)**

၂၀၁၁

၁။ **ပီတကသိုဏ်းကို ပွားများခါစဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ပီတကသိုဏ်းစိရင်ပုံနှလုံးသွင်းပုံပွားများပုံတို့ကို စနစ်တကျ ဖော်ပြပြီးလျှင်၊ ယင်းပီတကသိုဏ်း၏ အစွမ်းအားဖြင့် ရရှိပြည့်စုံနိုင်သောအကျိုးများကိုလည်း ဖော်ညွှန်းပြပါ။ (၂၀၀၂)**

ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ

http://www.dhammadownload.com

အခန်း ၆ ။ အသုဘကမ္မဋ္ဌာနနိဒ္ဒေသပိုင်း

၁၉၈၄

၁။ **ရှုချင်စဖွယ် တင့်တယ်အောင် အမျိုးမျိုးခြယ်သထားသော အမျိုးသမီး အမျိုးသားများနှင့် ဆုံမိသည့်အခါ ပြည့်ရှင်မင်းနှင့် သူတောင်းစား တစ်သားတည်းကျအောင် ရှုပွားနည်းဖြင့် ရှုပွားပုံကို ဖော်ပြပါ။ (မှတ်စု နှာ- ၁၉၂)**

ရှုချင်စဖွယ် တင့်တယ်အောင် အမျိုးမျိုးခြယ်သထားသော အမျိုးသမီးအမျိုးသားများနှင့် ဆုံမိသည့်အခါ ပြည့်ရှင်မင်းနှင့် သူတောင်းစား တသားတည်းကျအောင် ရှုပွားနည်းဖြင့် ရှုပွားပုံမှာ -

ရှုချင်စဖွယ် တင့်တယ်အောင် အမျိုးမျိုးခြယ်သထားသော အမျိုးသမီးအမျိုးသားတို့ကိုတွေ့လျှင် ထိုသူတို့သည် ခြယ်သထား၍သာ ရှုချင်စဖွယ် တင့်တယ်နေခြင်းဖြစ်သည်, စက်ဆုပ်ရွံဖွယ် မတင့်တယ်ဟု မှတ်စရာ အသုဘလက္ခဏာသည် မထင်ပေါ်ဘဲ ရှိပေသည်၊ အကယ်၍ ကိုယ်ကို မပြုပြင် မသုတ်သင်ဘဲ မိဘမွေးထားသည့်အတိုင်း ထားခဲ့သော် အမွေးဖားဖား ဆံပင်ဖားလျားဖြစ်လျက် စက်ဆုပ်ရွံရှာဖွယ် ဖြစ်နေပေလိမ့်မည်၊ ထိုအခါ ပြည့်ရှင်မင်းသည်လည်းကောင်း၊ ဒွန်းစဏ္ဍားသည်လည်းကောင်း စက်ဆုပ်ဖွယ်ကိုယ်ရှိပုံချင်း တူညီနေလျက် ထူးခြားခြင်း မရှိတော့ပေ။

ဤသို့ထူးခြားခြင်းမရှိသော်လည်း သွားတိုက်ခြင်း, မျက်နှာသစ်ခြင်းစသည်တို့ဖြင့် သုတ်သင်၍ အမျိုးမျိုးသောအဝတ်အထည်တို့ဖြင့် ဖုံးထားသင့်သော ရှက်ဖွယ်ကိုယ်အင်္ဂါကို ဖုံးလွှမ်း၍ အမွေးအကြိုင်နံ့သာဖြင့် လိမ်းကျံ၍ ပန်းအဆင်တန်ဆာတို့ဖြင့် ဆင်မြန်းလျက် "ငါ, ငါဟာ" ဟု မှတ်ယူအပ်သောအခြေအနေသို့ရောက်အောင်ပြုလုပ်နေကြသည်။

ဤသို့ ကိုယ်ကာယ၏ ဟုတ်မှန်တိုင်းဖြစ်သော အသုဘသဘောလက္ခဏာကို မသိနိုင်သူတို့သည် တစ်ဦးနှင့်တစ်ဦး မွေ့လျော် နှစ်သက်တပ်မက်နေကြပေသည်။

အစစ်အမှန်ပရမတ်သဘောအားဖြင့်မူကား ဤကိုယ်ထဲ၌ တပ်မက်နှစ်သက်ရန် သင့်လျော်သောအရာမည်သည် အဏုမြူမျှသော်လည်း မရှိချေ၊ ထိုသို့ မရှိသောကြောင့်

http://www.dhammadownload.com

ပင်လျှင် ဆံပင်အမွေးစသည်တို့သည် ကိုယ်မှ ပြင်ပသို့ ကျသွားလျှင် လူတို့သည် လက်ဖြင့်ပင် မထိလိုကြ၊ ရွံရှာစက်ဆုပ်ကြကုန်၏။

ဤကိုယ်ထဲ၌ ကျန်ရှိနေသမျှ အဖို့အစုကိုမူ ထိုအပြင်သို့ ကျသွားသောအဖို့အစုကဲ့သို့ပင် စက်ဆုပ်ဖွယ်ဖြစ်ငြားသော်လည်း အဝိဇ္ဇာမှောင်က ဖုံးကွယ်ထားသောကြောင့် မိမိကိုယ်၌ ချစ်ခင်သောရာဂဖြင့် တပ်မက်ကြလျက် "လိုချင်စရာကောင်းပေသည်, နှစ်သက်စရာပဲ, မြဲသည်, ချမ်းသာသည်, အတ္တပဲ" ဟု မှတ်ယူကြ၏။ ထို့ကြောင့် ပညာရှိသည် ကိုယ်ကောင်ပုပ်၏ တင့်တယ်ခြင်းကင်းသော စက်ဆုပ်ဖွယ်သဘောကို ရှုပွားရပါမည်။

၁၉၈၉

၁။ အသုဘဆယ်ပါးကို လက္ခဏာအားဖြင့် အကျဉ်းချုပ်လိုက်လျှင် အဘယ်မျှဖြစ်သည်ကို ရှင်းလင်းတင်ပြ၍၊ အသက်ရှင်သူ၌ အသုဘရှုမှတ်လျှင် ဖြစ်နိုင် - မဖြစ်နိုင်ကိုလည်း သာဓကနှစ်ခုနှင့်တကွ ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၁၉၂)

အသုဘဆယ်ပါးကို လက္ခဏာအားဖြင့် အကျဉ်းချုပ်လိုက်လျှင်

မစင်မကြယ် အနံ့ဆိုးလျက် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်၏ အဖြစ်အားဖြင့် တစ်ပါးသာလျှင် ဖြစ်ပါသည်။

အသက်ရှင်သူ၌ အသုဘရှုမှတ်လျှင် ဖြစ်နိုင်ပါသည်။

အသက်ရှင်နေသောသူ၏ ကိုယ်သည်လည်း အသုဘစင်စစ် ဖြစ်ပါသည်၊ မစင်မကြယ်အနံ့ဆိုးလျက် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်၏အဖြစ်သည် အသက်ရှင်သူ၏ ကိုယ်၌လည်း ထင်ပေါ်နိုင်ပါသည်။

သာဓကအားဖြင့် စေတီယတောင်နေ မဟာတိဿမထေရ်အား ရယ်ပြသော မာတုဂါမ၏သွားရိုးကို မြင်သောအခါ အသုဘနိမိတ် ထင်သကဲ့သို့လည်းကောင်း၊ သံယရက္ခိတမထေရ်၏အလုပ်အကျွေး သာမဏေအား ဆင်ကျောကုန်းထက်၌ တည်သောမင်းကို ကြည့်သောအခါ အသုဘနိမိတ် ထင်သကဲ့သို့လည်းကောင်း ဖြစ်ပါသည်။

---

http://www.dhammadownload.com

၁၉၉၀

၁။ အသက်ရှင်သူသည်လည်း အသုဘပင်ဖြစ်ကြောင်းကို ဥပမာ ၂-ခုနှင့်တကွ ဖြေဆိုရှင်း၊ ဤ ခန္ဓာကိုယ်၌တည်ရှိသော (က) အရိုး၊ (ခ) အဆက်အစပ်၊ (ဂ) အကြော၊ (ဃ) အသားတစ် အသားစိုင်တို့၏ သင်္ချာမျှကိုသာ ဖော်ပြပါ။ (မှတ်စု နှာ- ၁၉၂)

အသက်ရှင်သူသည်လည်း အသုဘပင်ဖြစ်ကြောင်း (၁၉၈၉)

ခန္ဓာကိုယ်၌ တည်ရှိသော (က) အရိုး = ၃၀၀
(ခ) အဆက်အစပ် = ၁၈၀
(ဂ) အကြော = ၉၀၀
(ဃ) အသားတစ်အသားစိုင် = ၉၀၀တို့ဖြစ်ပါသည်။

၁၉၉၁

၁။ အရိုးအဆစ်မထင် ပြေပြစ်ချောမောလှပလွန်းသော ရူပကာယကို နှစ်သက်ခုံမင် စားမဝင် အိပ်မပျော်လောက်အောင် ကြိုက်နှစ်သက်မှု အားကြီးနေသောပုဂ္ဂိုလ်သည် မည်သည့် အသုဘဘာဝနာကို ရှုပွားသင့်ကြောင်း ထင်ရှားအောင် ညွှန်ပြခဲ့ပါ။ (မှတ်စု နှာ - ၁၉၁)

အရိုးအဆစ်မထင် ပြေပြစ်ချောမောလွန်းလှသော ရူပကာယကို နှစ်သက်ခုံမင် စားမဝင် အိပ်မပျော်လောက်အောင်ကြိုက်နှစ်သက်မှု အားကြီးနေသောပုဂ္ဂိုလ်သည် -
ဟတဝိက္ခိတ္တက အသုဘဘာဝနာကို ရှုပွားသင့်ပါသည်။

ဓားဖြင့် ခုတ်ဖြတ်ပြီးထိုထိုအရပ်၌စွန့်ပစ်အပ်သော ဟတဝိက္ခိတ္တက သူသေကောင်သည် လက်ခြေစသောအင်္ဂါကြီးငယ်တို့၏ ဖရိုဖရဲပြန့်ကြဲနေခြင်းကို ပြသောကြောင့် အရိုးအဆစ်မထင် ပြေပြစ်ချောမောလွန်းလှသော ရူပကာယကို နှစ်သက်ခုံမင်တပ်မက်သော ရာဂအားကြီးသောပုဂ္ဂိုလ်အား အထူးသင့်လျော်ပါသည်။

---

http://www.dhammadownload.com

၁၉၉၂

၁။ ဥဒ္ဓုမာတကအကောင်ပုပ်၌ အဆက်ကြီးလေးခုကို သိသာအောင် ဖော်ပြပြီး၊ အသေကောင်တစ်မျိုးတည်း ဖြစ်ပါလျက် အသုဘဆယ်မျိုး ခွဲခြားဟောထားရခြင်း၏ ရည်ရွယ်ချက်ကို လည်း ထင်ရှားအောင် ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၁၈၄, ၁၉၁)

ဥဒ္ဓုမာတကအကောင်ပုပ်၌ အဆက်ကြီးလေးခုမှာ -

(၁) ပုခုံး၊ တံတောင်၊ လက်ကောက်ဝတ်အားဖြင့် လက်ျာလက် အဆစ်သုံးခု၊
လက်ဝဲလက်အဆစ်သုံးခု၏ အစွမ်းအားဖြင့် အဆက်ကြီး = ၁ - ခု

(၂) တင်ပါးဆုံ၊ ဒူး၊ ခြေမျက်စိအားဖြင့် လက်ျာခြေအဆစ်သုံးခု
လက်ဝဲခြေအဆစ်သုံးခု၏ အစွမ်းအားဖြင့် အဆက်ကြီး = ၁ - ခု

(၃) လည်ဆစ်အဆက်ကြီး = ၁ - ခု

(၄) ခါးနှင့် တင်ပါးအစပ်၌ (ခါးဆစ်) - အဆက်ကြီး = ၁ - ခု
ပေါင်း အဆက်ကြီး = ၄ - ခု

ဖြစ်ပါသည်။

အသေကောင်တစ်မျိုးတည်း ဖြစ်ပါလျက် အသုဘဆယ်မျိုး ခွဲခြားဟောထားရခြင်း၏ ရည်ရွယ်ချက်မှာ -

(၁) အကောင်ပုပ်၏ သူ့သဘောသို့ရောက်ခြင်း၏အစွမ်းအားဖြင့်လည်းကောင်း၊

(၂) ရာဂထူသောပုဂ္ဂိုလ်အပြား၏အစွမ်းအားဖြင့်လည်းကောင်း ဟောခြင်းဖြစ်ပါသည်။

၁၉၉၉

၁။ ကမ္မဋ္ဌာန်းပေးသောဆရာသည် ဥဒ္ဓုမာတကကမ္မဋ္ဌာန်းကို တောင်းခံသောယောဂီအား ဟောပြောပေးရမည့်အစီအရင်များကို ပြဆိုပြီးလျှင်၊ သွားလမ်းလာလမ်းကို ဆင်ခြင်ခြင်းဖြင့် အဘယ်အကျိုးအာနိသင်များကို ရရှိပါသနည်း၊ ဖြေဆိုပါ။ (မှတ်စု နှာ- ၁၇၉, ၁၈၆)

ကမ္မဋ္ဌာန်းပေးသောဆရာသည် ဥဒ္ဓုမာတကကမ္မဋ္ဌာန်းကို တောင်းခံသောယောဂီအား ဟောပြောပေးရမည့် အစီအရင်များမှာ -

(၁) အသုဘနိမိတ်ကို ယူရန်အတွက် သွားပုံအစီအရင်၊

http://www.dhammadownload.com

(၂) သူသေကောင်ပတ်ဝန်းကျင်၌ ရှိသောနိမိတ်ကို မှတ်သားခြင်း၊
(၃) ၁၀-ပါးသော အခြင်းအရာအားဖြင့် အသုဘနိမိတ်(ဥဂ္ဂဟနိမိတ်)ကို ယူခြင်း၊
(၄) အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်း၊
(၅) အပွနာအစီအရင်တို့ ဖြစ်ပါသည်။

သွားလမ်းလာလမ်းကို ဆင်ခြင်ခြင်းဖြင့် ရရှိသော အကျိုးအာနိသင်များ

သွားလမ်းလာလမ်းကို ဆင်ခြင်ခြင်းဖြင့် ကမ္မဋ္ဌာန်းလုပ်ငန်းစဉ်ဟူသော လမ်းသို့ တစ်ဖန်သွားစေခြင်း, တက်ရောက်စေခြင်း အကျိုးရှိ၏။

နုသောသမာဓိဖြင့် အသုဘနိမိတ်ကိုယူပြီး ပြန်လာစဉ် တစ်စုံတစ်ယောက်သော သူ၏အမေးပုစ္ဆာများကို ဖြေကြားရ၍ငင်း၊ ခန္ဓကဝတ်တို့ကို ဖြည့်ကျင့်ရ၍ငင်း ထိုဥဂ္ဂဟနိမိတ် ပျောက်သည်ရှိသော် မိမိအသုဘနိမိတ်ကိုရှုရန် သွားစဉ်က မှတ်သားလာခဲ့သော အခြင်းအရာတို့ကို ပြန်လည်ဆင်ခြင်နှလုံးသွင်းမိသောအခါ ထိုအသုဘနိမိတ်သည် ထင်ရှား၏။ နိမိတ်မကွယ်ပျောက်မီ ရှေးကအခြင်းအရာအတိုင်း ဘာဝနာလမ်းမှန်သို့ ရှေးရှုတက်နိုင်၏၊ ဤသို့ အကျိုးအာနိသင်ရရှိပါသည်။

၂၀၀၀

၁။ **"မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်" ဟူသော ဆိုရိုးစကားနှင့်အညီ အသုဘကိစ္စကြုံတွေ့ရာ၌ အကျိုးများသော အသုဘဘာဝနာဖြစ်စေရန် ဥဒ္ဓုမာတကပဋိကူလသညာ ပွားများပုံကိုလည်း နည်းလမ်းကျ ဖြေဆိုပါ။ (မှတ်စု နှာ- ၁၈၁)**

ဥဒ္ဓုမာတက ပဋိကူလသညာ ပွားများပုံမှာ -

ဥဒ္ဓုမာတကသူအသုဘနိမိတ်ကို ဦးစွာမကြည့်ရှုဘဲ မဇ္ဈေလွန်းမနီးလွန်း, ခြေရင်းခေါင်းရင်းမဟုတ်သော, အသုဘအာရုံထင်ရှားပေါ်ရာ ကိုယ်၏အလယ်ပိုင်းအရပ်၌ ရပ်အပ်၏၊ ထို့နောက် အသုဘအနီးပတ်ဝန်းကျင်နိမိတ်တို့ကို မှတ်သားအပ်၏၊ အသုဘနိမိတ်နှင့်တကွ တောင်ပို့သစ်ပင်စသည်တို့ကိုယှဉ်တွဲ၍ ဆက်စပ်ပိုင်းခြားပြီးလျှင် အသုဘကောင်၏သေပြီးနောက် ဖူးရောင်သောပင်ကိုယ်သဘောလက္ခဏာဖြင့် နှလုံးသွင်းအပ်၏။

http://www.dhammadownload.com

အသုဘနိမိတ်ကို အဆင်း၊ လိင်အသွင်၊ ပုံသဏ္ဌာန်၊ အရပ်၊ တည်ရာ၊ အပိုင်းအခြား၊ အစပ်၊ အကြား အရပ်၊ အနိမ့်အချိုင့်၊ အမြင့်အမောက်၊ ပတ်ဝန်းကျင်ဟူသော ၁၁-ပါးသော အခြင်းအရာအားဖြင့် မှတ်သားအပ်၏။

ဤသို့ အသုဘအာရုံ၌ စိတ်ကိုဆောင်ကပ်ဖွဲ့ချည်ပြီးလျှင် ဤအကျင့်ဖြင့် အိုခြင်းသေခြင်းမှ လွတ်သောအကျိုးကိုမြော်လျက် အသုဘအာရုံကို ရတနာမြတ်ဟု ရိုသေလေးစားသောစိတ်ဖြင့် မျက်စိကိုဖွင့်ကာ "ဖူးဖူးရောင်နေသောစက်ဆုပ်ဖွယ်သူသေကောင်, ဖူးဖူးရောင်နေသောစက်ဆုပ်ဖွယ်သူသေကောင်"ဟု အဖန်ဖန် နှလုံးသွင်းပွားများအပ်၏။

၂၀၀၁

၁။ အဘယ်ကို ဝိပုဗ္ဗက ခေါ်သည်ဟု ပြဆိုပြီးလျှင်၊ ဝိပုဗ္ဗကကမ္မဋ္ဌာန်းကို နှလုံးသွင်းနည်းနှင့် ယင်းဝိပုဗ္ဗကကမ္မဋ္ဌာန်းသည် မည်သည့်ပုဂ္ဂိုလ်မျိုးအား လျောက်ပတ်သည်တို့ကိုလည်း ပြည့်စုံစွာ ဖြေဆိုပါ။ (မှတ်စု နှာ- ၁၈၈, ၁၉၁)

ဝိပုဗ္ဗကဆိုသည်မှာ -

စုတ်ပြတ်ပေါက်ပဲ့ကာ ပျက်စီးရာအရပ်တို့၌ ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ဖွယ်သူသေကောင်ကို ခေါ်ပါသည်။

ဝိပုဗ္ဗကကမ္မဋ္ဌာန်း နှလုံးသွင်းနည်းမှာ -

"ပြည်တစိုစိုယိုထွက်နေသော သူသေကောင်, ပြည်တစိုစိုယိုထွက်နေသော သူသေကောင်" ဟု အဖန်ဖန် နှလုံးသွင်းအပ်၏။

ဝိပုဗ္ဗကကမ္မဋ္ဌာန်းအား လျောက်ပတ်သောပုဂ္ဂိုလ် -

ဝိပုဗ္ဗကဟူသည် ပြည်တစိုစိုယိုထွက်နေသော သူသေကောင်ဖြစ်၍ ကိုယ်ဟူသော အိုင်းအမာနှင့်စပ်သော ပုပ်နံ့သော မကောင်းသောအနံ့ရှိသောကြောင့် ပန်းနံ့သာရေမွှေးတို့ဖြင့် ဆွတ်အပ်သောကိုယ်အနံ့၌ တပ်မက်သောရာဂ အားကြီးသောပုဂ္ဂိုလ်မျိုးအား အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပါသည်။

---

http://www.dhammadownload.com

၂၀၀၂

၁။ **အသုဘကမ္မဋ္ဌာန်းကိုရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည် အရပ်အားဖြင့် ပိုင်းခြားသတ်မှတ်မှုပြုပုံကို ပြဆို၍၊ ရှုပွားဆင်ခြင်ရန် မသင့်လျော်သော အလောင်းကောင်များကို သိသာထင်ရှားအောင် အကြောင်းပြကာ ဖြေဆိုပါ။ (မှတ်စု နှာ- ၁၈၃)**

အသုဘကမ္မဋ္ဌာန်းကို ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည် အရပ်အားဖြင့် ပိုင်းခြားသတ်မှတ်မှုပြုပုံမှာ -

- ဤအကောင်ပုပ်၌ ချက်မှ အထက်သည် အထက်အရပ်၊ ချက်မှ အောက်သည် အောက်အရပ်ဟု အရပ် ၂-ပါးဖြင့် မှတ်အပ်၏။
- တစ်နည်းကား- မိမိသည် အသုဘ၏ ရှေ့နောက်ဝဲယာအရပ်၌ တည်၏၊ အသုဘ နိမိတ်သည် ဤမည်သောအရပ်၌ တည်၏ဟု မှတ်အပ်၏။

ရှုပွားဆင်ခြင်ရန် မသင့်လျော်သော အလောင်းကောင်များ

ယောကျ်ားသည် မိန်းမ၏ကိုယ်ကောင်၌လည်းကောင်း၊ မိန်းမသည် ယောကျ်ား၏ကိုယ်ကောင်၌လည်းကောင်း ရှုပွားဆင်ခြင်ရန် မသင့်လျော်ချေ။

အဘယ်ကြောင့်ဆိုသော် ဆန့်ကျင်ဘက် ဝိသဘာဂအကောင်ပုပ်၌ အာရုံမထင်၊ ကိလေသာတုန်လှုပ်ခြင်း၏အကြောင်းသာ ဖြစ်၏။

၂၀၀၅

၁။ **အသုဘဆယ်ပါးလုံး၏ ထင်ရှားပေါ်လွင်သော အမှတ်အသားတစ်မျိုးတည်းကို ဖော်ပြပြီး လျှင်၊ "သေသူ ရှင်သူ အတူတူ" ဟု ဆိုထားပါလျက် လူအများစုသည် အဘယ်ကြောင့် ရှင်သူကိုယ်၌ အသုဘအမှတ်အသား မပေါ်လွင်မထင်ရှားဘဲ ဖြစ်နေရပါသနည်း။ (မှတ်စု နှာ- ၁၉၂)**

အသုဘဆယ်ပါးလုံး၏ ထင်ရှားပေါ်လွင်သော အမှတ်အသားတစ်မျိုးမှာ -

မစင်မကြယ်အနံ့ဆိုးရှိလျက် စက်ဆုပ်ရွံရှာဖွယ်ကောင်းခြင်းဟူသော မှတ်ကြောင်းလက္ခဏာ ဖြစ်ပါသည်။

http://www.dhammadownload.com

လူအများစုသည် ရှင်သူကိုယ်၌ အသုဘအမှတ်အသား မပေါ်လွင် မထင်ရှားခြင်း

ရှင်ဆဲဖြစ်သော ဤကိုယ်၌ ဧည့်သည်ဖြစ်သော ရေချိုးသုတ်သင် နံ့သာတင်၍ တန်ဆာဆင်ခြင်းဖြင့် ဖုံးကွယ်ထားသောကြောင့် ရှင်သူ၏ကိုယ်၌ စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သော အသုဘအမှတ်အသား မပေါ်လွင် မထင်ရှားခြင်း ဖြစ်ပါသည်။

၂၀၀၆

၁။ **"မသာတစ်ခေါက် ကျောင်းဆယ်ခေါက်"ဟု ဆိုရိုးပြုရလောက်အောင် အကျိုးများလှသော အသုဘကိစ္စကြီးတွေရာ၌ မည်သည့်စိတ်ထားဖြင့် သွားရမည်ကို ပြည့်စုံစွာ ဖော်ပြပါ။ (မှတ်စု နှာ- ၁၈၀)**

အသုဘရှုသွားရာ၌ ထားရမည့်စိတ်ထား

အသုဘနိမိတ်ကို ရှုခြင်း၌ ထက်သန်သောလိုလားခြင်း ရှိသည်ဖြစ်၍ ဥပမာ အားဖြင့် အဘိသိက်ခံမည့်မင်းသည် အဘိသိက်သွန်းရာ မင်္ဂလာခန်းမဌာနသို့, ယဇ်ပူဇော်မည့် ယဇ်အရှင်သည် ယဇ်ပူဇော်ရာရုံသို့, ဥစ္စာမဲ့သော သူဆင်းရဲသည် ရွှေငွေရတနာမြှုပ်နှံထားရာဌာနသို့ ဝမ်းမြောက်ဝမ်းသာ လွန်စွာဖြစ်လျက်သွားသကဲ့သို့ - ထို့အတူပင် "ဤအကျင့်ဖြင့် အိုခြင်း သေခြင်းမှ ဧကန်မချွတ် လွတ်ရပေလိမ့်မည်" ဟု နှလုံးသွင်းကာ ဝမ်းမြောက်ဝမ်းသာခြင်းကို ဖြစ်စေလျက် သွားအပ်ပေသည်။

၂၀၀၈

၁။ **အသုဘကမ္မဋ္ဌာန်း၌ ဝိတက်ရှိသော ပဌမစျာန်သာဖြစ်၍ ဝိတက်ကင်းသော ဒုတိယစျာန်စသည်တို့ မဖြစ်ရခြင်းအကြောင်းကို ဥပမာနှင့်တကွ ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ- ၁၉၂)**

အသုဘကမ္မဋ္ဌာန်း၌ ဝိတက်ရှိသော ပဌမစျာန်သာ ဖြစ်၍ ဝိတက်ကင်းသော ဒုတိယစျာန်စသည်တို့ မဖြစ်ရခြင်းအကြောင်း

ထက်ဝန်းကျင်၌ မရပ်တန့်သောရေ ရှိသည့်ပြင် အစီးသန်သော ရေယဉ်လည်း ရှိသောမြစ်၌ လှေသည် ထိုးဝါး၏အားစွမ်းဖြင့်သာလျှင် ရပ်တည်နိုင်၏, ထိုးဝါးနှင့်ကင်း၍ ရပ်တည်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ ထို့အတူပင် အသုဘအာရုံ၏အားနည်းခြင်းကြောင့်

http://www.dhammadownload.com

စိတ်သည် ကြံစည်မှုဝိတက်၏ အားစွမ်းဖြင့်သာလျှင် တစ်ခုတည်းသောအာရုံရှိလျက် တည်တံ့နိုင်၏, ဝိတက်နှင့်ကင်း၍ တည်တံ့စေခြင်းငှာ မစွမ်းနိုင်ပေ၊ ထို့ကြောင့် အသုဘကမ္မဋ္ဌာန်းဆယ်ပါးလုံး၌ ဝိတက်ရှိသော ပထမစျာန်သည်သာလျှင် ဖြစ်၏၊ ဝိတက်ကင်းသောဒုတိယစျာန်စသည်တို့ကား မဖြစ်ကုန်။

၂၀၁၀

၁။ အသုဘကမ္မဋ္ဌာန်း (၁၀)ပါးတို့၌ ဝိတက်ရှိသော ပထမစျာန်သာ ဖြစ်၍ ဝိတက်ကင်းသော ဒုတိယစျာန်စသည်တို့ မဖြစ်နိုင်ခြင်းအကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။ (၂၀၀၈)

ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ ꕥ

http://www.dhammadownload.com

အခန်း ၇ ။ ဆအနုဿတိ နိဒ္ဒေသပိုင်း

၁၉၈၃

၁။ ဘုရားဂုဏ်တော်ကို အာရုံပြုခိုက်၌ သမာဓိရအောင် မည်ကဲ့သို့ပြုလုပ်ရမည်နည်း၊ ဖော်ပြပါ။
(၁၉၈၃–ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ နံပါတ်–၁ မေးခွန်း နှင့် တဆက်တည်း ဖြစ်၏၊ နှာ–၅၁ ၌)
(မှတ်စု နှာ – ၁၉၆)

ဘုရားဂုဏ်တော်ကို အာရုံပြုခိုက်၌ သမာဓိရအောင် ပြုလုပ်ပုံမှာ -

ဘုရားဂုဏ်တော်ကို အာရုံပြု၍ သမာဓိရအောင် ပွားများလိုသောယောဂီသည် ဉာဏ်ဖြင့် သက်ဝင်၍ ယုံကြည်သည့် အဝေစ္စပသာဒသဒ္ဓါနှင့် ပြည့်စုံသည်ဖြစ်၍ အဂ်ီ ငါးပါးနှင့်ပြည့်စုံသည့် သင့်လျော်သောကျောင်း၌ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် ပြင်ပ အာရုံများမှ ဖဲခွာကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍ -

"ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ" ဟူ၍-ဘုန်းတော်ကြီးသောမြတ်စွာဘုရား၏ဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့ရပါမည်။

၁၉၈၄

၁။ ဝိဇ္ဇာစရဏဂုဏ်တော်ကို ပွားများရာဝယ် ၃-စ-၁၅ ဝိဇ္ဇာစရဏတရားများကို ဖော်ထုတ်ခဲ့ပါ။ (မှတ်စု နှာ-၂၀၀)

ဝိဇ္ဇာစရဏဂုဏ်တော်ကို ပွားများရာဝယ် ၃-စ-၁၅ ဝိဇ္ဇာစရဏတရားများမှာ -

ဝိဇ္ဇာ ၃-ပါးမှာ
(၁) ပုဗ္ဗေနိဝါသဉာဏ်၊
(၂) ဒိဗ္ဗစက္ခုဉာဏ်၊
(၃) အာသဝက္ခယဉာဏ် တို့ဖြစ်ကြပါသည်။

ဝိဇ္ဇာ ၈-ပါးမှာ
(၁) ဒိဗ္ဗစက္ခုဉာဏ်၊
(၂) ဒိဗ္ဗသောတဉာဏ်၊
(၃) ဣဒ္ဓိဝိဓဉာဏ်၊

http://www.dhammadownload.com

(၄) စေတောပရိယညာဏ်၊
(၅) ပုဗ္ဗေနိဝါသညာဏ်၊
(၆) အာသဝက္ခယညာဏ်၊
(၇) ဝိပဿနာညာဏ်၊
(၈) မနောမယဒ္ဓိညာဏ် တို့ဖြစ်ကြပါသည်။

စရဏ ၁၅-ပါးမှာ

(၁) ပါတိမောက်သီလကို စောင့်ရှောက်ခြင်း၊
(၂) စက္ခုစသော ဣန္ဒြေတို့ကို လုံခြုံစွာ စောင့်ရှောက်ခြင်း၊
(၃) အစာဘောဇဉ်၏ အတိုင်းအရှည်ကို သိခြင်း၊
(၄) ဘာဝနာအလုပ်၌ နိုးကြားမှုနှင့် ယှဉ်ခြင်း၊
(၅) ရတနာမြတ်သုံးပါး, ကံ ကံ၏အကျိုးတို့၌ သက်ဝင်ယုံကြည်ခြင်း၊
(၆) ကုသိုလ်ကောင်းမှုတို့၌ အမြဲမပြတ် မမေ့မလျော့ အမှတ်ရခြင်း၊
(၇) မကောင်းမှုပြုရမည်ကို ရှက်ခြင်း၊
(၈) မကောင်းမှုပြုရမည်ကို ကြောက်ခြင်း၊
(၉) ကျမ်းဂန်ဗဟုသုတ အကြားအမြင်များခြင်း၊
(၁၀) ကောင်းမှုကုသိုလ်တို့၌ ကြိုးစားအားထုတ်မှု လုံ့လပြုခြင်း၊
(၁၁) မှန်စွာ သိမြင်ခြင်း၊
(၁၂) ပထမဈာန်၊
(၁၃) ဒုတိယဈာန်၊
(၁၄) တတိယဈာန်၊
(၁၅) စတုတ္ထဈာန်တို့ ဖြစ်ကြပါသည်။

၁၉၈၅

၁။ "စကားခြောက်ခွန်း၊ လူ၌ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်" ဟူသော ဆိုရိုးနှင့်အညီ အသုံးမပြုရမည့် စကားလေးခွန်းနှင့် အသုံးပြုရမည့် စကားနှစ်ခွန်းတို့ကို ခွဲခြားဖြေဆိုပါ။ (မှတ်စု နှာ-၂၀၁)

http://www.dhammadownload.com

အသုံးမပြုရမည့် စကားလေးခွန်းမှာ -

(၁) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး မနှစ်သက်သောစကား၊
(၂) ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါး မနှစ်သက်သောစကား၊
(၃) မဟုတ်မမှန်၊ အကျိုးမရှိ၊ သူတစ်ပါး နှစ်သက်သောစကား၊
(၄) ဟုတ်မှန်၏၊ အကျိုးမရှိ၊ သူတစ်ပါး နှစ်သက်သောစကားတို့ ဖြစ်ကြပါသည်။

အသုံးပြုရမည့် စကားနှစ်ခွန်းမှာ-

(၁) ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါး မနှစ်သက်သောစကား၊
(၂) ဟုတ်မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါး နှစ်သက်သောစကားတို့ ဖြစ်ကြပါသည်။

၁၉၈၆

၁။ **ဇမ္ဗူဒိပ်ကျွန်းရှိ ကျွန်းဦးသစ်ပင်၏ ပင်စည်လုံးပတ်ပမာဏကို ဖော်ပြ၍၊ အရှေ့, အနောက်, မြောက်ကျွန်းတို့၏ ကျွန်းဦးသစ်ပင်များကိုလည်း ဖော်ပြပါ။ (မှတ်စု နှာ-၂၀၃)**

ဇမ္ဗူဒိပ်ကျွန်းရှိ ကျွန်းဦးသစ်ပင်(ဇမ္ဗူသပြေပင်)၏ ပင်စည်လုံးပတ်ပမာဏမှာ ၁၅-ယူဇနာဖြစ်ပါသည်။

အရှေ့ကျွန်း၏ ကျွန်းဦးသစ်ပင်မှာ - ကုက္ကိုပင်
အနောက်ကျွန်း၏ ကျွန်းဦးသစ်ပင်မှာ - ထိန်ပင်
မြောက်ကျွန်း၏ ကျွန်းဦးသစ်ပင်မှာ - ပဒေသာပင်တို့ဖြစ်ကြပါသည်။

၂။ **"ဘုန်းတော်ခြောက်စုံ ဘဂဝါဝုဏ်" ဟု ဆိုလေ့ရှိကြရာ၌ ဘုန်းတော်ခြောက်ပါးကို အဓိပ္ပါယ် ရှင်းလင်းချက်နှင့်တကွ တင်ပြခဲ့ပါ။ (မှတ်စု နှာ-၂၀၈)**

ဘုန်းတော်ခြောက်ပါးမှာ -

(၁) ဣသရိယဘုန်းတော် = မိမိ၏စိတ်၌ အလွန်အကဲဆုံး အမြတ်ဆုံးဖြစ်သော အစိုးရပိုင်နိုင်ခြင်းဘုန်းတော်နှင့် လောကီကျမ်းဆရာတို့က အလေးအမြတ် သမုတ်အပ်သော အဏိမာ

http://www.dhammadownload.com

တန်ခိုးအစရှိသော ရုပ်ကိုယ်ကို အစိုးရခြင်း လောကီဘုန်းတော်၊

(၂) ဓမ္မဘုန်းတော် = လောကုတ္တရာဖြစ်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရား၊

(၃) ယသဘုန်းတော် = လောကသုံးပါးလုံး ပျံ့နှံ့သော, ဟုတ်မှန်သော ဂုဏ်တော်တို့ကြောင့် ရရှိသော, အလွန်စင်ကြယ်သော ကျော်စောသံ၊

(၄) သိရီဘုန်းတော် = ရူပကာယကိုယ်တော်ကိုဖူးမြင်ရန် အားထုတ်ကြသော လူတို့အား မျက်စိ၏ကြည်လင်ခြင်း ကြည်နူးခြင်းကို ဖြစ်စေနိုင်သော အချင်းခပ်သိမ်းပြည့်စုံသော အလုံးစုံသောကိုယ်၏အစိတ်အပိုင်း ကြီး,ငယ်တို့၏ တင့်တယ်သပ္ပာယ်ခြင်း ကျက်သရေတော်၊

(၅) ကာမဘုန်းတော် = မိမိ၏စီးပွား သူတစ်ပါးတို့၏စီးပွားတို့ကိုအလိုရှိ၍ ထိုအလိုရှိအပ်သောအတိုင်း ပြီးစေနိုင်သောဘုန်းတော်၊

(၆) ပယတ္တဘုန်းတော် = အလုံးစုံသောလောက၏ အလေးအမြတ်ပြုအပ်သည့် ဆရာမြတ်အဖြစ်သို့ ရောက်ခြင်း၏ အကြောင်းဖြစ်သော သမ္မာဝါယာမဟု ဆိုအပ်သော သမ္မပ္ပဓာန်လုံ့လ။

၃။ တရားတော်၏ ဂုဏ်တော်တို့တွင် မည်သည့်နည်းဖြင့်မဆို စုံစမ်းစစ်ဆေးမှုကို အပြည့်အဝခံယူနိုင်သည်ဟူသော ဂုဏ်တော်လည်း ပါဝင်လေရာ ထိုဂုဏ်တော်ရခြင်း၏အကြောင်းများကို ရေးပြခဲ့ပါ။ (မှတ်စု နှာ- ၂၁၄)

တရားတော်၏ဂုဏ်တော်တို့တွင် မည်သည့်နည်းဖြင့်မဆို စုံစမ်းစစ်ဆေးမှုကိုအပြည့်အဝခံယူနိုင်သည်ဟူသော ဂုဏ်တော်မှာ - "ဧဟိပဿိက" ဂုဏ်တော် ဖြစ်ပါသည်။

ထိုဂုဏ်တော်ရခြင်း၏ အကြောင်းများမှာ -

(၁) ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိခြင်း၊

(၂) ကိလေသာတို့မှ ထက်ဝန်းကျင်စင်ကြယ်ခြင်းတို့ဖြစ်ပါသည်။

http://www.dhammadownload.com

အချည်းနှီးသောလက်ဆုပ်၌ ရွှေငွေရှိသည်ဟု ဆို၍သော်လည်း "ဤဟာ ကို လာကြည့်လှည့်ပါ" ဟု ဆိုရန် မစွမ်းနိုင်ပေ၊ အဘယ့်ကြောင့်ဆိုသော် - မရှိသောကြောင့်ပေတည်း။

ရှိပင် ရှိငြားသော်လည်း ကျင်ကြီးကျင်ငယ်ကို နှစ်သက်ဖွယ်အဖြစ်ကို ပြသောအားဖြင့် စိတ်ရွှင်စေရန်အကျိုးငှာ "ဤဟာကို လာကြည့်လှည့်ပါ"ဟုဆိုရန် မစွမ်းနိုင်ပေ၊ စင်စစ်မှာယင်းကျင်ကြီးကျင်ငယ်ကို မြက်သစ်ရွက်တို့ဖြင့် ဖုံးလွှမ်းအပ်သည်သာလျှင်ဖြစ်ပေ၏၊ အဘယ့်ကြောင့်ဆိုသော်- မစင်ကြယ်သောကြောင့်ပေတည်း။

လောကုတ္တရာတရား ၉-ပါးသည်ကား အထည်ကိုယ်သဘောအားဖြင့်ပင် လျှင် ထင်ရှားလည်း ရှိပေ၏၊ တိမ်တိုက်ကင်းသောကောင်းကင်၌လပြည့်ဝန်းကဲ့သို့ ငင်း, ဝါဖျော့သောသကလာပ်ပေါ်၌ ချထားသော တွင်းထွက်ပတ္တမြားနီ ကဲ့သို့ငင်း ထက်ဝန်းကျင်စင်ကြယ်ပေ၏၊ ထိုသို့ ထင်ရှားရှိခြင်း, ထက်ဝန်းကျင်စင်ကြယ်ခြင်းတို့ကြောင့် (လာပါ ရှုလှည့်ပါ ဟူသော) ဧဟိပဿအစီအရင်ကို ထိုက်ပေ၏၊ ထို့ကြောင့် 'ဧဟိပဿိက' မည်၏။

၁၉၈၃

၁။ ဘုရားရှင်သည် သံသရာစက်ရဟတ်ကို ခုတ်ဖြတ်ခြင်းကြောင့်လည်း "အရဟံ" မည်တော်မူလေရာ ထိုသို့ ခုတ်ဖြတ်ရာ၌ ခြေတော်၊ မြေ၊ လက်၊ ပုဆိန်သဖွယ်ဖြစ်သောတရားများ ပါဝင်ပုံကို ဂုဏ်တော်ကို နှလုံးသွင်းနိုင်အောင် အသီးသီး တွဲစပ်ဖော်ပြပါ။ (မှတ်စု နှာ - ၁၉၆)

ဘုရားရှင်သည် သံသရာစက်ရဟတ်ကို ခုတ်ဖြတ်ခြင်းကြောင့်လည်း "အရဟံ" မည်တော်မူရာ ထိုသို့ခုတ်ဖြတ်ရာ၌ -

- ဝိရိယတည်းဟူသော ခြေတော်တို့ဖြင့်၊
- သီလတည်းဟူသော မြေပြင်၌ ရပ်တော်မူ၍၊
- သဒ္ဓါတည်းဟူသော လက်ဖြင့်၊

http://www.dhammadownload.com

- ကုသိုလ်အကုသိုလ်ကံကိုကုန်အောင်ပြုတတ်သော အရဟတ္တမဂ်ဉာဏ်တည်း ဟူသောပုဆိန်ကို ကိုင်စွဲပြီးလျှင် အလုံးစုံသောကိလေသာအကန့်တို့ကို ခုိးဖျက်တော်မူပါသည်။

၂။ **လောကဌ် "ဘုရား၊ ဘုရား"ဟု အလွန်ကျော်ကြားသော အမည်ကို အသုံးပြုသူ များပြားလှပေရာ "ဘုရားစစ် ဘုရားမှန်" ဖြစ်ကြောင်းကို အဘယ်သို့ ဆုံးဖြတ်မည်နည်း၊ သေလသုတ်တော်လာ မြတ်ဂါထာကို ကိုးကားလျက် ဆုံးဖြတ်ခဲ့ပါ။ (မှတ်စု နှာ- ၁၉၉)**

"ဘုရားစစ်၊ ဘုရားမှန်" ဖြစ်ကြောင်းကို သေလသုတ်လာ မြတ်ဂါထာကို ကိုးကားလျက် ဆုံးဖြတ်ရသော်-

မြတ်စွာဘုရားသည် "သေလပုဏ္ဏား -ငါသည် ထူးသောဉာဏ်ဖြင့် သိထိုက်သည်ကို ထူးသောဉာဏ်ဖြင့် သိခဲ့ပြီ၊ ပွားစေထိုက်သည်ကိုလည်း ပွားစေခဲ့ပြီ၊ ပယ်ထိုက်သည်ကိုလည်း ပယ်ခဲ့ပြီ၊ ထို့ကြောင့် ငါသည် ဗုဒ္ဓ-သိသူ-ဘုရား စင်စစ် ဖြစ်ပေသည်" ဟု သေလသုတ်၌ ဟောတော်မူသောကြောင့် . . .

ထူးသောဉာဏ်ဖြင့် သိထိုက်သော သစ္စာလေးပါးဟူသော အဘိညေယျတရားတို့ကို အဘိညေယျအဖြစ်အားဖြင့် သိတော်မူခြင်း၊ ပိုင်းခြား၍ သိထိုက်သော ဒုက္ခသစ္စာဟူသော ပရိညေယျတရားတို့ကို ပရိညေယျအဖြစ်အားဖြင့် သိတော်မူခြင်း၊ ပယ်ထိုက်သော သမုဒယသစ္စာဟူသော ပဟာတဗ္ဗတရားတို့ကို ပဟာတဗ္ဗအဖြစ်အားဖြင့် သိတော်မူခြင်း၊ မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာဟူသော သစ္ဆိကာတဗ္ဗတရားတို့ကို သစ္ဆိကာတဗ္ဗအဖြစ်အားဖြင့် သိတော်မူခြင်း၊ ပွားစေထိုက်သော မဂ္ဂသစ္စာဟူသော ဘာဝေတဗ္ဗတရားတို့ကို ဘာဝေတဗ္ဗအဖြစ်အားဖြင့် သိတော်မူခြင်းဟူသော အရည်အချင်းတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်မှသာလျှင် (အလုံးစုံသောတရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သာလျှင် ထူးသောဉာဏ်ဖြင့် သိတော်မူသော သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ရှင်မှသာ) "ဘုရားစစ် ဘုရားမှန်" ဟု ဆုံးဖြတ်နိုင်ပါသည်။

၃။ **ဗုဒ္ဓဘာသာဝင်တို့သည် ဝါတွင်းကာလ၌ အထူးသဖြင့် ဥပုသ်သီတင်းစောင့်သုံခြင်း ပြုလေ့ရှိကြရာ မိမိ၏ဥပုသ်ကို အလွန်တရာအကျိုးကြီးမြတ်အောင် အဘယ်သို့ ပြုလုပ်ရမည်နည်း၊ ဥပေါသထသုတ်နှင့် ညီလျက် တိကျသေချာစွာ ရေးပြပါ။ (မှတ်စု နှာ- ၂၂၆)**

http://www.dhammadownload.com

မိမိ၏ဥပုသ်ကို အလွန်တရာအကျိုးကြီးမြတ်အောင် ပြုလုပ်ပုံကို ဥပေါသထသုတ်နှင့် ညီလျက် ဖြေဆိုရသော် -

မြတ်စွာဘုရားသည် ဥပေါသထသုတ်၌ ဝိသာခါအား "ညစ်နွမ်းသောစိတ်ကို လုံ့လပြုခြင်းဖြင့် စင်ကြယ်သန့်ရှင်းစေရန် ဤသာသနာတော်၌ အရိယာသာဝကသည် မြတ်စွာဘုရား၏ဂုဏ်ကို အဖန်လဲလဲအောက်မေ့သော ကမ္မဋ္ဌာန်း၏အစွမ်းဖြင့် ကျင့်သုံးသောဥပုသ်သည် အကျိုးကြီးမြတ်၏" ဟု ဟောတော်မူသောကြောင့် . . .

ဥပုသ်သီတင်းစောင့်သုံးကြသောဗုဒ္ဓဘာသာဝင်တို့သည် မိမိ၏ဥပုသ်ကို အလွန်တရာ အကျိုးကြီးမြတ်စေရန် ဆအနုဿတိကမ္မဋ္ဌာန်းကိုပွားများလျက် စိတ်ကိုသုတ်သင် စင်ကြယ်စေပြီး ဥပုသ်သီတင်းစောင့်ရပါမည်။

၁၉၈၈

၁။ **လူတော်လူကောင်းမှန်သမျှ သူတော်ကောင်းတရားခုနစ်ပါးကို အခါအားလျော်စွာ ကျင့်သုံးရမည်ဖြစ်ရာ ယင်းတရားခုနစ်ပါးကို အစဉ်ကျကျ ရေတွက်ပြပါ။ (မှတ်စု နှာ-၂၀၀)**

သူတော်ကောင်းတရား ခုနစ်ပါးမှာ -

(၁) သဒ္ဓါ၊
(၂) သတိ၊
(၃) ဟိရီ၊
(၄) ဩတ္တပ္ပ၊
(၅) ဗာဟုသစ္စ၊
(၆) ဝီရိယ၊
(၇) ပညာတို့ ဖြစ်ကြပါသည်။

၂။ **"ငါးမာရ်အောင်မြင်၊ ဘုရားရှင်" ဟူရာ၌ မာရ်ငါးပါးသရုပ်ကို ကျနစွာ ထုတ်ပြပါ။**

မာရ်ငါးပါးသရုပ်မှာ -

(၁) ကိလေသမာရ်၊
(၂) ခန္ဓမာရ်၊

http://www.dhammadownload.com

(၃) အဘိသခါရမာရ်၊
(၄) ဒေဝပုတ္တမာရ်၊
(၅) မစ္စုမာရ်တို့ ဖြစ်ကြပါသည်။

၃။ ဘုရားရှင်၏ ဣဿရိယဘုန်းတော်ရှစ်ပါးတို့တွင် နောက်လေးပါးကို ပါဠိမြန်မာတွဲစပ်လျက် အချက်ကျကျ ဖြေပြပါ။ (မှတ်စုဥ မလာ) (စည်ဒု-တွဲ အောက်ခြေမှတ်ချက်ရှု)

ဘုရားရှင်၏ ဣဿရိယဘုန်းတော်ရှစ်ပါးတို့တွင် နောက်လေးပါးမှာ-

(၁) ပါကမ္မ = အလိုရှိအပ်သောအမှုကို ပြုနိုင်ဖန်ဆင်းနိုင်သော တန်ခိုးတော်။
(၂) ဤသိတာ = မိမိအလိုတော်သို့ လိုက်စေနိုင်သော အစိုးရခြင်း တန်ခိုးတော်။
(၃) ဝသိတာ = အထွေထွေအမျိုးမျိုး တန်ခိုးဖန်ဆင်းရာ၌ အလိုအတိုင်း နိုင်နင်းသော ဝသီတော် တန်ခိုးတော်။
(၄) ယတ္ထကာမဝသာယိတာ = အမှတ်မရှိ တစ်စုံတစ်ခုသောအရာ၌ အဆုံးသတ်နိုင်ခြင်း တန်ခိုးတော်တို့ ဖြစ်ကြပါသည်။

၁၉၈၉

၁။ နွေနွေးကျမ်းပြုဆရာကြီးများသည် ပု၊ ဒိ၊ အာနှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်းလေ့ရှိကြရာ ယင်း ပု၊ ဒိ၊ အာကို ပါဠိဘာသာဖြင့် ပြည့်စုံအောင်ထုတ်ပြ၍၊ အကျဉ်းစရာ တစ်ဆယ့်ငါးပါးတို့၌ လူတို့လိုက်နာကျင့်သုံးအပ်သောတရားများစွာ ပါဝင်လေရာ ယင်း ၁၅-ပါးသရုပ်ကို မြန်မာဘာသာဖြင့် သိသာရုံ ထုတ်ပြပါ။ (၁၉၈၄) (မှတ်စု နှာ-၂၀၀)

၁၉၉၀

၁။ "စကား ၆-ခွန်း၊ လူ၌ထွန်း" နှင့်အညီ လောက၌ လူတို့ပြောဟောအပ်သမျှ စကားတို့ကို အကျဉ်းချုပ်လိုက်လျှင် ခြောက်မျိုးသာရှိလေရာ ယင်းတို့ကို (က) မပြောသင့်သောစကား၊ (ခ) ပြောဆိုသင့်သောစကားဖြင့် ခွဲခြားလျက် အစဉ်မပျက် တင်ပြခဲ့ပါ။ (၁၉၈၅)

---

http://www.dhammadownload.com

၂။ **မိမိကိုယ်ကို သူခပ်သိမ်းတို့ ပူဇော်အပ်သော "စေတီအိမ်" ကဲ့သို့ဖြစ်အောင် တရားအားထုတ်နည်းရှိလျှင် ဖော်ပြ၍၊ သံယာဂုဏ်တော်၌ ယောကျ်ားမြတ်အစုံ ၄-ခု ဟူသည်ကို အစဉ်ကျကျ ဖော်ပြပါ။ (မှတ်စု နှာ-၂၁၀,၂၁၆,၂၁၇)**

မိမိကိုယ်ကို သူခပ်သိမ်းတို့ပူဇော်အပ်သော "စေတီအိမ်" ကဲ့သို့ဖြစ်အောင်တရားအားထုတ်နည်းမှာ- ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းနှင့် ဓမ္မာနုဿတိနှစ်ပါးကို ပွားများခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်၏ဂုဏ်တော်ကို အာရုံပြု၍ အဖန်တလဲလဲ အောက်မေ့ခြင်း- ဗုဒ္ဓါနုဿတိ၏ကိန်းအောင်းရာဖြစ်သောပုဂ္ဂိုလ်၏ကိုယ်သည် "စေတီအိမ်" ကဲ့သို့ ပူဇော်ခြင်းငှာ ထိုက်၏၊ ထို့အတူ တရားတော်၏ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း - ဓမ္မာနုဿတိ၏ကိန်းအောင်းရာဖြစ်သော ပုဂ္ဂိုလ်၏ကိုယ်သည်လည်း "စေတီအိမ်" ကဲ့သို့ ပူဇော်ခြင်းငှာ ထိုက်ပေသည်။

သံယာဂုဏ်တော်၌ ယောကျ်ားမြတ်အစုံ ၄-ခု ဟူသည် -

(၁) သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်ရ ယောကျ်ားမြတ် (၁)စုံ၊
(၂) သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်ရသော ယောကျ်ားမြတ် (၁)စုံ၊
(၃) အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ရ ယောကျ်ားမြတ် (၁)စုံ၊
(၄) အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရ ယောကျ်ားမြတ် (၁)စုံ တို့ဖြစ်ကြပါသည်။

၁၉၉၁

၁။ **ဝိဇ္ဇာရှစ်ပါးကို သေချာစွာရေတွက်ပြပြီးလျှင်၊ မည်သို့ပေါင်းစပ်အပ်သောသူတို့ကိုသာ တပည့်သာဝကတို့၏ အပေါင်းဟု ဆိုလိုသည်ကိုလည်း ထင်ရှားအောင် ညွှန်ပြခဲ့ပါ။**

ဝိဇ္ဇာရှစ်ပါး (၁၉၈၄)

တပည့်သာဝကတို့၏ အပေါင်းဟူသည် - မြတ်စွာဘုရား၏ ဩဝါဒအဆုံးအမကို ရိုသေစွာ နာခံတတ်ကုန်သော ပုဂ္ဂိုလ်တို့သည် သာဝက-တပည့်သား မည်၏၊ တပည့်သားသာဝကတို့၏အပေါင်းသည် သာဝကသံဃာ မည်၏၊ သီလချင်း, ဉာဏ်အမြင်ချင်း တူညီကြသည်၏အဖြစ်ဖြင့် ပေါင်းအပ်သည်၏အဖြစ်သို့ ရောက်သော တပည့်သာဝကတို့၏အပေါင်းဟု ဆိုလိုသည်။ **(မှတ်စု နှာ-၂၁၇)**

http://www.dhammadownload.com

၁၉၉၂

၁။ မြတ်စွာဘုရား၏ ဘဂဝါဂုဏ်တော်လာ နာမ်လေးပါးကို အများနားလည်အောင် တင်ပြ၍၊ (မှတ်စု နှာ-၂၀၆)

မြတ်စွာဘုရား၏ ဘဂဝါဂုဏ်တော်လာ နာမ်လေးပါးသဘောမှာ -

(၁) အာဝတ္ထိကအမည် = အခိုက်အတန့်ကိုစွဲ၍ ခေါ်သောအမည်၊
ပုံစံ - နွားငယ်, ထမ်းပိုးကျင့်လောက်သောနွား, ဝန်ရုံးနွားလား အစရှိသော အမည်မျိုး။

(၂) လိင်္ဂိကအမည် = အသွင်အပြင်ကိုစွဲ၍ ခေါ်သောအမည်၊
ပုံစံ - တုတ်တောင်ဝှေးရှိသူ, တုတ်တောင်ဝှေး စွဲကိုင်ထားသူ၊ ထီးရှိသူ, ထီးဆောင်းနေသူ အစရှိသောအမည်မျိုး။

(၃) နေမိတ္တိကအမည် = ဂုဏ်အကြောင်းနိမိတ်ကိုစွဲ၍ ခေါ်သောအမည်၊
ပုံစံ - (တေဝိဇ္ဇ)ဝိဇ္ဇာသုံးပါးရှိသူ,
(ဆဠာဘိည)အဘိညာဉ် ၆-ပါးရှိသူ အစရှိသောအမည်မျိုး။

(၄) အဓိစ္စသမုပ္ပန္နအမည် = သဒ္ဒါနက်ကိုမငဲ့ဘဲ အကြောင်းကိုကျော်လွန်၍ ခေါ်သောအမည်၊
ပုံစံ - ကျက်သရေကို ပွားစေသူ-ကျွန်, ဥစ္စာကိုပွားစေသူ -ကျွန် အစရှိသောအမည်မျိုး။

၁၉၉၃

၁။ လောက၌ ဘုရားဟု အလွန်ကျော်ကြားထင်ရှားသောအမည်ကို အသုံးပြုသူများလှပေရာ ဘုရားစစ်ဘုရားမှန် ဆုံးဖြတ်နည်းကို သေလသုတ်၌ ဟောတော်မူသည့်နည်းအတိုင်း ဖော်ပြ၍၊ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ မိမိစောင့်ထိန်းအပ်သောဥပုသ်သီလ အလွန်တရာ အကျိုးကြီးအောင် ပြုလုပ်ပုံကိုလည်း ဖော်ပြပါ။ (၁၉၈၇-၂ နှင့် ၃)

http://www.dhammadownload.com

၁၉၉၄

၁။ အနုသေတိဆယ်ပါးတို့တွင် "အနု"သဒ္ဒါမပါသည့် ကမ္မဋ္ဌာန်းတရားနှစ်ပါး၏အမည်ကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စု နှာ-၁၉၅)

အနုသေတိဆယ်ပါးတွင် "အနု"သဒ္ဒါ မပါသည့် ကမ္မဋ္ဌာန်းတရားနှစ်ပါး၏အမည်မှာ-
(၁) ကာယဂတာသတိ နှင့် (၂) အာနာပါနသေတိတို့ ဖြစ်ကြပါသည်။

၂။ "ပုရိသ ဒမ္မသာရထိ"၌ ပုရိသ၏အရ အကျဉ်းချုပ်မှု ရေးပြ၍၊ ယင်းတို့ကို ဆုံးမရာဝယ် (က) အကြမ်း၊ (ခ) အနု၊ (ဂ) အကြမ်းအနု နည်းလမ်းသုံးသွယ်တို့တွင် အဘယ်နည်းလမ်းဖြင့် ဆုံးမတော်မူပါသနည်း။ (မှတ်စု နှာ-၂၀၄)

"ပုရိသ ဒမ္မသာရထိ" ၌ ပုရိသ၏အရ-
ယဉ်ကျေးအောင် ဆုံးမခြင်းငှာထိုက်သော
(၁) တိရစ္ဆာန်ယောက်ျား (ဥပမာ - အပလာလနဂါးမင်း)
(၂) လူယောက်ျား (ဥပမာ - သစ္စကပရိဗိုဇ်)
(၃) နတ်ယောက်ျား (ဥပမာ - အာဠဝကဘီလူး) တို့ဖြစ်ပါသည်။
စင်စစ်မှာ မယဉ်ကျေးသူတို့ကိုသာမက တစ်စိတ်တစ်ဒေသယဉ်ကျေးပြီးသော ပုဂ္ဂိုလ်တို့ကိုလည်း အပြည့်အစုံယဉ်ကျေးအောင် ဆုံးမတော်မူပေသည်။

ယင်းသို့ ဆုံးမရာဝယ် -
(က) အချို့သောသူတို့ကို အကြမ်းနည်းဖြင့် (ဒုစရိုက်၏အပြစ်ကိုပြ၍) ဆုံးမတော် မူ၏။
(ခ) အချို့သောသူတို့ကို အနုနည်းဖြင့် (သုစရိုက်၏အကျိုးကိုပြ၍) ဆုံးမတော်မူ၏။
(ဂ) အချို့သောသူတို့ကို အကြမ်းအနုနှစ်ခုအားဖြင့် ဆုံးမတော်မူ၏။
ဤသို့ မြတ်စွာဘုရားသည် သတ္တဝါတို့ကို နည်းလမ်းသုံးသွယ်ဖြင့် ဆုံးမတော်မူ ပါသည်။

၃။ တရားဂုဏ်တော်ခြောက်ပါးတို့တွင် "အကာလိကော" ၌ ကာလိက၊ အကာလိက အဓိပ္ပါယ် နှင့် အရကောက်ကို ဖော်ပြ၍၊ (မှတ်စု နှာ-၂၁၄)

"အကာလိကော"ဂုဏ်တော်၌

http://www.dhammadownload.com

ကာလိက ဟူသည် - မိမိ၏အကျိုးပေးရာ၌ အချိန်ကာလကို ကုန်စေ၍ ပေးသော အကျိုးပေးရာကာလရှိသောတရားဟု အဓိပ္ပါယ်ရပါသည်၊ အရကောက်မှာ - လောကီကုသိုလ် ဖြစ်ပါသည်။

အကာလိက ဟူသည် - မိမိ၏အကျိုးပေးရာ၌ ဆိုင်းလင့်သော အကျိုးပေးရာကာလမရှိ၊ အခြားမဲ့၌ ချက်ချင်းအကျိုးပေးသောတရားဟု အဓိပ္ပါယ်ရပါသည်၊ အရကောက်မှာ လောကုတ္တရာကုသိုလ် ဖြစ်ပါသည်။

၁၉၉၅

၁။ လောက၌ ဘုရားအမည်ခံသူများစွာတို့၏တရားအမိုးမိုး ရှိရာတွင် ဗုဒ္ဓမြတ်စွာ၏ တရားတော်သည်သာလျှင် "လာလော့, ဤတရားကို ရှုလော့"ဟု ဖိတ်ခေါ်နိုင်သော ဧဟိပဿိကဂုဏ်ကို ရရှိခြင်း၏အကြောင်းကို ဖော်ပြပါ။ (၁၉၈၆)

၂။ "ဒေဝတာနုဿတိ"ကို ပွားများဆင်ခြင်လိုသော ပုဂ္ဂိုလ်သည် မည်ကဲ့သို့ နှလုံးသွင်းဆင်ခြင်ရသည်ကို ပြဆိုပြီးလျှင်၊ "ဒေဝတာနုဿတိ"ကိုပွားများသဖြင့် ရရှိသောအကျိုးများကိုလည်း ထုတ်ဖော်ပြပါ။ (မှတ်စု နှာ- ၂၂၄)

"ဒေဝတာနုဿတိ"ကို ပွားများဆင်ခြင်ပုံ

"ဒေဝတာနုဿတိ"ကို ပွားများဆင်ခြင်လိုသောပုဂ္ဂိုလ်သည် အရိယာဖြစ်ပါက အရိယမဂ်ကို ရခြင်းအစွမ်းဖြင့် သဒ္ဓါစသော သူတော်ကောင်းတရားများနှင့် ပြည့်စုံရာ၏၊ အရိယာမဟုတ်စေကာမူ စင်ကြယ်သောပုထုဇဉ်ဖြစ်ခြင်းကြောင့် ထိုသူတော်ကောင်းတရားများနှင့် ပြည့်စုံစေရာ၏။

ထို့နောက် ဆိတ်ငြိမ်ရာသို့ကပ်၍ အထူးထူးသောအာရုံမှဖဲခွာကာစတုမဟာရာဇ်ဘုံမှစ၍ အထက်ပြဟ္မာဘုံတိုင်ရှိကြသောနတ်ပြဟ္မာတို့သည် သဒ္ဓါ သီလ သုတ စာဂ ပညာနှင့်ပြည့်စုံကုန်သောကြောင့် ဤလူ့ဘုံမှစုတေ၍ ထိုထိုဘုံတို့၌ ဖြစ်ကုန်၏။ ထိုသို့သဘောရှိသော သဒ္ဓါစသောတရားတို့သည် ငါ၌လည်း ရှိ၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ မိမိ၏သဒ္ဓါစသောဂုဏ်ကို အဖန်တလဲလဲအောက်မေ့ရာ၏၊ ဤသို့ နတ်တို့ကို သက်သေထားကာ မိမိ၏ထင်ရှားသော သဒ္ဓါစသော တူမျှသောဂုဏ်ကို အဖန်တလဲလဲ

http://www.dhammadownload.com

အောက်မေ့သောပုဂ္ဂိုလ်အား အကုသိုလ်နိဝရဏကို ခွာအပ်သော ဥပစာရစျာန် တိုင်အောင် ပွားများအားထုတ်နိုင်ပါသည်။

ဒေဝတာနုဿတိကို ပွားများသဖြင့် ရရှိသောအကျိုးများမှာ -

(၁) နတ်တို့သည် ချစ်ခင်နှစ်သက်ကြခြင်း၊
(၂) သဒ္ဓါစသောသူတော်ကောင်းတရားတို့ကို အတိုင်းအထက်အလွန် ပြန့်ပြောစည်ပင်စေခြင်း၊
(၃) နှစ်သက်ဝမ်းမြောက်မှုများခြင်း၊
(၄) အထက်မဂ်ဖိုလ်သို့ မရောက်နိုင်သော်လည်း နတ်ရွာသုဂတိလျှင် လဲလျောင်းရာရှိခြင်းတို့ ဖြစ်ပါသည်။

၁၉၉၆

၁။ **"အနုတ္တရံ ပုညက္ခေတ္တံလောကဿ" ဟူသော သံယာဂုဏ်တော်အရ သံယာတော်၏ လယ်ယာမြေကောင်းနှင့် တူညီပုံကို ထင်ရှားအောင် ဥပမာဆောင်ကာ ဖြေဆိုပါ။ (မှတ်စု နှာ - ၂၂၀)**

"အနုတ္တရံ ပုညက္ခေတ္တံလောကဿ" ဟူသော သံယာဂုဏ်တော်အရ သံယာတော်၏ လယ်ယာမြေကောင်းနှင့် တူညီပုံကို ထင်ရှားအောင် ဥပမာဆောင်ပြရသော် -

မင်း၏, အမတ်၏ သလေးစပါးတို့၏, မုယောကျဲတို့၏ ဖြစ်ပွားစည်ပင်ရာဌာနကို မင်း၏သလေးစပါးခင်းလယ်, ကျဲခင်းယာဟူ၍သော်ငင်း၊ အမတ်၏သလေးစပါးခင်းလယ်, ကျဲခင်းယာဟူ၍သော်ငင်း ဆိုအပ်သကဲ့သို့ ဤအတူပင် သံယာတော်သည် အလုံးစုံသောလောက၏ ကောင်းမှုတို့၏ ဖြစ်ပွားစည်ပင်ရာဌာန ဖြစ်၏။

သံယာတော်ကိုမှီ၍ (သတ္တဝါအပေါင်းဟူသော)လောက၏ အထူးထူးအပြားပြား သောစီးပွားချမ်းသာကို ဖြစ်စေတတ်ကုန်သော ကောင်းမှုတို့သည် ဖြစ်ပွားစည်ပင်ကြ၏၊ ထို့ကြောင့် သံယာတော်သည် လောက၏အကောင်းဆုံး, အမြတ်ဆုံးဖြစ်သော ကောင်းမှုတို့၏ ဖြစ်ပွားစည်ပင်ရာ လယ်ယာမြေကောင်းနှင့် တူပါသည်။

---

http://www.dhammadownload.com

၂။ **အလှူရေစက် လက်နှင့်မကွာ ပြုနေကြသော ဒုဒ္ဒဘာသာများအနေဖြင့် မိမိတို့ပြုခဲ့သော ဒါနကောင်းမှုကို "စာဂါနုဿတိကမ္မဋ္ဌာန်း"အဖြစ် ပွားများနည်းကို ရှင်းလင်းညွှန်ပြပါ။ (မှတ်စု နှာ-၂၂၂)**

မိမိတို့ပြုခဲ့သော ဒါနကောင်းမှုကို "စာဂါနုဿတိကမ္မဋ္ဌာန်း"အဖြစ် ပွားများနည်းမှာ -

စာဂါနုဿတိ ပွားလိုသောပုဂ္ဂိုလ်သည် ပကတိပင်ကိုယ်သဘောအားဖြင့် စွန့်ကြဲပေးကမ်းခြင်း၌ စိတ်ညှစ်တ်ကိုင်းခြင်း စိတ်ဝင်စားခြင်းရှိသည်ဖြစ်၍ အမြဲတမ်းပင် လှူဖွယ်ကို လှူခြင်း, မိမိသုံးဆောင်ဖွယ်ထဲမှ ခွဲခြမ်းပေးကမ်းခြင်းတို့နှင့် ပြည့်စုံရပါမည်။

တစ်နည်းကား စာဂါနုဿတိဘာဝနာကို အားထုတ်လိုသောပုဂ္ဂိုလ်သည် "ယနေ့မှ အစပြု၍ တောင်းခံသူရှိလျှင် အောက်ထစ်ဆုံးအားဖြင့် တစ်လုတ်မျှသော်လည်း ပေးလှူဖွယ်ကို မပေးလှူမူ၍ မစားအံ့"ဟု ပေးလှူရန် ဆောက်တည်ပြီး ထိုစာဂါနုဿတိကို ပွားများအံ့နှေ့၌ သီလစသော ဂုဏ်ထူးရှိကုန်သော အလှူခံပုဂ္ဂိုလ်တို့၌ စွမ်းနိုင်သလောက် အပ်အပ်သောရှိသမျှသော ပြုဖွယ်ကို ပေးပြုပြီးပျှင် ထိုအလှူဒါန၌ စွန့်ကြဲပေးပြုသော မေတ္တာနာဖြစ်ပုံအခြင်းအရာကို မှတ်သောအားဖြင့် နိမိတ်ကိုယူခဲ့၍ ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် ပြင်ပအာရုံများမှ ဖဲခွာကာ ကမ္မဋ္ဌာန်း၌ ကောင်းစွာကပ်ငြိသည်ဖြစ်၍-

"ပေးလှူသူတို့ ရထိုက်သောအကျိုးတို့သည် စင်စစ် ငါရမည့် လာဘ်လာဘများပါပေတကား၊ မြတ်စွာဘုရားသာသနာတော်နှင့် လူအဖြစ်ကိုရသည်မှာ စင်စစ်ငဲ့မှာကောင်းစွာရခြင်း ဖြစ်ပါပေစွ, အရတော်ပါပေစွတကား၊ အဘယ့်ကြောင့်ဆိုသော် -ယင်းသို့သော ငါသည် ဝန်တိုမှုအညစ်အကြေးက လွှမ်းမိုးနှိပ်စက်နေသော သတ္တဝါအပေါင်းထဲ၌ အညစ်အကြေးများနှင့် ဝန်တိုမှုကင်းသောစိတ်ဖြင့် နေရပါပေ၏၊ တွယ်တာခြင်းမရှိဘဲ လွတ်လွတ်စွန့်ကြဲပေးလှူခြင်း ရှိသည်ဖြစ်၍ နေရပါပေ၏၊ စင်ကြယ်သောလက်ရှိသည်ဖြစ်၍ -ဝါ- ဆုပ်ကိုင်မထားဘဲ ဖြန့်သောလက်ရှိသည်ဖြစ်၍ နေရပါပေ၏၊ တောင်းခံရန် သင့်လျော်သူဖြစ်လျက် နေရပါပေ၏၊ ပေးလှူခြင်းနှင့် ခွဲခြမ်းပေးကမ်းခြင်း၌ ပျော်မွေ့လျက် နေရပါပေ၏၊ ထို့ကြောင့် ငါ့မှာ အရတော်ပါပေစွတကား" ဟူ၍-

ဤပုံဤနည်းဖြင့် အညစ်အကြေးများနှင့် ဝန်တိုမှုကင်းခြင်း အစရှိသောဂုဏ်တို့၏အစွမ်းအားဖြင့် မိမိ၏စွန့်ကြဲပေးကမ်းခြင်းကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရပါမည်။

http://www.dhammadownload.com

၁၉၉၇

၁။ **သီလာနုသတိဘာဝနာ ပွားများပုံကို နည်းမှန်လမ်းကျ ဖော်ပြပြီးလျှင်၊ သီလပိုင်းဆိုင်ရာ အကျိုး မပေါက် မပြောက် မကျား လေးပါးတို့တွင် "မပြောက်သောသီလ မည်ခြင်း" ကို လည်း ရှင်းပြဖြေဆိုပါ။ (မှတ်စု နှာ-၂၂၀)**

သီလာနုသတိ ဘာဝနာပွားများပုံကို နည်းမှန်လမ်းကျ ဖော်ပြရသော်-

သီလာနုသတိ ပွားလိုသောယောဂီသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် ပြင်ပအာရုံများမှဖဲခွာကာ ကမ္မဋ္ဌာန်း၌ကောင်းစွာကပ်ငြိသည်ဖြစ်၍ "ငါ၏သီလတို့သည်

(၁) မကျိုးဘဲ မပေါက်ဘဲ မကျားဘဲ မပြောက်ဘဲ ရှိပါပေကုန်စွ၊

(၂) တဏှာ၏ကျွန်အဖြစ်မှ တော်လှန်ပေကုန်စွ၊

(၃) ပညာရှိတို့ ချီးမွမ်းထိုက်ပါပေကုန်စွ၊

(၄) တဏှာ ဒိဋ္ဌိကို့က မသုံးသပ် မကိုင်ကွယ်နိုင်ဘဲ ရှိပါပေကုန်စွ၊

(၅) သမာဓိကို ဖြစ်နိုင်ပါပေကုန်စွ" ဟူ၍

ဤပုံဤနည်းဖြင့် မကျိုးသည်၏အဖြစ် အစရှိသော ဂုဏ်တို့၏ အစွမ်းအားဖြင့် မိမိ၏သီလဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်ရပါမည်၊ ထိုသို့ အောက်မေ့ဆင်ခြင်ရာ၌ လူဝတ်ကြောင်သည် လူ၏သီလတို့ကို, ရဟန်းသည် ရဟန်း၏သီလတို့ကို အောက်မေ့ဆင်ခြင်ရပါမည်။

မပြောက်သောသီလ မည်ခြင်း

လူ့သီလဖြစ်စေ ရဟန်းသီလဖြစ်စေ ဆောက်တည်ထားသောသိက္ခာပုဒ်တို့သည် မတူသောအပြောက်အစက်တို့ဖြင့် ပြောက်သောနွားမကဲ့သို့ မပြောက်စေဘဲ အကြားအကြား၌ မပျက်စီးအောင် စောင့်ထိန်းထားသဖြင့် မပြောက်သောသီလမည်ပါသည်။

၁၉၉၈

၁။ **ပုဒ္ဓါနုသတိဘာဝနာကို စွဲမြဲစွာပွားများသောပုဂ္ဂိုလ်၏စိတ်ဖြစ်ပုံများကို ဖော်ပြပြီးလျှင်၊ ယင်း ပုဒ္ဓါနုသတိဘာဝနာကို ပွားများသောပုဂ္ဂိုလ်အား ရသောအကျိုးများတွင် နောက်ဆုံးလိုရင်း အကျိုး(၂)ပါးကိုသာ ထုတ်ပြပါ။ (မှတ်စု နှာ-၂၁၀)**

http://www.dhammadownload.com

ပုဒ္ဓါနုဿတိဘာဝနာကို စွဲမြဲစွာပွားများသောပုဂ္ဂိုလ်၏ စိတ်ဖြစ်ပုံများမှာ -

မြတ်စွာဘုရားဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်နေသောယောဂီအား ရာဂ, ဒေါသ, မောဟလွှမ်းမိုးနှိပ်စက်ခံရသောစိတ် မဖြစ်တော့သည်သာ၊ ထိုအခါ၌ ယောဂီ၏စိတ်သည် မြတ်စွာဘုရား၏ဂုဏ်တော်များကို အာရုံပြုလျက် ဖြောင့်မတ်နေသည်သာလျှင် ဖြစ်ပေသည်။

ရာဂစသည်တို့၏ လွှမ်းမိုးနှိပ်စက်ခြင်းမရှိသောကြောင့် ခွာအပ်ပြီးသော နိဝရဏရှိသော, ကမ္မဋ္ဌာန်းသို့ ရှေးရှုသည်အဖြစ်ဖြင့် ဖြောင့်မတ်သည့် စိတ်ရှိသော ယောဂီအား ဘုရား၏ဂုဏ်တော်များသို့ ညွှတ်ကိုင်းရှိုင်းကုန်သော ဝိတက် ဝိစာရတို့သည် မပြတ်ဖြစ်ကုန်၏၊ နှစ်သိမ့်ဝမ်းမြောက်မှု-ပီတိသည် ဖြစ်ပေါ်၏၊ ပီတိဖြင့် ဝမ်းမြောက်သည့်စိတ် ရှိသောသူအား ပီတိလျှင် နီးသောအကြောင်းရှိသော ငြိမ်အေးမှု-ပဿဒ္ဓိဖြင့် ကိုယ်စိတ်၏ ပူပန်ခြင်းတို့သည် ငြိမ်းကုန်၏။ ပူပန်မှုငြိမ်းသောယောဂီအား ကိုယ်ချမ်းသာ,စိတ်ချမ်းသာဖြစ်ပေါ်၏၊ ကိုယ်စိတ်ချမ်းသာနှင့်ပြည့်စုံသော ယောဂီ၏စိတ်သည် ဘုရားဂုဏ်ကိုသာ အာရုံပြုလျက် ကောင်းစွာတည်ကြည်၏ - ဤသို့သောအစဉ်ဖြင့် တစ်ခုသောခဏ၌ စျာန်အင်္ဂါတို့သည် ဖြစ်ပေါ်ကုန်၏၊ သို့သော်လည်း ဘုရားရှင်ဂုဏ်တော်တို့၏နက်နဲခြင်း, များပြားခြင်းတို့ကြောင့် အပွနာသို့မရောက်နိုင်ဘဲ ဥပစာရသမာဓိမျှသာ ရရှိနိုင်ပါသည်။

ပုဒ္ဓါနုဿတိဘာဝနာပွားများသောပုဂ္ဂိုလ်ရသော နောက်ဆုံးလိုရင်းအကျိုး ၂-ပါးမှာ -

(၁) လွန်ကျူးအပ်သောဝတ္ထုနှင့် တွေ့သော်လည်း မိမိ၏မျက်မှောက်၌ ဘုရားရှင်ကို မြင်ရသကဲ့သို့ ဖြစ်၍ ရှက်ခြင်းကြောက်ခြင်း (ဟိရိ၊ ဩတ္တပ္ပ)တို့ ဖြစ်၏။

(၂) မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်သော အထက်တရားထူးကြီးများကို မထိုးထွင်း မပေါက်ရောက်နိုင်သော်လည်း ကောင်းသောဂတိလျှင် လဲလျောင်းရာရှိခြင်း-တို့ ဖြစ်ပါသည်။

၁၉၉၉

၁။ လောကုတ္တရာကိုးပါးတို့တွင် နိဗ္ဗာန်သည် အဘယ်ကြောင့် "သွာက္ခာတ" မည်ပါသနည်း၊ ဖြေဆိုၑ၍၊ "အကာလိကော"၌ ကာလိကမည်သောတရား၊ အကာလိကမည်သောတရားများကို ခွဲခြားပြပါ။ (မှတ်စု နှာ- ၂၁၃)

http://www.dhammadownload.com

နိဗ္ဗာန်၏ "သွာက္ခာတ" မည်ပုံ

သဿတ-မြဲသည်, အမတ-သေခြင်းကင်းသည်, တာဏ-စောင့်ရှောက်တတ်သည်, လေဏ-ပုန်းအောင်းရာဖြစ်သည်- ဤသို့စသည်သဘောရှိသော နိဗ္ဗာန်ကိုသာလျှင် သဿတစသောသဘောရှိသည်၏အစွမ်းအားဖြင့် ဟောအပ်သောကြောင့် နိဗ္ဗာန်သည် ကောင်းစွာဟောအပ်သော(သွာက္ခာတ)တရား မည်ပါသည်။

အကာလိကော-(၁၉၉၄)

၂။ ဒေဝတာနုဿတိကမ္မဋ္ဌာန်းပွားများပုံကို လိုရင်းမျှ ဖော်ပြပြီးလျှင်၊ ယင်းဒေဝတာနုဿတိကို ပွားများခြင်းကြောင့် ရရှိသောအကျိုးများကိုလည်း ဖြေဆိုပါ။ (၁၉၉၅)

၂၀၀၀

၁။ ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်သည် အဘယ်သို့ပွားများရမည်ကို ဖော်ပြပြီးလျှင်၊ ယင်းဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားများသဖြင့် ရရှိသောအကျိုးများတွင် နောက်အကျိုး(၃)ပါးကိုသာ ထုတ်ဖော်ပြပါ။ (မှတ်စု နှာ-၂၁၆)

ဓမ္မာနုဿတိကမ္မဋ္ဌာန်း ပွားများပုံ

ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားများလိုသောယောဂီပုဂ္ဂိုလ်သည် မတုန်မလှုပ်သော ဉာဏ်ဖြင့် သက်ဝင်၍ တရားတော်၏ဂုဏ်တို့၌ ယုံကြည်သော သဒ္ဓါတရားနှင့် ပြည့်စုံရာ၏၊ ယောဂီသည် ဆိတ်ငြိမ်ရာသို့ ကပ်ရောက်လျက် ပြင်ပအာရုံများမှ ဖဲခွာကာ ဘာဝနာအား လျော်ပတ်သောကျောင်း၌နေ၍ အောက်ပါအတိုင်း တရားတော်၏ဂုဏ်ကို ဆင်ခြင်အပ်၏။

"သွာက္ခာတော ဘဂဝတာ ဓမ္မော - မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာဟောတော်မူအပ်ပေ၏၊ ကောင်းစွာဟောထားသော တရားတော်သည် သန္ဒိဋ္ဌိကော- မိမိကိုယ်တိုင်ပင် တွေ့မြင်အပ် တွေ့မြင်နိုင်သောတရားတော်မြတ်ပါပေတည်း၊ အကာလိကော- အခါအခွင့် မဆိုင်းလင့်ဘဲ အသင့်လက်ငင်း ချက်ချင်းအကျိုးပေးတတ်သော တရားတော်မြတ်ပါပေတည်း၊ ဧဟိပဿိကော- လာပါ ကြည့်လှည့်ပါဟု ဖိတ်ခေါ်ထိုက်သော တရားတော်မြတ်ပါပေတည်း၊ ဩပနေယျိကော- ကိုယ်ထဲစိတ်ထဲ

http://www.dhammadownload.com

ရောက်အောင် ကျင့်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတည်း၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ- တရားမြင်သိ ပညာရှိတို့ သည်သာလျှင် ကိုယ့်တရားနှင့်ကိုယ် အသီးအသီးခံစားရသော တရားတော်မြတ်ပါပေတည်း" ဟူ၍- ဒေသနာတော်ဟူသော ပရိယတ်တရားတော်၏လည်းကောင်း၊ ၉-ပါးအပြားရှိသော လောကုတ္တရာတရား၏ လည်းကောင်း ဂုဏ်ကျေးဇူးတို့ကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်ရပါမည်။

မမ္မာနုဿတိကမ္မဋ္ဌာန်းကို ပွားများသဖြင့် ရရှိသောအကျိုးများတွင် နောက်ဆုံးအကျိုးသုံးပါးမှာ-

(၁) အမြတ်ဆုံးဖြစ်သောအရဟတ္တမဂ်ဖိုလ်တရားကို ရခြင်းငှာ စိတ်ညွှတ်၏၊

(၂) လွန်ကျူးအပ်သောဝတ္ထုနှင့် တွေ့ကြုံလတ်သော် တရားတော်၏ကောင်းသော အဖြစ်ကို ကောင်းစွာတစ်ဖန် အောက်မေ့အမှတ်ရသည်ဖြစ်၍ ထိုယောဂီအား ရှက်ကြောက်ခြင်း ဟိရိသြတ္တပ္ပသည် ထင်၏၊

(၃) အထက်၌ မဂ်ဖိုလ်တရားကို ထိုးထွင်း၍ မသိငြား မရောက်သော်လည်း သုဂတိလျှင် လားရာရှိပေ၏။

၂၀၀၁

၁။ **ကိုးပါးသော လောကုတ္တရာတရား၏ "ဟေပဿိက" မည်ခြင်းအကြောင်းကို ဥပမာဖြင့် ထင်ရှားအောင် ပြဆို၍၊ တရားတော်၏ ဂုဏ်တော်တို့ကို အဖန်တလဲလဲ အောက်မေ့သော ယောဂီပုဂ္ဂိုလ်အား ထိုခဏတွင် လက်ငင်းချက်ချင်း ရရှိနိုင်သော အကျိုးများကိုလည်း ထုတ်ဖော်ပြပါ။ (မှတ်စု နှာ-၂၁၆)**

ဟေပဿိက - (၁၉၈၆)

တရားတော်၏ဂုဏ်တော်တို့ကို အဖန်တလဲလဲအောက်မေ့သော ယောဂီအား ထိုခဏတွင် လက်ငင်းချက်ချင်း ရရှိနိုင်သောအကျိုးများမှာ -

(၁) တရားဂုဏ်ကို မြင်ခြင်းဖြင့်ပင်လျှင် 'တရားတော်ကို ဟောတော်မူတတ်သော ဆရာအရှင်မြတ်ကို အတိတ်အဖို့၌ မမြင်ပေ၊ ယခုပစ္စုပ္ပန်၌လည်း ထိုမြတ်စွာဘုရားမှတစ်ပါး မမြင်ပေ' ဟူ၍ ဆရာအရှင်ဖြစ်တော်မူသော မြတ်စွာဘုရား၌ ရိုသေခြင်း ရှိ၏၊

http://www.dhammadownload.com

(၂) တရားတော်၌ ရှိသေခြင်း ရှိ၏၊
(၃) သဒ္ဓါစသည်တို့၏ ပြန့်ပြောခြင်းသို့ ရောက်ပေ၏၊
(၄) နှစ်သိမ့်ဝမ်းမြောက်မှု များစွာဖြစ်ခြင်း ရှိပေ၏၊
(၅) ကြောက်ဖွယ်ဘေးငယ်ဘေးကြီးကို သည်းခံနိုင်ပေ၏၊ ဆင်းရဲဒုက္ခတို့ကို သည်းခံခြင်းငှာ စွမ်းနိုင်ပေ၏၊
(၆) တရားတော်နှင့်အတူတကွ နေရသည်ဟူသော အမှတ်သညာကို ရပေ၏၊
(၇) တရားဂုဏ်တို့ကို အဖန်တလဲလဲအောက်မေ့မှု မမွာနှုံသတိ၏ ကိန်းအောင်းရာဖြစ်သော ထိုယောဂီ၏ကိုယ်သည် စေတီအိမ် ပိဋကတ်တိုက်ကဲ့သို့ ပူဇော်ထိုက်ပေ၏၊
(၈) အမြတ်ဆုံးဖြစ်သော အရဟတ္တမဂ် ဖိုလ်တရားကို ရခြင်းငှာ စိတ်ညွှတ်၏၊
(၉) ကျူးလွန်စရာဝတ္ထုအမှုနှင့် တွေ့လတ်သော် တရားတော်၏ကောင်းသောတရားအဖြစ်ကို ကောင်းစွာတစ်ဖန် အောက်မေ့အမှတ်ရသည်ဖြစ်၍ ထိုယောဂီအား ရှက်ကြောက်မှု(ဟိရီသြတ္တပ္ပ)သည် ရှေးရှုထင်၏။

၂၀၀၂

၁။ **အလှူရေစက် လက်နှင့်မကွာ ပြုလေ့ရှိသောသူသည် မိမိစွန့်လွှတ်ပေးကမ်း လှူဒါန်းမှုတို့ကို အဖန်တလဲလဲ အောက်မေ့သောအခါ၌ စိတ်အစဉ်ဖြစ်ပုံများနှင့် ရရှိနိုင်သော အကျိုးများကို ပြည့်စုံစွာ ဖော်ပြပါ။ (မှတ်စု နှာ-၂၂၃)**

အလှူရေစက် လက်နှင့်မကွာ ပြုလေ့ရှိသောသူသည် မိမိစွန့်လွှတ်ပေးကမ်းလှူဒါန်းမှုတို့ကို အဖန်တလဲလဲအောက်မေ့သောအခါ၌ စိတ်အစဉ်ဖြစ်ပုံမှာ - ရာဂ၊ ဒေါသ၊ မောဟတို့ ထကြွသောစိတ် မဖြစ်ပေ၊ စိတ်သည် ဖြောင့်မတ်ကာ ကိလေသာတို့ ငြိမ်ဝပ်သော ကြောင့် နိဝရဏတို့ကင်းကွာကုန်၏၊ ခွာအပ်ပြီးသောနိဝရဏရှိသောပုဂ္ဂိုလ်အား ဝိတက်ဝိစာရ ပီတိ သုခ၊ ဧကဂ္ဂတာဟူသော စျာန်အင်္ဂါတို့သည် ဖြစ်ကုန်၏။ (၁၉၉၈ ကြည့်ရန်)

ရရှိနိုင်သောအကျိုးများမှာ -
(၁) စွန့်ကြဲပေးလှူခြင်း၌ အတိုင်းထက်အလွန် ညွှတ်သောစိတ် ရှိခြင်း၊
(၂) လောဘကင်းခြင်း၌ လိုလားခြင်း ရှိခြင်း၊

http://www.dhammadownload.com

(၃) မေတ္တာဘာဝနာအား လျော်သော ပြုကျင့်ခြင်းကို ပြုလေ့ရှိခြင်း၊
(၄) ကြောက်ရွံ့ခြင်းကင်းလျက် ရဲရင့်ခြင်း၊
(၅) နှစ်သိမ့်ဝမ်းမြောက်မှုဖြစ်ခြင်း များခြင်း၊
(၆) အထက်၌ မဂ်ဖိုလ်တရားထူးကို ထိုးထွင်း၍ မသိငြား မရငြားသော်လည်း သုဂတိလျှင် လားရာရှိခြင်းတို့ ဖြစ်ပါသည်။

၂၀၀၃

၁။ "အကာလိကော"၌ ကာလိက၊ အကာလိကတရားများကို ရေးသား၍၊ သီလာနုဿတိဘာဝနာပွားပုံကို နည်းလမ်းတကျ ဖော်ပြပါ။ (မှတ်စု နှာ-၂၁၄)

အကာလိကော၌

ကာလိကတရားမှာ - လောကီကုသိုလ် ဖြစ်ပါသည်၊ လောကီကုသိုလ်သည် မိမိ၏အကျိုးပေးခြင်း၌ ရောက်သောကာလသည် ဝေး၏၊ ထို့ကြောင့် 'ကာလိကတရား' မည်ပါသည်။

အကာလိကတရားမှာ - လောကုတ္တရာမဂ်ကုသိုလ် ဖြစ်ပါသည်၊ လောကုတ္တရာမဂ်သည် မိမိ၏အခြားမဲ့၌ ဖိုလ်စိတ်ဖြစ်ရန် အကျိုးပေးတတ်သောကြောင့် ဝေးသောအကျိုးပေးရာကာလရှိသည် မဟုတ်၊ ထို့ကြောင့် 'အကာလိကတရား' မည်ပါသည်။

သီလာနုဿတိဘာဝနာ ပွားများပုံ - (၁၉၉၇)

၂၀၀၄

၁။ သီလာနုဿတိဘာဝနာ ပွားများပုံ ပွားများနည်းကို နည်းလမ်းတကျ ဖော်ပြ၍၊ သီလစောင့်ထိန်းရာတွင် မကျိုး မပေါက် မပြောက် မကျားဟု ဆိုကြရာ သီလမကျိုးခြင်း၏ အဓိပ္ပါယ်ကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

သီလာနုဿတိဘာဝနာ ပွားများပုံ - (၁၉၉၇)

http://www.dhammadownload.com

သီလမကျိုးခြင်း၏အဓိပ္ပါယ် - လူ၏သီလဖြစ်စေ၊ ရှင်ရဟန်း၏သီလဖြစ်စေ သီလတို့၏ အစဉ်သော်လည်းကောင်း၊ အဆုံးဦသော်လည်းကောင်း သီလတစ်ခုမျှသော်လည်း မပျက်ငြားအံ့၊ ထိုသီလတို့သည် အစွန်းအနားဦ စုတ်ပြတ်သောပုဆိုးကဲ့သို့ မကျိုးမပြတ်ကြသောကြောင့် မကျိုးသောသီလ(အခဏ္ဍသီလ) မည်ပါသည်။

၂၀၀၅

၁။ **"ဆရာ-တပည့်"ဟူသော စကားရပ်၌ ဘုရားရှင်ကို "ဆရာ"၊ ရဟန်းသံဃာကို "တပည့်" ဟု ခေါ်ဆိုရခြင်း၏ အကြောင်းရင်းများကို တိကျစွာ ဖော်ပြပြီးလျှင်၊ (မှတ်စု နှာ- ၂၁၇)**

ဘုရားရှင်ကို "ဆရာ"၊ ရဟန်းသံဃာကို "တပည့်" ဟု ခေါ်ဆိုရခြင်း၏အကြောင်း

မျက်မှောက်အကျိုးစီးပွား၊ တမလွန်အကျိုးစီးပွား၊ နိဗ္ဗာန်ဟူသော မြတ်သောအကျိုးစီးပွားတို့ဖြင့် ထိုက်သည့်အားလျော်စွာ ဆုံးမသွန်သင်တော်မူတတ်သောကြောင့်လည်းကောင်း၊ လှည်းကုန်သည်အပေါင်း၏ဦးစီး လှည်းမှူးခေါင်းဆောင်နှင့် တူတော်မူသောကြောင့်လည်းကောင်း ဘုရားရှင်ကို "ဆရာ" ဟု ခေါ်ပါသည်။

မြတ်စွာဘုရား၏ ဩဝါဒအဆုံးအမတော်ကို ရိုသေစွာနာခံတတ်သောကြောင့် ရဟန်းသံဃာကို "တပည့်" ဟု ခေါ်ပါသည်။

၂၀၀၆

၁။ **လောကုတ္တရာတရားတော်တို့သည် "လာပါ၊ ရှုပါ"ဟု ရဲရဲတင်းတင်း ဖိတ်ခေါ်ထိုက်ခြင်း အကြောင်းကို ဥပမာဖြင့် ထင်ရှားအောင် ပြဆိုခဲ့ပါ။ (၁၉၈၆)**

၂၀၀၇

၁။ **လောက၌ ပြောဆိုသင့်သောစကား၊ မပြော၊ဆိုသင့်သောစကားတို့ကို ကွဲပြားခြားနားအောင် ဖြေဆိုခဲ့ပါ။ (၁၉၈၅)**

ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ

http://www.dhammadownload.com

အခန်း ၈ ။ အနုဿတိကမ္မဋ္ဌာန နိဒ္ဒေသပိုင်း

မရဏာဿတိကမ္မဋ္ဌာန်း

၁၉၈၅

၁။ **လူသားတိုင်းအတွက် ပုံသေသတ်မှတ်ချက်ကင်းမဲ့သောအကြောင်းအရာ(၅)မျိုးတို့ကို ပြည့်စုံစွာ ရှင်းလင်းဖော်ပြခဲ့ပါ။ (မှတ်စု နှာ-၂၃၃)**

လူသားတိုင်းအတွက် ပုံသေသတ်မှတ်ချက်ကင်းမဲ့သောအကြောင်းအရာ (၅)မျိုးတို့မှာ

(၁) သတ္တဝါတို့၏အသက်၊
(၂) ဖျားနာခြင်း၊
(၃) သေရာကာလ၊
(၄) အကောင်ပစ်ချရာအရပ်၊
(၅) လားရာဂတိတို့ ဖြစ်ပါသည်။

သတ္တဝါတို့၏အသက် ဆိုရာ၌ သတ္တဝါတို့သည် ကလလရေကြည်ဖြစ်ရာအခါ၌၎င်း၊ ဝမ်းမှထွက်သောကာလ၊ အနှစ်တစ်ရာ၏အတွင်း၌၎င်း၊ အပဖြစ်သော ရာကျော်ကာလ၌၎င်း သေကုန်သည်သာတည်း။

ဖျားနာခြင်း ဆိုရာ၌ မျက်စိရောဂါ နားရောဂါအစရှိသည်တို့တွင် တစ်မျိုးမျိုးဖြင့်လည်း သတ္တဝါတို့သည် သေကုန်၏။

သေရာကာလ ဆိုရာ၌ နံနက်အခါ၊ ညအခါအစရှိသည်တို့တွင် တစ်ပါးပါးသောအချိန်၌လည်း သေကြကုန်၏။

အကောင်ပစ်ချရာအရပ် ဆိုရာ၌ ရွာပြင်၌၎င်း၊ ရွာတွင်း၌၎င်း၊ ကုန်း၌၎င်း၊ ရေ၌၎င်း ဤသို့မျှားစွာသောအပြားအားဖြင့် ပစ်ချကုန်၏။

လားရာဂတိသည် နတ်ပြည်၊ လူ့ပြည်အစရှိသော အမှတ်မရှိ၊ တစ်ခုခုသောဘုံဘဝနတို့၌ ဖြစ်ကုန်၏၊ ဂတိငါးပါး၌ တပြောင်းပြန်ပြန်ကျင်လည်ကြကုန်၏။

http://www.dhammadownload.com

ဤသို့ သတ်မှတ်ပိုင်းခြားခြင်း မရှိသောအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

၁၉၈၃

၁။ **"ငါသည် ဧကန်မုချ သေရလတ္တံ့" ဟု မရဏာဿတိပွားများခြင်းသည် အပျက်မြင်ဝါဒ ဖြစ်သည်ဟု ဉာဏ်မဲ့သူတို့၏ ကဲ့ရဲ့မှုကို မရဏာဿတိ ပွားများသဖြင့် ဧကန်ရနိုင်သည့်အကျိုးများကို ဖော်ပြလျက် အချက်ကျကျ ဖြေရှင်းဖော်ပြပါ။ (မှတ်စု နှာ-၂၃၆)**

မရဏာဿတိပွားများခြင်းသည် အပျက်မြင်ဝါဒဖြစ်သည်ဟု ဉာဏ်မဲ့သူတို့၏ကဲ့ရဲ့မှုကို ချေပချက်

မရဏာဿတိပွားများလျှင် ဧကန်ရနိုင်သည့်အကျိုးများမှာ -

(၁) အမြဲတမ်းမမေ့မလျော့ဖြစ်လျက် ရှိခြင်း၊

(၂) အလုံးစုံသောဘဝတို့၌ မပျော်မွေ့ ငြီးငွေ့သောအမှတ်သညာကို ရရှိခြင်း၊

(၃) အသက်၌ နှစ်သက်တွယ်တာခြင်းကို စွန့်ခြင်း၊

(၄) မကောင်းမှုကို ကဲ့ရဲ့လေ့ရှိခြင်း၊

(၅) သိမ်မြှီးသိမ်းဆည်းခြင်း မများမူ၍ ပရိက္ခရာတို့၌ တပ်မက်မှုအညစ်အကြေးနှင့် ဝန်တိုမှု ကင်းခြင်း၊

(၆) အနိစ္စသညာသည်လည်း လေ့လာအပ်ခြင်းသို့ ရောက်ရှိခြင်း၊

(၇) ထိုအနိစ္စသညာသို့ အစဉ်လိုက်သောအားဖြင့်သာလျှင် ဒုက္ခသညာနှင့် အနတ္တသညာသည်လည်း ထင်ခြင်း၊

(၈) မရဏာဿတိကို မပွားစေဖူးသောသူတို့သည် သေခါနီးကာလ၌ သားရဲ ဘီလူးမြွေ သူသတ်သမားစသည်တို့၏ ရုတ်တရက်အန္ဒုပ်စက်ခံရသောသူတို့ကဲ့သို့ ကြောက်ခြင်း ထိတ်လန့်ခြင်း တွေဝေခြင်းသို့ ရောက်ကုန်သကဲ့သို့ ထို့အတူ ယောဂီသည် ကြောက်ခြင်းစသည်သို့ မရောက်မူ၍ ကြောက်ခြင်းကင်းလျက် မတွေဝေဘဲ စုတေရခြင်း၊

(၉) မျက်မှောက်ဘဝ၌ နိဗ္ဗာန်ကို အကယ်၍ မပြီးစေနိုင်လျှင် ခန္ဓာကိုယ်ပျက်စီး၍ သေသည်မှနောက်၌ သုဂတိလျှင် လားရာရှိခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

ထိုသို့ မျှားစွာသောအကျိုးတို့ရှိခြင်းကြောင့် မရဏာဿတိပွားများခြင်းသည် အပျက်မြင်ဝါဒဖြစ်သည်ဟု ဉာဏ်မဲ့သူတို့၏ကဲ့ရဲ့မှုသည် မှားယွင်းပါသည်။

၁၉၈၉

၁။ သတ္တဝါတို့အသက် ဆက်လက်ရှင်သန်ရေး၌ အရေးတကြီးဆက်စပ်လျက်ရှိသော အချက်ကြီးငါးချက်ကို တင်ပြခဲ့ပါ။ (မှတ်စု နှာ-၂၃၃)

သတ္တဝါတို့အသက် ဆက်လက်ရှင်သန်ရေး၌ အရေးတကြီး ဆက်စပ်လျက်ရှိသော အချက်ကြီးငါးချက်မှာ -

(၁) ထွက်သက်ဝင်သက်၊
(၂) ကျရိယာပုထ်၊
(၃) အအေး အပူ၊
(၄) မဟာဘုတ်ဓာတ်ကြီး(၄)ပါး၊
(၅) အစာအာဟာရတို့ ဖြစ်ပါသည်။

ထွက်သက်ဝင်သက်တို့ အညီအမျှဖြစ်လျှင် သတ္တဝါတို့၏အသက်သည် ရှင်သန်တည်တံ့၏၊ အပသို့ထွက်သောနှာခေါင်းလေ အတွင်းသို့မဝင်သော်လည်းကောင်း၊ အတွင်းသို့ ဝင်ပြီးသော နှာခေါင်းလေသည် ပြန်၍မထွက်သော်လည်းကောင်း၊ သတ္တဝါတို့၏ သေခြင်း ဖြစ်လေတော့သည်။

ကျရိယာပုထ်လေးပါးတို့ ညီညွတ်မျှတလျှင် အသက်ရှင်၏၊ ကျရိယာပုထ်တစ်ပါးပါး လွန်ခဲ့လျှင် အာယုသင်္ခါရခေါ် အသက်ဆိုင်ရာ နာမ်ရုပ်တို့ ပြတ်စဲသွားလေသည်။

အအေးအပူတို့ ညီညွတ်မျှတလျှင် အသက်တည်၏၊ အလွန်အေးခြင်း၊ အလွန်ပူခြင်းတို့ လွှမ်းမိုးနှိပ်စက်ခြင်း ခံရသူအား အသက်သည် ဖောက်ပြန်ပျက်ဆီးတတ်သည်။

မဟာဘုတ်ဓာတ်ကြီး(၄)ပါး အညီအမျှဖြစ်လျှင် အသက်တည်၏၊ တစ်ပါးပါး ပျက်ပြားချောက်ခြားပါက အသက်ကုန်ခြင်းသို့ ရောက်ရှိတတ်ပေသည်။

အစာအာဟာရကို သင့်လျော်သောကာလ၌ ရပါက အသက်တည်၏၊ မရလျှင် အသက်ကုန်ခြင်းသို့ ရောက်၏။

http://www.dhammadownload.com

၁၉၉၀

၁။ **လူတို့၏ အသက်ရှင်ရာခရာသည် ပရမတ္ထအမြင်ဖြင့်ကြည့်လျှင် အလွန်တိုတောင်းလှပုံကို ရထားဘီးဥပမာနှင့်တကွ တင်ပြခဲ့ပါ။ (မှတ်စု နှာ-၂၃၅)**

လူတို့၏ အသက်ရှင်ရာခရာသည် ပရမတ္ထအမြင်ဖြင့်ကြည့်လျှင် အလွန်တိုတောင်းလှပုံကို ရထားဘီးဥပမာနှင့်တကွ တင်ပြရသော် -

သတ္တဝါတို့၏အသက်ရှင်ဆဲခရာသည် ပရမတ္ထအားဖြင့် အလွန်ပင် တိုတောင်း၏၊ စိတ်တစ်ချက်၏ ဖြစ်ခိုက်မျှသာလျှင် ရှိချေ၏၊ ဥပမာ - ရထားဘီးသည် လိမ့်နေစဉ် သွားနေစဉ်လည်း အကွပ်တကူ၏တစ်စိတ်ဖြင့်သာလျှင် လိမ့်၏ သွား၏၊ ရပ်နေစဉ်လည်း အကွပ်တကူ၏တစ်စိတ်ဖြင့်သာလျှင် ရပ်တည်၏၊ ဤအတူပင် သတ္တဝါတို့၏အသက်သည် တစ်ခုသောစိတ်၏ခရာနှင့် ယှဉ်၏၊ ထိုစိတ်ချုပ်ခါမျှပင် သတ္တဝါသည် ချုပ်သည်သေသည်ဟု ခေါ်ဆိုအပ်၏။

၁၉၉၁

၁။ **လောကၠ သေသောသူ အမျိုးမျိုးရှိကြရာ မည်သူတို့ သေခြင်းမျိုးကိုသာ အသက်ကုန်၍ သေခြင်းမျိုးဟု သတ်မှတ်သင့်သည်ကို အများနားလည်အောင် ရှင်းပြခဲ့ပါ။**

အသက်ကုန်၍ သေခြင်းဟူသည် -

ဂတိသမ္ပတ္တိ- ဂတိ၏ကောင်းမြတ်ပြည့်စုံခြင်း, ကာလသမ္ပတ္တိ- ကာလ၏ကောင်းမြတ်ပြည့်စုံခြင်း, အာဟာရသမ္ပတ္တိ- အစာ၏ကောင်းမြတ်ပြည့်စုံခြင်း စသည်တို့ မရှိခြင်းကြောင့် (ယခုကာလ လူတို့၏အနှစ်တစ်ရာမျှအတိုင်းအရှည်ရှိသကဲ့သို့) သက်တမ်း၏ကုန်ခြင်းအစွမ်းအားဖြင့်ဖြစ်သော သေခြင်းသည် သက်တမ်းကုန်ခြင်းကြောင့် သေခြင်း (အာယုက္ခယမရဏ) ဖြစ်ပါသည်။ **(မှတ်စု နှာ-၂၂၈)**

၁၉၉၂

၁။ **မရဏာသတိကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရာ၌ အလိုရှိအပ်သောသေခြင်းမျိုးကို အများနားလည်အောင် တင်ပြခဲ့ပါ။ (မှတ်စု နှာ-၂၂၇)**

http://www.dhammadownload.com

မရဏာသတိကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရာ၌ အလိုရှိအပ်သော သေခြင်း

ဘဝတစ်ခုဖြင့် ပိုင်းခြားအပ်သော ဇီဝိတိန္ဒြေအစဉ်၏ပြတ်စဲခြင်းဟူသော သေခြင်း (ဇီဝိတိန္ဒြိယဥပစ္ဆေဒမရဏ)ကိုသာ မရဏာသတိကမ္မဋ္ဌာန်း၏အာရုံအဖြစ် အလိုရှိအပ်ပါသည်။ ထိုဇီဝိတိန္ဒြေအစဉ်၏ပြတ်စဲခြင်းဟူသော သေခြင်းသည်လည်း -

(၁) ကာလမရဏ (သေချိန်ကျ၍ သေခြင်း)၊

(၂) အကာလမရဏ (သေချိန်မကျမီ သေခြင်း) ဟူ၍ ၂-ပါးအပြား ရှိ၏။ ထိုတွင်

(၁) ကာလမရဏသည်-

(က) ကောင်းမှုကံ၏ကုန်ခြင်း (ပုညက္ခယ) ကြောင့်လည်းကောင်း၊

(ခ) အသက်တမ်း၏ကုန်ခြင်း (အာယုက္ခယ) ကြောင့်လည်းကောင်း၊

(ဂ) ထိုနှစ်ပါးလုံး၏ကုန်ခြင်း (ဥဘယက္ခယ) ကြောင့်လည်းကောင်းဖြစ်၏။

(၂) အကာလမရဏသည်- မူလကံကို ဖြတ်တတ်သော ဥပစ္ဆေဒကကံ၏အစွမ်းအားဖြင့် ဖြစ်၏။

၂။ အသက်ရှိသော လောကဌ သတ္တဝါတိုင်း အမှတ်အသားကို ကြိုတင်မသိအပ်သော အရာငါးမျိုးကို သိသာရုံတင်ပြပါ။ (၁၉၈၅)

၁၉၉၄

၁။ ကောင်းမှုကုသိုလ်များခြင်း(ပုညမဟတ္တ)အားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့ပုံကိုလည်း ရေးသားပြခဲ့ပါ။ (မှတ်စု နှာ-၂၃၁)

ကောင်းမှုကုသိုလ်များခြင်း(ပုညမဟတ္တ)အားဖြင့် သေခြင်းကို အဖန်တလဲလဲအောက်မေ့ပုံ

"ဇောတိကသူဌေးကြီး, ဇဋိလသူဌေးကြီး, ဥဂ္ဂါသူကြွယ်, မေဏ္ဍကသူဌေးကြီး, ပုဏ္ဏသူဌေးတို့သည်လည်းကောင်း၊ လောကဌ ဘုန်းကံကြီးများသူဟု ထင်ရှားကျော်စောကုန်သော အနာထပိဏ် ဓနဥယ အစရှိသော အခြားသူဌေးသူကြွယ်တို့သည်လည်းကောင်း ထိုအလုံးစုံသောပုဂ္ဂိုလ်ကြီးတို့သည် သေခြင်းသို့ ရောက်ကြရလေကုန်ပြီ၊ ငါသို့သော သာမန်ပုဂ္ဂိုလ်တို့၌ အဘယ်မှာ ဆိုဖွယ်ရာရှိချေအံ့နည်း" ဟူ၍- ကောင်းမှုကုသိုလ်များခြင်း(ပုညမဟတ္တ)အားဖြင့် သေခြင်းကို အဖန်တလဲလဲအောက်မေ့ဆင်ခြင်အပ်ပေသည်။

http://www.dhammadownload.com

၁၉၉၈

၁။ **"သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် အချိန်ကာလ တိုလျလှ၏" ဟု ဆိုရာ၌ အဘယ်မျှ လောက် ကာလရှိသည်ကို ဥပမာနှိုင်းယှဉ်နှင့် တွဲဖက်ပြပါ။ (၁၉၉၀)**

၂၀၀၀

၁။ **မရဏာသတိကမ္မဋ္ဌာန်းကို ပွားများရာ၌ အလိုမရှိအပ်သူ၊ မချစ်မမုန်း လျစ်လျူသဘော ရှိသူတို့ သေသောအခါ အဘယ်သို့ မသင့်မတင့် နှလုံးသွင်းမိနိုင်သည်ကို ဥပမာနှင့်တကွ ဖြေဆိုပါ။ (မှတ်စု နှာ-၂၂၈)**

မရဏာသတိကမ္မဋ္ဌာန်းကို ပွားများရာ၌ -

အလိုမရှိအပ်သူတို့၏သေခြင်းကို အောက်မေ့လျှင် ဝမ်းမြောက်ခြင်း ဖြစ်တတ်၏၊ ဥပမာ - ရန်သူ၏သေခြင်းကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်းဖြစ်သကဲ့သို့တည်း။

မချစ်မမုန်း လျစ်လျူသဘောရှိသူတို့၏သေခြင်းကို အောက်မေ့လျှင် ထိတ်လန့်မှုသံဝေဂ မဖြစ်တတ်ပေ၊ ဥပမာ - သူသေကောင်ဖုတ်သောသုဘရာဇာမှာ သူသေကောင်ကို မြင်သကဲ့သို့ပင်တည်း။

ဤသို့ မသင့်မတင့်နှလုံးသွင်းမှု ဖြစ်ရခြင်းမှာ သေခြင်းကို အောက်မေ့ဆင်ခြင်ရာတွင် သတိ သံဝေဂနှင့် ဆင်ခြင်ဉာဏ် ကင်းစွာဖြင့် မှားမှားယွင်းယွင်း နှလုံးသွင်းမိခြင်းကြောင့် ဖြစ်ပါသည်။

၂။ **အသက်အားနည်း၍ သေခြင်းကို ဆင်ခြင်ရာ၌ ထွက်သက်ဝင်သက်နှင့်လည်းကောင်း၊ ဣရိယာပုထ်နှင့်လည်းကောင်း သတ္တဝါတို့၏ အသက်ဆက်စပ်ပုံကို ပေါ်လွင်ထင်ရှားအောင် ဖြေဆိုပါ။ (၁၉၈၉)**

၂၀၀၃

၁။ **မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများသဖြင့် ရရှိနိုင်သောအကျိုးတို့ကို ပြည့်စုံစွာ ဖေါ်ပြ၍ (၁၉၈၇)**

http://www.dhammadownload.com

၂၀၀၄

၁။ **"မသေလိုလျှင် သုသာန်သွား၊ မရဏာနုဿတိ နာနာပွား" ဟု ဆိုကြရာ အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့၏သေခြင်းကို နည်းလမ်းမှားယွင်းစွာ နှလုံးသွင်းသဖြင့် ရရှိနိုင်သောဆိုးကျိုးများကို ဖြေဆိုခဲ့ပါ။ (က) ချစ်ခင်နှစ်သက်သူ၊ (ခ) မလိုမုန်းထားသူ၊ (ဂ) မချစ်မမုန်းသူ။**

မရဏာနုဿတိကို နည်းလမ်းမှားယွင်းစွာနှလုံးသွင်းသဖြင့် ရရှိနိုင်သောဆိုးကျိုးများ

(၁) ချစ်ခင်နှစ်သက်သူ၏သေခြင်းကိုအောက်မေ့လျှင် စိုးရိမ်ပူဆွေးမှုသောကဖြစ်တတ်၏၊ မွေးမိခင်မှာ သားချစ်ကလေး၏သေခြင်းကို အောက်မေ့သကဲ့သို့ပင်တည်း။

(၂) မလိုမုန်းထားသူ၏သေခြင်းကို အောက်မေ့လျှင် ဝမ်းမြောက်ခြင်း ဖြစ်တတ်၏၊ ရန်သူတို့မှာ ရန်သူ၏သေခြင်းကို အောက်မေ့သကဲ့သို့ပင်တည်း။

(၃) မချစ်မမုန်း အလယ်အလတ်ဖြစ်သူ၏သေခြင်းကို အောက်မေ့လျှင် ထိတ်လန့်မှုသံဝေဂ မဖြစ်တတ်ပေ၊ သူသေကောင်ဖုတ်သော သုဘရာဇာမှာ သူသေကောင်ကို မြင်သကဲ့သို့ပင်တည်း။ **(မှတ်စု နှာ-၂၂၈)**

၂၀၀၅

၁။ **သက်တမ်းတိုရာ ဤလူ့လောကဌ် မရဏာဿတိဘာဝနာကို မည်သို့ သဘောထား၍ ပွားများ ရှုမှတ်သင့်ပါသနည်း။ (မှတ်စု နှာ-၂၃၅)**

သက်တမ်းတိုရာ ဤလူ့လောကဌ် မရဏာဿတိဘာဝနာကို ပွားများ ရှုမှတ်သင့်ပုံမှာ -

"ငါသည် ထမင်းတစ်လုပ်ကို ဝါးမျိုခိုက်အတွင်း၌ အသက်ရှင်နေရမူ ကောင်းလေစ၊ ထိုအခိုက်၌ ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် ဘုရားအဆုံးအမကို များစွာ ပြုကျင့်ရသည် စင်စစ်ဖြစ်လေရာ၏" ဟု၊

"ငါသည် ရှူသွင်းပြီး၍ ရှိုက်ထုတ်နေစဉ်သော်လည်းကောင်း၊ ရှိုက်ထုတ်ပြီး၍ ရှူသွင်းနေစဉ်သော်လည်းကောင်း ထိုအခိုက်အတွင်း၌ အသက်ရှင်နေရမူ ကောင်းလေစ၊ ထိုအခိုက်၌ ဘုရားအဆုံးအမကို နှလုံးသွင်းရပါမူ ငါသည် ဘုရားအဆုံးအမကို များစွာ ပြုကျင့်ရသည် စင်စစ်ဖြစ်လေရာ၏" ဟု ဤသို့ မရဏာဿတိကို ပွားရပါမည်။

---

http://www.dhammadownload.com

၂၀၁၁

၁။ မရဏာနုဿတိကမ္မဋ္ဌာန်းကို ပွားများသဖြင့် ရရှိနိုင်သောအကျိုးတို့ကို ပြည့်စုံစွာဖော်ပြ၍၊ . . . (၁၉၈၇)

– – – – – – – – –

ကာယဂတာသတိကမ္မဋ္ဌာန်း

၁၉၈၆

၁။ **ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့် မရွတ်ဆိုအပ်၊ စိတ်ဖြင့် ပွားများရမည်ဟူသော ပုဂ္ဂိုလ်အချို့၏ယူဆချက် မှန်-မမှန်ကို ကာယဂတာသတိနှင့်ရှုလျက် ဆုံးဖြတ်ချက်ချခဲ့ပါ။ (မှတ်စု နှာ-၂၃၉)**

ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့် မရွတ်ဆိုအပ်၊ စိတ်ဖြင့်သာ ပွားများရမည်ဟူသော ပုဂ္ဂိုလ်အချို့၏ယူဆချက်မှာ မမှန်ကန်ပါ၊ ကာယဂတာသတိနှင့် ရှုလျက် ဆုံးဖြတ်ရသော် –

ကာယဂတာသတိကမ္မဋ္ဌာန်းကို သင်ယူမှုဌ ဥဂ္ဂဟကောသလ္လခေါ် သင်ယူမှုဌ ကျွမ်းကျင်ကြောင်းအစီအရင် ခုနစ်ပါးရှိရာတွင် ရှေးဦးပထမအစီအရင်အဖြစ် ၃၂-ပါးသော ကောဋ္ဌာသတို့ကို နှုတ်ဖြင့် ရွတ်ဆိုခြင်းဟု တစ်ပါးပါဝင်၏၊

ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်ပင် ဖြစ်စေကာမူ နှလုံးသွင်းသောကာလ၌ ရှေးဦးစွာ နှုတ်ဖြင့်ရွတ်ဆိုခြင်းကို ပြုအပ်၏၊ အကျိုးမှာ အချို့ပုဂ္ဂိုလ်အား ရွတ်ဆိုခြင်းပြုစဉ်ပင်လျှင် ကမ္မဋ္ဌာန်းသည် ထင်ရှား၏၊ ဥပမာအားဖြင့် မလယအရပ်နေ မဟာဒေဝမထေရ်ကြီးထံ၌ ကမ္မဋ္ဌာန်းယူသောမထေရ်နှစ်ပါးတို့ကဲ့သို့ပေတည်း၊ မထေရ်ကြီးသည် ကမ္မဋ္ဌာန်းတောင်းသော ထိုရဟန်းတို့အား "လေးလတို့ပတ်လုံး ဤပါဠိကိုသာ ရွတ်ဆိုနေကြလော့" ဟု ဒွတ္တံသာကာရပါဠိကို ပေးလိုက်၏၊ ထိုမထေရ်နှစ်ပါးသည် နိကာယ်နှစ်စောင်ကို နှုတ်တက် ကျေပွန်ရသော်လည်း ဒွတ္တံသာကာရပါဠိကို လေးလတို့ပတ်လုံး ရွတ်ဆိုကြစဉ်ပင် သောတာပန်ဖြစ်ကုန်၏ - ဟု ဤသို့ ပါဠိတော်တွင် ထင်ရှားတိကျသေချာစွာ လမ်းညွှန်

http://www.dhammadownload.com

ထားသောကြောင့် "ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့် မရွတ်ဆိုအပ်၊ စိတ်ဖြင့်သာ ပွားများရမည်" ဟူသော ပုဂ္ဂိုလ်အချို့၏ယူဆချက် မမှန်ကန်ကြောင်း ကာယဂတာသတိကို ရှုလျက် ဆုံးဖြတ်နိုင်ပါသည်။

၁၉၉၃

၁။ **ကမ္မဋ္ဌာန်းဘာဝနာကို နှုတ်ဖြင့် ရွတ်ဆိုရန် မလို၊ စိတ်ဖြင့်သာ ပွားများသင့်သည် ဆိုသော အယူအဆ မှန်ကန်မှု ရှိမရှိ ကာယဂတာသတိအဖွင့်လာအတိုင်း စိစစ်တင်ပြပါ။ (၁၉၈၆)**

၁၉၉၄

၁။ **လူတို့၏နှလုံးသားအတွင်း၌ တည်ရှိသော သွေး၏အရောင်အဆင်းကို ရှုမြင်သုံးသပ်လျက် သွေးအရောင်အလိုက်ဖြစ်ပေါ်နေသော စိတ်အမျိုးမျိုးကို ခွဲခြားစိစစ်ပြပြီးလျှင်၊ အဗဒ္ဓသည်ခြေ ပျက်ပါက ဖြစ်ပေါ်တတ်သော ရောဂါစုတို့ကိုလည်း ဖော်ပြခဲ့ပါ။ (မှတ်စု နှာ-၂၄၅)**

နှလုံးသားအတွင်းရှိ သွေး၏အရောင်အဆင်းကို ရှုမြင်သုံးသပ်လျက် သွေးအရောင်အလိုက် ဖြစ်ပေါ်နေသော စိတ်အမျိုးမျိုးကို ခွဲခြားစိစစ်ပြရသော် -

(၁) နှလုံးသွေးသည် နီလျှင် ရာဂစိတ် ဖြစ်ပေါ်နေ၏။
(၂) နှလုံးသွေးသည် မည်းနက်လျှင် ဒေါသစိတ် ဖြစ်ပေါ်နေ၏။
(၃) နှလုံးသွေးသည် သားဆေးရည်အရောင်နှင့် တူလျှင် မောဟစိတ် ဖြစ်ပေါ်နေ၏။
(၄) နှလုံးသွေးသည် ပဲပိစပ်ပြုတ်ရည်အရောင်နှင့်တူလျှင် ဝိတက်စိတ် ဖြစ်ပေါ်နေ၏။
(၅) နှလုံးသွေးသည်မဟာလှေကားပန်းပွင့်အဆင်းနှင့်တူလျှင် သဒ္ဓါစိတ် ဖြစ်ပေါ်နေ၏။
(၆) နှလုံးသွေးသည် ကြည်ကြည်လင်လင် မနောက်မကျ ဖြူဖြူဖွေးဖွေး စင်ကြယ်သော ကောင်းစွာသွေးအပ်သောပတ္တမြားစစ်ကဲ့သို့ ထင်ထင်ရှားရှား အရောင်တောက်ပနေလျှင် ပညာစိတ် ဖြစ်ပေါ်နေ၏။

အဗဒ္ဓသည်ခြေ ပျက်ပါက ဖြစ်ပေါ်တတ်သော ရောဂါစုတို့မှာ - မျက်စိဝါခြင်း၊ ချာချာလည်ခြင်း၊ ကိုယ်တုန်လှုပ် ယားယံခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၁၉၉၅

၁။ **လူသားတို့ နှစ်သက်မြတ်နိုးလှသော ဆံပင်၏တည်ရာကို ပိုင်းခြားပြပြီးလျှင်၊ ယင်းဆံပင်ကို ငါးပါးအပြားရှိသော စက်ဆုပ်ရွံရှာဖွယ်အားဖြင့် မှတ်သားပုံကိုလည်း ထုတ်ဆောင်ပြပါ။ (မှတ်စု နှာ-၂၄၅, ၂၄၆)**

ဆံပင်၏တည်ရာကို ပိုင်းခြားပြရသော် -

နံပါးနှစ်ဖက်တို့၌ နားပန်းစွန်းတို့ဖြင့်,ရှေ့ဘက်၌ နဖူးပြင်အဆုံးဖြင့်,နောက်ဘက်၌ လည်ကုပ်တွင်းဖြင့် ဆံပင်တို့ကို ပိုင်းခြားလျက်ရှိသည်၊ ဦးခေါင်းခွံကို ရစ်ပတ်လျက် ရှိသော စိုသောအရေသည် ဆံပင်တို့၏တည်ရာ ဖြစ်၏။

ဆံပင်ကို ငါးပါးအပြားရှိသော စက်ဆုပ်ရွံရှာဖွယ်အားဖြင့် မှတ်သားပုံမှာ-

ဆံပင်သည် အဆင်း, သဏ္ဌာန်, အနံ့, မှီရာအကြောင်းနှင့် တည်ရာတို့အားဖြင့် စက်ဆုပ်ရွံရှာဖွယ် ရှိ၏။

(၁) **အဆင်း** - နှစ်သက်ဖွယ်ကောင်းငြားသော်လည်း ယာဂုခွက်၌သော်လည်းကောင်း၊ ထမင်းပန်းကန်၌သော်လည်းကောင်း ဆံပင်အဆင်းရှိသော တစ်စုံတစ်ခုကို မြင်ရလျှင် ဤစားဖွယ်သည် ဆံပင်နှင့်ရောနေသည်, ထိုအရာကို ယူသွားကြဟုဆိုလျက် စက်ဆုပ်ကုန်၏၊ ဤသို့ ဆံပင်တို့သည် အဆင်းအားဖြင့် စက်ဆုပ်ဖွယ်ရှိ၏။

(၂) **သဏ္ဌာန်** - ညဉ့်အခါ၌ စားနေသောသူတို့သည်လည်း ဆံပင်၏အသွင်သဏ္ဌာန်ရှိသော မရိုးမျှင်ကိုသော်လည်းကောင်း, သင်ပန်းမျှင်ကိုသော်လည်းကောင်း ထိမိ စမ်းမိလျှင် ထို့အတူပင် စက်ဆုပ်တတ်ကုန်၏၊ ဤသို့ ပုံသဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်ရှိ၏။

(၃) **အနံ့** - ဆီလိမ်းခြင်း, ပန်းအမွှေးအထုံစသည်တို့ဖြင့် ပြုပြင်ခြင်း ကင်းသော ဆံပင်တို့၏အနံ့သည် အလွန်စက်ဆုပ်ဖွယ်ကောင်း၏၊ မီးဌ္ဌ ထည့်အပ်သော ဆံပင်တို့၏အနံ့သည် ထိုထက်သာ၍ စက်ဆုပ်ဖွယ်ကောင်း၏၊ ဆံပင်တို့သည် အဆင်း, သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်မရှိသည်သော်လည်း ဖြစ်နိုင်ကြသေး၏၊ အနံ့အားဖြင့်မူကား စက်ဆုပ်ဖွယ်ရှိကြသည်ချည်း သာတည်း။

ဥပမာ-နို့စို့အရွယ်ကလေးသူငယ်၏မစင်သည် အဆင်းအားဖြင့် နန္ဒင်းအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့်လည်း နန္ဒင်းခဲသဏ္ဌာန်ရှိ၏၊ ထို့ပြင် အမှိုက်ပုံ၌စွန့်ပစ်ထားသောခွေးနက်

http://www.dhammadownload.com

၏ ဖူးဖူးရောင်နေသော ကိုယ်ကောင်သည် အဆင်းအားဖြင့် ထန်းသီးမှည့်အဆင်း ရှိ၏၊ သဏ္ဌာန်အားဖြင့် လုံး၍ချောညက်သော မုရိုးစည်းသဏ္ဌာန် ရှိ၏၊ ထိုခွေးနက်၏အစွယ်တို့သည်လည်း မြတ်လေးပန်းငုံနှင့်တူကုန်၏၊ ထို့ကြောင့် သူငယ်၏မစင်နှင့် ခွေးကောင်ပုပ်ဟူသော ထိုနှစ်ခုလုံးပင် အဆင်းနှင့် သဏ္ဌာန်အားဖြင့် စက်ဆုပ်ဖွယ်မရှိသော်လည်း အနံ့အားဖြင့်မူ စက်ဆုပ်ဖွယ်ရှိကုန်သည်သာတည်း။

(၄) မိုရာအကြောင်းအာသယ - မသန့်သောရွာအနီးအရပ်၌ ရွာ၏အညစ်အကြေးအကျိုးဆက်ဖြင့် ပေါက်ကုန်သောဟင်းရွက်တို့သည် မြို့သူမြို့သားလူတို့အား စက်ဆုပ်ဖွယ်ဖြစ်၍ မသုံးဆောင်ကောင်းကုန်သကဲ့သို့ ထို့အတူပင် ဆံပင်တို့သည်လည်း သွေးကျင်ငယ် ကျင်ကြီး သည်းခြေ သလိပ်စသည်တို့၏အကျိုးဆက်ဖြင့် ဖြစ်ကြသောကြောင့် စက်ဆုပ်ဖွယ်တို့ပင်တည်း။

(၅) တည်ရာ - ဆံပင်တို့မှာ မစင်ပုံ၌ပေါက်သောမှိုကဲ့သို့ ၃၁-ပါးသောကောဋ္ဌာသအစု၌ ဖြစ်ကုန်၏၊ ထိုဆံပင်တို့သည် သုသာန် အမှိုက်ပုံစသည်တို့၌ ပေါက်သော ဟင်းရွက်ကဲ့သို့လည်းကောင်း၊ မသန့်သောကျုံးစသည်တို့၌ပေါက်သော ကြာနီကြာညို စသောပန်းကဲ့သို့လည်းကောင်း မသန့်သောကိုယ်အရပ်၌ ဖြစ်ကြသောကြောင့် အလွန်ပင် စက်ဆုပ်ဖွယ်ကောင်း၏။

၁၉၉၇

၁။ **"နှလုံးသွေးကိုမှီ၍ စိတ်များဖြစ်ကြ၏" ဟု ဆိုရာ၌ နှလုံးသွေးကို မှီ၍ ဖြစ်ပါသလော၊ ဖြစ်သောစိတ်- မဖြစ်သောစိတ်များကို ခွဲခြားပြပြီး၊ ယင်းနှလုံးသွေးနှလုံးသား၏ တည်ရာဌာနကိုလည်း ညွှန်ပြပါ။ (မှတ်စု နှာ-၂၅၁)**

စိတ်အားလုံး နှလုံးသွေးကို မှီ၍ မဖြစ်ကြပါ၊ ဖြစ်သောစိတ် မဖြစ်သောစိတ်များကို ခွဲခြားပြရသော် -

နှလုံးသွေးကို မှီ၍ ဖြစ်သောစိတ်တို့မှာ -

ပဉ္စဒ္ဒါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်းဒွေး ဟူသော မနောဓာတ် - ၃ ပါး
အရူပဝိပါက်စိတ် ၄-ပါးကြဉ်သော မနောဝိညာဏဓာတ် - ၇၂ ပါး
ပေါင်း - ၇၅ ပါးတို့ဖြစ်ကြပါသည်။

http://www.dhammadownload.com

နှလုံးသွေးကို မမှီသောစိတ်တို့မှာ -
အရူပဝိပါက်စိတ် - ၄ ပါး
ဒွေပဉ္စဝိညာဏ် - ၁၀ ပါး
ပေါင်း - ၁၄ ပါး တို့ဖြစ်ကြပါသည်။

နှလုံးသွေး နှလုံးသား၏ တည်နေရာဌာနမှာ - ကိုယ်၏အတွင်း သားမြတ်နှစ်ခုတို့၏ အကြားတွင် တည်၏။

၁၉၉၉

၁။ **ကောဋ္ဌာသတို့ကို နှုတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် လက်ငင်းဒိဋ္ဌ ရရှိနိုင်သောအကျိုးများကို ဖော်ပြပြီးလျှင်၊ အချိန်ကာလအားဖြင့် မည်မျှကြာအောင် ရွတ်ဆိုသရဇ္ဈာယ်ရသည်ကို လည်း ပိုင်းခြားပြပါ။ (မှတ်စု နှာ-၂၃၉, ၂၄၀)**

ကောဋ္ဌာသတို့ကို နှုတ်ဖြင့် ရွတ်ဆိုသရဇ္ဈာယ်ခြင်းဖြင့် လက်ငင်းရရှိနိုင်သောအကျိုးများမှာ
(၁) အချို့ပုဂ္ဂိုလ်အား ရွတ်ဆိုစဉ်ပင် ကမ္မဋ္ဌာန်းသည် ထင်ရှားပေါ်တတ်ခြင်း၊
(၂) ကမ္မဋ္ဌာန်းပါဠိအစဉ်ကို ကောင်းစွာကျေပွန်ခြင်း၊
(၃) ထိုမှ ဤမှ စိတ်သည် မပြေးသွားတော့ခြင်း၊
(၄) ကောဋ္ဌာသတို့သည် လက်ချောင်းအစဉ်၊ စောင်းတန်းခြေအစဉ်ကဲ့သို့ထင်ရှားခြင်း၊
(၅) စိတ်ဖြင့် ရွတ်ဆိုခြင်းအား ကျေးဇူးပြုခြင်းတို့ ဖြစ်ပါသည်။

ကောဋ္ဌာသတို့ကို ရွတ်ဆိုရမည့် အချိန်ကာလ ဝိသုဒ္ဓိအလို

၃၂-ကောဋ္ဌာသတို့ကို လေးလပတ်လုံး ရွတ်ဆိုရပါမည်၊ ရွတ်ဆိုသောအခါ တစပဉ္စကအစရှိသည်ကို ငါးပါးစီပိုင်းခြား၍ အနုလုံပဋိလုံအပြန်ပြန်အလှန်လှန် အကြိမ်အရာအကြိမ်တစ်ထောင်အကြိမ်တစ်သိန်းကာလပတ်လုံး ရွတ်ဆိုခြင်းကို ပြုရပါမည်။

သမ္မောဟဝိနောဒနီအဋ္ဌကထာအလို ၁၆၅-ရက် (၅-လခွဲ, ၆-လ) ရွတ်ဆိုရပါမည်။

---

http://www.dhammadownload.com

၂၀၀၂

၁။ **သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို နှလုံးသွင်းပွားများသော ယောဂီပုဂ္ဂိုလ်သည် စိတ်ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့် နှလုံးသွင်းပုံကို သိမြင်လွယ်အောင် ဥပမာဆောင်ကာ ဖော်ပြပါ။ (မှတ်စု နှာ-၂၄၁)**

သုံးဆယ့်နှစ်ပါးသော အခြင်းအရာကို နှလုံးသွင်းပွားများသောယောဂီပုဂ္ဂိုလ်သည် စိတ်ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့် နှလုံးသွင်းပုံမှာ -

ကမ္မဋ္ဌာန်းကိုစွန့်လွှတ်၍ ပြင်ပဖြစ်သောအမျိုးမျိုးသောအာရုံ၌ စိတ်၏ပျံ့လွင့်ခြင်းကို တားမြစ်အပ်၏၊ မတားမြစ်လျှင် ဥပမာအားဖြင့် ခြေတစ်ဖဝါးစာ နင်းလောက်သော ကမ်းပါးပြတ်လမ်းကိုသွားသော ယောကျ်ားသည် ခြေနင်းကွက်ကို ကောင်းစွာအမှတ်မပြုမူ၍ ထိုမှဤမှ မျှော်ကြည့်လတ်သော် ခြေလှမ်းမှားတတ်၏၊ ထို့ကြောင့် အသူတရာနက်သောကမ်းပါးပြတ်၌ ကျသွားလေရာ၏ - ထို့အတူပင် ပြင်ပအာရုံ၌ ပျံ့လွင့်လတ်သော် ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်၏၊ ပျောက်ပျက်၏၊ ထို့ကြောင့် ပျံ့လွင့်ခြင်းကို တားမြစ်သောအားဖြင့် နှလုံးသွင်းအပ်ပါသည်။

၂၀၀၄

၁။ **တစပဉ္စကကမ္မဋ္ဌာန်းကို နှုတ်ဖြင့်ရွတ်ဆိုခြင်း၊ စိတ်ဖြင့်နှလုံးသွင်းခြင်းတို့ကြောင့် ရရှိနိုင်သော အကျိုးများကို အသီးသီးဖော်ပြ၍ . . .**

နှုတ်ဖြင့်ရွတ်ဆိုခြင်းကြောင့် ရရှိနိုင်သောအကျိုးများ (၁၉၉၉-၁)

စိတ်ဖြင့်ရွတ်ဆိုခြင်းကြောင့် ရရှိနိုင်သောအကျိုးမှာ

စိတ်ဖြင့် ရွတ်ဆိုခြင်း, နှလုံးသွင်းခြင်းသည် အသုဘလက္ခဏာကို ထိုးထွင်းသိခြင်း, သဘောပေါက်ခြင်းအား (၀၊) စက်ဆုပ်ဖွယ်သဘောကို မှတ်နိုင်ခြင်းအား ကျေးဇူးပြုပေသည်။ **(မှတ်စု နှာ-၂၄၀)**

---

http://www.dhammadownload.com

၂၀၀၅

၁။ ဆံပင်တို့သည် အဆင်း, အသွင်အပြင်အားဖြင့် စက်ဆုပ်ဖွယ်ရာ မဟုတ်ငြားသော်လည်း အနံ့အားဖြင့် စက်ဆုပ်ဖွယ်ရာဖြစ်ပုံကို သံဝေဂဉာဏ်ဖြစ်အောင် ပုံပမာဆောင်၍ ဆင်ခြင်ပြပါ။ (၁၉၉၅)

၂၀၀၇

၁။ ဆံပင်တို့၏ စက်ဆုပ်ခဲ့ရှာဖွယ်(၅)မျိုးကို ဖော်ပြ၍၊ ယင်း(၅)မျိုးတို့တွင် ဆံပင်၏ အဆင်းအားဖြင့် စက်ဆုပ်ခဲ့ရှာဖွယ်ရှိပုံကိုလည်း ရှင်းလင်းပြခဲ့ပါ။ (၁၉၉၅)

၂၀၁၁

၁။ နှလုံးသား၏ တည်ရာဌာနကိုလည်း တိကျစွာ ဖြေဆိုခဲ့ပါ။ (၁၉၉၇)

- - - - - - - - -

အာနာပါနဿတိကမ္မဋ္ဌာန်း

၁၉၈၅

၁။ ကမ္မဋ္ဌာန်းထိုင်လျှင် "အထက်ပိုင်းကိုယ်ခန္ဓာကို ဖြောင့်မတ်စွာ ထားရမည်"ဟု ဘုရားရှင် ဆုံးမတော်မူခဲ့ရာ ယင်းသို့ထားသည့်အတွက် မည်သည့်အကျိုးထူးကို ရနိုင်ပါသနည်း၊ ဖော်ပြပါ။ (မှတ်စု နှာ-၂၆၃)

အထက်ပိုင်းကိုယ်ခန္ဓာကို ဖြောင့်မတ်စွာထားသည့်အတွက် ရနိုင်သည့်အကျိုးထူးမှာ -

အထက်ပိုင်းကိုယ်ကို ဖြောင့်စွာထားလျှင် ကျောဆစ်ရိုး ၁၈-ခုတို့သည် အစွန်းအချင်းချင်း တည့်တည့်မတ်မတ်ဖြစ်သဖြင့် အရေ အသား အကြောတို့သည် ညွတ်မကျကုန်၊ ထိုအခါ ယောဂီအား ထိုအရေ အသား အကြောတို့ ညွတ်ကျခြင်းကြောင့် ဖြစ်နိုင်

http://www.dhammadownload.com

သော ဒုက္ခဝေဒနာတို့သည် မဖြစ်ပေါ်လာကုန်၊ ထိုဒုက္ခဝေဒနာတို့ မဖြစ်ပေါ်လျှင် စိတ်သည် တစ်အာရုံတည်း ရှိလျက် တည်ကြည်၏၊ ကမ္မဋ္ဌာန်းသည် မကျပေ, ကြီးပွားခြင်းသို့ ရောက်၏။

၁၉၈၈

၁။ **ကမ္မဋ္ဌာန်းအမျိုးမျိုးတွင် ဦးထိပ်သဖွယ်ဖြစ်သည့်အပြင် ဘုရားပစ္စေကဗုဒ္ဓါတို့၏လက်သုံးလည်း ဖြစ်သောကမ္မဋ္ဌာန်းကို ဖော်ပြ၍၊ စျာန်၏ဆူးငြောင့်သဖွယ်ဖြစ်သောတရားကိုလည်း ရေးပြခဲ့ပါ။ (မှတ်စု နှာ-၂၆၁)**

ကမ္မဋ္ဌာန်းအမျိုးမျိုးတွင် ဦးထိပ်သဖွယ်ဖြစ်သည့်အပြင် ဘုရားပစ္စေကဗုဒ္ဓါတို့၏ လက်သုံးလည်းဖြစ်သော ကမ္မဋ္ဌာန်းမှာ - အာနာပါနဿတိကမ္မဋ္ဌာန်း ဖြစ်ပါသည်။
(အာနာပါနဿတိကမ္မဋ္ဌာန်းသည် အလုံးစုံသောဘုရား,အချို့ပစ္စေကဗုဒ္ဓါ,အချို့သာဝကတို့၏ တရားအထူးကို ရခြင်း၊ မျက်မှောက်သောကိုယ်အဖြစ်၌ ချမ်းသာစွာနေရခြင်း၏ နီးသောအကြောင်း ဖြစ်ပါသည်။)

စျာန်၏ ဆူးငြောင့်သဖွယ်ဖြစ်သော တရားမှာ - အသံဖြစ်ပါသည်။

၂။ **"နိဗ္ဗာန်လိုချင် တောသို့ဝင်" ဟူရာ၌ "တောအရပ်" ဟူသောစကားကို ပြည့်စုံစွာ ရှင်းပြပါ။**

တောအရပ်ဟူသည်

- အဘိဓမ္မာနည်းအားဖြင့် မြို့ရွာမှထွက်လျှင် တံခါးတိုင် အပြင်ဘက်ရှိ အလုံးစုံသော အရပ်သည် တောအရပ် မည်၏။
- သုတ္တန်နည်းအားဖြင့်မူ မြို့ရွာမှ အယုတ်သဖြင့် အနီးဆုံး ကုလလေးတာ အပြန် (၅၀၀) အကွာ၌ တည်သောအရပ်သည် တောအရပ် မည်၏။ **(မှတ်စု နှာ-၂၆၂)**

၁၉၉၂

၁။ **ကမ္မဋ္ဌာန်းအမျိုးမျိုးတွင် ဦးထိပ်သဖွယ် ဖြစ်သည့်အပြင် ဘုရား ပစ္စေကဗုဒ္ဓါတို့၏ လက်သုံးလည်း ဖြစ်သောကမ္မဋ္ဌာန်းကို အကြောင်းနှင့်တကွ ဖော်ပြခဲ့ပါ။ (မှတ်စု နှာ-၂၆၁)**

http://www.dhammadownload.com

ကမ္မဋ္ဌာန်းအမျိုးမျိုးတွင် ဦးထိပ်သဖွယ်ဖြစ်သည့်အပြင် ဘုရားပစ္စေကဗုဒ္ဓါတို့၏ လက်သုံးလည်းဖြစ်သော ကမ္မဋ္ဌာန်းမှာ - အာနာပါနဿတိကမ္မဋ္ဌာန်း ဖြစ်ပါသည်။
(အာနာပါနဿတိကမ္မဋ္ဌာန်းသည် အလုံးစုံသောဘုရား, အချို့ပစ္စေကဗုဒ္ဓါ, အချို့သာဝကတို့၏ တရားအထူးကို ရခြင်း၊ မျက်မှောက်သောကိုယ်အဖြစ်၌ ချမ်းသာစွာနေရခြင်း၏ နီးသောအကြောင်း ဖြစ်ပါသည်။)

အကြောင်းမှာ

အာနာပါနဿတိကမ္မဋ္ဌာန်းသည် ခက်ခဲသောဘာဝနာဖြစ်၍ ဘုရား ပစ္စေကဗုဒ္ဓါ ဘုရားသားတော် ယောဂါများမြတ်တို့သာလျှင် နှလုံးသွင်းရာ ဖြစ်၏၊ မည်သည့်ကမ္မဋ္ဌာန်းမဆို သတိရှိသူ, ဆင်ခြင်ဉာဏ်ရှိသူ အားသာလျှင် ပြည့်စုံပေသည်၊ သို့သော် အာနာပါန-ဿတိကမ္မဋ္ဌာန်းမှလွဲ၍ တစ်ပါးသောကမ္မဋ္ဌာန်းကို နှလုံးသွင်းသူအား ကမ္မဋ္ဌာန်းသည် ထင်ရှား၏၊ အာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား နှလုံးသွင်းလေ နှလုံးသွင်းလေ ငြိမ်သက်သိမ်မွေ့လေ ဖြစ်ပေသည်၊ ထို့ကြောင့် အာနာပါနဿတိကမ္မဋ္ဌာန်း၌ အားကောင်းသော သတိနှင့်ပညာကို အလိုရှိအပ်ပေသည်၊ ထို့ကြောင့် အာနာပါနကမ္မဋ္ဌာန်းသည် အားကြီးသော သတိ ပညာနှင့်ပြည့်စုံသော ဘုရား ပစ္စေကဗုဒ္ဓါတို့၏လက်သုံးကမ္မဋ္ဌာန်း ဖြစ်ပါသည်။

၁၉၉၃

၁။ အာနာပါနကမ္မဋ္ဌာန်း အားထုတ်သောကာလ၌ အလိုရှိသောတရားတို့ကို ဥပမာနှင့်တကွ ဖော်ပြပါ။ (မှတ်စု နှာ-၂၇၄)

အာနာပါနကမ္မဋ္ဌာန်း အားထုတ်သောကာလ၌ အလိုရှိအပ်သောတရားတို့မှာ -

အားကြီးသောသတိနှင့် ပညာတို့ ဖြစ်ပါသည်၊ ဥပမာ - သိမ်မွေ့နူးညံ့သောအဝတ်ကိုချုပ်သောအခါ သိမ်မွေ့သေးငယ်သောအပ်ကိုလည်းကောင်း၊ ထို့ထက် သိမ်မွေ့သေးငယ်သောအပ်နဖားထွင်းသောစူးကိုလည်းကောင်း အလိုရှိသကဲ့သို့ ဤအတူ နူးညံ့သိမ်မွေ့သောအဝတ်နှင့်တူသော အာနာပါနကမ္မဋ္ဌာန်းကို ပွားသောကာလ၌ အပ်နှင့်တူသော သတိကိုလည်းကောင်း၊ အပ်နဖားထွင်းစူးနှင့်တူသော ထိုသတိနှင့်ယှဉ်သော အားကြီးသောပညာကိုလည်းကောင်း အလိုရှိအပ်ပါသည်။

http://www.dhammadownload.com

၁၉၉၅

၁။ **အနိစ္စ၊ အနိစ္စတာ၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿီအရတို့ကို ပိုင်းခြားဖော်ပြခဲ့၍၊ ဝိပဿနာကို ပရိစ္ဆာဂပဋိနိဿဂ္ဂဟု ခေါ်ဆိုရခြင်းကိုလည်း ရှင်းပြပေခဲ့ပါ။ (မှတ်စု နှာ - ၂၇၉)**

အနိစ္စအရ

ခန္ဓာငါးပါး ဖြစ်ပါသည်၊ ခန္ဓာငါးပါးတို့သည် ဖြစ်ခြင်း, ပျက်ခြင်း, တစ်မျိုးတစ်မည်ဖြစ်ခြင်းသဘောရှိခြင်းကြောင့် အနိစ္စမည်ပါသည်။

အနိစ္စဘာအရ (မမြဲဟု မှတ်ရကြောင်း အနိစ္စလက္ခဏာအရ)

ထိုခန္ဓာတို့၏ပင်လျှင် ဖြစ်ခြင်း, ပျက်ခြင်း, တစ်မျိုးတစ်မည်ဖြစ်ခြင်းဟူသော ရင့်ခြင်းဖြစ်ပါသည်၊ (ဝါ) ဥပါဒ် ဋ္ဌိ ဘင် ဖြစ်ပါသည်။

တစ်နည်းကား မူလက မရှိသေးဘဲ ဖြစ်ပေါ်လာပြီး၍ မရှိခြင်း, ပျောက်ကွယ်သွားခြင်းပေတည်း၊ ဖြစ်ပေါ်လာပြီးသောတရားတို့၏ ထိုရှိနေသောအခြင်းအရာအားဖြင့် မတည်မူ၍ ခဏဘင်အားဖြင့် ပျက်ခြင်းကို ဆိုလိုပါသည်။

အနိစ္စာနုပဿနာအရ

ဖြစ်, တည်, ပျက် ဟူသော အနိစ္စတာ-အနိစ္စလက္ခဏာ၏ (ဝါ) ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားခြင်းဟူသော အနိစ္စလက္ခဏာ၏အစွမ်းအားဖြင့် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၌ မမြဲဟု ရှုမြင်ခြင်း ဖြစ်ပါသည်။

အနိစ္စာနုပဿီအရ

အနိစ္စဟု ရှုသော ဉာဏ်အမြင်နှင့် ပြည့်စုံသောယောဂီပုဂ္ဂိုလ် ဖြစ်ပါသည်။

ဝိပဿနာကို ပရိစ္ဆာဂပဋိနိဿဂ္ဂဟု ခေါ်ဆိုရခြင်းမှာ -

ဝိပဿနာသည် ဖြစ်ထိုက်သော အကျိုးခန္ဓာ, ဖြစ်စေတတ်သော ကုသိုလ်ကံ အကုသိုလ်ကံဟူသော အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂအလိုအားဖြင့် စွန့်ပယ်တတ်သောကြောင့် ပရိစ္ဆာဂပဋိနိဿဂ္ဂမည်ပါသည်။

---

http://www.dhammadownload.com

၁၉၉၇

၁။ **ယောဂီပုဂ္ဂိုလ်၏ အနုပဿနာနည်းဖြင့် အာနာပါနဿတိပွားများပုံကို ဖော်ပြပြီးလျှင်၊ ထွက်လေဝင်လေတို့၏ အစ အလယ် အဆုံး သုံးပါးကိုလည်း ပိုင်းခြားပြပါ။ (မှတ်စု နှာ-၂၇၁)**

အနုပဿနာနည်းဖြင့် အာနာပါနဿတိပွားများပုံမှာ -

အနုပဿနာမည်သည် ရေတွက်ခြင်းကိုရုပ်သိမ်း၍ ဝင်လေထွက်လေတို့ကို အခြားအပြတ်မရှိဘဲ အမှတ်သတိဖြင့် ဝင်လေထွက်လေ၏နောက်သို့ အစဉ်လိုက်၍ ပွားများရပါမည်၊ ထိုသို့ အစဉ်လိုက်၍ ပွားများရာ၌ အစ အလယ် အဆုံးသို့ အစဉ်လိုက်သည်၏ အစွမ်းဖြင့် ပွားများရမည် မဟုတ်ပါ။ (အပြင်သို့ ထွက်သောလေ၏အစကား ချက်, အလယ်ကား ရင်ချိုင့်အရပ်, အဆုံးကား နှာသီးဖျားပေတည်း၊ အတွင်းသို့ဝင်သောလေ၏အစကား နှာသီးဖျား, အလယ်ကား ရင်ချိုင့်အရပ်, အဆုံးကား ချက်ပေတည်းဟု) ထိုအစအလယ်အဆုံးကို အစဉ်လိုက်လျှင် ယောဂီ၏စိတ်သည် ပျံ့လွင့်ခြင်းသို့ ရောက်လျက် ပူပန်ပင်ပန်းမှုနှင့်တကွ ဖြစ်ရန်လည်း ဖြစ်၏၊ ကမ္မဋ္ဌာန်း နှလုံးသွင်းမှု လှုပ်ရှားရန်လည်း ဖြစ်၏။

ထို့ကြောင့် အနုပဿနာနည်းဖြင့် နှလုံးသွင်းရှုမှတ်သော ယောဂီသည် ဝင်လေထွက်လေတို့၏ အစအလယ်အဆုံးတို့၏အစွမ်းအားဖြင့် အစဉ်လိုက်၍ နှလုံးမသွင်းဘဲ ထိရာ-ဖုသနာ၏အစွမ်းအားဖြင့်သော်လည်းကောင်း၊ စိတ်ကိုထားခြင်း-ဌာပနာ၏အစွမ်းအားဖြင့် သော်လည်းကောင်း နှလုံးသွင်းရပါမည်။

ထွက်လေ၏ အစ အလယ် အဆုံးတို့မှာ -

ချက်သည် ထွက်လေ၏ အစ, ရင်ချိုင့်အရပ်သည် အလယ်, နှာသီးဖျားသည် အဆုံး မည်ပါသည်။

ဝင်လေ၏ အစ အလယ် အဆုံးတို့မှာ -

နှာသီးဖျားသည် ဝင်လေ၏ အစ, ရင်ချိုင့်အရပ်သည် အလယ်, ချက်သည် အဆုံး မည်ပါသည်။

http://www.dhammadownload.com

၁၉၉၈

၁။ အာနာပါနကမ္မဋ္ဌာန်းလာ ငါးခုသောအဆစ်အပိုင်းကို ဖော်ပြပြီးလျှင်၊ ဂဏနာနည်းဖြင့် ရေတွက်ရာ၌ မည်သို့ရေတွက်ရမည်နည်း၊ မည်သည့်အပြစ်တို့ကို ရှောင်ကြဉ်ရမည်နည်း? ရှင်းပြပါ။ (မှတ်စု နှာ-၂၆၉, ၂၇၀)

အာနာပါနကမ္မဋ္ဌာန်းလာ ငါးခုသောအဆစ်အပိုင်းမှာ -

(၁) သင်ယူခြင်း = ကမ္မဋ္ဌာန်းအားထုတ်ပုံနည်းကို နှုတ်တက်သင်ယူခြင်း၊
(၂) မေးမြန်းခြင်း = ကမ္မဋ္ဌာန်း၏ အနက်အဓိပ္ပါယ်ကို မေးမြန်းခြင်း၊
(၃) ထင်ခြင်း = ကမ္မဋ္ဌာန်း အာရုံနိမိတ်၏ ထင်ခြင်း၊
(၄) အပြီးအဆုံးရောက်ခြင်း = ကမ္မဋ္ဌာန်းဘာဝနာ၏အပြီးအဆုံးသို့ ရောက်ခြင်း, စျာန်ရခြင်း၊
(၅) မှတ်သားခြင်း = ကမ္မဋ္ဌာန်း၏သဘောကို မှတ်သားခြင်းတို့ဖြစ်ပါသည်။

ဂဏနာနည်းဖြင့် ရေတွက်ပုံ

အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်စ ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ဂဏနာနည်း ရေတွက်ခြင်းဖြင့် နှလုံးသွင်းအပ်၏၊

- ရေတွက်သောအခါ ဝင်သက်ထွက်သက်တို့ကို ငါးကြိမ်အောက်ထား၍ ရေတွက်ခြင်းကို မပြုအပ်ပါ၊ ထိုသို့ပြုသော် ကျဉ်းသောနွားခြံ၌ ပိတ်လှောင်ထားသော နွားအပေါင်းကဲ့သို့ ကျဉ်းမြောင်းသောအရေအတွက်၌ စိတ်ဖြစ်ခြင်းကြောင့် တုန်လှုပ်၏၊
- ဆယ်ကြိမ်သောဝင်သက်ထွက်သက်ထက် လွန်၍လည်း ရေတွက်ခြင်းကို မပြုအပ်ပါ၊ ပြုသော် စိတ်သည် ရေတွက်ခြင်းသင်္ချာကိုသာ မှီ၍ ကမ္မဋ္ဌာန်းကို မမှီပေ၊
- အကြား၌ ပြတ်သည်ကိုလည်း မပြုအပ်ပါ၊ အကြား၌ ပြတ်သည်ကို ပြုသော် ကမ္မဋ္ဌာန်းသည် အဆုံးသို့ ရောက်အံ့လော မရောက်အံ့လောဟု စိတ်တုန်လှုပ်၏၊ ထိုအပြစ်တို့ကို ရှောင်ကြဉ်၍ ငါးမှ တစ်ဆယ်အကြား နှစ်သက်သောဂဏန်းဖြင့် ရေတွက်ခြင်းကို ပြုအပ်၏။

http://www.dhammadownload.com

ရေတွက်သောအခါ၌လည်း စစ္စာဉီး စပါးခြင်းသမား ရေတွက်သကဲ့သို့ နှေးနှေး ရေတွက်ရာ၏၊ ဝင်လေထွက်လေ ထင်ရှားလာသော် နွားကျောင်းသား နွားကို ရေတွက်သကဲ့သို့ မြန်မြန်ရေတွက်ရာ၏၊ ရေတွက်သောအခါ ထိရာဌာန အထက်နှုတ်ခမ်း (သို့မဟုတ်) နှာသီးဖျားဌ၌သာလျှင် သတိကိုထား၍ ရေတွက်ခြင်းကို ပြုအပ်ပါသည်။

၂၀၀၀

၁။ ယောဂီပုဂ္ဂိုလ်များ တရားအားထုတ်ရာတွင် "တောအရပ်သို့သော်လည်း ကပ်ရသည်၊ ဆိတ်ငြိမ်ရာသို့လည်း ကပ်ရသည်" ဟူသောစကားကို မြတ်စွာဘုရားရှင်သည် မည်သည့်အတွက်ကြောင့် ဟောကြားထားပါသနည်း၊ ဥပမာဆောင်၍ ပြဆိုခဲ့ပါ။ (မှတ်စု နှာ - ၁၆)

"တောအရပ်သို့သော်လည်း ကပ်ရသည်၊ ဆိတ်ငြိမ်ရာသို့လည်း ကပ်ရသည်" ဟူသော စကားကို ဟောတော်မူခြင်း

မြတ်စွာဘုရားရှင်သည် အာနာပါနဿတိကမ္မဋ္ဌာန်းနှင့် သင့်လျော်လျောက်ပတ်သော ကျောင်းနေရာကို ပြလိုသောကြောင့် ဟောကြားထားခြင်း ဖြစ်ပါသည်။

ဥပမာဆောင်၍ ပြဆိုရသော် - ယောဂီ၏စိတ်သည် ရှည်မြင့်စွာသော ကာလပတ်လုံး အဆင်းအစရှိသော အာရုံတို့၌ အစဉ်လိုက်ကာ ပြန့်သွားလျက် ရှိ၏၊ ထိုသို့ ပြန့်သွားနေသောစိတ်သည် အာနာပါနဿတိသမာဓိ၏ အာရုံသို့ တက်ခြင်းငှာ အလိုမရှိ၊ ကောက်ကျစ်သောနွား က,ထားသည့် လှည်းသည် လမ်းမဟုတ်ရာသို့သာလျှင် ပြေးသွားသကဲ့သို့ ဘာဝနာလမ်းမှန် မဟုတ်ရာသို့သာလျှင် ပြေးသွားတတ်၏။

ထို့ကြောင့် ဥပမာပြရလျှင် ကောက်ကျစ်သော မိခင်နွားမ၏ နို့ရည်ကို အကုန်သောက်စို့၍ ကြီးပြင်းလာသော ကောက်ကျစ်သောနွားငယ်ကို ဆုံးမလိုသော နွားရှင်သည် ထိုနွားငယ်ကို မိခင်နွားမမှ ခွဲဆောင်၍ တစ်ခုသောအရပ်၌ ကြီးစွာသောတိုင်ကို စိုက်ထူ၍ ထိုတိုင်၌ ကြိုးဖြင့် ဖွဲ့ချည်ထားရာ၏၊ ထိုအခါ နွားငယ်သည် ထိုမှ ဤမှ ရုန်းကန်လှုပ်ရှားနေ၏၊ လှုပ်ရှားပြီးလျှင် ထွက်ပြေးရန် မစွမ်းနိုင်သောကြောင့် ထိုတိုင်ကို သာလျှင် မှီ၍မူလည်း နေရာ၏၊ မှီ၍မူလည်း အိပ်ရာ၏။

ထို့အတူပင် ရှည်မြင့်စွာသော ကာလပတ်လုံး ရူပါရုံစသည်တို့ကို စွဲ၍ဖြစ်သော သုခဝေဒနာဟူသော အရသာကို သောက်သုံးခြင်းဖြင့် ကြီးပွားလာသော ပျက်ချော်နေ

http://www.dhammadownload.com

သောစိတ်ကို ဆုံးမလိုသော ယောဂီသည်လည်း ရူပါရုံစသော အာရုံများမှ ခွဲဆောင်၍ တောသို့ဖြစ်ခဲ့စေ, သစ်ပင်ရင်းသို့ဖြစ်စေ, လူသူဆိတ်ရာကျောင်းသို့ဖြစ်စေ ဝင်ရောက်လျက် ထိုအရပ်ဝယ် ဝင်လေထွက်လေဟူသော တိုင်၌ သတိတည်းဟူသော ကြိုးဖြင့် ဖွဲ့ချည်ထားအပ်၏၊ ဤသို့ ဖွဲ့ချည်ထားလျှင် ယောဂီ၏စိတ်သည် ထိုမှ ဤမှ ရုန်းကန်လှုပ်ရှား၍ နေငြားသော်လည်း ခဏအခါက လေ့ကျက်နေကျအာရုံကိုလည်း မရ, သတိတည်းဟူသောကြိုးကိုဖြတ်၍ ထွက်ပြေးရန်လည်း မစွမ်းနိုင်သောကြောင့် ထိုဝင်လေထွက်လေဟူသောအာရုံကိုဘာလျှင် ဥပစာရသမာဓိ အပ္ပနာသမာဓိတို့၏ အစွမ်းအားဖြင့် မှီ၍လည်း နေ၏၊ မှီ၍လည်း အိပ်၏။

ထို့ကြောင့် တောအရပ်, ဆိတ်ငြိမ်ရာတို့သည်သာ အာနာပါနဿတိဘာဝနာနှင့် သင့်လျော်လျောက်ပတ်ပေသည်။

၂၀၀၃

၁။ အနုပဒွန္နနာနည်းဖြင့် အာနာပါနဿတိပွားများပုံကို ရေးသား၍၊ ထွက်လေဝင်လေတို့၏ အစ၊ အလယ်၊ အဆုံးတို့ကို ဖော်ပြပါ။ (၁၉၉၇)

၂၀၀၄

၁။ အဿာသပဿာသ မဖြစ်သော(အသက်မရှူသော)ပုဂ္ဂိုလ်များကိုလည်း ရေးသားခဲ့ပါ။

အဿာသ ပဿာသ မဖြစ်သောပုဂ္ဂိုလ်များမှာ - (မှတ်စု နှာ-၂၇၄)

(၁) အမိဝမ်း၌ ကိန်းသောသူ၊
(၂) ရေ၌ နစ်မြုပ်နေသူ၊
(၃) အသည်းသတ်ဘုံ၌ ဖြစ်သော သတ္တဝါ၊
(၄) မေ့မျောနေသူ၊
(၅) သေသောသူ၊
(၆) စတုတ္ထစျာန် ဝင်စားသောပုဂ္ဂိုလ်၊
(၇) ရူပဘဝ အရူပဘဝသို့ ရောက်နေသောသူ၊
(၈) နိရောဓသမာပတ်ကို ဝင်စာနေသောပုဂ္ဂိုလ်တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

၂၀၀၆

၁။ သင်္ယောဂီသည် အာနာပါနရှုမှတ်နေရင်း အကယ်၍ ဝင်လေထွက်လေ မပေါ်လွင်မထင်ရှားဖြစ်နေပါက မည်သို့ဆက်လက်ဆောင်ရွက်ရမည်ကို ဥပမာဆောင်၍ ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ-၂၇၄)

အာနာပါနရှုမှတ်နေရင်း ဝင်လေထွက်လေ မပေါ်လွင် မထင်ရှား ဖြစ်နေပါက-

သော်ဂီသည်ဝင်လေထွက်လေတို့ကို ပကတိအားဖြင့် ထိနေကျဖြစ်သော နှာသီးဖျားနှင့် အထက်နှုတ်ခမ်းအရပ်မှ သတိကပ်၍ စောင့်ကြည့်နေရပါမည်။

ဥပမာ -လယ်သမားသည် လယ်ထွန်ခြင်းကိုပြုပြီးလျှင် နွားတို့ကို လွှတ်လိုက်ကာ စားကျက်ဆီသို့ ရှေးရှုမောင်းလိုက်၍ မိမိကမူ အရိပ်၌ ထိုင်နေလျက် အပန်းဖြေနေ၏၊ ထိုအခါ နွားတို့သည် တောထဲသို့ လျင်စွာဝင်သွား၏၊ ကျွမ်းကျင်သောလယ်သမားဖြစ်ပါမူ ထိုသူသည် တစ်ဖန် နွားတို့ကိုဖမ်းယူ၍ ထွန်ခြင်းအမှု၌ ယှဉ်စေလိုလျှင် ထိုနွားတို့၏ ခြေရာအစဉ်အတိုင်း လိုက်၍ တောထဲ၌ မလှည့်လည်ပေ၊ စင်စစ်သော်ကား ကြိုးနှင့် နှင်တံကိုယူ၍ နွားတို့သွားရောက်နေကျရေဆိပ်သို့သာလျှင် ဖြောင့်ဖြောင့်သွားကာ ထိုင်၍မူလည်း နေ၏၊ လျောင်း၍မူလည်း နေ၏၊ ထိုသို့နေစဉ်မှာပင် နွားတို့သည် တစ်နေ့လုံး ကျက်စားပြီးလျှင် သွားရောက်နေကျရေဆိပ်သို့ သက်ဆင်းကြ၍ ရေချိုးရေသောက်ကြပြီးနောက် ပြန်တက်၍ တည်နေကြသည်ကို တွေ့မြင်၍ ကြိုးဖြင့် ဖွဲ့ချည်ပြီး နှင်တံဖြင့် ထိုးကာ ဆောင်ယူခဲ့၍ ထွန်၌ကျပြီးလျှင် တစ်ဖန်လယ်ထွန်မှုကို ပြုသကဲ့သို့ -

ထို့အတူပင် သော်ဂီသည် ဝင်လေထွက်လေတို့က ပကတိထိနေကျအရပ်မှတစ်ပါး အခြားအရပ်၌ မရှာမှီးအပ်ပေ၊ စင်စစ်သော်ကား သတိတည်းဟူသောကြိုးနှင့် ပညာတည်းဟူသော နှင်တံကို ယူ၍ ပကတိအားဖြင့် ထိနေကျဖြစ်သော နှာသီးဖျား, အထက်နှုတ်ခမ်းအရပ်၌ စိတ်ကိုထားလျက် နှလုံးသွင်းအပ်ပါသည်။

ဤသို့ နှလုံးသွင်းနေလျှင် သော်ဂီအား မကြာမီပင် ဝင်လေထွက်လေတို့သည် ပေါ်လွင်ထင်ရှားလာတော့၏။

http://www.dhammadownload.com

၂၀၀၇

၁။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းသော နည်းပေါင်းမည်မျှ ရှိပါသနည်း၊ သခ်္ခာမျှသာ ဖော်ပြ၍၊ ယင်းတို့တွင် အစဉ်လိုက်ခြင်း အနုပဿနာနည်း၊ ထိပါးခြင်း ဖုသနာနည်း၊ ကောင်းစွာမှတ်ခြင်း သံလက္ခဏာနည်းတို့၏ သဘောကိုလည်း ရှင်းလင်းပြခဲ့ပါ။ (မှတ်စုနှာ-၂၇၀)

အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းသောနည်းပေါင်း ... ၈-နည်း ရှိပါသည်။

အစဉ်လိုက်ခြင်း အနုပဿနာနည်း

အနုပဿနာမည်သည် ရေတွက်ခြင်း ဂဏနာနည်းကို ရုပ်သိမ်း၍ ဝင်လေထွက်လေတို့ကို အခြားအပြတ်မရှိဘဲ အမှတ်သတိဖြင့် အစဉ်လိုက်ခြင်း ဖြစ်ပါသည်။

ထိပါးခြင်း ဖုသနာနည်း

နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်း၌ ဝင်လေထွက်လေတို့၏ထိခြင်းကို အမှတ်သတိဖြင့် ရှုမှတ်ခြင်း ဖြစ်ပါသည်။

ကောင်းစွာမှတ်ခြင်း သံလက္ခဏာနည်း

အနိစ္စစသည်ဖြင့် ဝိပဿနာရှုမှတ်ခြင်း ဖြစ်ပါသည်။

၂၀၀၉

၁။ ငါးခုသောအဆစ်အပိုင်းကမ္မဋ္ဌာန်းတို့ကို အကျယ်အားဖြင့် ဖြေဆိုခဲ့ပါ။ (၁၉၉၈)

၂၀၁၀

၁။ အနုပဿနာနည်းဖြင့် အာနာပါနသတိပ္ဌာန်းများပုံကို ရေးသား၍၊ ထွက်လေဝင်လေတို့၏ အစ အလယ် အဆုံးတို့ကိုလည်း ဖော်ပြပါ။ (၁၉၉၇)

ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ ဆ

http://www.dhammadownload.com

၂၀၁၂-ခုနှစ်

၁။ အဘယ့်ကြောင့် သီလသည် သာသနာတော်၏ အစ-ဖြစ်ရပါသနည်း? ဖြေဆို၍၊ ဝိသုဒ္ဓိမဂ်၏အဓိပ္ပါယ်နှင့် စေတနာသီလတို့၏အဓိပ္ပါယ်ကိုလည်း မမှားအောင် ဖြေဆိုခဲ့ပါ။

သီလသည် သာသနာတော်၏ အစ-ဖြစ်ပုံ

"ကောင်းစွာစင်ကြယ်သောသီလသည် ကုသိုလ်တရားတို့၏အစ ဖြစ်သည်" ဟု ဟောတော်မူသောကြောင့်လည်းကောင်း၊ "အလုံးစုံသောမကောင်းမှုကို မပြုရခြင်းသည် ဘုရားရှင်တို့၏အဆုံးအမ ဖြစ်သည်" ဟု ဂါထာ၏အစ၌ ဟောတော်မူထားသောကြောင့်လည်းကောင်း သီလသည် သာသနာတော်၏အစ(အာဒိ) ဖြစ်ပါသည်။

ဝိသုဒ္ဓိမဂ်

ဝိသုဒ္ဓိမဂ် = ဝိသုဒ္ဓိ + မဂ်
ဝိသုဒ္ဓိ = အညစ်အကြေး အလုံးစုံကင်းစင်သော စင်စစ်ထက်ဝန်းကျင် စင်ကြယ်သော နိဗ္ဗာန်
မဂ် = ရောက်ကြောင်းဖြစ်သော အကျင့်လမ်း
ဝိသုဒ္ဓိမဂ် = စင်ကြယ်သောနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်လမ်း။

စေတနာသီလ

သတ္တဝါကို သတ်ခြင်း အစရှိသည်တို့မှ ရှောင်ကြဉ်သောသူ၏လည်းကောင်း၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏လည်းကောင်း **ကုသိုလ်စေတနာ**သည် စေတနာသီလ မည်၏။

တစ်နည်းအားဖြင့် - သတ္တဝါကိုသတ်ခြင်း အစရှိသည်တို့ကို စွန့်သောသူ၏ **ကုသလကမ္မပထစေတနာ ၇-ပါး**သည် စေတနာသီလ မည်၏။

၂။ သီလ၏ မှတ်သားကြောင်းလက္ခဏာ, အလုပ်ကိစ္စ, ရှေ့ရှုထင်ခြင်း, နီးစွာသောအကြောင်းတို့ကို ဖြေဆို၍၊ စာရိတ္တသီလ, ဝါရိတ္တသီလတို့၏အဓိပ္ပါယ်နှင့် ၎င်းသီလနှစ်ပါးတို့ကို အဘယ်တရားတို့ဖြင့် ပြီးစေအပ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

http://www.dhammadownload.com

လက္ခဏာ - သီလသည် ကာယကံ ဝစီကံတို့ကို ဖရိုဖရဲ မဖြစ်အောင် ကောင်းစွာ ထားခြင်း **သမာဓာနလက္ခဏာ** နှင့် သမာဓိ, ပညာ ကုသိုလ်တရားတို့၏ အရင်းခံတည်ရာ **ဥပဓာရဏလက္ခဏာ** ရှိ၏။

အလုပ်ကိစ္စ - သီလမဲ့သူ၏အဖြစ်ကို ဖျက်ဆီးခြင်း **ကိစ္စရသ**နှင့် အပြစ်ကင်းသော ဂုဏ် ဟူသော **သမ္ပတ္တိရသ** ရှိ၏။

ရှေ့ရှုထင်ခြင်း - သီလသည် ကာယဒွါရ၌ စင်ကြယ်ခြင်း၊ ဝစီဒွါရ၌ စင်ကြယ်ခြင်း၊ မနောဒွါရ၌ စင်ကြယ်ခြင်း အဖြစ်ဖြင့် ဉာဏ်၌ ရှေးရှုထင်၏။

နီးစွာသောအကြောင်း - မကောင်းမှုမှ ရှက်ခြင်း, ကြောက်ခြင်း (ဟိရိနှင့် ဩတ္တပ္ပ) သည် သီလ၏ နီးစွာသောအကြောင်း ဖြစ်၏။

စာရိတ္တသီလ

"ဤကျင့်ဝတ်ကို ပြုကျင့်အပ်၏" ဟု မြတ်စွာဘုရားပညတ်ထားသော သိက္ခာပုဒ် (သီလ)ကို ဖြည့်ကျင့်ခြင်းသည် စာရိတ္တသီလ မည်၏။ စာရိတ္တသီလကို သဒ္ဓါနှင့် ဝီရိယဖြင့် ပြီးပြည့်စုံစေအပ်၏။

ဝါရိတ္တသီလ

"ဤအမှုကို မပြုအပ်" ဟု မြတ်စွာဘုရား ပယ်မြစ်ထားသောအမှုကို မပြုခြင်းသည် ဝါရိတ္တသီလ မည်၏။ ဝါရိတ္တသီလကို သဒ္ဓါဖြင့် ပြီးပြည့်စုံစေအပ်၏။

၃။ **တဏှာနိဿိတသီလ, ဒိဋ္ဌိနိဿိတသီလ-တို့၏ သဘောအဓိပ္ပါယ်ကို ဖြေဆို၍၊ အနိဿိတ-သီလ၏ အရေးနှင့် ဟီနသီလ, မဇ္ဈိမသီလ, ပဏီတသီလတို့ကိုလည်း ဖော်ပြခဲ့ပါ။**

တဏှာနိဿိတသီလ

"ငါသည် ဤသီလဖြင့် ထင်ရှားသောနတ်သော်လည်းကောင်း, မထင်ရှားသောနတ်သော်လည်းကောင်း ဖြစ်ရပေလိမ့်မည်" ဟု ဤသို့ ဘဝသမ္ပတ္တိကို မျှော်လင့်တောင့်တ၍ ဖြစ်စေအပ်သောသီလသည် တဏှာနိဿိတသီလ မည်၏။

http://www.dhammadownload.com

ဒိဋ္ဌိနိဿိတသီလ

သီလမျှဖြင့် သံသရာဆင်းရဲမှ စင်ကြယ်လွတ်မြောက်သည်ဟု ဤသို့သော သုဒ္ဓိဒိဋ္ဌိဖြင့် ဖြစ်စေအပ်သောသီလသည် ဒိဋ္ဌိနိဿိတသီလ မည်၏။

အနိဿိတသီလ၏ အရ

အနိဿိတသီလ၏ အရမှာ - လောကုတ္တရာသီလနှင့် ထိုလောကုတ္တရာသီလ၏ အကြောင်းအထောက်အပံ့ဖြစ်သော လောကီသီလတို့ ဖြစ်ပါသည်။

ဟီနသီလ

တဏှာ၏အစွမ်းဖြင့် ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအလို့ငှာ ဖြစ်စေအပ်သော သီလသည် ဟီနသီလ မည်၏။

မဇ္ဈိမသီလ

မိမိသံသရာမှ လွတ်မြောက်ခြင်းအကျိုးငှာ ဖြစ်စေအပ်သောသီလသည် မဇ္ဈိမသီလ မည်၏။

ပဏီတသီလ

အလုံးစုံသောသတ္တဝါတို့ လွတ်မြောက်ခြင်း အကျိုးငှာ ဖြစ်စေအပ်သော ပါရမိတာ-သီလ (ဘုရားအလောင်းတော်တို့၏ ပါရမီတော်သီလ)သည် ပဏီတသီလ မည်၏။

၄။ ဝိဏ္ဏာပါတ်ခုတင်ပျက်ပုံနှင့် သပဒါနခုတင်ဆောက်တည်ရခြင်း၏အကျိုးကို ဖြေဆိုၗ၊ ခုတင်မြဲဝဲခြင်းငှါ လျှောက်ပတ်သောပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါ။

ဝိဏ္ဏာပါတ်ခုတင်ပျက်ခြင်း

သံယဘတ်စသော ၁၄-မျိုးသော အတိရေကလာဘ် (ဆွမ်းခံဆွမ်းမှ ပိုလွန်သော လာဘ်) ကို သာယာသောဓဏ္ဍ ခုတင်ပျက်၏။

သပဒါနခုတင်ဆောက်တည်ရခြင်း၏အကျိုး

(၁) ဒါယကာတို့၌ အမြဲတမ်း လူသစ်ဖြစ်နေခြင်း၊

(၂) စန္ဒာလမင်းနှင့်တူသော ဥပမာရှိခြင်း၊

http://www.dhammadownload.com

(၃) ကုလမစ္ဆရိယကို ပယ်ခြင်း၊
(၄) ဒါယကာတို့အား အတူအမျှ သနားသောသူ ဖြစ်ခြင်း၊
(၅) ဒါယကာတို့သို့ ချဉ်းကပ်ရောနှောသော အပြစ်မရှိခြင်း၊
(၆) ပင့်ခေါ်ဖိတ်ကြားသည်ကို အလိုမရှိခြင်း၊
(၇) ပို့သောဆွမ်းကို အလိုမရှိခြင်း၊
(၈) အလိုနည်းခြင်း။

ဓုတင်မှီဝဲခြင်း၌ လျှောက်ပတ်သော ပုဂ္ဂိုလ်

ဓုတင်ကို မှီဝဲခြင်းသည် ရာဂစရိုက်ရှိသောသူ, မောဟစရိုက်ရှိသောသူအား လျှောက်ပတ်ပေ၏။

အဘယ့်ကြောင့်ဆိုသော် ဓုတင်ကိုမှီဝဲခြင်းသည် ဆင်းရဲသောအကျင့်လည်း ဖြစ်၏၊ ကိလေသာကို ခေါင်းပါးစေသောနေခြင်းလည်း ဖြစ်၏၊ ထိုတွင် ဆင်းရဲသောအကျင့်ကို အမှီပြု၍ ရာဂသည် ငြိမ်း၏၊ ခေါင်းပါးစေသောနေခြင်းကို အမှီပြု၍ မမေ့မလျော့သော ပုဂ္ဂိုလ်အား မောဟသည် ကင်းပျောက်၏။

၅။ ရဟန်းမိန်းမတို့ ဆောက်တည်နိုင်ခဲလှသော ဓုတင်ငါးပါးကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ ဥပါသကာ, ဥပါသိကာမတို့နှင့်ဆိုင်သော ဓုတင်နှစ်ပါးကိုလည်း ဖြေဆိုခဲ့ပါ။

ရဟန်းမိန်းမတို့ ဆောက်တည်နိုင်ခဲလှသော ဓုတင်ငါးပါးမှာ -

(၁) အာရညိကင်္ဂဓုတင်
(၂) ခလုပစ္ဆာဘတ္တိကင်္ဂဓုတင်
(၃) အဇ္ဈောကာသိကင်္ဂဓုတင
(၄) ရုက္ခမူလိကင်္ဂဓုတင်
(၅) သောသာနိကင်္ဂဓုတင် - တို့ဖြစ်ပါသည်။

အကြောင်းမှာ -

အာရညိကင်္ဂဓုတင်နှင့် ခလုပစ္ဆာဘတ္တိကင်္ဂဓုတင်နှစ်မျိုးကို သိက္ခာပုဒ်အားဖြင့် ပယ်အပ်၏။

http://www.dhammadownload.com

အဇ္ဈောကာသိကင်္ဂုတင်၊ ရုက္ခမူလိကင်္ဂုတင်၊ သောသာနိကင်္ဂုတင်တို့မူကား ဆောင်နိုင်ခဲလှ၏။ အဘယ့်ကြောင့်ဆိုသော် ဘိက္ခုနီမတို့မှာ အဖော်နှင့်ကင်း၍ မနေအပ်၊ တူသောဆန္ဒရှိသော အဖော်ကို ရခဲ၏၊ အကယ်၍ ရစေကာမူ အပေါင်းအဖော်နှင့် နီးနှောင်၍နေခြင်းမှ မလွတ်နိုင်သောကြောင့် ဝိဝေကအကျိုးသည် မပြည့်စုံနိုင်ပါ။

ဥပါသကာ ဥပါသိကာမတို့နှင့် ဆိုင်သော ဓုတင် ၂-ပါးမှာ -

(၁) ဧကာသနိကင်္ဂုတင်

(၂) ပတ္တပိဏ္ဍိကင်္ဂုတင် - တို့ဖြစ်ပါသည်။

၆။ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ ပလိဗောဓဖြစ်သောကျောင်း၏အရှေ့၌ ပလိဗောဓ ဖြစ်ပုံ/မဖြစ်ပုံကို ဖြေဆိုချ၍၊ ပလိဗောဓဖြစ်သောအမှုနှင့် ပလိဗောဓဖြစ်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ ပလိဗောဓဖြစ်သောကျောင်း၏အရမှာ -

တိုက်ခန်းတစ်ခုကိုလည်းကောင်း, ပရိဝုဏ်တစ်ခုကိုလည်းကောင်း, အလုံးစုံသော သံဃာ့အာရာမ်ကိုလည်းကောင်း ကျောင်း - ဟူ၍ ဆိုအပ်ပါသည်။

ကျောင်း၌ ပလိဗောဓဖြစ်ပုံ/မဖြစ်ပုံ

ကျောင်း၌ အမှုကိစ္စသည်တို့ကို ကြောင့်ကြစိုက်သူ, များစွာသောဘဏ္ဍာတို့ကို ဆည်းပူးသိုမှီးထားသူ, အမှတ်မရှိ တစ်ခုခုသောအကြောင်းဖြင့် ထိုကျောင်းကို ငဲ့ကွက်ခြင်း, နှောင်ဖွဲ့ငြိကပ်သောစိတ်ရှိသော ယောဂီအားသာလျှင် ပလိဗောဓ ဖြစ်၏၊ ထိုသို့မဟုတ်သောပုဂ္ဂိုလ်အား ပလိဗောဓ မဖြစ်၊ ထူပါရုံကျောင်းတိုက်၌ သီတင်းသုံးနေထိုင်သောမထေရ်ကဲ့သို့တည်း။

ပလိဗောဓဖြစ်သောအမှု -

(ကမ္မ)အမှုကိစ္စဆိုသည်မှာ - အမှုသစ်ကို ဆိုလိုသည်။

အမှု၌ ပလိဗောဓ ဖြစ်ပုံ -

အမှုသစ်ကိုပြုသော ရဟန်းသည် လက်သမားစသည်တို့ လုပ်ခကို ရ၏, မရ၏ကို သိအပ်၏၊ ပြုအပ်ပြီးသည့်, မပြီးသည်ကို သိအောင်ပြုရသောအားဖြင့် ကြောင့်ကြစိုက် ရ၏၊ ထို့ကြောင့် အခါခပ်သိမ်း ပလိဗောဓ ဖြစ်၏။

http://www.dhammadownload.com

၇။ သွားခြင်းက္ကရိယာပုထိုဖြင့် ရာဂစရိုက်ရှိသူ ဒေါသစရိုက်ရှိသူ မောဟစရိုက်ရှိသူတို့ကို အဘယ်သို့ သိအပ်ပါသနည်း? ဖြေဆို၍၊ ကမ္မဋ္ဌာန်း(၄၀)တို့တွင် ပြဟ္မဝိဟာရတရား လေးပါး နှင့် အာရုပ္ပတရားလေးပါးတို့ကိုလည်း မမှားအောင် ဖြေဆိုခဲ့ပါ။

ရာဂစရိုက်ရှိသူသည် -

ပကတိအတိုင်းသွားသော် ယဉ်ယဉ်ကျေးကျေးတင့်တင့်တယ်တယ် သွား၏၊ ခြေကို ဖြည်းဖြည်းချ၏, ညီညီညာညာ ချ၏၊ ညီညီညာညာ ကြွ၏။

ဒေါသစရိုက်ရှိသူသည် -

ခြေဖျားဖြင့် မြေကိုတူးသကဲ့သို့ သွား၏၊ အဆောတလျင် ကတိုက်ကရိုက် ခြေကို ချ၏၊ ခြေကို ကြွ၏။

မောဟစရိုက်ရှိသူသည် -

ထက်ဝန်းကျင် ဖယ်ယမ်းဖယ်ယမ်းနှောင့်ယှက်သကဲ့သို့ သွား၏၊ ကြောက်ရွံ့လျက် ခြေကို ချ၏၊ ကြွ၏။

ဤသို့ဖြင့် သွားခြင်းက္ကရိယာပုထိုဖြင့် ရာဂစရိုက်ရှိသူ၊ ဒေါသစရိုက်ရှိသူ၊ မောဟစရိုက် ရှိသူတို့ကို သိအပ်ပါသည်။

ပြဟ္မဝိဟာရ ၄-ပါးမှာ -

၁။ မေတ္တာ
၂။ ကရုဏာ
၃။ မုဒိတာ
၄။ ဥပေက္ခာ - တို့ဖြစ်ပါသည်။

အာရုပ္ပ ၄-ပါးမှာ -

၁။ အာကာသာနဉ္စာယတန
၂။ ဝိညာဏဉ္စာယတန
၃။ အာကိဉ္စညာယတန
၄။ နေဝသညာနာသညာယတန - တို့ဖြစ်ပါသည်။

http://www.dhammadownload.com

၈။ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ သင့်လျော်လျောက်ပတ်သောကျောင်း၏အင်္ဂါတို့ကို ဖြေဆို၍၊ ဥဂ္ဂဟနိမိတ်၏အဓိပ္ပါယ်နှင့် ဥဂ္ဂဟနိမိတ်ဖြစ်အောင်အားထုတ်ပုံ ဖြစ်လာသောအခါ ထိုပုဂ္ဂိုလ်အား အလိုရှိအပ်သော အသုံးဆောင်တို့ကိုလည်း ဖော်ပြခဲ့ပါ။

သင့်လျော်လျောက်ပတ်သောကျောင်း၏အင်္ဂါ ၅-ပါးမှာ -

(၁) ကျောင်းသည် ဆွမ်းခံရွာနှင့် နီးလည်း မနီးလွန်း, ဝေးလည်း မဝေးလွန်း၊ ဆွမ်းခံရွာသို့ သွားလာရေးအတွက် ဘေးရန်စသည် ကင်းရှင်းသောလမ်းရှိခြင်းကြောင့် သွားလာရန် သင့်လျော်လျောက်ပတ် ပြည့်စုံကောင်းမြတ်ခြင်း၊

(၂) နေ့အခါ၌ လူတို့နှင့် မရောပြွမ်း၊ ညဉ့်အခါ၌ လူသံတိတ်ဆိတ်၏၊ အုတ်အော်သောင်းတင်း ဆူညံခြင်းလည်း ကင်းခြင်း၊

(၃) မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်းတို့၏ ကိုက်ခဲထိပါးခြင်းအတွေ့တို့ မရှိခြင်း၊

(၄) ထိုကျောင်း၌ နေသော ယောဂီရဟန်းအား သင်္ကန်း၊ ဆွမ်း၊ ကျောင်းနှင့် သူနာ၏ အထောက်အပံ့ ကာကွယ်ရေးဆေးတို့သည် မပင်ပန်းဘဲ လွယ်ကူစွာ ဖြစ်ပေါ်ခြင်း၊

(၅) ထိုကျောင်း၌ ပရိယတ်ကျမ်းဂန်များစွာကို ကြားနာသင်ယူပြီးဖြစ်ကုန်သော, ပရိယတ္တိ ဓမ္မကို နှုတ်ထက်ရွရွဆောင် ထားကြကုန်သော, သုတ်အဘိဓမ္မာဟူသော ဓမ္မကိုဆောင်ကုန်သော, ဝိနည်းကိုဆောင်ကုန်သော, သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတို့၏မာတိကာကို ဆောင်ကုန်သော, ခိုင်မြဲသောသီလ စသောဂုဏ်ထူး ရှိကုန်သော ရဟန်းတော်တို့ သီတင်းသုံးနေထိုင်ကြ၍၊ ယောဂီရဟန်းအား ထိုအရှင်တို့သည် မဖွင့်ရသေးသော အနက်ကိုလည်း ဖွင့်ပြခြင်း, ပေါ်လွင်အောင် မပြုရသေးသည်ကိုလည်း ပေါ်လွင်အောင် ပြုပေးခြင်း, များစွာသော သံသယဖြစ်ဖွယ်ရာ ခက်ခဲသောပါဠိတို့၌လည်း သံသယကိုပယ်ဖျောက်ပေးခြင်း - တို့ဖြစ်ပါသည်။

ဥဂ္ဂဟနိမိတ်

မျက်စိမှိတ်၍ ကသိုဏ်းဝန်းကိုဆင်ခြင်စဉ် မျက်စိဖွင့်၍ဆင်ခြင်သောအခါ၌ကဲ့သို့ပင် စိတ်၌ ထင်ရှားစွာထင်ပေါ်လာသော ကသိုဏ်းဝန်းကို ဥဂ္ဂဟနိမိတ်ဟု ခေါ်ပါသည်။

http://www.dhammadownload.com

ဥဂ္ဃဟနိမိတ်ပေါ်အောင် အားထုတ်ပုံ

မျက်စိကို ရံခါဖွင့်၍ ရံခါမှိတ်၍ ဆင်ခြင်နှလုံးသွင်းအပ်၏၊ ဥဂ္ဃဟနိမိတ် မဖြစ်ပေါ်သေးသမျှ ကာလပတ်လုံး အကြိမ်တစ်ရာ အကြိမ်တစ်ထောင်ဖြစ်စေ ထိုထက်ပိုလွန်၍ ပင်ဖြစ်စေ ဤဆိုခဲ့ပြီးသောနည်းဖြင့်သာလျှင် ပွားအပ်၏။ ဤသို့ ပွားများသောယောဂီအား မျက်စိမှိတ်၍ ဆင်ခြင်စဉ် မျက်စိဖွင့်၍ ဆင်ခြင်သောအခါ၌ကဲ့သို့ပင် စိတ်၌ ကသိုဏ်းဝန်းသည် ထင်ပေါ်လာ၏၊ ထိုအခါ၌ ဥဂ္ဃဟနိမိတ် ဖြစ်ပေါ်သည် မည်၏။

ဥဂ္ဃဟနိမိတ်ဖြစ်ပေါ်လာသောအခါ လိုအပ်သော အသုံးအဆောင် -

ဥဂ္ဃဟနိမိတ် ဖြစ်ပေါ်လာသောအခါမှစ၍ ထိုကသိုဏ်းဝန်းပုံရှိရာ အရပ်၌ မနေသင့်တော့ပေ၊ မိမိနေရာ ကျောင်းခန်းသို့ဝင်၍ ထိုကျောင်းခန်း၌ ထိုင်လျက် ပွားအပ်၏၊ ယောဂီသည် ခြေဆေးခြင်းကိစ္စကြောင့် အချိန်မကုန်စေရန် လွှာချင်းဖိနပ်နှင့် ဘေးရန်ကို ကာကွယ်တားဆီးရန် တောင်ဝှေးကို အလိုရှိအပ်၏၊ အကယ်၍ နုသေးသောသမာဓိသည် မလျော်ကပ်သောအကြောင်းတစ်စုံတစ်ရာကြောင့် ပျက်သွားလျှင် ယောဂီသည် ဖိနပ်စီးလျက် တောင်ဝှေးကိုယူကာ ကသိုဏ်းဝန်းရှိရာ အရပ်သို့ သွား၍ နိမိတ်ကို ယူပြီးလျှင် ပြန်လာ၍ ချမ်းသာစွာထိုင်လျက် ပွားအပ်၏၊

၉။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှါ ဖြစ်သောတရား(၇)ပါးကို ဖြေဆိုလျှက်၊ တည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်း၏သဘောကိုလည်း ဖြေဆိုခဲ့ပါ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှါ ဖြစ်သောတရား(၇)ပါး

(၁) အနက်အဓိပ္ပာယ်ကို မေးမြန်းခြင်း၊
(၂) အတွင်းအပြင်ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုခြင်း၊
(၃) သင့်ခါစသော ဣန္ဒြေတို့၏ညီမျှခြင်းကို ပြီးစေခြင်း၊
(၄) ပညာမဲ့သောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း၊
(၅) ပညာရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်း၊
(၆) ဉာဏ်နက်နဲသူတို့သာ ကျက်စားနိုင်သော ခန္ဓာ အာယတန စသည်တို့ကို ဆင်ခြင်ခြင်း၊
(၇) ပညာဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်၌ စိတ်နှလုံးညွတ်ခြင်း - တို့ဖြစ်ပါသည်။

http://www.dhammadownload.com

တည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်း

တည်ကြည်သောစိတ်ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်းဆိုသည်မှာ စွာန်ရကြောင်း အကျင့်လမ်းသို့ သွားဖူးကျင့်ဖူးသည်ဖြစ်၍ ဥပစာရသမာဓိ အပ္ပနာသမာဓိကို ရသောပုဂ္ဂိုလ်တို့ထံသို့ ရံဖန်ရံခါ ချဉ်းကပ်ခြင်း ဖြစ်ပါသည်။

၁၀။ ကပ်၍ဆောင်ခြင်းအားဖြင့် သေခြင်းကို အဖန်တလဲလဲအောက်မေ့အပ်သော အခြင်းအရာ (၇)ပါးကို ဖြေဆိုရန်၊ နှလုံးသား၏ အရောင်အဆင်း, ပုံသဏ္ဌာန်, တည်ရာဌာနတို့ကိုလည်း ဖြေဆိုခဲ့ပါ။

ကပ်၍ဆောင်ခြင်းအားဖြင့် သေခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်သော အခြင်းအရာ (၇)ပါးမှာ -

(၁) အခြံအရံများခြင်းအားဖြင့်လည်းကောင်း၊
(၂) ဘုန်းကံကြီးမားခြင်းအားဖြင့်လည်းကောင်း၊
(၃) ခွန်အားကြီးခြင်းအားဖြင့်လည်း ကောင်း၊
(၄) တန်ခိုးကြီးခြင်းအားဖြင့်လည်းကောင်း၊
(၅) ပညာကြီးခြင်းအားဖြင့်လည်းကောင်း၊
(၆) ပစ္စေကဗုဒ္ဓါအားဖြင့်လည်းကောင်း၊
(၇) သမ္မာသမ္ဗုဒ္ဓဘုရားအားဖြင့်လည်းကောင်း - တို့ဖြစ်ပါသည်။

နှလုံးသား၏အရောင်အဆင်း -

အဆင်းအားဖြင့် နီ၏၊ ပဒုမ္မာကြာနီပွင့်ဖတ်၏ကျောဘက်အဆင်း ရှိ၏။

နှလုံးသား၏ပုံသဏ္ဌာန် -

ပြင်ပအပွင့်ဖတ်တို့ကို ခွါပစ်၍ ဇောက်ထိုးဆွဲထားသော ပဒုမ္မာကြာငုံသဏ္ဌာန် ရှိ၏၊ အပၸ ပြေပြစ်ချောညက်၏၊ အတွင်း၌ သပွတ်ခါးသီး၏အတွင်းသားနှင့် တူ၏၊ ပညာရှိသောသူတို့အား အနည်းငယ် ပွင့်၏၊ ပညာနုံသောသူတို့အား ငုံလျက်သာ ရှိ၏။

နှလုံးသား၏တည်ရာဌာန -

ကိုယ်၏အတွင်း၌ သားမြတ်နှစ်ခုတို့၏အလယ်ကြားတွင် တည်၏။

---

http://www.dhammadownload.com

၂၀၁၃-ခုနှစ်

၁။ ဝိသုဒ္ဓိ၏အရနှင့် ဝိသုဒ္ဓိမဂ်၏အဓိပ္ပါယ်ကို ဖြေဆို၍၊ ကိလေသာတည်းဟူသော အမြှေးအယှက်အရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်သောတရားများကိုလည်း ဥပမာနှင့် တကွ ဖြေဆိုပါ။ (၁၉၈၃, ၂၀၀၈, ၂၀၁၂,၂၀၀၇)(မှတ်စု နှာ-၂၊ ၄)

ဝိသုဒ္ဓိ၏အရ

ရာဂစသောအညစ်အကြေး, ဒုစရိုက်စသောအညစ်အကြေးတို့မှ အလုံးစုံကင်းစင်သော စင်စစ်ထက်ဝန်းကျင်စင်ကြယ်သော နိဗ္ဗာန်ကို ရပါသည်။

ဝိသုဒ္ဓိမဂ်၏ အဓိပ္ပါယ်

စင်ကြယ်သောနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောအကျင့်လမ်း။

ကိလေသာတည်းဟူသော အမြှေးအယှက်အရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်သော တရားများမှာ သီလ, သမာဓိစသော တရား ၆-ပါး ဖြစ်ပါသည်။

ဥပမာအားဖြင့်- ခွန်အားဗလနှင့်ပြည့်စုံသောယောကျ်ားသည် ညီညွတ်သောမြေပြင်၌ ကြံ့ကြံ့ရပ်တည်၍ ကောင်းစွာသွေးထားသောဓားလက်နက်ကို ချီမြှောက်၍ ကြီးစွာသောဝါးရုံကို ခုတ်ဖြတ်ဖြေရှင်းရာသကဲ့သို့ -

(၁) ပဋိသန္ဓေပညာ(ကမ္မဇပညာ)နှင့် ပြည့်စုံသောရဟန်းသည်

(၂) သီလတည်းဟူသော မြေပြင်၌ ရပ်တည်၍၊

(၃) သမာဓိတည်းဟူသော ကျောက်၌၊

(၄) ကောင်းစွာသွေးထားသော ဝိပဿနာပညာတည်းဟူသော ဓားလက်နက်ကို၊

(၅) ဝီရိယတည်းဟူသောခွန်အားက ထောက်ပံ့အားပေးထားသော

(၆) ပါရိဟာရိကပညာဟူသော လက်ဖြင့် ချီမြှောက်၍ မိမိ၏ရုပ်နာမ်အစဉ်သန္တာန်၌ ကျရောက်လျက်ရှိသော အလုံးစုံသောတဏှာအရှုပ်အထွေးကို သုတ်သင်ရှင်းလင်းနိုင်ပါသည်။

---

http://www.dhammadownload.com

၂။ နှစ်ပါးအပြားရှိသောသီလတို့ကို ဖော်ပြ၍၊ အဘိသမာစာရိကသီလနှင့် အာဒိဗြဟ္မစရိယ သီလတို့၏သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ-၁၂)

နှစ်ပါးအပြားရှိသောသီလ(ဒုကသီလ) ၇-မျိုး

(၁) စာရိတ္တသီလ - ဝါရိတ္တသီလ
(၂) အာဘိသမာစာရိကသီလ - အာဒိဗြဟ္မစရိယကသီလ
(၃) ဝိရတိသီလ - အဝိရတိသီလ
(၄) နိဿိတသီလ - အနိဿိတသီလ
(၅) ကာလပရိယန္တသီလ - အာပါဏကောဋိကသီလ
(၆) သပရိယန္တသီလ - အပရိယန္တသီလ
(၇) လောကိသီလ - လောကုတ္တရာသီလတို့ ဖြစ်ပါသည်။

အဘိသမာစာရိကသီလ၏သဘောအဓိပ္ပါယ်

မြတ်သောအကျင့်၊ (တစ်နည်း) မြတ်သောအကျင့်(မဂ်သီလ,ဖိုလ်သီလ)ကို ရည်ရွယ်၍ ပညတ်ထားသောသီလအကျင့်သည် အဘိသမာစာရိကသီလ မည်၏။

အာဒိဗြဟ္မစရိယသီလ၏ သဘောအဓိပ္ပါယ်

အရိယမဂ်ဟူသော မြတ်သောအကျင့် (မဂ္ဂဗြဟ္မစရိယ)၏အစ၌ ဖြစ်စေအပ်သောသီလဖြစ်သောကြောင့် အာဒိဗြဟ္မစရိယကသီလ မည်၏။

၃။ ကိုယ်နှုတ်တို့ကို ဆုံးမစောင့်စည်းမှု အဓိသီလတို့၏အရေအတွက်ကို သန့်ရှင်းမှု ဖော်ပြ၍၊ ထိုအဓိသီလကို ပရိယန္တပါရိသုဒ္ဓိသီလဟု ခေါ်ဆိုရခြင်း၏ ရည်ရွယ်ချက် အကြောင်းတို့ကိုလည်း ဖြေဆိုခဲ့ပါ။

အဓိသီလတို့၏အရေအတွက် (၁၉၈၉)

ထိုအဓိသီလသည် ဤသို့ အရေအတွက်အားဖြင့် အပိုင်းအခြားရှိငြားသော်လည်း အကြွင်းအကျန်မရှိအောင် ဆောက်တည်ကျင့်သုံးရမည်ဖြစ်သောကြောင့်လည်းကောင်း၊ လာဘ်, အခြံအရံ, ဆွေမျိုး, ကိုယ်အင်္ဂါ အသက်တို့၏အစွမ်းအားဖြင့် မမြင်အပ်သော အပိုင်းအခြား ရှိသောကြောင့်လည်းကောင်း **အပရိယန္တပါရိသုဒ္ဓိသီလဟူ၍ ခေါ်ဆိုရခြင်း** ဖြစ်ပါသည်။

http://www.dhammadownload.com

၄။ **ခုတင်၏သဘောအဓိပ္ပါယ်ကို ဖြေဆို၍၊ ပံသုကူလ, ပံသုကူလိက, ပံသုကူလိကင်္ဂတို့၏ သဘောအဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ-၆၂)**

ခုတင်၏ သဘောအဓိပ္ပါယ် (၁၉၈၄)

ကိလေသာကို ခေါင်းပါးစေတတ်သောအကျင့်သည် ခုတင်(ခုတင်္ဂ) မည်၏။

ပံသုကူလ = လမ်းခရီး သုသာန် တံမြက်ခြေးစု စသော မြေပေါ်တွင် လွှမ်းမိုးကျရောက်နေသောအဝတ်အထည်။

ပံသုကူလိက = ပံသုကူသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသောပုဂ္ဂိုလ်။

ပံသုကူလိကင်္ဂ = ပံသုကူသင်္ကန်းကို ဆောင်ခြင်းခုတင်ကို ဆောက်တည်ကြောင်း စေတနာ။

၅။ **ပံသုကူခုတင်ဆောင် ပုဂ္ဂိုလ်သုံးမျိုးကို အဓိပ္ပါယ်နှင့်တကွ ဖြေဆို၍၊ ယင်းခုတင်ပျက်သောအခါနှင့် ဆောက်တည်ရခြင်း၏အကျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။ (၂၀၀၇)(၂၀၀၄)**

ပံသုကူခုတင်ဆောက်တည်ရခြင်း၏အကျိုး

(၁) မှီရာနိဿယ ၄-ပါးတွင် ဒုတိယမှီရာနိဿယနှင့်လျော်သော အကျင့်ပင့်မိုပတ်ရှိခြင်း၊

(၂) အရိယဝံသတရား ၄-ပါးတွင် ပထမအရိယဝံသတရား၌ တည်ခြင်း၊

(၃) သင်္ကန်း၏ အဖိုးမထိုက်တန်သောကြောင့် စောင့်ရှောက်ရသော ဆင်းရဲဒုက္ခ မရှိခြင်း၊

(၄) သူတစ်ပါးနှင့်မစပ်သော အသက်မွေးမှု ရှိခြင်း၊

(၅) သူခိုးဘေး မရှိခြင်း၊

(၆) သုံးဆောင်ရာ၌ တပ်မက်သောတဏှာ မဖြစ်ခြင်း၊

(၇) ရဟန်းတို့အား လျောက်ပတ်သောပရိက္ခရာ ရှိခြင်း၊

(၈) အဖိုးနည်း, ရလွယ်,အပြစ်ကင်းဟု မြတ်စွာဘုရားချီးမွမ်းအပ်သောပစ္စည်း ဖြစ်ခြင်း၊

(၉) သူတစ်ပါးကြည်ညိုဖွယ် ဆောင်ခြင်း၊

(၁၀) အလိုနည်းခြင်းစသောအကျိုး ပြီးခြင်း၊

(၁၁) မြတ်သောအကျင့်ကို ပွားစေခြင်း၊

http://www.dhammadownload.com

(၁၂) နောင်လာနောက်သားတို့အား မြင်အပ်သောအကျင့်သို့ အစဉ်လိုက်စေခြင်းတို့ ဖြစ်ပါသည်။

၆။ ရုက္ခမူလိကဂ်ိုတင်ဆောက်တည်ပုံကို ဖြေဆို၍၊ ယင်းဓုတင်ဆောက်တည်ရာ၌ ယူရမည့်သစ်ပင်နှင့် မယူရမည့်သစ်ပင်တို့ကို ခွဲခြားဖြေဆိုပြီးလျှင် အဇ္ဈောကာသိကဓုတင်ဆောက် တည်ရခြင်း၏အကျိုးကိုလည်း ဖြေဆိုခဲ့ပါ။ (၂၀၀၇)

ရုက္ခမူလိကဂ်ိုတင်ဆောက်တည်ပုံ

(၁) 'အုတ်စသော ၅-မျိုးသောအမိုးတို့ဖြင့် မိုးအပ်သော အရိပ်အာဝါသကို ပယ်ပါ၏'

(၂) 'သစ်ပင်ရင်း သစ်ပင်အောက်၌ နေခြင်း ဓုတင်အင်္ဂါကို ဆောက်တည်ပါ၏' ဟူသော ဤစကား ၂-မျိုးတို့တွင် တစ်မျိုးမျိုးသောစကားဖြင့် ဆောက်တည်ရပါသည်။

ယူရမည့်သစ်ပင်နှင့် မယူရမည့်သစ်ပင် (၂၀၀၄)

အဇ္ဈောကာသိကဓုတင် ဆောက်တည်ရခြင်း၏အကျိုး

(၁) အာဝါသပလိဘောဓဟူသော ကျောင်း အရိပ်အာဝါသ၌ ကြောင့်ကြဖွယ်ပြတ်ခြင်း၊

(၂) ထိနမိဒ္ဓကို ပယ်ဖျောက်နိုင်ခြင်း၊

(၃) 'သားသမင်ကဲ့သို့ ငြိတွယ်ခြင်း မရှိ၊ နေရာကျောင်း မရှိဘဲ နေကြကုန်၏'ဟု နတ်တို့၏ချီးမွမ်းခြင်းအား လျော်ခြင်း၊

(၄) အရိပ်အာဝါသ၌ ငြိကပ်မှု မရှိခြင်း၊

(၅) အရပ်လေးမျက်နှာသို့ အပိတ်အပင်မရှိ သွားနိုင်ခြင်း၊

(၆) အလိုနည်းခြင်းတို့ ဖြစ်ပါသည်။

၇။ ဓုတင်မှီဝဲခြင်းငှာ လျောက်ပတ်သောပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ ဖော်ပြ၍ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့် ဓုတင် ၄၂-ပါးတို့ကိုလည်း သိသာရုံမျှ ရေတွက်ပြခဲ့ပါ။

ဓုတင်မှီဝဲခြင်းငှာ လျောက်ပတ်သောပုဂ္ဂိုလ် (ဓုတသပ္ပါယ)

ဓုတင်ကို မှီဝဲခြင်းသည် ရာဂစရိုက်ရှိသောသူ, မောဟစရိုက်ရှိသောသူအား လျောက်ပတ်ပါသည်။

http://www.dhammadownload.com

အဘယ့်ကြောင့်ဆိုသော်- ဓုတင်ကိုမှီဝဲခြင်းသည် ဆင်းရဲသောအကျင့်လည်း ဖြစ်၏, ကိလေသာကို ခေါင်းပါးစေသောနေခြင်းလည်း ဖြစ်၏။ ထိုတွင် ဆင်းရဲသောအကျင့်ကို အဋ္ဌကထာသည် ငြိမ်း၏။ ခေါင်းပါးစေသောနေခြင်းကို အမှီပြု၍ မမွေ့မလျော်သောပုဂ္ဂိုလ်အား မောဟသည် ကင်းပျောက်၏။

တစ်နည်းကား-ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား အာရညိကင်္ဂဓုတင်, ရုက္ခမူလိကင်္ဂဓုတင်တို့သည် လျောက်ပတ်၏။

အဘယ့်ကြောင့်ဆိုသော်- ထိုဓုတင်တို့သည် တစ်စုံတစ်ယောက်သောသူနှင့် မထိခိုက်ဘဲ နေရသောကြောင့် ဒေါသသည် ငြိမ်း၏၊ ထို့ကြောင့် လျောက်ပတ်၏။

ပုဂ္ဂိုလ်၏အစွမ်းအားဖြင့် ဓုတင် ၄၂-ပါး

(၁) ရဟန်းတို့နှင့်ဆိုင်သောဓုတင် ၁၃-ပါး
(၂) ဘိက္ခုနီမတို့နှင့်ဆိုင်သောဓုတင် ၈-ပါး
(၃) သာမဏေတို့နှင့်ဆိုင်သောဓုတင် ၁၂-ပါး
(၄) သိက္ခမာန် သာမဏေမတို့နှင့်ဆိုင်သောဓုတင် ၇-ပါး
(၅) ဥပသကာ ဥပါသိကာမတို့နှင့်ဆိုင်သောဓုတင် ၂-ပါး

၈။ သမာဓိ၏မှတ်ကြောင်းလက္ခဏာ, အလုပ်ကိစ္စ, ရှေးရှုထင်ခြင်း, နီးစွာသောအကြောင်းတို့ကို ဖော်ပြ၍၊ ဥပစာရသမာဓိ အပ္ပနာသမာဓိ၏ အစွမ်းအားဖြင့် သမာဓိနှစ်ပါးပြားပုံကိုလည်း ဖြေဆိုခဲ့ပါ။ (မှတ်စုနှာ - ၈၅)

သမာဓိ၏လက္ခဏာမှာ - သမ္မယုတ်တရားတို့ကို အထူးထူးသောအာရုံသို့ မပျံ့လွင့်ခြင်း အဝိက္ခေပလက္ခဏာ ဖြစ်ပါသည်။
အလုပ်ကိစ္စရသမှာ - ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကို ဖျက်ဆီးခြင်းကိစ္စ ဖြစ်ပါသည်။
ရှေးရှုထင်ခြင်းမှာ - ဥဒ္ဓစ္စကို ဖျက်ဆီးနိုင်သောအစွမ်းသတ္တိနှင့် ပြည့်စုံခြင်း ဂုဏ် ဖြစ်ပါသည်။
- မတုန်လှုပ်သောအားဖြင့် ဉာဏ်အား ရှေးရှုထင်ခြင်း ဖြစ်ပါသည်။
နီးစွာသောအကြောင်းမှာ - သုခ ဖြစ်ပါသည်။

http://www.dhammadownload.com

ဥပစာရသမာဓိ အပ္ပနာသမာဓိ၏ အစွမ်းအားဖြင့် သမာဓိနှစ်ပါးပြားပုံ

ပုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော အနုဿတိကမ္မဋ္ဌာန်း ၆-ပါး၊ မရဏဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန်- ဤ ၁၀-ပါးသောကမ္မဋ္ဌာန်းတို့၏အစွမ်းဖြင့် ရအပ်သောသမာဓိသည်လည်းကောင်း, အပ္ပနာစျာန်၏ ရှေ့အဖို့၌ဖြစ်သော သမာဓိသည်လည်းကောင်း ဥပစာရသမာဓိ မည်၏။

"ပထမစျာန်၏ပရိကံ(မည်သော ဂေါတြဘူ)သည် ပထမစျာန်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟု ဟောတော်မူသောကြောင့် ဂေါတြဘူဟူသော ပရိကံသမာဓိ၏အခြားမဲ့၌ ဖြစ်သောသမာဓိသည် အပ္ပနာသမာဓိ မည်၏။

၉။ **ကမ္မဋ္ဌာန်းတရားအားထုတ်ရာ၌ များကို ကြောင့်ကြမှုကို ဖြစ်စေသော ပလိဗောဓ ၁၀-မျိုးတို့တွင် ပါဝင်သော ဆွေမျိုး၏အရကို ဖော်ပြ၍၊ အနာရောဂါ၏အရနှင့် ယင်း၏ ပလိဗောဓ ဖြစ်ပုံ, ပလိဗောဓဖြတ်၍ တရားအားထုတ်ပုံတို့ကိုလည်း ဖြေဆိုခဲ့ပါ။** (၁၉၈၇)

အနာရောဂါ၏အရ =အမှတ်မရှိ တစ်စုံတစ်ခုသော ရောဂါအနာ ဖြစ်ပါသည်။
ပလိဗောဓ ဖြစ်ပုံ = အနာရောဂါနှိပ်စက်ပါက ပလိဗောဓ ဖြစ်ပါသည်။
ပလိဗောဓ ဖြတ်ပုံ = ဆေးဝါးကုသခြင်းဖြင့် ပလိဗောဓကို ဖြတ်ရပါမည်၊ ရက်အနည်းဆေးကုသပါသော်လည်း အကယ်၍ မပျောက်ခဲ့သော် "ငါသည် သင်အတ္တဘော၏ကျွန် မဟုတ်, အခစားလည်းမဟုတ်၊ သင်အတ္တဘောကိုသာလျှင် လုပ်ကျွေးလျက် အစမထင်သောသံသရာဝဋ္ဋ၌ ဆင်းရဲဒုက္ခရောက်ခဲ့လှပြီ"ဟု အတ္တဘောကို ကဲ့ရဲ့၍ ရဟန်းတရားကိုသာလျှင် အားထုတ်ရပါမည်။

၁၀။ **ကမ္မဋ္ဌာန်းနှစ်မျိုးကို အဓိပ္ပါယ်နှင့်တကွ ဖော်ပြ၍၊ အဆွေခင်ပွန်းကောင်းတို့၏ ဂုဏ်တို့ကို ဖြေဆိုပြီးလျှင်၊ အာဘယ်သို့သောပုဂ္ဂိုလ်တို့ကို ရာဂများသောသူ, ဒေါသများသောသူ, မောဟများသောသူဟု ဆိုပါသနည်း၊ ဖြေဆိုခဲ့ပါ။**

ကမ္မဋ္ဌာန်းနှစ်မျိုးမှာ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းနှင့် ပါရိဟာရိယကမ္မဋ္ဌာန်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com

သဗ္ဗတ္ထကကမ္မဋ္ဌာန်းသဘောမှာ -

ကျေးဇူးများလှသဖြင့် အရာခပ်သိမ်း၌ ရှေ့သွားအဖြစ်ဖြင့် အလိုရှိအပ်သော ကြောင့်လည်းကောင်း၊ လိုရင်းဖြစ်သော ဘဝနာအားထုတ်မှု၏အကြောင်း ဖြစ်သော ကြောင့်လည်းကောင်း အရာခပ်သိမ်း၌ အလိုရှိအပ်သော သဗ္ဗတ္ထကကမ္မဋ္ဌာန်း မည်ပါသည်။ သဗ္ဗတ္ထကကမ္မဋ္ဌာန်းတို့မှာ မေတ္တာကမ္မဋ္ဌာန်း, မရဏာဿတိကမ္မဋ္ဌာန်း, အသုဘသညာတို့ ဖြစ်ပါသည်။

ပါရိဟာရိယကမ္မဋ္ဌာန်း၏သဘောမှာ -

ကမ္မဋ္ဌာန်း ၄၀-တို့တွင် ကမ္မဋ္ဌာန်းအားထုတ်သောယောဂီ၏ မိမိစရိုက်အားလျော်သောကမ္မဋ္ဌာန်းသည် ထိုယောဂီက အမြဲအားထုတ်ခြင်းဖြင့် ဆောင်ထားအပ်သောကြောင့်လည်းကောင်း၊ အထက်အထက်ဖြစ်သော ဘာဝနာပွားမှု၏ နီးစွာသောအကြောင်း ဖြစ်သောကြောင့်လည်းကောင်း အမြဲဆောင်ထားအပ်သော ပါရိဟာရိယကမ္မဋ္ဌာန်း မည်ပါသည်။

အဆွေခင်ပွန်းကောင်းတို့၏ဂုဏ်များ (၁၉၈၄-၁)

ရာဂများသောသူ

ရှေးဘဝက အကောင်းအမွန် နှစ်သက်ဖွယ် အမူအရာများသောသူ၊ တင့်တယ်သောအမှုကိုပြုခြင်း များသောသူ၊ နတ်ပြည်မှစုတေ၍ ဤလူ့ပြည်၌ ဖြစ်သောသူ၊ ဤသူတို့သည် ရာဂများသောသူတို့ ဖြစ်ကြပါသည်။

ဒေါသများသောသူ

ရှေးဘဝက ဖြတ်ခြင်း သတ်ခြင်း ရန်မူခြင်း နှောင့်ဖွဲ့ခြင်း များသောသူ၊ ငရဲရွာနဂါးမျိုးတို့မှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်သောသူ၊ ဤသူတို့သည် ဒေါသများသောသူတို့ ဖြစ်ကြပါသည်။

မောဟများသောသူ

ရှေးဘဝက အရက်သောက်ခြင်း များသောသူ၊ ပညာရှိသူများထံ၌ နာကြားခြင်း မေးမြန်းခြင်း ကင်းသောသူ၊ တိရစ္ဆာန်ဘဝမှ စုတေ၍ ဤလူ့ပြည်တွင် ဖြစ်သောသူ၊ ဤသူတို့သည် မောဟများသောသူတို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com

၂၀၁၄-ခုနှစ်

၁။ ပစ္စည်းလေးပါးကို ဆင်ခြင်၍ မှီဝဲသောဉာဏ်နှင့် မိစ္ဆာဇီဝကို ပယ်၍ စင်ကြယ်စွာ အသက်မွေးခြင်း အာဇီဝပါရိသုဒ္ဓိသီလတို့ကို အဘယ်တို့၌ ပေါင်း၍ ရေတွက်ရပါမည်နည်း? ဖြေဆို၍၊ ပိတ်ဆို့စောင့်ရှောက်ခြင်းသံဝရ ၅-မျိုးကိုလည်း ဖော်ပြခဲ့ပါ။ (ကျိုက်ထို နှာ-၁၄, ၁၃၊ မှတ်စု နှာ-၈, ၉)

ပစ္စည်းလေးပါးကို ဆင်ခြင်၍ မှီဝဲသောဉာဏ်ကို ဉာဏသံဝရ၌လည်းကောင်း၊ မိစ္ဆာဇီဝကို ပယ်၍ စင်ကြယ်စွာအသက်မွေးခြင်း အာဇီဝပါရိသုဒ္ဓိသီလကို ဝိရိယသံဝရ၌ လည်းကောင်း ပေါင်း၍ ရေတွက်ရပါမည်။

ပိတ်ဆို့ စောင့်ရှောက်ခြင်းသံဝရ ၅-မျိုး (၂၀၀၈)

၂။ အဘယ့်ကြောင့် သီလကို ပါတိမောက္ခ-ဟု ခေါ်ဆိုရပါသနည်း၊ ဖြေဆို၍၊ သံဝရ၏ အဓိပ္ပါယ်ကိုလည်း ရှင်းလင်းဖြေဆိုခဲ့ပါ။ (ကျိုက်ထို နှာ-၃၆၊ မှတ်စု နှာ-၁၈)

သီလကို ပါတိမောက္ခ-ဟု ခေါ်ဆိုရခြင်း

စာရိတ္တ ဝါရိတ္တသိက္ခာပုဒ်တို့ဖြင့် ပညတ်ထားသောသီလကို စောင့်ရှောက်သော သူကို ယင်းသီလက အပါယ်ဒုက္ခစသောဆင်းရဲတို့မှ ကျွတ်လွတ်စေတတ်၏။ ထို့ကြောင့် သီလကို ပါတိမောက္ခဟု ခေါ်ဆိုရပါသည်။ (၂၀၁၀)

သံဝရ၏အဓိပ္ပါယ်

ကာယဒွါရ ဝစီဒွါရတို့မှ အကုသိုလ် မတိုးဝင်ရအောင် စောင့်စည်းပိတ်ဆို့ကြောင်းကို သံဝရဟု ဆိုအပ်၏။ ဤသံဝရ ဟူသောအမည်သည် ကိုယ်နှုတ်၌ ဖြစ်သော အာပတ် ၇-ပုံကို မလွန်ကျူးခြင်း အဝိတိက္ကမသီလ၏အမည် ဖြစ်ပါသည်။

၃။ ဒုကပဋ္ဌာန၌ ပါဏာတိပါတာ ဝေရမဏိ၏ သီလငါးမျိုးကို ဖော်ပြ၍၊ အပရာမဋ္ဌ ပါရိသုဒ္ဓိ သီလ၏အရကိုလည်း ကောက်ပြခဲ့ပါ။ (ကျိုက်ထို နှာ-၉၂၊ မှတ်စု နှာ-၅၂) (ကျိုက်ထို နှာ-၈၄၊ မှတ်စု နှာ-၄၉, ၅၁)

http://www.dhammadownload.com

ဒုကပဋိကဋ္ဌ ပါဏာတိပါတာ ဝေရမဏိ၏ သီလငါးမျိုးမှာ

(၁) ပဟာနသီလ - (သူ့အသက်ကို သတ်ခြင်း) ပါဏာတိပါတကို ပယ်ခြင်း။
(၂) ဝေရမဏိသီလ - ပါဏာတိပါတမှ ရှောင်ကြဉ်ခြင်း ဝိရတီ။
(၃) စေတနာသီလ - ပါဏာတိပါတမှ ရှောင်ကြဉ်ကြောင်းဖြစ်သောစေတနာ။
(၄) သံဝရသီလ - ပါဏာတိပါတကို ပိတ်ဆို့စောင့်ရှောက်ခြင်းသံဝရ။
(၅) အဝီတိက္ကမသီလ - ပါဏာတိပါတကို မလွန်ကျူးခြင်း။

အပရာမဋ္ဌပါရိသုဒ္ဓိသီလ၏အရ

သေက္ခပုဂ္ဂိုလ်တို့၏သီလသည် ဒိဋ္ဌိ၏အစွမ်းအားဖြင့် မှားယွင်းစွာ မသုံးသပ်သည်၏အဖြစ်ကြောင့် စင်ကြယ်သောကြောင့် အပရာမဋ္ဌပါရိသုဒ္ဓိသီလ မည်၏။

တစ်နည်းကား - ပုထုဇဉ်တို့၏ ဘဝရာဂ၏အစွမ်းအားဖြင့် မသုံးသပ်အပ်သော သီလသည် အပရာမဋ္ဌပါရိသုဒ္ဓိသီလ မည်၏။

၄။ တစ်ထိုင်တည်းစားခြင်းဟူသော ကောသနိကင်္ဂတင်၌ ကောသန, ကောသနိက, ကော-သနိကင်္ဂတို့၏ အဓိပ္ပါယ်နှင့် ယင်းဓုတင်ဆောက်တည်ပုံ၊ ပဆာက်တည်ရခြင်း၏အကျိုး တို့ကိုလည်း ဖြေဆိုခဲ့ပါ။ (မှတ်စု နှာ-၆၃, ၇၁, ၇၂)

ကောသန = တစ်နေရာတည်း(တစ်ထိုင်တည်း)၌သာ စားသောက်ခြင်း။
ကောသနိက = တစ်နေရာတည်း၌သာ စားသောက်ခြင်းလေ့ရှိသောပုဂ္ဂိုလ်။
ကောသနိကင်္ဂ = တစ်နေရာတည်း၌သာ စားသောက်ခြင်းဓုတင်ကို ဆောက်တည်ကြောင်း စေတနာ

ယင်းဓုတင်ဆောက်တည်ပုံ၊ ဆောက်တည်ရခြင်း၏အကျိုး (၂၀၀၀, ၂၀၀၇)

၅။ ကုလားထိုင်ဖြင့် တရားကျင့်ခြင်းဟု ဆိုအပ်သော နေသဇ္ဈိကင်္ဂတင်၌ နေသဇ္ဈိက, နေသဇ္ဈိ-ကင်္ဂ အဓိပ္ပါယ်နှင့် ယင်းဓုတင်ဆောက်တည်ပုံ၊ ဆောက်တည်ရခြင်း၏ အကျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။ (ကျိုက်ထို နှာ-၁၁၅, ၁၅၀၊ မှတ်စု နှာ-၆၄, ၈၁)

နေသဇ္ဈိက = အိပ်ရာခေါင်းအုံးတွင် ခေါင်းချ၍ လျောင်းစက်အိပ်ခြင်းကို ပယ်၍ ထိုင်နေခြင်းဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်၊
နေသဇ္ဈိကင်္ဂ = ထိုရဟန်း၏အကြောင်းအင်္ဂါ (၀၊) အိပ်ခြင်းကို ပယ်၍ ထိုင်နေခြင်း ဓုတင်ကို ဆောက်တည်ကြောင်းစေတနာ။

http://www.dhammadownload.com

နေသဇ္ဇီကဂ်ံမုတင်ဆောက်တည်ပုံ

(၁) 'အိပ်ရာ၊ ခေါင်းအုံး၌ ခေါင်းချ၍ အိပ်ခြင်းကျရိယာပုထ်ကို ပယ်ပါ၏'

(၂) 'ထိုင်ခြင်းကျရိယာပုထ်ဖြင့် နေခြင်းအလေ့ရှိသော ရဟန်း၏အဂ်ိကို ဆောက်တည်ပါ၏' ဟူသော ဤစကား ၂-မျိုးတို့တွင် တစ်မျိုးမျိုးသောစကားဖြင့် ဆောက်တည်ရပါမည်။

ဆောက်တည်ရခြင်း၏အကျိုး (၂၀၀၀, ၂၀၀၇)

(၁) အိပ်ရာ၌ တစ်စင်းစင်းအိပ်သောချမ်းသာ၊ ဝဲယာနံစောင်းပြောင်း၍အိပ်သောချမ်းသာ၊ တမှိန်းမှိန်းအိပ်သောချမ်းသာနှင့် ယှဉ်သော စိတ်၏အနှောင်အဖွဲ့ကို ဖြတ်ကြောင်း လက်နက်ကောင်းဖြစ်ခြင်း၊

(၂) ခပ်သိမ်းသောကမ္မဋ္ဌာန်းကို အားထုတ်သောသူနှင့် သင့်လျော်ခြင်း၊

(၃) ကြည်ညိုဖွယ်ကျရိယာပုထ် ရှိခြင်း၊

(၄) လုံ့လအားထုတ်ခြင်းအား အစဉ်လျော်ခြင်း၊

(၅) ကောင်းသောအကျင့်ပဋိပတ်ကို ပွားများရခြင်းတို့ ဖြစ်ပါသည်။

၆။ ဥပစာရသမာဓိ, အပ္ပနာသမာဓိ အမည်ရသော ဧကဂ္ဂတာတို့ကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ သဝိတက္ကသဝိစာရသမာဓိနှင့် အဝိတက္ကဝိစာရမတ္တသမာဓိ အမည်ရသော သမာဓိတို့ကိုလည်း ကောက်ပြပါ။ (ကျိုက်ထို နှာ-၁၆၃, ၁၆၄၊ မှတ်စု နှာ-၈၈, ၈၉)

ဥပစာရသမာဓိ, အပ္ပနာသမာဓိ

ပုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိဟူသော အနုဿတိကမ္မဋ္ဌာန်း ၆-ပါး၊ မရဏဿတိ၊ ဥပသမာနုဿတိ၊ အာဟာရေပဋိကူလသညာ၊ စတုဓာတုဝဝတ္ထာန် - ဤ ၁၀-ပါးသော ကမ္မဋ္ဌာန်းတို့၏အစွမ်းဖြင့် ရအပ်သောသမာဓိသည်လည်းကောင်း, အပ္ပနာစွာန်၏ရှေ့အဖို့၌ဖြစ်သော သမာဓိသည်လည်းကောင်း ဥပစာရသမာဓိ မည်၏။

"ပထမစျာန်၏ ပရိကံမည်သော ဂေါတြဘူသည် ပထမစျာန်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏"ဟု ဟောတော်မူသောကြောင့် ဂေါတြဘူဟူသော ပရိကံသမာဓိ၏အခြားမဲ့၌ ဖြစ်သောသမာဓိသည် အပ္ပနာသမာဓိ မည်၏။ (၂၀၁၃)

http://www.dhammadownload.com

သဝိတက္က သဝိစာရ သမာဓိ - ဥပစာရသမာဓိနှင့်တကွ ပထမဈာန်သမာဓိ
အဝိတက္က ဝိစာရမတ္တ သမာဓိ - ပဋ္ဌကနည်းအားဖြင့် ဒုတိယဈာန်သမာဓိ

၇။ ရာဂ, ဒေါသ, မောဟ ထူပြောရခြင်း၏အကြောင်းရင်းကို ဖော်ပြ၍၊ ကသိုဏ်း ၁၀-ပါး ကိုလည်း မမှားအောင် ရေတွက်ပြခဲ့ပါ။ (မှတ်စု နှာ-၁၀၅, ၁၁၃)

ရာဂ, ဒေါသ, မောဟ ထူပြောရခြင်း၏အကြောင်းရင်း -

(က) ရှေးဘဝက ပြုလုပ်ခဲ့သော အလေ့အကျက် ဟူသောအကြောင်း၊
(ခ) ပထဝီစသော ဓာတ် ဟူသောအကြောင်း၊
(ဂ) သလိပ်, လေ စသော ဒေါသ(အပြစ်) ဟူသောအကြောင်း ရှိကုန်၏- ဟု အချို့သောဆရာတို့က ဆိုကြပါသည်။

(က) ရှေးဘဝက နှစ်သက်ဖွယ်အမူအရာ များသောသူ၊ တင့်တယ်သောအမူကို ပြုခြင်း များသောသူသည် ရာဂထူပြော၏၊ နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်၌ ဖြစ်သောသူသည်လည်း ရာဂထူပြော၏။

ရှေးဘဝက ဖြတ်ခြင်း, သတ်ခြင်း, ရန်မူခြင်း, နှောင်ဖွဲ့ခြင်း များသောသူသည် ဒေါသထူပြော၏၊ ငရဲဘုံနှင့် နဂါးမျိုးတို့မှ စုတေ၍ လူ့ပြည်၌ ဖြစ်သောသူသည်လည်း ဒေါသထူပြော၏။

ရှေးဘဝက အရက်သောက်ခြင်း များသောသူ၊ ပညာရှိသူများထံ၌ နာကြားခြင်း မေးမြန်းခြင်း ကင်းသောသူသည် မောဟထူပြော၏၊ တိရစ္ဆာန်ဘဝမှ စုတေ၍ ဤလူ့ပြည်တွင် ဖြစ်သောသူသည်လည်း မောဟထူပြော၏။

(ခ) ပထဝီဓာတ်နှင့် အာပေါဓာတ် များပြားသောပုဂ္ဂိုလ်သည် မောဟစရိုက်ထူပြော၏။
တေဇောဓာတ်နှင့် ဝါယောဓာတ်များပြားသောပုဂ္ဂိုလ်သည် ဒေါသစရိုက်ထူပြော၏။
အလုံးစုံသောဓာတ် ၄-ပါး ညီမျှသောပုဂ္ဂိုလ်သည် ရာဂစရိုက် ထူပြော၏။

(ဂ) သလိပ်လွန်ကဲသူအား ရာဂထူပြော၏။
လေလွန်ကဲသူအား မောဟထူပြော၏။
တစ်နည်း - သလိပ်လွန်ကဲသူအား မောဟထူပြော၏။
လေလွန်ကဲသူအား ရာဂထူပြော၏။

http://www.dhammadownload.com

ကသိုဏ်း ၁၀-ပါး

၁။ ပထဝီကသိုဏ်း
၂။ အာပေါကသိုဏ်း
၃။ တေဇောကသိုဏ်း
၄။ ဝါယောကသိုဏ်း
၅။ နီလကသိုဏ်း
၆။ ပီတကသိုဏ်း
၇။ လောဟိတကသိုဏ်း
၈။ ဩဒါတကသိုဏ်း
၉။ အာလောကကသိုဏ်း
၁၀။ ပရိစ္ဆိန္နာကာသကသိုဏ်း (အာကာသကသိုဏ်း) တို့ ဖြစ်ပါသည်။

၈။ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်သောယောဂီများအနေဖြင့် ကမ္မဋ္ဌာန်း၏အဆုံးအဖြတ်ကိုသိအပ်သောအခြင်းအရာ ၁၀-မျိုးကို အစဉ်ကျကျ မမှားအောင် ရေတွက်ပြခဲ့ပါ။ (၂၀၁၀)

၉။ အောက်ပါစရိုက်ရှိသောပုဂ္ဂိုလ်တို့အား သင့်လျော်သော ကမ္မဋ္ဌာန်းများကို ပေးခဲ့ပါ။
(က) ရာဂစရိုက် ရှိသောသူ (ခ) ဒေါသစရိုက် ရှိသောသူ (ဂ) မောဟစရိုက် ရှိသောသူ။

(က) ရာဂစရိုက် ရှိသောသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းမှာ -
အသုဘ ၁၀-ပါးနှင့် ကာယဂတာသတိ ပေါင်း ကမ္မဋ္ဌာန်း ၁၁-ပါး။

(ခ) ဒေါသစရိုက် ရှိသောသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းမှာ -
ဗြဟ္မဝိဟာရ ၄-ပါးနှင့် ဝဏ္ဏကသိုဏ်း ၄-ပါး ပေါင်း ကမ္မဋ္ဌာန်း ၈-ပါး။

(ဂ) မောဟစရိုက် ရှိသောသူနှင့် သင့်လျော်သော ကမ္မဋ္ဌာန်းမှာ -
အာနာပါနဿတိကမ္မဋ္ဌာန်း - တို့ ဖြစ်ပါသည်။

၁၀။ ပြောမဆုံးပေါင် တောသုံးတောင်-ဟူသောအဆိုအရ ပြောလို့ မဆုံးသောစကား (၆)မျိုးကို ပြောသင့်သောစကား မပြောသင့်သောစကားအားဖြင့် ခွဲခြားဖြေဆိုခဲ့ပါ။ (မှတ်စု နှာ-၂၀၁)

http://www.dhammadownload.com

ပြောသင့်သောစကား ၂-မျိုး

၁။ ဟုတ်၏၊ မှန်၏၊ အံကျိုးရှိ၏၊ သူတစ်ပါးတို့က မနှစ်သက် မမြတ်နိုးသောစကား။
၂။ ဟုတ်၏၊ မှန်၏၊ အကျိုးရှိ၏၊ သူတစ်ပါးတို့က နှစ်သက် မြတ်နိုးသောစကား။

မပြောသင့်သောစကား ၄-မျိုး

၁။ မဟုတ် မမှန်, အကျိုးမရှိ, သူတစ်ပါးတို့က မနှစ်သက်မမြတ်နိုးသောစကား။
၂။ ဟုတ်၏ မှန်၏, အကျိုးမရှိ, သူတစ်ပါးတို့က မနှစ်သက် မမြတ်နိုးသောစကား။
၃။ မဟုတ် မမှန်, အကျိုးမရှိ, သူတစ်ပါးတို့က နှစ်သက် မြတ်နိုးသောစကား။
၄။ ဟုတ်၏ မှန်၏, အကျိုးမရှိ, သူတစ်ပါးတို့က နှစ်သက် မြတ်နိုးသောစကား။

၂၀၁၅-ခုနှစ်
အခန်း (၁) သီလနိဒ္ဒေသပိုင်း

၁။ သီလမရှိသောသူ၏ ကာလတာရှည်အသက်ရှည်နေရခြင်းမျိုးကို ဖြေဆို၍၊ ဣန္ဒြိယသံဝရသီလကို အဘယ်ကြောင့် အဘယ်တရားဖြင့် ပြီးစေအပ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

သီလမရှိသောသူ၏ ကာလတာရှည် အသက်ရှည်နေရခြင်းမျိုးကား - အလုံးစုံသော ဆင်းရဲဒုက္ခဘေးအပေါင်းတို့မှ မလွတ်မြောက်နိုင်ပါ၊ အလုံးစုံသော စွာန်ချမ်းသာ၊ မဂ်ချမ်းသာတို့မှ လက်လွတ်ဆုံရှုံးရပါသည်၊ ကောင်းစွာပိတ်ဆို့အပ်သော နတ်ရွာတံခါး ရှိ၏၊ အပါယ်လေးပါးလမ်းမကြီးသို့ သက်ဆင်းရပါသည်၊ သနားကြင်နာ ကရုဏာကြီးမားသောသူ၏ ကရုဏာတရား၏ အာရုံဝတ္ထုဖြစ်သော ဒုဿီလပုဂ္ဂိုလ်နှင့်တူသောသူ မည်သည် မရှိ၊ ဒုဿီလပုဂ္ဂိုလ်သည်သာလျှင် သနားစရာဝတ္ထု ဖြစ်ရပါသည်။ (၂၀၀၇-၂) (မှတ်စု နှာ-၆၀)

ဣန္ဒြိယသံဝရသီလကို - သတိတရားဖြင့် ပြီးစေအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သတိသည် စောင့်ရှောက် စိုးအုပ် သိမ်းဆည်းအပ်သည်ဖြစ်၍ မြိန်စွာတည်သည်ရှိသော် စက္ခုစသော ဣန္ဒြေတို့မှာ အဘိဇ္ဈာအစရှိသောတရားတို့သည် မတိုးမဝင် အစဉ်မလိုက် နိုင်သောကြောင့်တည်း။ (၁၉၉၅-၂, ၂၀၀၇) (မှတ်စု နှာ-၄၀)

---

http://www.dhammadownload.com

အခန်း (၂) ခုဘင်္ဂိနိဒ္ဒေသပိုင်း

၁။ ရုက္ခမူလိကဂ်ိဓုတင်ကို ဆောက်တည်ရာ၌ ရှောင်ကြဉ်ရမည့်သစ်ပင်နှင့် မှီခိုရမည့်သစ်ပင်တို့ကို ကွဲပြားခြားနားအောင် ဖြေဆိုပြီ၊ ပံသုကူဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်သုံးမျိုးကိုလည်း အဓိပ္ပါယ်ပေါ်လွင်အောင် ဖြေဆိုခဲ့ပါ

ရုက္ခမူလိကဂ်ိဓုတင်ကို ဆောက်တည်ရာ၌ ရှောင်ကြဉ်ရမည့်သစ်ပင်နှင့် မှီခိုရမည့်သစ်ပင် - (၂၀၀၄-၂, ၂၀၀၇, ၂၀၁၃) (မှတ်စု နှာ-၇၆)

ပံသုကူဓုတင်ဆောက်တည်သော ပုဂ္ဂိုလ်သုံးမျိုး - (၂၀၀၇-၂, ၂၀၁၃) (မှတ်စု နှာ-၆၇)

အခန်း (၃) ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသပိုင်း

၁။ ကာမာဝစရနတ်ပြည်နှင့် ငြဟ္မာဘုံတို့၌ မရနိုင်သောကမ္မဋ္ဌာန်းတရားများကို သချေ်ယူအားဖြင့် မလွဲအောင် ကောက်ပြ၍၊ လူ့ဘုံ၌ဖြစ်နိုင်သော ကမ္မဋ္ဌာန်းတရားတို့ကိုလည်း သခ်ျာမျှသာ ဖော်ပြခဲ့ပါ။ (၂၀၀၇-၂) (မှတ်စု နှာ-၁၁၈)

ကာမာဝစရနတ်ပြည်၌ မရနိုင်သောကမ္မဋ္ဌာန်းတရားများကား - အသုဘ-၁၀ပါး၊ ကာယဂတာသတိ-၁ပါး၊ အာဟာရေပဋိကူလသညာ-၁ပါး တို့ဖြစ်ပါသည်။

ငြဟ္မာဘုံတို့၌ မရနိုင်သောကမ္မဋ္ဌာန်းတရားများကား - အသုဘ-၁၀ပါး၊ ကာယဂတာသတိ ၁ပါး၊ အာဟာရေပဋိကူလသညာ-၁ပါး၊ အာနာပါနဿတိ-၁ပါး တို့ဖြစ်ပါသည်။

လူ့ဘုံ၌ ဖြစ်နိုင်သောကမ္မဋ္ဌာန်းတရားများကား - ကမ္မဋ္ဌာန်း-၄၀ပါး တို့ဖြစ်ပါသည်။

၂။ အဘယ်ကြောင့် သမာဓိဟု ခေါ်ဆိုရပါသနည်း ဖြေဆိုပြီ၊ သမာဓိကို အလိုရှိသောယောဂီပုဂ္ဂိုလ်တို့ ဖြတ်ရမည့် ပလိဘောဓအမျိုးအစားတို့ကိုလည်း ဖော်ပြခဲ့ပါ။
(၂၀၁၀-၁) (မှတ်စု နှာ-၈၇, ၉၄)

၃။ အဘယ်ပုဂ္ဂိုလ်မျိုးကို ကမ္မဋ္ဌာန်းပေးတတ်သောဆရာဟု၍ ဆိုအပ်ပါသနည်း ဖြေဆိုပြီ၊ စနိုက်(၆)မျိုးကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

http://www.dhammadownload.com

ကမ္မဋ္ဌာန်းပေးတတ်သောဆရာ

ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် ကျေးဇူးများလှသဖြင့် အလုံးစုံသောကမ္မဋ္ဌာန်းတို့ကို အားထုတ်ခြင်း၌ ရှေးဦးစွာ မှီဝဲခြင်းဖြင့် အလိုရှိအပ်သောကြောင့် သဗ္ဗတ္ထကကမ္မဋ္ဌာန်းဟူ၍ ဆိုအပ်၏၊ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် အကြင်ကမ္မဋ္ဌာန်းသည် အကြင်ရဟန်း၏ စရိုက်အား လျော်၏၊ ထိုကမ္မဋ္ဌာန်းကို ထိုယောဂီပုဂ္ဂိုလ်သည် အမြဲဆောင်ရွက်အားထုတ်အပ်၏၊ အထက်အထက်ဖြစ်သောဘာဝနာပွားများမှု၏ နီးစွာသောအကြောင်းဖြစ်သောကြောင့် ပါရိဟာရိယကမ္မဋ္ဌာန်းဟူ၍ ဆိုအပ်၏၊ ဤနှစ်ပါးအပြားရှိသောကမ္မဋ္ဌာန်းကို ပေးတတ်သောပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပေးတတ်သောဆရာ မည်၏။

တစ်နည်း

(၁) သီလစင်ကြယ်၍ ချစ်ခင်အပ်သောဂုဏ်၊
(၂) သီလ သမာဓိဂုဏ်တို့ကြောင့် အလေးအမြတ်ပြုအပ်သောဂုဏ်၊
(၃) မေတ္တာရေမခန်း ပွားစေအပ်သောဂုဏ်၊
(၄) သူ့ကိုကောင်းအောင် ဆုံးမတတ်သောဂုဏ်၊
(၅) သူတစ်ပါး၏ အဆိုကိုခံနိုင်သောဂုဏ်၊
(၆) နက်နဲသော တရားစကားကို ပြောကြားတတ်သောဂုဏ်၊
(၇) မလျှောက်ပတ်သောအရာ၌ မတိုက်တွန်းတတ်သောဂုဏ်တို့နှင့်ပြည့်စုံသော အဆွေခင်ပွန်းကောင်းသည်လည်း ကမ္မဋ္ဌာန်းပေးတတ်သောဆရာ မည်ပါသည်။
(၂၀၁၀-၂) (မှတ်စု နှာ-၁၀၀၊ ၁၀၁)

စရိုက် (၆) မျိုးကား -

ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ဗုဒ္ဓိစရိုက်၊ ဝိတက်စရိုက်တို့ ဖြစ်ပါသည်။ (၂၀၁၀-၂) (မှတ်စု နှာ-၁၀၄)

အခန်း (၄) ပထဝီကသိဏနိဒ္ဒေသပိုင်း

၁။ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့ အနေဖြင့် ကျောင်း၏ အပြစ် (၁၈)မျိုးကို ဖော်ပြ၍၊ အဘယ်ကြောင့် အသစ်ဖြစ်သောကျောင်း၌ မနေအပ်

http://www.dhammadownload.com

မနေသင့်ပါသနည်း၊ ဖြေဆိုခဲ့ပါ။ (၂၀၁၀-၁) (မှတ်စု နှာ-၁၂၅၊ ၁၂၆)

၂။ အဘယ်သို့ ပြုမူမှ ကျန်ခြေတို့ကို ညီမျှစေပါသနည်း၊ ဖြေဆို၍၊ အပွနာဒ် လိမ္မာသောသူ၏ ဖြစ်ကြောင်းတရားများကိုလည်း ဖော်ပြခဲ့ပါ။

ကျန်ခြေတို့ကို ညီမျှစေခြင်း

သဒ္ဓါအစရှိသော (သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဟူသော) ကျန်ခြေတို့ကို ညီမျှအောင်ပြုခြင်းသည် **ကျန်ခြေတို့ကို ညီမျှစေခြင်း** မည်၏၊ (၂၀၁၀-၃) (မှတ်စု နှာ-၁၃၃)

အပွနာဒ် လိမ္မာသောသူ၏ ဖြစ်ကြောင်းတရားများ (၂၀၁၀-၃) (မှတ်စု နှာ-၁၃၃)

၃။ အဘယ်ကြောင့် တတိယစျာန်နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ခီးမွမ်းခြင်းငှာ ထိုက်ပါသနည်း၊ ဖြေဆို၍။ (၂၀၀၉-၂၊ ၂၀၁၀-၄) (မှတ်စု နှာ-၁၆၅)

အခန်း (၆) အသုဘနိဒ္ဒေသပိုင်း

၁။ အသုဘကမ္မဋ္ဌာန်းတရား(၁၀)ပါးတို့၌ ဝိတက်ရှိသော ပထမစျာန်သာ ဖြစ်၍ ဝိတက်ကင်းသော ဒုတိယစျာန်စသည်တို့ မဖြစ်နိုင်ရခြင်း၏အကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။
(၂၀၀၈၊ ၂၀၁၀) (မှတ်စု နှာ-၁၉၂)

အခန်း (၈) အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသပိုင်း
ကာယဂတာသတိကမ္မဋ္ဌာန်း

၁။ ဆံပင်တို့၏စက်ဆုပ်ရွံရှာဖွယ် (၅)မျိုးကို ဖော်ပြ၍၊ ယင်း (၅)မျိုးတို့တွင် ဆံပင်၏ အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိပုံကိုလည်း ရှင်းလင်းတင်ပြခဲ့ပါ။

ဆံပင်တို့၏ စက်ဆုပ်ရွံရှာဖွယ်(၅)မျိုးကား -

(၁) အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိခြင်း
(၂) သဏ္ဌာန်အားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိခြင်း

http://www.dhammadownload.com

(၃) အနုံအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိခြင်း
(၄) မှီရာအကြောင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိခြင်း
(၅) တည်ရာအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိခြင်းတို့ ဖြစ်ပါသည်။

ဆံပင်၏ အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ်ရှိပုံ -

နှစ်သက်ဖွယ်ကောင်းသော ယာဂုခွက်၌လည်းကောင်း၊ ထမင်းခွက်၌လည်းကောင်း၊ ဆံပင်အဆင်းရှိသော တစ်စုံတစ်ခုကို တွေ့မြင်သည်ရှိသော် ဤယာဂု, ထမင်းသည် ဆံပင်နှင့် ရောစပ်၊ ထိုကဲ့သို့ရောသော ယာဂု, ထမင်းကို ယူဆောင်သွားကြကုန်ဟု ဆို၍ စက်ဆုပ်ရွံရှာကြကုန်၏၊ ဤသို့လျှင် ဆံပင်သည် အဆင်းအားဖြင့် စက်ဆုပ်ရွံရှာဖွယ် ရှိပါသည်။ (၂၀၀၇) (မှတ်စု နှာ-၂၄၅)

အာနာပါနဿတိကမ္မဋ္ဌာန်း

၁။ အနုဗန္ဓနာနည်းဖြင့် အာနာပါနဿတိကမ္မဋ္ဌာန်းတရား ပွားများပုံကို ရေးသားဖြေဆို၍၊ ထွက်လေဝင်လေတို့၏ အစ, အလယ်, အဆုံးတို့ကိုလည်း ဖော်ပြခဲ့ပါ။

အနုဗန္ဓနာနည်းမည်သည် ရေတွက်ခြင်းကို စုံရုံး၍ သတိဖြင့်မပြတ် ထွက်သက်ဝင်သက်၏နောက်သို့ အစဉ်လိုက်ခြင်းကို ဆိုပါသည်၊ ဤသို့ အစဉ်လိုက်သော အနုဗန္ဓနာနည်းဖြင့် နှလုံးသွင်းသော ယောဂီပုဂ္ဂိုလ်သည် အစ, အလယ်, အဆုံးသို့ အစဉ်လျှောက်လိုက်သည်၏အစွမ်းဖြင့် နှလုံးမသွင်းအပ်၊ စင်စစ်သော်ကား တွေ့ထိခြင်း ဖုသနာ၏အစွမ်းဖြင့်လည်းကောင်း၊ အာရုံ၌ထားခြင်း ဌာပနာ၏အစွမ်းဖြင့်လည်းကောင်း နှလုံးသွင်းပွားများရပါမည်။

ထွက်လေဝင်လေတို့၏ အစ, အလယ်, အဆုံး (၁၉၉၇,၂၀၀၃,၂၀၁၁) (မှတ်စု နှာ-၂၇၁)

ချက်သည် အပသို့ ထွက်သောလေ၏ အစဖြစ်ပါသည်။
နှလုံးသည် အပသို့ ထွက်သောလေ၏ အလယ်ဖြစ်ပါသည်။
နှာခေါင်းဖျားသည် အပသို့ ထွက်သောလေ၏ အဆုံးဖြစ်ပါသည်။
နှာခေါင်းဖျားသည် အတွင်းသို့ ဝင်သောလေ၏ အစဖြစ်ပါသည်။
နှလုံးသည် အတွင်းသို့ ဝင်သောလေ၏ အလယ်ဖြစ်ပါသည်။
ချက်သည် အတွင်းသို့ ဝင်သောလေ၏ အဆုံးဖြစ်ပါသည်။

---

http://www.dhammadownload.com

၂၀၁၆–ခုနှစ်

အခန်း (၁) သီလနိဒ္ဒေသပိုင်း

၁။ 'လူတစ်ခုပူမှုရယ်တဲ့ ဆယ်ကုဋေ' ဟူသောစကားအရ သတ္တဝါတို့၏သန္တာန်၌ လောင်မြိုက်နေသော ရာဂစသော အပူမီးကို ငြိမ်းအေးစေနိုင်သောတရားကို ဖော်ပြ၍၊ ယင်းတရား၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

သတ္တဝါတို့၏သန္တာန်၌ လောင်မြိုက်နေသော ရာဂစသောအပူမီးကို ငြိမ်းအေးစေနိုင်သော တရားမှာ - သီလ ဖြစ်ပါသည်။ (မှတ်စု နှာ-၁၁)

သီလ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် (၂၀၁၂-၂) (မှတ်စု နှာ- ၉, ၁၀)

၂။ ဝိတ်ဆို့စောင့်ရှောက်ခြင်း သံဝရတရားသည် သီလမည်၏ဆိုရာဝယ် ယင်း၌ ပါဝင်သော သံဝရ (၅)မျိုးကို ဖော်ပြ၍၊ သီလန၏ အနက်သဘောကိုလည်း ရှင်းပြခဲ့ပါ။

ဝိတ်ဆို့စောင့်ရှောက်ခြင်း သံဝရတရား (၅)မျိုးမှာ -

(၁) ပါတိမောက္ခသံဝရ
(၂) သတိသံဝရ
(၃) ဉာဏသံဝရ
(၄) ခန္တီသံဝရ
(၅) ဝီရိယသံဝရတို့ ဖြစ်ပါသည်။ (၂၀၀၈-၂) (မှတ်စု နှာ-၈)

သီလန၏ အနက်သဘော

(၁) ကာယက် ဝစီက်တို့ကို သိမ်းသိမ်းဆည်းဆည်း ကောင်းစွာသိုထားခြင်းသည် သီလန အနက် မည်၏၊ ကာယက်အစရှိသည်တို့ စင်ကြယ်ကောင်းမွန်သော သီလရှိသောသူ၏အဖြစ်ဖြင့် ဖရိုဖရဲ မကြဲခြင်းကို ဆိုလိုသည်။
(၂) ကုသိုလ်ဖြစ်ကုန်သောတရားတို့၏ တည်ရာအဖြစ်ဖြင့် လွန်စွာဆောင်ခြင်းသည်လည်း သီလနအနက် မည်၏။ (မှတ်စု နှာ-၉)

---

http://www.dhammadownload.com

၃။ ဟီနသီလ, မဇ္ဈိမသီလ, ပဏီတသီလတို့၏ သဘောအဓိပ္ပါယ်ကို ရှင်းပြ၍၊ ဓမ္မတာသီလ၏ အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။

ဟီနသီလ, မဇ္ဈိမသီလ, ပဏီတသီလတို့၏ သဘောအဓိပ္ပါယ်

ယုတ်လျော့ ညံ့ဖျင်းသော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ဖြင့် ဖြစ်စေအပ်သော သီလသည် ဟီနသီလဖြစ်၏၊ (သီလအညံ့စားမျိုးကို ဆိုလိုသည်)။ အလယ်အလတ်ဖြစ်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ဖြင့် ဖြစ်စေအပ်သောသီလသည် မဇ္ဈိမသီလဖြစ်၏၊ (သီလအလတ်စားမျိုးကို ဆိုလိုသည်)။ လွန်မြတ်ကုန်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသတို့ဖြင့် ဖြစ်စေအပ်သော သီလသည် ပဏီတသီလဖြစ်၏၊ (သီလအမြတ်စားမျိုးကို ဆိုလိုသည်)။
(၂၀၁၂-၃) (မှတ်စု နှာ-၁၄)

ဓမ္မတာသီလ၏ အဓိပ္ပါယ် (၁၉၉၉-၁/၂၀၀၉-၁) (မှတ်စု နှာ-၁၆)

အခန်း (၂) ခုတင်နိဒ္ဒေသပိုင်း

၁။ ပိဏ္ဍပါတ, ပိဏ္ဍပါတိက, ပိဏ္ဍပါတိကင်္ဂတို့၏ အဓိပ္ပါယ်အသီးသီးကို ဖြေဆို၍၊ ယင်းခုတင်ပျက်သောအခါကိုလည်း ဖော်ပြခဲ့ပါ။

ပိဏ္ဍပါတ - သူတစ်ပါးတို့ လောင်းလှူသောဆွမ်းအာမိသတို့သည် သပိတ်၌ ကျရောက်သည်ကို ပိဏ္ဍပါတဟု ဆိုသည်။

ပိဏ္ဍပါတိက - ထိုထိုအမျိုးဒါယကာအိမ်သို့ ချဉ်းကပ်၍ ထိုဆွမ်းကို ရှာမှီးလေ့ရှိသောကြောင့် ထိုပုဂ္ဂိုလ်ကို ပိဏ္ဍပါတိကဟူ၍ ခေါ်သည်။

တစ်နည်းမှာ - ဆွမ်းသပိတ်တွင်းသို့ ကျရောက်ရန် လှည့်လည်သွားလာရသောကြောင့် ထိုပုဂ္ဂိုလ်ကို ပိဏ္ဍပါတိကဟူ၍ ခေါ်သည်။

ပိဏ္ဍပါတိကင်္ဂ - ထိုအကျင့်ခုတင်ကို ဆောက်တည်ကြောင်း စေတနာသည် ပိဏ္ဍပါတိကင်္ဂ မည်၏။ (မှတ်စု နှာ-၆၂)

ယင်းခုတင်ပျက်သောအခါ (၂၀၁၂-၄) (မှတ်စု နှာ-၆၉)

---

http://www.dhammadownload.com

၂။ သမာဒါနဓုတင်ဆောက်တည်ရခြင်း၏ အကျိုးထူးကို ဖြေဆိုၿ၊ ယင်း ဓုတင်ပျက်သော အခါကိုလည်း ညွှန်ပြခဲ့ပါ။

သမာဒါနဓုတင်ဆောက်တည်ရခြင်း၏ အကျိုးထူး (၁၉၈၉၊ ၂၀၁၂-၄) (မှတ်စု နှာ-၇၁)

ယင်းသမာဒါနဓုတင် ပျက်သောအခါ -

ဤမည်သောရွာ၊ ဤမည်သောအိမ်၊ ဤမည်သောလမ်း၌ ဆွမ်းကောင်းဟင်း ကောင်း လောင်းလျှုအံ့ဟု အစဉ်ကို လွန်၍ သွားခါမျှ၌ ပျက်၏။ (မှတ်စု နှာ-၇၁)

၃။ ရဟန်းမိန်းမတို့ မဆောက်တည်ရသော ဓုတင် (၅)မျိုးကို အကြောင်းနှင့်တကွ ဖော်ပြ၍၊ ဥပါသကာ, ဥပါသိကာမတို့ ဆောက်တည်ရမည့် ဓုတင်(၂)မျိုးကိုလည်း ဖော်ပြခဲ့ပါ။ (၂၀၁၂-၅) (မှတ်စု နှာ-၈၅)

အခန်း (၃) ကမ္မဋ္ဌာနဂဟဏနိဒ္ဒေသပိုင်း

၁။ ရာဂထူပြော အားကောင်းသောပုဂ္ဂိုလ်နှင့် သဒ္ဓါထူပြော အားကောင်းသောပုဂ္ဂိုလ်တို့ တူသောသဘောရှိပုံကို ရှင်းပြ၍၊ ရာဂ, ဒေါသ, မောဟ ထူပြောရခြင်း၏ အကြောင်းရင်းကိုလည်း ဖြေဆိုခဲ့ပါ။ (၁၉၈၆-၁, ၂၀၀၄) (မှတ်စု နှာ-၁၀၄)/ (၂၀၁၄-၇) (မှတ်စု နှာ-၁၀၅)

အခန်း (၄) ပထဝီကသိဏနိဒ္ဒေသပိုင်း

၁။ သမာဓိလွန်ကဲသောသူ, ဝိရိယလွန်ကဲသောသူတို့အား အဘယ်ကြောင့် အဘယ်တရား နှိပ်စက်ခံရသည်ကို ဖြေဆိုၿ၊ နိဒါန်း လိမ္မာခြင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

သမာဓိလွန်ကဲသောသူအား ဝိရိယနှံ့၏၊ သမာဓိ၏ ပျင်းရိခြင်းအဖို့ ရှိသောကြောင့် ပျင်းရိခြင်းသည် ဖိစီးနှိပ်စက်၏။

ဝိရိယလွန်ကဲသောသူတို့အား သမာဓိနှံ့၏၊ ဝိရိယ၏ ဥဒ္ဓစ္စအဖို့ ရှိသောကြောင့် ဥဒ္ဓစ္စသည် လွှမ်းမိုးနှိပ်စက်၏။ (၁၉၈၇, ၁၉၉၆) (မှတ်စု နှာ-၁၃၄)

http://www.dhammadownload.com

နိမိတ်၌ လိမ္မာခြင်းတို့မှာ -

(၁) ပထဝီကသိုဏ်းအစရှိသော မပြုအပ်သေးသော စိတ္တေကဂ္ဂတာ၏အကြောင်းနိမိတ်ကို ပြုခြင်း၌ လိမ္မာခြင်း၊

(၂) ပြုအပ်ပြီးသော စိတ္တေကဂ္ဂတာ၏အကြောင်းနိမိတ်ကို ပွားခြင်း၌ လိမ္မာခြင်း၊

(၃) ကသိုဏ်းနိမိတ်ကို ပွားခြင်းဖြင့်ရအပ်သော သမထနိမိတ်ကို စောင့်ရှောက်ခြင်း၌ လိမ္မာခြင်းတို့ ဖြစ်ပါသည်။ (မှတ်စု နှာ-၁၃၅)

၂။ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ခြင်းငှာ ဖြစ်သောတရား (၇)ပါးတို့ကို ဖော်ပြ၍၊ တည်ကြည်သော စိတ် ရှိသောပုဂ္ဂိုလ်ကို မှီဝဲရခြင်း၏သဘောကိုလည်း ရှင်းပြခဲ့ပါ။

(၁၉၉၆၊ ၂၀၁၂-၉) (မှတ်စု နှာ-၁၃၆၊ ၁၃၉)

၃။ 'ပီတိ၏သားကား ပဿဒ္ဓိ, ပဿဒ္ဓိ၏သားကား သုခ, သုခ၏သားကား သမာဓိဖြစ်၍ မြစ်ရပြီ' ဟူသော စကား၏အဓိပ္ပါယ်ကို ရှင်းပြ၍၊ မိမိရရှိပြီးသော စျာန်တရားကို ကြာမြင့်စွာ တည်ရန် အဘယ်ကဲ့သို့ ပြည့်စုံစေရမည်ကိုလည်း ဥပမာနှင့်တကွ အကျဉ်းမျှ ဖြေဆိုခဲ့ပါ။

'ပီတိ၏သားကား ပဿဒ္ဓိ, ပဿဒ္ဓိ၏သားကား သုခ, သုခ၏သားကား သမာဓိဖြစ်၍ မြစ်ရပြီ' ဟူသော စကား၏အဓိပ္ပါယ် -

ငါးပါးအပြားရှိသော ပီတိသည် ကိုယ်ဝန်ယူသဖြင့် ရင့်ကျက်ခြင်းသို့ ရောက်သည်ရှိသော် ကာယပဿဒ္ဓိကိုလည်းကောင်း စိတ္တပဿဒ္ဓိကိုလည်းကောင်း (၂)ပါးသောပဿဒ္ဓိကို ဖွား၏၊ ပဿဒ္ဓိသည် ကိုယ်ဝန်ယူသဖြင့် ရင့်လတ်သော် ကာယိကသုခကိုလည်းကောင်း၊ စေတသိကသုခကိုလည်းကောင်း (၂)ပါးသောသုခကို ဖွား၏၊ သုခသည် ကိုယ်ဝန်ယူသဖြင့် ရင့်လာသော် ခဏိကသမာဓိ, ဥပစာရသမာဓိ, အပ္ပနာသမာဓိတည်းဟူသော (၃)ပါးသော သမာဓိကို ဖွား၏။ (မှတ်စု နှာ-၁၄၈)

မိမိရရှိပြီးသော စျာန်တရားကို ကြာမြင့်စွာတည်ရန်

ယောဂီပုဂ္ဂိုလ်သည် အစိတ်များစွာ စိတ်အပ်သော သားမြီးဖျားကို မှန်အောင် ပစ်နိုင်သောလေးသမားကဲ့သို့လည်းကောင်း, မင်း၏စားတော်ကဲ့သို့လည်းကောင်း စျာန်ကို ရသောအခါက မှီဝဲခဲ့သော ဘောဇဉ်, ပုဂ္ဂိုလ်, ကျောင်း, ဥုရိယာပုထ်, အချိန်ကာလစသော

http://www.dhammadownload.com

အခြင်းအရာကို သိမ်းဆည်းမှတ်သားအပ်ကုန်၏။ ဤသို့ ဆင်ခြင်မှတ်သားသည်ရှိသော် ယောဂီပုဂ္ဂိုလ်သည် နုသောသမာဓိ ပျောက်ခဲ့သော် ထိုအခြင်းအရာတို့ကို ရှေ့အတိုင်း ပြည့်စုံစေ၍ သမာဓိကို တစ်ဖန်ဖြစ်ခြင်းငှာ တတ်နိုင်ပါလိမ့်မည်။ ဤသို့ အခြင်းအရာနိမိတ်ကို ဆင်ခြင်မှတ်သားခြင်းကြောင့် တဖန် ထိုအခြင်းအရာကို ပြည့်စုံစေသော ယောဂီပုဂ္ဂိုလ်အား အပွနာမျှသာလျှင် ပြည့်စုံ၏။ ရှည်မြင့်စွာမူကား မတည်နိုင်ပါ။ ထို့ကြောင့် ယောဂီပုဂ္ဂိုလ်သည် သမာဓိ၏ဘေးရန်ဖြစ်သော ကာမစ္ဆန္ဒ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဟူသော နီဝရဏတရားတို့ကို ကောင်းစွာသုတ်သင်၍ စွာန်ကို ဝင်စားပါမှ ထိုယောဂီပုဂ္ဂိုလ်သည် ကောင်းစွာသုတ်သင်အပ်သော ဝါးလုံးခေါင်းသို့ဝင်သော ပိတုန်းကဲ့သို့လည်းကောင်း, ရုန်သူတို့ကို ကောင်းစွာရှင်းလင်း၍ ထားအပ်သော ဥယျာဉ်သို့ဝင်သောမင်းကဲ့သို့လည်းကောင်း အလုံးစုံသောနေ့အဖို့ပတ်လုံး သမာပတ်အတွင်း၌သာလျှင် ဖြစ်၏၊ မိမိရရှိပြီးသော စွာန်တရားကို ကြာမြင့်စွာ တည်စေနိုင်၏။ (မှတ်စု နှာ-၁၅၃, ၁၅၄)